# သိန်းဖေမြင့်

# ချစ်၍ခေါ်ရာ

တတိယအကြိမ်

သူရိယစာအုပ်အမှတ်စဉ် (၅၃)

# ချစ်၍ခေါ်ရာ

သိန်းဖေမြင့်

သူရိယစာပေ
အမှတ်-၄၂(က)၊ အင်းယားမြိုင်လမ်း
ရွှေတောင်ကြား(၂)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ ၁၁၂၀၁၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၂၅၀၂၉၊ ၀၉ ၅၀၂၁၇၀၀

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၅၁၁၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၇၇၁၂၀၈

---

## ပုံနှိပ်ခြင်း

ဒုတိယအကြိမ်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ

---

## အုပ်ရေ

၅၀၀

---

## မျက်နှာဖုံးပန်းချီ

ဇော်မောင်

---

## အတွင်းဖလင်

"ပုံရိပ်ရှင်"

---

## စာအုပ်ချုပ်

ကိုမြင့်

---

## ကွန်ပျူတာစာစီ၊ စာပြင်

Dream City

---

## မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်

ဦးဇော်မြင့်ဝင်း Color Zone ပုံနှိပ်တိုက်
၁၈၄(ခ) ၃၁-လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

---

## ထုတ်ဝေသူ

ဦးမြတ်ဟိန်း (၁၂၁၇) "သူရိယစာပေ"
၄၂ (က) အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

---

## တန်ဖိုး

၂၀၀၀ ကျပ်

THU RI YA Publishing House

# သိန်းဖေမြင့် (၁၉၁၄–၁၉၇၈)



စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့၌ အဖ မြေတိုင်းစာရေး ဦးဘ၊ အမိ ဒေါ်မြင့်တို့က ၁၉၁၄ ခု ဇူလိုင် ၁၀ ရက် သောကြာနေ့တွင် မွေးဖွားသည်။ ငယ်မည်မှာ ဘုတလင်ကျောင်းတွင် မောင်မြမောင်၊ အင်္ဂလိပ်–မြန်မာကျောင်းတွင်မူ မောင်သိန်းဖေ ဖြစ်သည်။

ဘုတလင်မြို့ ဦးဖိုးဉာဏ်ကျောင်းတွင် မူလတန်းပညာ၊ မုံရွာမြို့ အမျိုးသားကျောင်းနှင့် ဗုဒ္ဓဘာသာကျောင်းတို့တွင် အထက်တန်းပညာ သင်ယူခဲ့သည်။ ၁၉၃၂ တွင် မုံရွာ ဗုဒ္ဓဘာသာအထက်တန်းကျောင်းမှ ဒသမတန်းကို မြန်မာစာနှင့် သင်္ချာဂုဏ်ထူးဖြင့် အောင်သည်။ မန္တလေး ဥပစာကောလိပ် (၁၉၃၂–၃၃)၊ ရန်ကုန်တက္ကသိုလ် (၁၉၃၃–၃၅)တွင် ဆက်လက်ပညာသင်ရာ ၁၉၃၅ တွင် ဝိဇ္ဇာဘွဲ့ရသည်။ ကာလကတ္တား တက္ကသိုလ်တွင် ဥပဒေပညာနှင့် မဟာဝိဇ္ဇာ (ပါဠိ) (၁၉၃၈) ကို ဆည်းပူးခဲ့သည်။

ရန်ကုန်တက္ကသိုလ် နေ့ကျောင်းသားများ ကိုယ်စားလှယ် (၁၉၃၃–၃၄)၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင် (၁၉၃၄–၃၅) တို့ဗမာအစည်းအရုံး တွဲဖက်အတွင်းရေးမှူး (၁၉၃၆–၃၇)၊ နဂါးနီစာအုပ်အသင်း ပညာရေးအဖွဲ့ငယ် အမှုဆောင် (၁၉၃၇–၃၈)၊ "ယောကျ်ားဂုဏ်ရည်" ရုပ်ရှင်ဒါရိုက်တာ (၁၉၃၉–၄၀)၊ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ၏ စည်းရုံးရေးမှူး (၁၉၄၁–၄၂)၊ ဗမာပြည် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး (အောက်တိုဘာ ၁၉၄၅ မှ ဇွန် ၁၉၄၆ ထိ)၊ ဖဆပလအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး (၁၉၄၆)၊ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာနဝန်ကြီး (၁၉၄၆)၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ နုတ်ထွက် (၁၉၄၈)၊ ပြည်သူ့ညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး (၁၉၅၂)၊ ဘုတလင်မြို့နယ် ပမညတအမတ် (၁၉၅၆)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၅၆–၅၇၊ ၁၉၅၇–၅၈၊ ၁၉၆၂–၆၃)၊ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်နှင့် အုပ်ချုပ်မှုဒါရိုက်တာ (၁၉၅၈ မှ– ) စသည် တာဝန်ယူခဲ့၏။ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်၊ မြန်မာ–တရုတ် မိတ်ဆွေဖြစ်အသင်းတို့တွင် ပါဝင်ခဲ့သည်။

စာရေးဆရာ၊ သတင်းစာဆရာနှင့် နိုင်ငံရေးသမားအဖြစ် အိန္ဒိယနိုင်ငံသို့

(၁၉၃၆၊ ၁၉၄၂၊ ၁၉၅၆)၊ တရုတ်နိုင်ငံသို့ (၁၉၄၂၊ ၁၉၅၂၊ ၁၉၅၆)၊ အီဂျစ်နိုင်ငံနှင့် အင်္ဂလန်သို့ (၁၉၅၇)၊ ဂျပန်၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံများသို့ (၁၉၆၁)၊ အမေရိကသို့ (၁၉၆၁)နှင့် ရုရှား၊ အရှေ့ဂျာမနီ၊ ရူမေးနီးယားသို့ (၁၉၆၂) သွားရောက်ခဲ့၏။

ဇန်နဝါရီ ၁၉၃၃ သူရိယသတင်းစာပါ "မန္တလေး အင်တာမီဒီယိတ် ခေါ် ဥပစာကျောင်း၌ အပိုမြန်မာစာ သင်ပြ ပို့ချသင့်ခြင်း" ဆောင်းပါးသည် ပထမ ပုံနှိပ်စာမူ ဖြစ်သည်။ ဝတ္ထုတို ရှည်၊ ဆောင်းပါး၊ ခရီးသွားစာပေ၊ အတ္ထုပ္ပတ္တိ၊ နိုင်ငံရေးစာပေနှင့် စာပေရေးရာများစွာ ရေးခဲ့သည်။ ထင်ရှားသော စာအုပ်များမှာ **ဆရာလွန်း အတ္ထုပ္ပတ္တိ** (၁၉၃၇)၊ **တက်ဘုန်းကြီး** (၁၉၃၇)၊ **သပိတ်မှောက်ကျောင်းသား** (၁၉၃၉)၊ **တက်ခေတ်နတ်ဆိုး** (၁၉၄၀)၊ **ဦးစော ဗိုလ်ပသွားပြဇာတ်** (၁၉၄၁)၊ **ဇာတ်ဆရာ ဦးဖိုးစိန်** (၁၉၅၂)၊ **စစ်အတွင်း ခရီးသည်** (၁၉၅၃)၊ **တော်လှန်ရေးကာလ နိုင်ငံရေးအတွေ့အကြုံများ** (၁၉၅၆)၊ **အရှေ့က နေဝန်းထွက်သည့်ပမာ** (၁၉၅၈)၊ **ကျော်ငြိမ်း** (၁၉၆၁)၊ **ဝတ္ထုတိုပေါင်းချုပ်** (၁၉၆၆)၊ **ဝိသေသတိုင်း သမိုင်းအစ** (၁၉၆၇)၊ **တိုက်ပွဲဝင်စာများ** (၁၉၆၈)၊ **သီတာပြုံး** (၁၉၆၈)၊ **တစ်ခုသော ငွေရတုသဘင်** (၁၉၇၃) နှင့် **၆၀ ကျော်မှ ရေးသော ဝတ္ထုများ** (၁၉၇၈) တို့ ဖြစ်ကြသည်။ "အရှေ့က နေဝန်းထွက်သည့်ပမာ"ဖြင့် စာပေဗိမာန် ဝတ္ထုရှည်ဆု (၁၉၅၈)၊ "ဝိသေသတိုင်း သမိုင်းအစ"ဖြင့် အမျိုးသားစာပေ စာပဒေသာပထမဆု (၁၉၆၇)၊ "သီတာပြုံး"ဖြင့် အမျိုးသားစာပေ ဝတ္ထုရှည်တတိယဆု (၁၉၆၈) ရရှိခဲ့သည်။ အင်္ဂလိပ်လို What Happened in Burma (Myanmar) နှင့် Over The Ashes တို့ကို ၁၉၄၃ တွင် အိန္ဒိယ၌ ရေးသားထုတ်ဝေခဲ့သည်။

သိန်းဖေမြင့်ကလောင်အမည်အပြင် ဝနေ ငဖေ၊ သိန်းနေနွယ်၊ တက္ကသိုလ် အကျော့၊ တစ်ကောင်ကြွက်၊ ဦးကျောက်လုံး၊ သိန်းဖေ၊ တက်ဘုန်းကြီးသိန်းဖေ၊ မောင်တူ စသည်တို့ကိုလည်း အသုံးပြု ရေးဖွဲ့ခဲ့သည်။

၁၉၇၈ ခု ဇန်နဝါရီ ၁၅ ရက် တနင်္ဂနွေနေ့တွင် ကွယ်လွန်သည်။

**[စာညွှန်း။ ။ (၁) ဒဂုန်ရွှေမျှား။ မြန်မာနိုင်ငံ စာပေဆုများ။ စာ ၆၈-၇၀။ (၂) မလိခ။ မြန်မာဝတ္ထုအညွှန်း (၂)။ စာ ၁၃၀-၁၅၀။ (၃) စာတည်းအဖွဲ့။ သိန်းဖေမြင့်၊ မြဝတီ (နိုဝင်ဘာ ၁၉၅၅)။ စာ ၉-၁၂။ (၄) ဒဂုန်တာရာ။ ရုပ်ပုံလွှာ (၁၉၅၅)။ စာ ၁၂၂-၁၃၂။ (၅) ပြန်/ဆက် စာတည်းအဖွဲ့။ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်း။ စာ ၃၁၉-၃၂၃။ (၆) သိန်းဖေမြင့်။ တောတောင်ရေမြေ ဘိုးဘွားအမွေ။ စာ ၂၂၂-၂၂၇။ (၇) မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၇၉)။ စာ ၂၄၈-၂၄၉။]**

[ရာပြည့် ဦးစိုးညွန့် စုစည်းတည်းဖြတ်သည့် ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ ဇူလိုင်၊ ၂၀၀၅ ခုနှစ်၊ ရာပြည့်စာအုပ်တိုက်မှ ကူးယူဖော်ပြပါသည်။]

## အချစ်စစ် အချစ်မှန်နှင့် ပတ်သက်၍
### (နိဒါန်းသစ်အဖြစ်ဖြင့်)

၁၉၄၈၊ ၄၉ နှစ်က "ချစ်၍ခေါ်ရာ" ဟူသော ဇာတ်ညွှန်းတစ်ခုကို ရေး၍ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီကို ပေးလိုက်လေသည်။ ယင်းတို့က "ချစ်၍ခေါ်ရာ" ဟူသော အမည်ဖြင့်ပင် ရုပ်ရှင်ဇာတ်ကားတစ်ကားကို ထုတ်လုပ်ဖြန့်ချိလိုက်၏။ သို့သော် ဇာတ်လမ်းဇာတ်ကွက်နေရာအချို့တွင် အပြောင်းအလဲလုပ်ခဲ့သည်။ သို့လုပ်ရင်း ဇာတ်ကောင်အချို့ စရိုက်ပြောင်းသွားလေသည်။ ဥပမာ အသက် ၃၂ နှစ်မျှရှိသော လူပျိုကြီး ကိုပြုံးချို၊ ကိုယ်ပိုင် ကျောက်သွေးခုံ တစ်ခုပိုင်သော ကျောက်သွေးသမား လူရိုးလူအေးကြီး။

သူသည် မခင်ဝင်းဆိုသော အသက်နှစ်ဆယ်အောက် များစွာလျော့သည့် မိန်းမပျိုကလေးကို စိတ်ရိုးသဘောရိုးနှင့် ကြိုက်သည်။ မိသားဖသားပီပီ ပိုးသည်။

မောင်မျိုးမြင့်ဆိုသော ကောလိပ်ကျောင်းသားနှင့် လမ်းဘေးဈေးသည်မကလေးဖြစ်သူ မခင်ဝင်းတို့ လူငယ်အချင်းချင်း ချစ်နေကြသည်။

အခြေအနေအရပ်ရပ်ကြောင့် ကိုပြုံးချိုနှင့် မခင်ဝင်းတို့အား လူကြီးမိဘတို့က လက်ထပ်ထိမ်းမြားပေးရန် စီစဉ်သည်ကို မခင်ဝင်းကိုယ်တိုင်က သဘောတူပြီးမှ မောင်မျိုးမြင့်က "ချစ်၍ခေါ်ပြန်သဖြင့် မခင်ဝင်းသည်" "ချစ်၍ခေါ်ရာ" သို့ လိုက်ပါရပြန်လေသည်။

ကျွန်တော့်ဇာတ်ညွှန်းကို ဦးဉာဏက အချို့နေရာများတွင် ပြင်လိုက်သဖြင့် အထက်ဖော်ပြပါ ပင်မဇာတ်ကြောင်းလည်း ရွေ့သွားသည်။ ကိုပြုံးချို၏ စရိုက်လည်း ပြောင်းသွားသည်။

ထို့ပြင် ဇာတ်ကောင်နှင့် သရုပ်ဆောင်သူ "ခွင်" မကျသဖြင့် ဇာတ်ကောင်စရိုက် ပြောင်းသွားသည်များလည်း ရှိခဲ့၏။ ကျွန်တော် ဇာတ်ညွှန်းရေးသားစဉ် ရည်ရွယ်အာရုံထားသည့် သရုပ်ဆောင်က တစ်ဦး၊ သူတို့တကယ် ရုပ်ရှင်ရိုက်တော့ ထည့်သုံးသည့်သရုပ်ဆောင်က အခြားတစ်ဦး ဖြစ်နေလေရာ နေရာများစွာ၌ "ခွင်" မကျဖြစ်ပြီး ဇာတ်ကောင်စရိုက်ပါ ပြောင်းသွားခဲ့သည်။ ဥပမာ မောင်မျိုးမြင့် အချစ်စစ်အချစ်မှန်လမ်းမှ တိမ်းချော်ပြီး အချစ်ပွေမိသော ဒေစီနှင့် မလှတင့်တို့၏ နေရာတွင် ထိပ်တန်းသရုပ်ဆောင် ရုပ်ရှင်မင်းသမီး (တစ်ဦးက မောင်မျိုးမြင့်အရွယ်၊ တစ်ဦးက မောင်မျိုးမြင့်ထက် အရွယ်တော်တော်ကြီးသူ) နှစ်ဦးကို ရည်မှန်းရေးသားခဲ့သည်။ ရုပ်ရှင်တကယ်ရိုက်တော့ သူတို့ ထည့်သုံးသော သရုပ်ဆောင်များမှာ ထိုရုပ်ရှင်မင်းသမီးမျိုး မဟုတ်ခဲ့ချေ။ အရန်သရုပ်ဆောင် သာသာမျှသာ။

ကျွန်တော့်ဇာတ်ညွှန်း ရုပ်ရှင်ဇာတ်ကားအဖြစ်ဖြင့် ထွက်လာသောအခါ ကျွန်တော်သည် "ချစ်၍ခေါ်ရာ" ဇာတ်ကားကို မကျေမနပ်ဖြစ်ရ၏။

ထို့ကြောင့် ၁၉၅၁–၅၂ ခုတွင် ကျွန်တော့်မူရင်းဇာတ်ညွှန်းကို ဝတ္ထုအဖြစ်သို့ ကူးပြောင်းရေးသားလိုက်လေသည်။

ထိုဝတ္ထုကို ရှုမဝတိုက်က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

"ချစ်၍ခေါ်ရာ" ကား ရုပ်ရှင်ဇာတ်လမ်းဝတ္ထု၊ ဝတ္ထုရိုးရိုးနှင့် မတူပါ။ စာဖတ်သူအနေနှင့် ဤခြားနားမှုကို သတိထားမိသည်ထက် ရေးသူက ပိုသိထားမိသည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်သည် ဝတ္ထုကို (Novel)ဝတ္ထုအဖြစ် စလယ်ဆုံးရေးရသည်ကိုသာ အားရသည်။ ရုပ်ရှင်ဇာတ်လမ်း ဝတ္ထုရေးရလျှင် အားမရ၊ စာပေအနုပညာဘက်မှာ ဟာသည်ဟု ထင်သည်။

"ချစ်၍ခေါ်ရာ" သည် အချစ်ဦးစားပေးဝတ္ထု ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုမြင့်တင်ရေးကို ဦးတည်ချက်တစ်ခုအဖြစ်ဖြင့် ထည့်ထားသော်လည်း လူငယ်လူရွယ်တို့၏ အချစ်စစ်အချစ်မှန်ကို အမွှန်းတင်ခြင်းသာ အဓိကဖြစ်ပေသည်။ ထို့ကြောင့် "ချစ်၍ခေါ်ရာ" ဝတ္ထုကို လေးနက်သော ရည်ရွယ်ချက်ပါသော အခြား ကျွန်တော်၏ တိုင်းပြုပြည်ပြု ဝတ္ထုများစာရင်းတွင် မသွင်းနိုင်ဟူသော ကျွန်တော်ယူဆခဲ့သည်။ ထိုအချိန်က "အရှေ့ကနေဝန်းထွက်သည့်ပမာ" ဝတ္ထုကိုရေးပြီး အောင်မြင်မှုရနေသော ကျွန်တော့်အဖို့ "ချစ်၍ခေါ်ရာ"သည် ဂုဏ်ယူစရာအလုပ် မဟုတ်သကဲ့သို့ ဖြစ်ရလေ၏။

"ချစ်၍ခေါ်ရာ" အတွက် စာဖတ်ပရိသတ်ကတော့ ရှိခဲ့သည်။ ထို့ကြောင့် ၁၉၆၀ ခုနှစ်တစ်ဝိုက်တွင် ပုံနှိပ်ထုတ်ဝေသူအချို့သည် ကျွန်တော့်ကိုချဉ်းကပ်ပြီး ပြန်လည် ပုံနှိပ်ထုတ်ဝေခွင့်ပြုရန် တောင်းဆိုကြလေသည်။ ကျွန်တော်က ခွင့်မပြုခဲ့ချေ။ ရုပ်ရှင်ဇာတ်လမ်းဝတ္ထု၊ အနုပညာစာပေအရာမှာ ကျွန်တော် အားမရသော ဝတ္ထု၊ တိုင်းပြုပြည်ပြုဟူသောဂုဏ်ကို မဆောင်နိုင်သောဝတ္ထု၊ မှိန်ထားဖို့ကောင်းသော ဝတ္ထုဟု ကျွန်တော် ဆုံးဖြတ်ခဲ့လေသည်။

အနှစ် ၂၀ ကျော်ကြာသောအခါ ရုပ်ရှင်သမား ၂ ဦးက ရုပ်ရှင်ပြန်ရိုက်လိုသဖြင့် "ချစ်၍ခေါ်ရာ" ဝတ္ထုစာအုပ်ရှိက ပေးပါဟု တောင်းဆိုလာသည်။ ကျွန်တော့်မှာ မရှိ၊ သူတို့ဘာသာရှာ၊ ကျွန်တော်လည်း ကျွန်တော့်ဘာသာရှာ၊ ကျွန်တော့်တို့ မတွေ့ဘဲရှိနေစဉ် ပုံနှိပ်ထုတ်ဝေသူတစ်ဦးက စာအုပ်ဟောင်းဆိုင်တစ်ဆိုင်မှ စာအုပ်တွေ့ပြီး ပြန်လည်ထုတ်ဝေရန် စီစဉ်လိုက်လေသည်။ ထိုအချိန်ကျမှ ကျွန်တော်လည်း "ချစ်၍ခေါ်ရာ" အကြောင်းကို ပြန်လည်စဉ်းစားရသည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ငှားယူပြီး ပြန်ဖတ်ရသည်။ အံ့သြစရာကောင်းသည်မှာ ကျွန်တော်သည် "ချစ်၍ခေါ်ရာ" နှင့် ပတ်သက်ပြီး အမြင်သစ်များ ရလာခြင်းဖြစ်ပေ၏။

ဟိုတုန်းက ချစ်၍ခေါ်ရာနှင့်ပတ်သက်ပြီး ခံစားရသော မကျေနပ်မှုနှင့် အားမရမှုများ ကျွန်တော်မှာ မရှိတော့ချေ။ ကျွန်တော်မူလက ကြည့်ခဲ့ရသော ချစ်၍ခေါ်ရာ ရုပ်ရှင်ဇာတ်ကားက ကျွန်တော့်မျက်စိထဲမှာ မရှိတော့။ ကျွန်တော် စိတ်ကူးခြယ်မှုန်းထားသော ဇာတ်ကောင်များနှင့် တကယ်ပါဝင်ကပြခဲ့ကြသော သရုပ်ဆောင်များ၏ ခြားနားချက်များကိုလည်း ကျွန်တော်မေ့နေသည်။ ရုပ်ရှင်ဝတ္ထုဇာတ်လမ်းဟူသော အစွဲအလမ်းသည်ပင် ပျောက်နေကာ ရိုးရိုးဝတ္ထုတစ်ခုအဖြစ်ဖြင့် ဖတ်နေမိချေပြီ။ ထို့ကြောင့် သူ့ဟာနှင့်သူ ဖတ်လို့ကောင်းနေသားပဲဟု ဘဝင်ကျနေမိပါတော့သည်။ အထူးသဖြင့် ကျွန်တော်သည် ထိုအချစ်ဇာတ်လမ်းကို ချစ်နေမိပါပြီ၊ မောင်မျိုးမြင့်နှင့် မခင်ဝင်းတို့၏ အချစ်စစ်အချစ်မှန်၊ မောင်မျိုးမြင့် အချစ်ပွေမိသော အခြားမိန်းမတို့၏ အချစ်ဗျူဟာနှင့် အချစ်မာယာများ။

ကျွန်တော်တို့သည် အချစ်နှင့်ပတ်သက်၍ သဘောထားတွေ ပြောင်းလဲနေဟန်တူပါသည်။ ပထမအရွယ်တုန်းက (လူငယ်ပိုင်းတုန်းက) တစ်မျိုး ချစ်၍ခေါ်ရာ ဝတ္ထုကို ရေးခဲ့သည်။ ဒုတိယအရွယ် (လူလတ်ပိုင်း) တွင် ချစ်၍ခေါ်ရာ

နှင့် ပတ်သက်ပြီး သံသယဝင်ခဲ့သည်။ ဟော..... ယခုလူကြီးပိုင်းရောက်တော့ ကျွန်တော့်မှာ ချစ်၍ခေါ်ရာထဲမှ မောင်မျိုးမြင့်နှင့် မခင်ဝင်းတို့အရွယ် သားသမီးများ ရှိနေလေပြီ။ သူတို့၏ အချစ်စစ်အချစ်မှန်ကို တန်ဖိုးထား လေးစား၍ တတ်လေပြီ။ အချစ်စစ်အမှန်ကို မြှင့်တင်ပေးခြင်းသည်လည်း အခြေခံနေခြင်း မဟုတ်ပါလောဟု ရဲရဲကြီး ရှေ့နေလိုက်ချင်ပါလေပြီ။

ဤကိစ္စတွင် ကျွန်တော်နှင့် လူငယ်အများစု သဘောတူပါလိမ့်မည်။ လူလတ်ပိုင်းအများစုက ကျွန်တော့်ကို ကန့်ကွက်လိမ့်မည်ဟု ထင်ပါသည်။ လူကြီးပိုင်းမှာမူ တစ်ဝက်က ကန့်ကွက်၊ တစ်ဝက်က ထောက်ခံလိမ့်မည်ဟု ထင်ရသည် သို့မဟုတ် အနည်းစုက ကန့်ကွက်၊ အများစုက ထောက်ခံလိမ့်မည်ဟု မျှော်လင့်ရသည်။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်ကတော့ "ချစ်၍ခေါ်ရာ" ကို ဂုဏ်ယူစရာအလုပ် တစ်ခုဖြစ်သဖြင့် ယခုပြန်လည် ပုံနှိပ် ထုတ်ဝေလိုက်ပါကြောင်း။

**သိန်းဖေမြင့်**

**၁. ၁. ၇၈**

# အခန်း (၁)

မျိုးမြင့်၏ရှေ့က စားပွဲပေါ်တွင် ထောင်ထားသော မှန်တွင်း၌ မျိုးမြင့်၏ မျက်နှာသာပေါ်နေသည်မဟုတ်။ သူ၏လက်ဝဲဘက်ရှိ ပြတင်းပေါက်သည်လည်း ပေါ်နေလေသည်။ ထို့ကြောင့် နွေအကုန် မိုးအကူး တစ်ခုသောနံနက်ခင်း၏ တိမ်ဖြူတိမ်ညို အလွှာအလိပ် အတွန့်အတက်များသည်လည်း ပြတင်းပေါက်မှ ဝင်ကာ မှန်ပေါ်တွင် အရိပ်ထင်နေကြ၏။ သို့ရာတွင် မျိုးမြင့်၏ မျက်စိအာရုံ သည် တိမ်ဖြူတိမ်ညိုတို့ဆီသို့ မရောက်။ သူ့ဗိုလ်ကေဆီသို့သာ စူးစိုက်လျက် နေလေသည်။ သည်ဘီးနှင့် ဖြီးလိုက်ရရုံနှင့် မကျေနပ်သေး။ ဟိုဘီးကိုင်ပြီး အချောသပ်လိုက်ရမှ ကျေနပ်သည်။ ခေါင်းဖြီးပြန်တော့လည်း ကုပ်ပေါ်မှာ ရှေ့ရွဲနေပြန်သဖြင့် မျက်နှာသုတ်ပဝါကြီးနှင့် သုတ်ပစ်ရသေးသည်။

ပေါင်ဒါထည့်ပြီးချိန်တွင် သာယာညင်းပျောင်းသော စောင်းသံကို ကြားစ ပြုလေသည်။ သည်တော့မှ နားစွင့်မိလေသည်။ စောင်းသံသည် တငြိမ့်ငြိမ့်နှင့် လိုမ့်၍လိုမ့်၍ ဝင်လာ၏။ မျိုးမြင့်သည် မှန်နှင့်စားပွဲကို ကျောပေးကာ မျက်စိ မှိန်းလျက် အရသာခံစားနေမိ၏။ ဤစောင်းသံ ဘယ်ကလာသလဲ၊ စောင်း ကောက်ကြိုးပေါ်မှာ လက်ချောင်းကလေးများနှင့် ထိလိုက်ခတ်လိုက် တော့လိုက် နှော့လိုက်၍ ဖြစ်ပေါ်လာသော ဤစောင်းသံသည် ဘယ်ကလာပါသလဲ။

မျိုးမြင့်သည် စောင်းသံဝင်လာရာဖြစ်သော လက်ဝဲဘက်က ပြတင်းပေါက် သို့ ဖြည်းဖြည်းကလေး လျှောက်သွားကာ အောက်သို့ငုံ့ကြည့်လိုက်၏။ လက်ဝဲ ဘက်တွင် ဘေးချင်းတိုက်လျက် တစ်ထပ်အိမ်ကလေးတစ်ခု ရှိသည်။ ထိုအိမ် ကလေးမှ ပြတင်းပေါက်တစ်ခုသည် မျိုးမြင့်၏ပြတင်းပေါက်နှင့် တည့်နေ၏။ ထိုပြတင်းပေါက်၏ အလင်းရောင်တွင် မိန်းမပျိုကလေး တစ်ယောက်သည်

ကျုံ့ကျုံ့ကလေး ယဉ်ကျေးစွာထိုင်လျက် စောင်းကောက်ကြီးကို တီးနေပေရာ မျိုးမြင့်သည် အပေါ်ကစီး၍ မြင်ရပေ၏။

မိန်းမပျိုကလေး စောင်းပိုက်ထား၍ တီးနေဟန်မှာ မိခင်က သားငယ်ကို ပိုက်လျက် မြှူချော့နေဟန်နှင့်တူ၏။ စောင်းကြိုးကလေးများကို ကန့်ကလျ ထိလိုက်ခတ်လိုက်၊ တော့လိုက်နော့လိုက် လုပ်နေသည့် ဝင်းဝါသွယ်ပျောင်းသော လက်ချောင်းကလေးများနှင့် မိန်းမပျို၏ လှုပ်လှဲ့လှုပ်လီဖြစ်နေသော ဆံတောက်ကို ကောင်းစွာမြင်ရ၏။ ကိုယ်လုံးသဏ္ဌာန် ကြော့ရှင်းဟန်ကိုလည်း မြင်နိုင်၏။ သို့သော် မိန်းမပျို၏ မျက်နှာကိုကား မမြင်နိုင်ချေ။

မျိုးမြင့်သည် မမြင်ရသော မျက်နှာကလေးကို မြင်လိုလှ၏။ စောင်းသံ၊ လက်ချောင်းကလေးများနှင့် ဆံတောက်တို့သည် သူ့အား မမြင်ရ မြင်ရအောင် ဉာဏ်ဆင်ရန် နှိုးဆွပေးနေကြလေ၏။ မိန်းမပျိုကလည်း တစ်ချက်မျှ မော့မကြည့်၊ အတီးမှာသာ စူးစိုက်လျက်ရှိသည်။

ထိုအချိန်တွင် မျိုးမြင့်ကား ရေချိုးပြီးစ စွပ်ကျယ်လက်ပြတ်ကလေးနှင့် ဖြစ်၏။ သူသည် စားပွဲဆီသို့ပြန်သွားပြီး တင်ထားသော ရှပ်အင်္ကျီကိုယူကာ ဝတ်လေသည်။ ၎င်းနောက် ပြတင်းပေါက်သို့ လာပြန်၏။ မိန်းမပျိုကား တီးတုန်း ပင်ဖြစ်၏။ စောင်းကောက်မှာ မှန်စီရွှေချထားသဖြင့် ဝင်းတောက်လျက်ရှိသည်။ လက်ကလေးများက အသော့တီးလိုက်သောအခါ စောင်းဖျားမှ ပန်းဖွားကြီးများ သည် မိန်းမပျို၏ ဆံတောက်နှင့်အတူ လှုပ်လှဲ့လှုပ်လီ ဟိုသည်ယိမ်းနေကြ၏။

တီးပြီးသောအခါ မိန်းမပျိုသည် စောင်းကိုဘေးမှာ တရိုတသေ ချထား လိုက်၏။ ထိုအခိုက် မျိုးမြင့်သည် အဟမ်းခနဲ ဖိုသံပေးလိုက်ရာ မိန်းမပျိုသည် မော့်ကြည့်လိုက်မိပေ၏။ မိန်းမပျိုက လှပဝင်းဝါသော မျက်နှာလည်း ရှိပေသည်။ မော့်ကြည့်လိုက်ရင်း တောက်ပနေသည့် မျက်လုံးများနှင့် အံ့သြခြင်းသည် ဟတတ ဖြစ်သွားသော နှုတ်ခမ်းများသည် မျိုးမြင့်အား ချောက်ချားသွားစေရုံမက ဆွဲငင် သိမ်းယူခြင်းလည်း ပြုလိုက်လေသည်။ ဒီအိမ်မှာ ဒီလိုသူငယ်မကလေးမျိုးရှိတာ ငါမသိပါလားဟု မျိုးမြင့်မှာ တအံ့တသြ ဖြစ်သွားသလို၊ ဒီတိုက်မှာ ဒီအရွယ် ဒီအစ်ကိုမျိုး ဘယ်တုန်းက ရောက်နေပါလိမ့်ဟု မိန်းမပျိုမှာ တွေးတော ငေးမော မိလေသည်။

မျိုးမြင့်က ရဲဝင့်စွာ ရွှန်းရွှန်းစားစား ကြည့်နေဆဲမှာပင် မိန်းမပျိုသည် ဣန္ဒြေလုပ်ကာ ပြတင်းပေါက်မှဝေးရာ အရှက်၏ခေါ်ရာသို့ ပျောက်ကွယ်သွား လေ၏။

မျိုးမြင့်သည် သက်ပြင်းချ၍ စားပွဲသို့ ပြန်လာခဲ့၏။ လုံချည်လဲ အပေါ် အင်္ကျီဝတ်ပြီး စာအုပ်များကိုယူကာ အောက်ထပ်သို့ ဆင်းခဲ့သည်။

မျိုးမြင့် ဤတိုက်သို့ ရောက်လာသည်မှာ မကြာသေးပေ။ ဤတိုက်မှာ ရန်ကုန်မြို့ စမ်းချောင်းရပ် မင်္ဂလာလမ်းပေါ်တွင် တည်ရှိ၍ တိုက်ကိုပိုင်သူမှာ သူ၏ဦးလေး ဦးကျော်လှဖြစ်သည်။ ဦးကျော်လှမှာ စစ်ကိုင်း မြင်းမူဘက်မှဖြစ်ပြီး ဇာတိရပ်ရွာမှ စွန့်ခွာလာခဲ့သည်မှာ အတော်ကြာလေပြီ။ ယခုအခါ ရန်ကုန်မြို့၌ အတော်အတန် စီးပွားဖြစ်လျက်ရှိ၏။ သူက အသက် ၅၀ ကျော်၍ ဇနီးသည် ဒေါ်အေးခင်က ၅၀ နီးပါးဖြစ်၏။ သို့ရာတွင် သားသမီး မထွန်းကားချေ။ မျိုးမြင့်သည် မန္တလေးကောလိပ်၌ အိုင်အေ အောင်မြင်ပြီး ရန်ကုန် ယူနီဗာစီတီတွင် ဆက်လက်သင်ကြားရန် ဦးလေးအိမ်၌ လာရောက်နေထိုင်သောအခါ ဦးကျော်လှနှင့် ဒေါ်အေးခင်မှာ သားအရင်းသဖွယ် ကြိုဆိုလက်ခံထားကြလေသည်။

အထက်ထပ် အောက်ထပ်ကူးထားသော လှေကားမှာ တိုက်တွင်းမှာသာ ရှိ၍ နောက်ပိုင်း၌ဖြစ်၏။ လှေကား၏ အရှေ့ဘက်တွင် ချိပ်ဆေးသုတ်ထားသော ကျွန်းသားဖြင့် ကာထားသည့် အခန်းတစ်ခန်း ရှိလေသည်။ ထိုအခန်းရှေ့၌ ဆက်တီကုလားထိုင်နှင့် စားပွဲဝိုင်းများ ရှိလေသည်။ လှေကားအောက်တွင် ကြည့်မှန်တပ်ထားသော ဗီရိုကြီးတစ်ခုရှိရာ တောက်လွန်းအားကြီးသဖြင့် အဝတ်ဖုံးထားလေသည်။ ထိုဗီရို၏ရှေ့တွင် သစ်သားကွပ်ပျစ်တစ်ခုနှင့် သစ်သားခုံရှည် (ရသေ့လျောင်း) တစ်ခုရှိ၏။

ဦးကျော်လှသည် ကွပ်ပျစ်ပေါ်၌ ပက်လက်လှဲလျက် သတင်းစာ ဖတ်နေလေသည်။ သူသည် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးဖြစ်ပြီး ခေါင်းတုံးတုံးထားသည်။ ဒေါ်အေးခင်မှာ ဆွမ်းအုပ်ကိုကိုင်ပြီး ခုံရှည်ပေါ်မှာထိုင်လျက် လမ်းဘက်သို့ ကြည့်နေသည်။ အိမ်ရှေ့တွင် သံခေါက်တံခါးကြီး ၂ ခုရှိရာ ဆက်တီကုလားထိုင်များဘက်ရှိ တံခါးမှာ ပိတ်ထား၍ ကွပ်ပျစ်ဘက်က တံခါးမှာ ဖွင့်ထားသည်။ ဒေါ်အေးခင်မှာ မနိမ့်မမြင့် မဆူမကြုံတော်ရုံသာဖြစ်ပြီး အသားမှာ ညိုသည်။

"ဦးလေး ကျွန်တော် ကျောင်းသွားတော့မယ်" ဟု မျိုးမြင့်က ခွင့်ပန်လိုက်သောအခါ ဦးကျော်လှက သတင်းစာ ချထားလိုက်ပြီး။

"အေးအေး သွားသွား" ဟု သဘောတူလိုက်သည်။

ဒေါ်အေးခင်ကမူ ...

"အို ... စောလှချည်လား မောင်မျိုးမြင့်ရယ် ထမင်းမစားတော့ဘူးလား" ဟု ဆိုလိုက်လေ၏။

"ဒီနေ့တော့ ထမင်းမစားဘဲ သွားရမှာပဲ ဒေါ်ဒေါ်၊ ကောလိပ်က ဖွင့်တဲ့နေ့ဆိုတော့ အချိန်စာရင်းတွေ ဘာတွေ မသိသေးဘူး။ ဒီတော့ စောစော သွားတာပဲ ကောင်းတယ် ဒေါ်ဒေါ်"

ဒေါ်အေးခင်မှာ ဘုန်းကြီးများကို မြင်သည်နှင့် ဆွမ်းအုပ်ကိုကိုင်၍ ထ သွားသည်။

ဦးကျော်လှက လှဲနေရာမှ ထထိုင်ပြီး ...

"နေ့လယ် မုန့်စားဖို့ ဆိုင်တွေဘာတွေ ရှိမှာပါပဲကွာ"

"ရှိမှာပါပဲ ဦးလေးရဲ့"

"အေးအေး ...... ဒါဖြင့် သွား"

မျိုးမြင့်သည် လမ်းပေါ်သို့ ရောက်သောအခါ မိန်းမပျိုကလေးရှိသော အိမ်ရှေ့ဘက်သို့ လျှောက်သွားလေရာ ဆွမ်းလောင်းနေသော ဒေါ်အေးခင်၏ စိတ်ထဲမှာ ဘာကြောင့် ပြည်လမ်းဘက်သို့ မထွက်ဘဲ ရှမ်းလမ်းဘက်သို့ ထွက် ပါလိမ့်ဟု အံ့သြခြင်းဖြစ်မိသေးသည်။ သို့ရာတွင် ဘာမှထွေထွေထူးထူး ထပ် မစဉ်းစားဘဲ မေ့ပစ်လိုက်လေသည်။

မိန်းမပျိုကလေးတို့၏ အိမ်မှာ အိမ်နိမ့်ကလေး ဖြစ်ရုံမက ကျဉ်းလည်း ကျဉ်းလေသည်။ ကျဉ်းရသည့်အထဲတွင် အိမ်ကို နှစ်ပိုင်းပိုင်းလျက် နှစ်ဦးနေကြ ရသည်။ ထိုအိမ်ရှေ့မှာ မြေလွတ်လေးပေမျှရှိ၏။ ထိုလေးပေမျှသော မြေကွက် တွင် ပိန္နဲပင်တစ်ပင်ရှိ၍ အရိပ်အတန်ကောင်းလေသည်။

ပန်းပင်ကလေးများလည်း စိုက်ထားသည်။ မျိုးမြင့် အိမ်ရှေ့မှ လျှောက် သွားချိန်တွင် မိန်းမပျိုသည် ခွာညိုပင်ကလေးကို ရေလောင်းလျက်ရှိ၏။ မျိုးမြင့် သည် မိန်းမပျိုကို သမင်လည်ပြန်ကြည့် ကြည့်၏။ မိန်းမပျိုကမူ ရေလောင်း ရာမှ တစေ့တစောင်း ခိုးကြည့်လိုက်၏။ ၎င်းနောက် မျက်လွှာချ၍ ရေလောင်း မြဲ လောင်းနေသည်။ သူဘယ်တုန်းက ဒီတိုက်ရောက်နေပါလိမ့်၊ လူရည်က သန့်သန့်ပြန့်ပြန့် ကိုယ်ဟန်က ချောချော၊ အသက်က နှစ်ဆယ်လောက်။ ထို ခဏအတွင်း မိခင်ဒေါ်သိန်း၏ ခေါ်သံကို ကြားရပြန်သည်။

"မခင်ဝင်း"

"ရှင် ...."

အော် .... မခင်ဝင်းဆိုပါကလား။ သူငယ်မလေးက လှက လှသနှင့် သူ့စောင်းသံကလေးက နွဲ့ပျောင်းသလို သူ့ကိုယ်လေးက နွဲ့နှောင်းလှပါဘိ။ မျိုးမြင့်သည် ခေါင်းငိုက်ဆိုက်ချ၍ ခပ်သွက်သွက်လျှောက်ရင်း ချီးကျူးမကုန် ဖြစ်နေလေသည်။ အင်း ...... ဒါပေမဲ့ ပတ်ဝန်းကျင်ကြည့်ရပုံက ဆင်းဆင်း ရဲရဲပဲထင်ရဲ့။ မျိုးမြင့်၏အတွေး ရပ်သွားသည်။ ရှမ်းလမ်းဘက်သို့ ရောက်နေသော ခြေလှမ်းကိုပြန်တုံ့ပြီး ပြည်လမ်းဘက်သို့ ထွက်လာခဲ့လေသည်။

❐

# အခန်း (၂)

ယူနီဗာစီတီ ကောလိပ်ကျောင်း၏ စာသင်ခန်းတစ်ခန်းတွင် ဖြစ်သည်။ ကျောင်းသူတို့သည် ရှေ့ဆုံးခုံများမှာ ထိုင်နေကြလျက် ကျောင်းသားများမှာ ၎င်းတို့နောက်တွင် ထိုင်နေကြသည်။ ကျောင်းသူကျောင်းသား စုစုပေါင်း ၅၀ မျှ ရှိမည်ဟု ခန့်မှန်းရလေသည်။

မျိုးမြင့်သည် ကျော်ဦး၊ တင်လတ်တို့နှင့် တစ်ခုံတည်းထိုင်လျက် ရှိလေသည်။ ကျော်ဦးမှာ ရန်ကုန် ယူနီဗာစီတီကောလိပ်မှာပင် အိုင်အေအောင်ပြီး သထုံကျောင်းဆောင်မှာ နေသည်။ တင်လတ်ကား တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအမှုဆောင် လူကြီးတစ်ဦးဖြစ်သည်။ မျိုးမြင့်သည် ကျော်ဦးနှင့်စ၍ တွေ့ပြီးနောက် ကျော်ဦးဆက်ပေးခြင်းကြောင့် တင်လတ်နှင့်လည်း မိတ်ဆွေဖြစ်ခဲ့လေသည်။

ဆရာမှာ အသက် ၃၀ ကျော်မျှသာ ရှိသေး၍ အချို့ကျောင်းသားများနှင့် ရွယ်တူတန်းတူသဖွယ် ထင်မှတ်ရသည်။ သို့ရာတွင် ဆရာသည် ခေါင်းပေါင်းကြော့နေအောင် ပေါင်းထားသဖြင့် တပည့်များနှင့် ခြားနားနေပေ၏။

ခုခေတ်မှာ မြန်မာစာပေဟာ မတိုးတက်တဲ့အပြင် အချို့နေရာမှာ ဆုတ်ယုတ်နေတာကိုတောင် တွေ့ရတယ်။ သိမ်မွေ့နူးညံ့တဲ့ အရသာတွေပျောက်ပြီး အရသာမဲ့ ပေါ့ပျက်ပျက်တွေများတယ်။ သနားစရာ ရေးရမယ့်နေရာမှာ အရေးမတတ်တော့ ရက်စရာဖြစ်လာတယ်။ ဥပမာ တုံးအောက်ကဖား ဆိုတဲ့စကားဟာ အဖိနှိပ်ခံရပုံ၊ အခြေနိမ့်ပုံ၊ နင်းပြားနေပုံ၊ သနားစရာကောင်းပုံကို ဖော်ပြတယ်၊ သို့ပေမယ့် ခုကာလ သီချင်းတစ်ပုဒ်မှာ ဘယ်လိုဆိုသလဲဆိုတော့ ......

"တုံးအောက်ကဖား ...... ဟား ...... ဟား ...... ဟား ...... ကွက် ...... ကွက် ...... ကွက် ...... ကွက် ...... ကွက် ...... ကွက် ...... တဲ့"

ကျောင်းသားများက ဝါးခနဲရယ်ကြ၍ ကျောင်းသူများက ခစ်ခနဲရယ်ကြသည်။

"ကောင်းနိုင်သေးရဲ့လား" ရှေးက စာရေးဆရာများကတော့ ဖားကလေးကိုပဲ ဖွဲ့ကာနွဲ့ကာ အဓိပ္ပာယ်ရှိစွာ ရေးနိုင်ကြတယ်။ ဥပမာ ဘကြီးတော်ဘုရားလက်ထက်က ရေးခဲ့ပုံက။

"ဖားတဂ်ါ-မှန်ရာ ရွှေနူတ်က ခွန်းထုတ်စေသား။ လှမတူတ သုဇေန်ရောက်မှာဖြင့် ပြောင်မြောက်ဗေဒင်ပိုင်ငဲ့ စံအိုင်ကို စိန်နှင့်မွမ်းပါမယ့် ခွန်းကြုံပါ့ဖား"

"ကဲ ...... ဘယ်လောက် သိမ်မွေ့သလဲ"

ဆရာက ယင်းသို့ဟောပြောနေစဉ် အချို့ကျောင်းသူကျောင်းသားတို့သည် စိတ်မဝင်စားကြဘဲ တစ်ဦးနှင့်တစ်ဦး တိုးတိုးတိတ်တိတ် နောက်ပြောင် နေကြလေသည်။ ရှေ့ဆုံးတန်းမှ မိန်းကလေးတစ်ယောက်သည် ဗလာစာအုပ်မှ စာရွက်သေးသေးကလေး ဆုတ်ယူပြီး "မြရေ ...... ဆရာ့ခေါင်းပေါင်းစကလေးက မလှဘူးလား" ဟု ရေးကာ မြဆိုသူဘက်သို့ ပေးလိုက်သည်။ မြက စာရွက်ကလေးကျောဘက်တွင် ပြန်စာရေးလိုက်ပြန်သည်။

"သင်းကလဲ တဲ့တဲ့ပြောပါ တစ်ကိုယ်လုံးလှတာဘဲ မဟုတ်လား၊ ဟိုဘက်တတိယညာဘက်စွန်းက ငနဲက သင်းကိုကြည့်နေလိုက်တာ ခေါ်တောလား အောက်မေ့ရတယ်ကွယ်" ယင်းသို့ စာပေးစာယူလုပ်ပြီး နှစ်ယောက်ထဲ ကျိတ်၍ပြုံးနေလေသည်။

တစ်နေရာတွင်ကား ကျောင်းသားနှစ်ယောက် စာအုပ်ရှေ့မှ ထောင်၍ကွယ်ကာ တိုးတိုး စကားပြောနေကြသည်။ "ဘယ်ဘက်က ဒုတိယသူငယ်မပေါ့ကွာ ကိုယ်ပိုးနေတာ"

"ဟ ...... မင်းဟာမကြီးက ချောလှပါပကော"

ဆရာသည် ချွေးစို့လာသဖြင့် လက်ကိုင်ပဝါနှင့်သုတ်ပြီး ဆက်လက်ဟောပြောပြန်သည်။

"ခုကာလ စာရေးဆရာများဟာ သမီးကညာ ရတနာများရဲ့ ခါးသေးလို့ရင်ချီ အဆိုနှင့်ကိုက်ညီအောင် ဖွဲ့ကြနွဲ့ကြတဲ့အခါမှာ သိမ်မွေ့ကျစ်လစ်စွာ မရေးတတ်တော့ မြတ်ရွှေရင်၏ ဟန်ချီမှုကို ဖော်ရာမရောက်ဘဲ ကာမမှုကို ဖော်ရာရောက်တယ်၊ ညစ်ပတ်တဲ့ အရေးအသားတွေ ဖြစ်သွားတယ်။ ရှေးဆရာ

ကြီးတွေ သိမ်မွေ့ကျစ်လစ်စွာ ရေးတတ်ပုံက ဥပမာ ပေးလိုက်ဦးမယ်။

"ယပ်ခတ်ခိုက်တွင် မယ့်ရွှေရင်ဝယ်–ရွှင် ပျောင်းပျ၊ လုံးလှကို လျှောကျ ရင်ဝတ်ကျွတ်၍ ကြည့်မိမြင်မိသည်ရှိသော် မချိတုန်ခိုက် ဟိုက်ပင်ဟိုက်၍ စိတ်ဌ်ရည်စော မိန်းမောအောင်ပင် ကြဲဆောင်စိတ်တွင် ပြုသည်ထင်ငဲ့။ နီစင်တွတ်တွတ် ပန်းရင်ဝတ်လည်း ရင်မြတ်ခြယ်သင့် တော်သည်နှင့်လျှင် ဖူးသင့်လွန်းတိုး နရင်မျိုးကို ကဲမိုးမောက်လှ မြင်ပြန်ရ"

ထိုအခိုက်တွင် နောက်နားက ကျောင်းသားတစ်ယောက်က "ဟိုးဆရာ ဟိုး ...... ဟိုး" ဟု ထအော်လိုက်သည်။

တစ်တန်းလုံး သူတို့ကို လှည့်ကြည့်ပြီး၊ ဟဲ ...... ဟဲ၊ ခစ်ခစ် စသည်ဖြင့် တသဲ့သဲ့ရယ်ကြလေသည်။

"နီစင်တွတ်တွတ် ပန်းရင်ဝတ်ဆိုတာ ဘာလဲဆရာ၊ ဘာပန်းလဲ" ဟု ၄င်းက မေးလိုက်ရာ ကျောင်းသားအားလုံးသည် ဝေါခနဲနေအောင် ကျယ်လောင်စွာ ရယ်ကြ၏။ မိန်းကလေးများကား မျက်နှာငုံ့၍ ကျိတ်ပြီး တခစ်ခစ်ရယ်ကြသည်။

ဆရာသည်အစဉ် ကြောင်သွားသည်။ နောက်ဒေါသငွေ့ တရှိန်ရှိန် တက်လာသည်။ နောက်မှ ဒေါသကို ချုပ်တည်းပြီး ......

"အဲဒါ သိချင်ရင် ကျောင်းဆင်းတော့ ဆရာ့ဆီလာခဲ့"

တစ်တန်းလုံး ဝေါခနဲ ရယ်ကြပြန်လေသည်။

အခြား ကျောင်းသားတစ်ယောက်က ဣန္ဒြေကြီးစွာ ဆောင်၍ ထပြီး ခပ်ကျယ်ကျယ် ပြောလိုက်သည်။

"ခိုးလိုးဆရာ ခိုးလိုး"

တစ်တန်းလုံး ဝေါခနဲ ရယ်ကြပြန်၏။

တစ်ဘက်မှ အသံတစ်သံ ပေါ်လာပြန်သည်။

"ဟိုးဆရာ ...... ဟိုး"

"ခိုးလိုးဆရာ ခိုးလိုး"

အပြန်အလှန် အော်နေကြသည်။ ရယ်သံတွေ ဆူညံလာသည်။ တချို့က ခုံကို လက်နှင့်ပုတ်၍ အသံပြုသည်။ တချို့က ကြမ်းပြင်ကို ဖိနပ်နှင့် ဆောင့်သည်။ တချို့က တရွတ်တိုက်သည်။

ဆရာသည် ဒေါသထွက်သွားသော်လည်း ဘာမျှ မတတ်နိုင်၊ ငြိမ်ရန်

လက်ဟန်ခြေဟန်ပြသော်လည်း အချည်းနှီးဖြစ်တော့၏။ ထို့ကြောင့် ဆရာ ထွက်သွားလေသည်။

ထိုအခါ အသံတစ်သံ နောက်ပိုင်းမှ ထွက်လာသည်။

" Class Break up "

စာသင်တန်းပျက်သွားလေ၏။ အချို့ ထွက်သွားကြ၍ အချို့မှာ စိတ်ပျက်ပျက်နှင့် ထိုင်ရစ်ကြလေသည်။

မျိုးမြင့်၊ ကျော်မြင့်ဦးနှင့် တင်လတ်တို့သည် အတန်းတွင်း၌ ယင်းသို့ ဗရုတ်ဗရက် လျှော်ပြက်ပြက် ဖြစ်နေသည်ကို မကျေနပ်ကြ၊ အပုပ်နံ့ဖြင့် ပြည့်သော လေကို ရှူရှိုက်နေရဘိသကဲ့သို့ စိတ်အိုက်ကိုယ်အိုက်ဖြစ်ကာ အခန်းတွင်းမှ ထွက်လာကြသည်။ သုံးယောက်သား ရင်ပေါင်တန်းစီလျက် ကော်ရစ်ဒါတွင် လျှောက်လာကြသည်။

မျိုးမြင့်က စတင်၍ ညည်းညည်းညူညူ ဆိုလိုက်သည်။

“ကောလိပ်ကျောင်းသားတဲ့ဗျာ၊ ဒီလောက် ရိုင်းရသလား။ ဆရာကိုလည်း မရိုသေ၊ စာပေကိုလည်း မလေးစား”

တင်လတ်ကမူ ကျောင်းသားကိုချည်း အပြစ်မဖို့လို။

“ကျောင်းသားကလည်း ကျောင်းသားပဲ၊ သို့ပေမယ့် ဆရာကလည်း ဒါမျိုးတွေ အတန်းထဲမှာ သင်ဖို့မကောင်းဘူး”

ကျော်ဦးက ဝင်၍ တင်လတ်အား စောဒကတက်လိုက်သည်။

“ခင်ဗျားကတော့ ထုံးစံအတိုင်းပါပဲ၊ ဆရာတွေ လုပ်သမျှမှာ အပြစ်မြင်၊ ကျောင်းသားတွေ လုပ်သမျှဆိုရင် မှားမှားမှန်မှန် ရှေ့နေလိုက်နေတယ်၊ ဒါဟာ ကျောင်းသားခေါင်းဆောင်အင်္ဂါနဲ့ မညီဘူးဗျ”

“ကျွန်တော်က ကျောင်းသားတွေ မှားမှားမှန်မှန် ရှေ့နေလိုက်နေတာ မဟုတ်ပါဘူး၊ ကျောင်းသားတွေက ဒီလိုပြုမူတာ မှားတယ်၊ သို့ပေမယ့် ဆရာလုပ်သူကလည်း ဒါတွေကို အတန်းထဲမှာသင်ဖို့ မကောင်းဘူးထင်တယ်”

ထိုအခါ မျိုးမြင့်ကကြားဝင်၍ တင်လတ်အား စောဒကတက်ပြန်သည်။

“ဘာဖြစ်လို့ ဒါမျိုး အတန်းထဲမှာ သင်ရသလဲ၊ စာပေအရသာဆိုတာ ဒီလိုဖော်ပြနိုင်မှ ပေါ်တယ်၊ ကြမ်းတမ်းတဲ့ အရာကို ကြမ်းတမ်းတဲ့အတိုင်း တဲ့တိုးရေးရင် သုခုမပညာ မမြောက်ဘူး။ ညစ်ပတ်ရာပဲ ရောက်မယ်၊ ကြမ်းတမ်းတဲ့အရာကို သွယ်ဝိုက်ပြီး လုပစွာရေးရင် သုခုမပညာမြောက်တယ်။ ရဒ္ဓရသ

ဆိုတဲ့ ရသကို ပေါ်ထွက်စေတယ်။ နီစင်တွတ်တွတ်၊ ပန်းရင်ဝတ်ဆိုတဲ့ ဖော်ပြချက်ကလေးမျိုးကိုမှ ယဉ်ကျေးစွာ လက်မခံတတ်ရင်၊ လက်မခံတတ်သူရဲ့ အပြစ်လား၊ ပြောပြသူရဲ့အပြစ်လား စဉ်းစားကြည့်ပါ။ ဒီလို သုခုမပညာမြောက်တဲ့ ဖော်ပြချက်ကိုကြားပြီး ဒီလောက် သောင်းကျန်းနေကြရင် ကျောင်းသားတွေဟာ စာပေလေ့လာသူ ကျောင်းသားလို့ မခေါ်နိုင်ဘူး၊ ကျောင်းသား အရေခြုံထားကြတဲ့ ကြမ်းပိုးလို့သာ ခေါ်ဖို့ရှိတယ်၊ ဘတ်စ်ကားစပယ်ယာကို တုကြတာပါပဲ”

တင်လတ်က ဘာမျှမတုံ့ပြန်ဘဲ စဉ်းစား၍ နားထောင်နေလေသည်။ ကျော်ဦးက ဝင်ပြောပြန်သည်။

သူတို့သုံးယောက်သည် လေ့ကားဝသို့ ရောက်လာကြ၍ စကားအမျှင်ဖြတ်လိုက်လေသည်။ မိန်းကလေးတစ်စု တက်လာသည်နှင့် ဆုံနေ၍ အဝမှာ ရပ်ပေးကြသည်။ မိန်းကလေးများ အပေါ်ရောက်ကြမှ သူတို့ ဆင်းသွားကြလေသည်။ ဤသို့ မိန်းကလေးများအား အရေးပေး အလေးမူပုံကို ထူးထူးခြားခြားတွေ့လိုက်ရသဖြင့် နောက်ဆုံးမှ မိန်းကလေးတစ်ယောက်က "Thank you" (ကျေးဇူးတင်ပါသည်) ဟုဆိုလိုက်၏။ မျိုးမြင့်သည် ထိုမိန်းကလေးအား သတိထား၍ ကြည့်လိုက်မိ၏။ ထိုမိန်းကလေး၏ မျက်နှာမှာ တည်ကြည်လှသည်၊ ကိုယ်လုံးကိုယ်ထည်မှာ ကြော့ရှင်းလှသည်။ ဟန်အမူအရာမှာ သွက်လက် ချက်ချာလှသည်။ သို့ရာတွင် တွေ့ဆုံမှုကား ခဏတာမျှတာ၊ လေ့ကားကွေ့နှင့် ထောင့်တိုင်ကြီးအကွယ်တွင် ပြီးဆုံးသွားလေသည်။

❒

# အခန်း (၃)

မိုးတွင်းသို့ဝင်လာပြီဖြစ်၍ မိုးသည် ရွာသွန်းချရန် ခြိမ်းခြောက်လျက်ရှိလေ၏။ ကြယ်၊ လ၊ နက္ခတ်ကို မိုးတိမ်များ ဖုံးကွယ်နေသဖြင့် မှောင်ကျလျက်ရှိ၏။ သို့ရာတွင် စမ်းချောင်းရပ် ရှမ်းလမ်းမကြီးပေါ်ရှိ ညဈေးတန်းမှာကား ဝင်းထိန်နေလေသည်။ အချို့ဆိုင်များတွင် လျှပ်စစ်မီး၊ အချို့တွင် လက်ဆွဲဓာတ်မီး၊ အချို့မှာ ရေနံဆီမီးခွက် အသီးသီး ထွန်းထားကြသည်။ ကြံပန်းခိုင်ဆိုင်ကလေးပင် ရေနံဆီမီးခွက် မှိုင်းခိုးတလူလူနှင့် ထွန်းထားသေး၏။

ခြိမ်းခြောက်လျက်နေသော မိုးကြောင့် ညဈေးတန်းမှာ စည်ကားသင့်သလောက် မစည်ကားချေ။ ဈေးဝယ်ထက် ဈေးသည်က ပေါနေပုံပေါက်၏။ အညောင်းပြေအညာပြေ အပျင်းပြေလျှောက်သူပင် မရှိသလောက် ဖြစ်နေ၏။ ဈေးသည်များမှာလည်း မိုးအတွက် အဆင်သင့် ပြင်ထားရသည်။ မြေစိုက်၍ဆိုင်တည်ထားသူများမှာ ခနိ၊ သွပ်ပြား စသည်တို့ဖြင့် လုံအောင် မိုးထားကြရ၏။ ဆန်ပြုတ်၊ မုန့်ဟင်းခါး၊ ချင်းသုပ်ဆိုင်တို့ကဲ့သို့ နေ့စဉ်ညစဉ် ရွှေ့ပြောင်းရသော ဆိုင်တို့မှာကား ရွက်ထည်မိုးထားရ၏။ လင်ပန်းပေါ်တွင် မြေပဲ၊ ဆားငန်သီး စသည်တို့ကို ခင်း၍ ရရာနေရာ တိုးရောင်းရသော ဆိုင်ကလေးသည်ပင် မိုးရွာချလျှင် အဆင့်သင့်ဖြစ်အောင် ဖုံးအုပ်စရာ ဆောင်ထားကြရသည်။

ပစ္စည်းအမျိုးအမည် ၁၂ မျိုးထက်များ၍ ထည့်ရသော ၁၂ မျိုး ချင်းသုပ်ဆိုင်ရှေ့တွင် ဆလွန်းကားကြီးတစ်စီးကို ထိုးရပ်လေရာ ချင်းသုပ်သည် အဒေါ်ကြီးသည် အားတက်သရော ပြုံးလိုက်၏။ ဇလုံပေါင်းများစွာမှာ ချင်းနည်းနည်း၊ ကန်စွန်းနည်းနည်း၊ ဂေါ်ဖီထုပ်နည်းနည်း စသည်ဖြင့်ထည့်ပြီး အကြော်အလှော်ပုလင်းပေါင်းများစွာကို နှိုက်ကာ ချင်းသုပ်၊ အထုပ်ပေါင်းများစွာကို ထုပ်ရလေ

ရာ၊ ရွာစားကြီး ဝိုင်းတော်တီးနေသည်နှင့် တူတော့၏။ ဆလွန်းကားပေါ်မှ ချင်းသုပ်ဝယ်သူ အမျိုးသမီးကြီးက ငွေစက္ကူ ၁၀ တန် ထုတ်ပြီးပေးသောအခါ ချင်းသုပ်သည် အဒေါ်ကြီးမှာ အမ်းစရာရှာမရနိုင်သည်နှင့် အတော်ပင် အကျပ်ရိုက်သွားရှာ၏။ ဝဲဘက်ရှိဆိုင်မှာ ဓာတ်မီးဖြင့်လည်းကောင်း၊ ဓာတ်မီးရောင်ဟပ်နေသော ဝက်ခေါင်း ဝက်နားရွက်ဖြင့်လည်းကောင်း၊ ဝင်းထိန်နေသော ဆန်ပြုတ်ဆိုင်ဖြစ်၏။ ယင်းဆိုင်မှာလည်း ငွေစက္ကူမအမ်းနိုင်။ ယာဘက်မှာ ဓာတ်မီးဖြင့်လည်းကောင်း၊ ဓာတ်မီးရောင် ဟပ်နေသော ဖန်ပုလင်းများဖြင့်လည်းကောင်း၊ ဝင်းထိန်နေသည့် လက်ဖက်ခြောက် ချိုချဉ် ရောက်သီးဆေးပြားစသည်တို့ကို ရောင်းသောဆိုင်ရှိ၏။ ယင်းဆိုင်မှာလည်း ဆယ်တန်ကို မအမ်းနိုင်။ ကျောဘက်မှ ဓာတ်မီးဖြင့်လည်းကောင်း၊ ဓာတ်မီးရောင်ဟပ်နေသော မုန့်များဖြင့် ဝင်းထိန်နေသည့် ဆံပင်ညှပ်ဆိုင်ရှိ၏။ ယင်းဆိုင်မှာလည်း ငွေစက္ကူဆယ်တန် မအမ်းနိုင်ချေ။ ဆလွန်းကားကြီးပေါ်မှ အမျိုးသမီးကြီးကား ဈေးရောင်းနေပြီးတော့ ငွေစက္ကူဆယ်တန်ကလေးမှ မအမ်းနိုင်ဟုလည်းကောင်း၊ ကြာလှပြီ ရော့–ပြန်ယူ ချင်းသုပ်တွေဲဟုလည်းကောင်း၊ ဆောင့်ကြီးအောင့်ကြီးလုပ်နေလေပြီ။ နောက်ဆုံး ဘုရားဖြစ်မယ့် ကျေးဇူးရှင်မောင်မင်းကြီးသား ကွမ်းယာဆိုင်ရှင် ကိုတင်ကြီး ကယ်၍သာ ထုပ်ပြီးသား ချင်းသုပ်တွေ ရောင်းလိုက်ရလေ၏။

အခြား အခြားသောဆိုင်များ အရောင်းရထိုင်းသကဲ့သို့ ဒေါ်သိန်း၏ဆိုင်လည်း အရောင်းရ ထိုင်းလေသည်။ ဒေါ်သိန်း၏ဆိုင်မှာ ကျူလယာဆိုင်မျိုးဖြစ်၏။ ပေါင်ဒါ၊ ဆီမွှေး၊ သွားပွတ်တံ၊ ခဲတံ၊ ဗလာစာအုပ် စသော ပစ္စည်းများအပြင် ဝတ္ထုစာအုပ်များနှင့် မဂ္ဂဇင်းစာအုပ်ကိုရနိုင်၏။ ချိုချဉ် ရောက်သီးဆေးပြား၊ လျှက်ဆား၊ လေပုတ်ဆေး၊ မဆလာ၊ ကျစုသီး၊ ဆားငန်သီး စသည်တို့ကိုလည်း ပုလင်းများတွင်ထည့်၍ တင်ထား၏။ လိုအင်ဆန္ဒ အထွေထွေအပြားပြားရှိသော လူတွေလည်း အများအပြား ရှိပါ၏။ အမျိုးအမည် အထွေထွေအပြားပြားဖြစ်သော ကုန်ပစ္စည်းတို့လည်း ရှိပါ၏။ သို့ပါလျက် ဤနေ့ညတွင် ဤမျှ အရောင်းရထိုင်းခြင်းမှာ ဒေါ်သိန်းအဖို့ မိုးကိုမကျိန်ဆဲပဲ မညည်းညူပဲ မနေနိုင်တော့ပေ။ မိုးကလည်း တခြိမ်းခြိမ်းနှင့် ရွာလိုက်တာက ကောင်းသေးတယ်။ ရွာရင် ဆိုင်ပိတ် အိမ်ပြန်ရုံပဲရှိတယ်။

အိမ်မှာ သမီးမခင်ဝင်းကလည်း ဒေါ်သိန်း၏ မိခင်အိုကြီးနှင့် နေရစ်ခဲ့၏။

မခင်ဝင်းက အပျိုဖြစ်စ လှ၍ကောင်းတုန်း၊ မိခင်အိုကြီးက အိုနာကျစ ချူချာ၍ ကောင်းတုန်း၊ ဒေါ်သိန်းမှာ နှစ်ယောက်စလုံးအတွက် စိတ်လက်မချနိုင် ဖြစ်လျက် ရှိလေသည်။ ဒေါ်သိန်းမှာ အသက် ၄၀ တွင် မုဆိုးမဖြစ်ခဲ့ရရှာသည်။ သို့ရာတွင် ရောင်းတတ်ဝယ်တတ် ချက်ချက်ချာချာမို့ သက်သာရာရသေးသည်။ သမီးပျိုလေးအား လက်ကောက်ကလေး ဆွဲကြိုးကလေး အကောင်းကြီး မဟုတ်တောင် လူတန်းစေ့ဆင်နိုင်သေး၏။ အမေအိုကို သပျစ်သီး အိုဗာတင်း မဟုတ်တောင် နို့ထမင်းကလေးတော့ မကြာခဏ ကျွေး၍ ကျွေးနိုင်၏။ ဒေါ်သိန်းသည် မိန်းမချော မိန်းမလှလေးတစ်ယောက် ဖြစ်ခဲ့၏။ မုဆိုးမဖြစ်စတွင် "စပါးစကုဗြတ် မယားတစ်ခုလပ်" ဆိုသော စကားပုံကို အာရုံပြုကာ ချဉ်းကပ်လာရောက်ကြသော သူများနှင့် တွေ့ခဲ့ရ၏။ သို့ရာတွင် ဒေါ်သိန်းကား အမေအိုက အလိုမတူသည့်တိုင်အောင် သမီးကလေးကိုငဲ့၍ ပထွေးမရှာဘဲနှင့် တည်ငြိမ်စွာ နေခဲ့လေသည်။

ဈေးဝယ်ပါး၍ ခြောက်သွေ့ငြီးငွေ့ဖွယ်ဖြစ်ခြင်းကို တောင်တွေးမြောက်တွေး တွေးတောခြင်းဖြင့် ဖျောက်၏။ တွေးတောစရာ ကုန်လောက်မခန်းဖြစ်သောအခါ ဟိုဆိုင်သည်ဆိုင်နှင့် လှမ်းစကားပြော၏။ ဒေါ်သိန်းသည် ကြံပန်းခိုင် ဈေးသည်မကလေးအား ၎င်း၏အဖေ လူမမာအကြောင်း မေးမြန်းပြောဆိုနေဆဲ သူ့ဆိုင်ရှေ့ အောက်လင်းဓာတ်မီးအနီးတွင် မျိုးမြင့်လာ၍ ရပ်လေသည်။ ဒေါ်သိန်းက မျိုးမြင့်အား မသိ။ မြင်လည်း မြင်ဖူးဟန် မတူ။ မျိုးမြင့်ကမူ ဒေါ်သိန်းအား အိမ်နီးနားချင်း မခင်ဝင်း၏ အမေဖြစ်ကြောင်း စုံစမ်းပြီးဖြစ်၍ သိထားသည်။

ဒေါ်သိန်းမှာ မျိုးမြင့်အား မသိသည့်တိုင်အောင် မိမိကဈေးသည်ဖြစ်၍၊ လာသူက ရောင်းမကောင်းသည့်အထဲ ရောက်သော ဈေးဝယ်ဖြစ်သဖြင့် အထူး ဖော်ရွေစွာ ပြုံးလိုက်လေသည်။

"ဘာလိုချင်ပါသလဲ ... မောင်ရင်"

"သွားပွတ်တံနဲ့ သွားတိုက်ဆေး လိုချင်လို့ပါ ဒေါ်ဒေါ်"

ဒေါ်သိန်းက ကောလီနော့ သွားတိုက်ဆေးနှင့် ဒေါက်တာဝက် သွားပွတ်တံကို ထုတ်ပေးရင်း။

"ဒါကြိုက်ရဲ့လား ... လူလေး"

မျိုးမြင့်က ငါးကျပ်တန် တစ်ရွက်ကို ထုတ်ပေးရင်း။

"ကြိုက်ပါတယ် ဒေါ်ဒေါ်" ဟု ဖြေပြီး ဒေါ်သိန်းထံမှ ပိုက်ဆံအမ်းပေးသည်ကို စောင့်ရင်း ဆက်ပြောပြန်သည်။

"ဒေါ်ဒေါ်တို့ အိမ်ဘက်က စောင်းသံ ခဏခဏကြားတယ်။ ဘယ်သူ တီးတာလဲ"

မျိုးမြင့်မှာ သိလျက်နှင့် မသိဟန်ဆောင်၍ မေးလိုက်ရခြင်းအတွက် အိုးမလုံဖြစ်ပြီး မျက်နှာစပ်ဖြိုဖြို ဖြစ်နေလေသည်။ သို့ရာတွင် ဒေါ်သိန်းက မရိပ်မိ၊ ကိုယ့်သမီးအတွက် ပြောစေချင်သောစိတ်သာ လွှမ်းမိုးနေသည်။ အော် ... မောင်ရင်ကြားသလား၊ ဒေါ်ဒေါ် သမီးကလေး မခင်ဝင်း တီးတာပဲ။ မောင်ရင်က ဘယ်ကနေကြားတာလဲ"

"ဒေါ်ဒေါ်တို့ အိမ်ဘေးက ဦးလေး ဦးကျော်လှတိုက်မှာ ကျွန်တော်က နေတော့ ကြားတာပေါ့ ဒေါ်ဒေါ်ရဲ့"

ဒေါ်သိန်းက မျိုးမြင့်အား စေ့စေ့စပ်စပ် ကြည့်လိုက်ပြီး။

"မောင့်ကို မမြင်မိပါလား"

"ရန်ကုန်ရောက်တာ ကြာမှမကြာသေးဘဲဟာကိုး ... ကျွန်တော်က ကောလိပ် ဘီအေမှာသင်ဖို့ အညာကလာပြီးနေတာ၊ ဦးကျော်လှက ကျွန်တော့် အဖေရဲ့ညီ ဒေါ်ဒေါ်ရဲ့"

"အော် ... အော် ... ဦးကျော်လှဟာ အညာကအဆက်လို့တော့ ကြားဖူးပါရဲ့ မောင်ရယ်၊ အင်း ... ဒေါ်ဒေါ့် ယောကျ်ားနာမည်က စောင်းဆရာ ဦးခင်မောင်တဲ့ကွဲ့။ မန္တလေးက ဒေဝဣန္ဒာ ဆရာကြီးတို့ရဲ့ နည်းတွေဆက်ခံခဲ့သူပေါ့။ ဒီတော့ သူ့သမီးကလည်း စောင်းဝါသနာ ပါရှာတာပဲ။ သူ့အဖေရှိတုန်းကတော့ လက်ပူးလက်ကြပ် သင်ပေးတယ် ခုတော့ ..."

"အော် ... ဒေါ်ဒေါ့်ယောကျ်ားက မရှိတော့ဘူးလား"

"အေး မရှိတော့ဘူး၊ ဂျပန်ခေတ်ကပဲ ဆုံးသွားရှာတယ်။ သူရှိတုန်းကတော့ ဒီးဒုတ်ဦးဘချိုတို့ရဲ့ လက်စွဲပေါ့။ ဒေါ်စောမြအေးကြည်တို့နဲ့လည်း အင်မတန် ခင်ကြတယ်"

"အော် ... ဦးဘချိုတို့ ဒေါ်စောမြအေးကြည်တို့နဲ့ ခင်ကြသလား"

"ခင်သပေါ့ မောင်ရယ်။ ခု ကိုခင်မောင်ကွယ်လွန်ပြီးတဲ့ နောက်တောင် ဦးဘချိုတို့ ဒေါ်စောမြအေးကြည်တို့၊ အိမ်လာ လာလည်ကြသေးတယ်။ သို့ပေမယ့် ဆရာဦးဘချိုတော့ အရင်ကလို သိပ်မလာအားရှာပါဘူး။ ဖဆပလ ခေါင်း

ဆောင် ဝန်ကြီးတစ်ဦး ဖြစ်နေပြီကိုးကွဲ့။ ဒေါ်စောမြအေးကြည်ကတော့ ပေါက်ပေါက်လာပါရဲ့"

မျိုးမြင့်သည် များစွာ စိတ်ဝင်စားလာပုံပေါ်သည်။

"ဦးဘချိုဖြစ်ဖြစ် ဒေါ်စောမြအေးကြည်ဖြစ်ဖြစ် ဒေါ်ဒေါ်တို့ဆီလာရင် ကျွန်တော့်ကို လှမ်းခေါ်စမ်းပါ ဒေါ်ဒေါ်။ ကျွန်တော်ကလည်း ဂီတဝါသနာပါပါတယ်။ သူတို့ကိုလည်း ကြည်ညိုရင်းစွဲပါ"

"ကောင်းပြီ ... ငါ့တူ စိတ်သာချ ဒေါ်စောမြအေးကြည်ကတော့ လာမှာပါပဲ။ မခင်ဝင်းကို သီချင်းတွေ ဘာတွေ သင် သင်ပေးရှာတယ်။ အင်မတန် သင်ချင်ပြချင် စေတနာကောင်းတဲ့သူပါပဲ"

"လာရင် လှမ်းခေါ်နော် ... ဒေါ်ဒေါ်။ ကဲ ကျွန်တော် သွားဦးမယ်"

"ကောင်းပါပြီ မောင်ရင် ... ကောင်းပါပြီ"

သို့ဖြင့် မျိုးမြင့်သည် ဒေါ်သိန်းနှင့် ရင်းနှီးသွားလေပြီ။ မျိုးမြင့်သည် မခင်ဝင်း၏ စောင်းသံကလေးတွင် စိတ်ဝင်စားမိခဲ့သည်။ တိုက်အပေါ်ထပ်မှ ချောင်းဟန့်လိုက်စဉ် မော့ကြည့်လိုက်သော မခင်ဝင်း၏ ချိုမြလှပသော မျက်နှာတွင် ငြိစွဲမိခဲ့သည်။ စောင်းသံတွင် စိတ်မဝင်စားဘဲ နေနိုင်အံ့လော။ သူကိုယ်တိုင်က ဂီတမှာဝါသနာ ထုံသည်။ ပါရမီအခြေခံ ရှိသည်။ တီးသူကလည်း ဆရာကောင်း သမီး၊ ဆရာကောင်းတပည့် ပီသသည်။ ချိုမြသော မျက်နှာတွင် မငြိစွဲဘဲ နေအံ့လော။ သူ့မှာ ပန်းမြင်လျှင် ရစ်ဝဲသော လိပ်ပြာလို ချစ်စရာမြင်လျှင် ရစ်ဝဲလိုသော လူပျိုလူရွယ် လူငယ်ကလေးသာ ဖြစ်သည်။ မခင်ဝင်းမှာလည်း ပွင့်သစ်စပန်းလို လှလို့ကောင်းတုန်းအရွယ် ဖြစ်သည်။

ထို့ကြောင့် မခင်ဝင်းနှင့် ခင်မင်ရင်းနှီးလိုသည်။ မခင်ဝင်း အမေကို သိကျွမ်းလိုသည်။ ယခု အလွယ်တကူနှင့် သိကျွမ်းရလေပြီ။ အသိအကျွမ်းဖြစ်ရုံမက ဦးဘချို၊ ဒေါ်စောမြအေးကြည် စသူတို့ကို အကြောင်းပြုလျက် မခင်ဝင်းတို့အိမ်သို့ ဝင်ထွက်ရန် တံခါးပေါက်ကိုပင် တွေ့မြင်ရလေပြီ။ ဒေါ်သိန်းကလည်း မျိုးမြင့်အား တွေ့တွေ့ချင်းဆိုသလိုပင် ခင်မင်သွားလေ၏။ ဈေးရောင်းရထိုင်းလို့ ခြောက်သွေ့ငြီးငွေ့နေတုန်း မျိုးမြင့် သူ့ထံ ရောက်လာ၏။ ပူလောင်အိုက်စပ်သော နေ့လယ်ခင်းတွင် လေအေးကလေး တိုးဝင်လာသည်နှင့် တူလှလေ၏။ သမီးကလေးအကြောင်း ပြောချင်တုန်း စိတ်ပါဝင်စားစွာ နားထောင်သော မျိုးမြင့်ကို ပြောပြလိုက်ရသည်။ ဆရာသမားအကြောင်း ဂုဏ်ယူပြောပြ

ချင်တုန်း ထိုဆရာတွေကို ကြည်ညိုလေးစားပါသည်ဆိုသော မျိုးမြင့်ကို ပြောပြလိုက်ရသည်။ ဒေါ်သိန်းက ထိုသူငယ်အား တွေ့တွေ့ချင်း မခင်မိဘဲနေအံ့လော။ ထို့အပြင် သူ့မှာ ပုခက်တွင်းကပင် ဆုံးသွားလေပြီးသော သားဦးကလေး ရှိခဲ့ဖူး၏။ သားဦးကလေးသာ အဖတ်တင်ပါက ဒီသူငယ်လောက် ရှိပေရော့မည်။

မျိုးမြင့်သည် မြင်မြင်ချင်းဆိုသလို ပန်းကလေးနားတွင် ရစ်ဝဲလိုသော်လည်း ဝတ်ရည်ကို စုပ်ဖို့ မစုပ်ဖို့ကား ဆုံးဖြတ်ရသေးသည် မဟုတ်ပေ။ အသည်းနှစ်လုံး၏ အလိုကိုကား လိုက်ခဲ့ပြီ။ ဦးနှောက်ကိုကား မတိုင်ပင်ရသေး၊ စိတ်ဆန္ဒဆောင်ရာသို့ လိုက်ခဲ့ပြီ။ ဉာဏ်ဖြင့်ကား မဆင်ခြင်ရသေး။

❒

# အခန်း (၄)

ညဥ့်သုံးယံခါ။ လေပြည်သာ။ လေပြည်သာ။ ဧရွှေရင်မှာ။ လာနိုးမျှော်မိ။ ဖြေမပျော်နိုင်ဘူး။ ဘုန်းမယ့်ကိုထူး။ မဖူးသာ။ လွမ်းတာကပွား။ အိုနတ်များ။ အိုအို... မ, ဘဲကို။ ဆိုငိုမှိုင်ရက် ကယ်ငေး။ သေလုပါပြီ။ ကြွေလုပါပြီ။ အို ... ဘာပြုမလာသေး။ ဘုန်းသူနှင့်ဝေး။ လေးမယ်ငယ်ကံ။ ရေးမဘွယ်ဘန်သလေး။ ကြံကာပန်းပါဘိ။ လမ်းဘယ်မမြင်။ ရွှေပင်လယ် ဆီးသည်သို့။ နီးမယ်မထင်။ သုံးရွှေကြော့ရှင်။ ဘုန်းလာမမြင်သလေး။

နှမလေးမယ့် သခင်။ တင်ရန်ကများ။ လှိုင်းကြီးတဲ့ရေ၊ မြစ်ကြောအင်္ဂါဝေသို့။ မစုံရွှေစကြာကွန့်တယ်။ နန်းနေညွန့်ဘွား ဆိုလိုက်သောအသံမှာ ချိုသာကြည်လင်လှပေ၏။ ဆိုဟန်မှာလည်း ရေးသူ လှိုင်ထိပ်ခေါင်တင်၏ မျှော်တော်ယောင် စိတ်ဓာတ်ကို ဖမ်းမိထားသော ရင်တွင်းမှ ဖြစ်ပေါ်လာသော ဆိုဟန်ဖြစ်၏။ အဆိုကိုမေးပြီး လိုက်တီးပေးနေသော စောင်းသံမှာလည်း အနွဲ့အညှအသာအပျောင်း အနေးအတော့ စသည်တို့ဖြင့် ကျွမ်းကျင်လိမ္မာလှ၏။

ဆိုသံနှင့်-- စောင်းသံတို့သည် လှိုင်းတအိအိစီးလာသော ရွက်လှေငယ်၏ သာယာခြင်းမျိုးဖြင့် မျိုးမြင့်ထံသို့ တသွင်သွင် ဝင်၍လာလေ၏။ မျိုးမြင့်မှာ ရှေ့စားပွဲပေါ်ရှိ စာအုပ်ဆီသို့ မျက်စိအစုံကို ပို့နိုင်သည့်တိုင်အောင် စိတ်အာရုံကို မပို့နိုင်။ ထို့ကြောင့် စာအုပ်ကို ပိတ်လိုက်ပြီး ကုလားထိုင် ကျောမှီပေါ်တွင် ခေါင်းတင်ကာ အဆိုအတီးတွင်သာ နစ်မြုပ်နေလေတော့၏။ ကြယ်ကလေးတွေက မိုတ်တုံဖွင့်တုံပြု၍ ကျီစယ်နေကြဟန်။ လေပြည်ကလေးက ရင်ကို တိုးခွေ့၍ မချိအောင် ကလိန္ဒီးဆွနေဟန်၊ လာနိုးလာနိုး မျှော်နေသော်လည်း ရွှေကိုယ်တော် မရောက်လာသဖြင့် မဖူးသာ လွမ်းတာက ပွားနေဟန်။ နတ်များ

ကို တိုင်တည်နေဟန်၊ သေလုပါပြီ ကြွေလုပါပြီ စသည်ဖြင့် ညည်းညူနေဟန်။ ပင်လယ်ရပ်ခြားတိုင်းတပါးသို့ ပစ်စွန့်လွင့်ခွာ သွားလေပြီလားဟု စိုးရိမ်နေဟန် တို့ကို ထင်မြင်လာလေသည်။ မျှော်တသူကို သနားနေမိသည်။ သီဆိုသူကို လည်း မျှော်တသူအဖြစ်ဖြင့် ထင်ယောင်မြင်ယောင် လာလေသည်။ ဘယ်သူ့ကို မျှော်တနေသလဲ၊ ငါ့ကို မျှော်တ,တာမှ ဟုတ်ပါလေသလား စသည်ဖြင့် တွေး တောပြီး အဆွေးနယ်သို့ ရောက်သွားပြန်လေသည်။ ဟိုက အဆိုအတီးပြီးသွား သော်လည်း သူက ဆွေး၍မပြီးသေး။ ဆိုသံမှာ မခင်ဝင်း၏ အသံဖြစ်သည်ကို သူဖမ်းမိ၏။ သို့ရာတွင် ဘယ်သူတီးပေးသလဲ သူမသိ။ တီးပေးသူမှာ မခင်ဝင်း မျှော်တနေသူပင် ဖြစ်လေရော့သလားဟု သူကြောင့်ကြမိသည်။ ဖြစ်တတ်သည် ဟုလည်း အစွဲဖြစ်လာလေသည်။

ထိုအတောအတွင်း မိန်းမကြီးတစ်ယောက်၏ အသံက "ကိုင်းပြန်ဆိုစမ်း" ဟုပြောလိုက်သည်။ ဤအသံမှာ ဒေါ်သိန်း၏ အသံမဟုတ်။

"ညဥ့်သုံးယံခါ။ လေပြည်လာ။ ရွှေရင်မှာ"

ဆိုသူကဆိုလိုက်လျှင် ထိုမိန်းမကြီးအသံက "နေဦးနေဦး" ဟု အမိန့်ပေး လိုက်ပြန်သည်။ ဆိုသူကရပ်လိုက်လျှင် ထိုမိန်းမကြီးအသံက၊

"ညဥ့်သုံးယံခါ… လေပြည်လာ … လေပြည်လာ … ပြီးတော့ အေးမှာ ရှည်ရှည်ဆွဲထား၊ ဆွဲထားတုန်း အတီးက ဖွဲ့ပေးရတယ်။ ပြီးမှ ရွှေရင်မှာကို ဝင်ဆိုရတယ်။ ပြီးတော့လည်း ရွှေအစကို နှစ်ပေါက်ရောက်အောင် ဆိုရတယ်ကွဲ့ ကြားလား မခင်ဝင်း"

"ဟုတ်ကဲ့"

မျိုးမြင့်သည် ထိုစကားများကို ကြားသောအခါ မခင်ဝင်း အဆိုသင်နေ ပြီဟု တပ်အပ်သိတော့သည်။ ထိုင်ရာမှထပြီး ပြတင်းပေါက်သို့ သွားလေသည်။ အပြင်တွင် မှောင်လျက်ရှိ၏။ သီချင်းသံကြားပြီး သူစိတ်ကူးကြည့်လိုက်သော ညလို သာယာသည် မဟုတ်။ မိုတ်တုံ ဖွင့်တုံပြုနေသော ကြယ်များကိုလည်း တိမ်ဖုံးလျက်ရှိသည်။ လမင်းသည်လည်း တိမ်များကြားဝယ် တူတူပုန်းတမ်း ကစားလျက် ရှိလေသည်။ သို့ရာတွင် မျက်နှာကိုသာပုန်းနိုင်လျက် ဘေးဖြာနေ သော အရောင်ကိုကား လုံအောင်မဖုံးနိုင်သဖြင့် လမင်းမှာ ကလေးငယ်တူတူ ပုန်းသလိုသာ ဖြစ်နေသည်။ မျိုးမြင့်သည် သူ့ပြတင်းပေါက်အောက်တွင်ရှိသော မခင်ဝင်း၏ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်ရာ ပိတ်ထားသည်ကိုသာ တွေ့ရလေ၏။ မခင်ဝင်းတို့မှာ သီဆိုတီးမှုတ်နေကြသည်။

လာနိုးမျှော်မိ။ ဖြေမပျော်နိုင်ဘူး။ ဘုန်းမယ့်ကိုထူး။ မဖူးသာ လွမ်းတာက ပွား။ ရှင်နတ်များ။ အိုအို… မ, ဘဲကို… ။

"နေဦး … နေဦး … ။ မဖူးသာလွမ်းတာကပွား။ ရှင်နတ်များ … အို အိုမ, ဘဲကို။ ဆိုတဲ့စာပိုဒ်မှာ ရှင်နတ်များဆိုပြီးတော့ တီးလုံးအတောက စည်းနှစ်ခန်းဖွဲ့ပြီးမှ မ, ဘဲကို ဆက်ရမယ် ကြားလား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

သင်တဲ့ဆရာမကြီးက ဘယ်သူပါလိမ့်။ ဒေါ်စောမြအေးကြည်ပဲ ထင်တယ်။ မျိုးမြင့်သည် ပြတင်းဝတွင် လက်ပိုက်၍ မိုကာ နားစိုက်နေလေသည်။ ဒေါ်စောမြအေးကြည်လာရင် ငါ့ကိုခေါ်မယ်ဆိုပြီး ဘာလို့မခေါ်ပါလိမ့်။ မခင်ဝင်း အမေဟာ ပေးထားတဲ့ကတိ မေ့နေပြီလား။ ဒါမှမဟုတ်ရင် မခေါ်ချင်လို့လား။ သူ့သမီးအနား ရစ်ဝဲချင်တဲ့ ငါ့အကြံကို သူသိသွားလေပြီလား။ အကြံသိသွားရင် ပိုပြီးခေါ်ချင်ရမယ် မဟုတ်လား။ ငါက ကောလိပ် ကျောင်းသား။ သူတို့က လမ်းဘေးဈေးသည်။ ငါ့ကို ခေါ်ချင်ရမယ်။ ငါ့ကို ဖမ်းချင်ရမယ်။ ခု ဘာကြောင့် ငါ့ကိုလာမခေါ်ပါလိမ့်။ မျိုးမြင့်သည် စိတ်နာသလိုလို ဖြစ်လာသည်။ ကောလိပ်ကျောင်းသားကြီး၏ ဂုဏ်ကို ထိခိုက်သည့်နှယ် ခံစားမိလေသည်။ သို့ရာတွင် သာယာ ညင်းပျောင်းသော သီဆိုသံနှင့် တီးသံတို့က သူ့အသည်းနှလုံးကို ပျော့ပျောင်းနူးညံ့အောင် ဖန်နေလေသည်။

ထိုအတွင်း အောက်ထပ်မှ "မောင်မျိုးမြင့်" ဟု ဦးလေး ဦးကျော်လှ၏ ခေါ်သံကို ကြားလိုက်ရလေသည်။ ကပျာကယာ အောက်ဆင်းသွားသောအခါ ဦးလေး ဦးကျော်လှကဆီး၍ သူ့အားပြောလိုက်သည်။ "ဟိုဘက်အိမ်က မသိန်းက ပြောတယ်။ မင်း ဒေါ်စောမြအေးကြည်လာရင် တွေ့ချင်လို့ အသံပြုပါဆိုသတဲ့"

"ဟုတ်တယ် ဦးလေးရဲ့၊ မကြာခင်က ဒေါ်သိန်းဆိုင်မှာ ဈေးဝယ်ရင်း စကားစပ်မိတာနဲ့ မှာထားတယ်"

"အေး … အေး … ခု ဒေါ်စောမြအေးကြည် ရောက်နေတယ် တွေ့ချင်ရင် လာပါတဲ့ကွယ်"

"ကျွန်တော် သွားတွေ့ချည်မယ်နော် ဦးလေး"

"အေး … အေး … သွားသွား"

ဝမ်းသာအားရနှင့် ကပျာကသီသွားတော့မည် လုပ်နေဆဲ ဒေါ်အေးခင်က

"အပေါ်က မီးခွက်မှိန်ထားခဲ့ရဲ့လား လူလေး" ဟုမေးလိုက်သဖြင့် ခြေတုံ့သွားပြီး "ကျွန်တော် သွားမှိန်လိုက်မယ်" ဟုဆိုကာ အပေါ်ထပ်သို့ အပြေးအဖြန်း တက်သွားရသေးသည်။ မီးမှိန်ပြီး အပြေးအဖြန်းဆင်းကာ မခင်ဝင်းတို့အိမ်ဘက်သို့ အပြေးအဖြန်း ကူးသွားလေသည်။

မခင်ဝင်းတို့ အိမ်ရှေ့ခန်းမှာ ဖိနပ်ချွတ်နှင့် ဆက်နေသည့် ခေါက်တံခါးကြီးကို အကုန်ဖွင့်ထားသော်လည်း အခန်းထဲမှာ လက်ဆွဲမီးအိမ်ကလေး တစ်လုံးသာရှိသဖြင့် အိမ်ရှေ့တွင် ခပ်မှောင်မှောင် ဖြစ်နေသည်။ ထို့ကြောင့် မျိုးမြင့်အား ခေါက်တံခါးဝ ဖိနပ်ချွတ်ပေါ်ရောက်မှ မခင်ဝင်းတို့က မြင်ကြရလေသည်။ မျိုးမြင့်မှာ ရှိုးတိုးရှန့်တန့်ဖြစ်ကာ တံခါးဝမှာ ရပ်နေသည်။ မခင်ဝင်းက သူ့အား အံ့အားသင့်ဟန်ဖြင့် ကြည့်လိုက်သည်။ ဒေါ်သိန်းက ဖော်ရွေစွာ။

"ဩော် လာပြီလား၊ လာပါ မောင်ရင် ထိုင်ပါ"

မျိုးမြင့်သည် အခန်းအတွင်းရှိ သင်ဖြူးပေါ်မှာ ထိုင်ပြီး ဖိနပ်ချွတ်တွင် ခြေတွဲလွဲ ချထားလေသည်။

"ထိုင်ပါ မောင်ရင်၊ အိမ်ပေါ်ရောက်အောင် တက်ထိုင်ပါ"

ဒေါ်သိန်းက ဖိတ်ပြန်သဖြင့် အိမ်ပေါ်အရောက်တက်ပြီး ဒေါ်စောမြအေးကြည်အား ရိုသေသမှုပြဟန်နှင့် ကျုံ့ကျုံ့ကလေး ထိုင်နေလေသည်။

ခင်ဝင်းသည် စောင်းကို ကောက်ယူ၍ အတောကလေးများ ဟိုနယ်သည်နယ် နှော့ပြီးနေလေသည်။

အိမ်ရှေ့ခန်းမှ နောက်သို့ ကူးသောတံခါးအနီးတွင် မျက်မမြင်အမယ်အိုတစ်ယောက် ဆောင့်ကြောင့် ထိုင်နေလေသည်။ အမေအိုကား အိမ်ရှေ့လမ်းပေါ်ဆီသို့ မျက်နှာမူထားကာ ဆိုရာတီးရာဘက်သို့ နားစွင့်လျက်နေသည်။ ဒေါ်စောမြအေးကြည်က နံရံကိုကျောပေး၍ ထိုင်နေလေသည်။

ဒေါ်သိန်းက ဒေါ်စောမြအေးကြည်ဘက်သို့–

"မမ ဒီသူငယ်ပါပဲ မောင်မျိုးမြင့်ဆိုတာ"

"ဩော် ... ဟုတ်လား" ဆိုပြီး ဒေါ်စောမြအေးကြည်က မျိုးမြင့်အား ပြုံး၍ နှုတ်ဆက်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

"အေး ... အေး ... ကဗျာဂီတရှိသေ လေးစားတယ်ဆိုတာ ကြားရလို့ ဒေါ်ဒေါ်က အများကြီးဝမ်းသာပါတယ်ကွယ်၊ တွေ့ရတာလည်း ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ဒီးဒုတ်ဦးဘချို့တို့ ဒေါ်ဒေါ်တို့ကို နာမည်ကြားရုံနဲ့ ကြည်ညို နေရတာပါပဲ။ လူကိုယ်တိုင် တွေ့ချင်လွန်းလို့ ခုလိုလာတွေ့ရတာပါပဲ။ ကျွန်တော် လည်း ကဗျာဂီတဝါသနာပါ၊ အရေးအသားလည်း လေ့ကျင့်မိပါရဲ့၊ အဆိုလည်း မန္တလေးတုန်းက တက်ဖူးပါရဲ့"

ခင်ဝင်းသည် စောင်းကြိုးညှိနေရာမှ မျိုးမြင့်အား မော်၍ တစ်ချက် ကြည့်လိုက်သည်။

မျိုးမြင့်မှာ ဒေါ်စောမြအေးကြည်အား ပြောပြနေသည်ဟု ဆိုရသော်လည်း ခင်ဝင်းကိုပါ ရည်စူးပြောခြင်းဖြစ်လျက် ခင်ဝင်းဘက် မျက်နှာမူထားသည်ဖြစ် ပေရာ မော်ကြည့်လိုက်သော ခင်ဝင်း၏ မျက်လုံးများကို သူ့မျက်လုံးများဖြင့် ဖမ်းယူမိလိုက်လေသည်။

"သြော် ... ငါ့တူက မန္တလေးနေဖူးသလား" ဟု ဒေါ်စောမြအေးကြည် က မေးလိုက်သည်။

"ဟုတ်ကဲ့ မန္တလေးက အိုင်အေအောင်ပြီး ဒီနှစ်မှာ ရန်ကုန်ကို ပြောင်း လာခဲ့ပါတယ်"

"အေး ... အေး ... ရှေးကတော့ ရတနာပုံ မန္တလေး ရွှေမြို့တော်ကြီး ဟာ ကဗျာစာပေ ပန်းချီပန်းပု မြန်မာမှု အနုပညာတွေရဲ့ မြို့တော်ပေါ့ကွယ်၊ ခုတော့ အရှင်နှစ်ပါး ပါတော်မူပြီးတဲ့နောက် တရွေ့ရွေ့ အနုပညာမြို့တော် အဖြစ်မှ ရပ်စဲသွားတာပါပဲ။ ခေတ်ကာလအားလျော်စွာ မင်းနေပြည်တော်က ရန်ကုန်မြို့ဖြစ်လာတော့ မြန်မာမှု အနုပညာဟာလည်း ရန်ကုန်ကို ဗဟိုပြုရပြန် တာကိုးကွဲ့။ ခုတော့ ဆရာဦးဘချို့ဝန်ကြီးဖြစ်လို့ ကဗျာတွေဂီတတွေ မြန်မာမှု အနုပညာတွေ အထွပ်အထိပ်ရောက်တော့မယ်လို့ ဒေါ်ဒေါ်တို့ အားတက်နေကြ တယ်။ ကဲ ... ကဲ ... ကြုံတုန်းဆုံတုန်း ငါ့တူနဲ့ ဗဟုသုတ နှီးနှောရသေးတာ ပေါ့၊ ပထမ ငါ့တူပညာလည်း သိပါရစေဦး၊ ငါ့တူတတ်ထားတာထဲက တစ် ပုဒ်လောက် ဆိုပြစမ်းပါဦး"

မျက်မမြင် အမေအိုကြီး အတွင်းဘက်သို့ ဝင်သွားလေသည်။ မျိုးမြင့်မှာ ရှက်သလိုလို လန့်သလိုလိုဖြစ်ပြီး ပြုံးနေလေသည်။

ခင်ဝင်းက မျိုးမြင့်အား တတ်တယ်ဆိုရင် ဆိုပြပါလားဟူသော အဓိပ္ပာယ် ဆောင်သည့် အကြည့်ဖြင့် ဆွပေးလိုက်လေသည်။

"ဆိုပါ ငါ့တူရယ် အတော်ပါဘဲ၊ ဟောဒီက မခင်ဝင်းက အတီးရော

အဆိုရော စွယ်စုံတတ်အောင် သင်နေတယ်၊ ခုနင်က အဆိုတက်ပြီးပြီ၊ ခုအတီး တက်လို့"

မျိုးမြင့်က အားတက်သရော။

"အတီးရော အဆိုရော စွယ်စုံနိုင်တဲ့ပုဂ္ဂိုလ် ရှားတယ်နော် ဒေါ်ဒေါ်"

"ရှားသပေါ့ ငါ့တူရယ်၊ ဒါ့ကြောင့် ဒေါ်ဒေါ်ဖြင့် ဒီက တူမလေးကို ပါရမီဖြည့်ပေးနေရတာပဲ၊ ကဲ ... ကဲ ... ဂန္ဓမာတောင် ဘွဲ့ကို ငါ့တူကဆို၊ မခင်ဝင်းက တီးလိမ့်မယ် ... ဟဲ့ အဝင်း တီးနိုင်ပြီ မဟုတ်လား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

မခင်ဝင်းက စောင်းကြိုးများဝယ် လက်ချောင်းဖျားကလေးများဖြင့် နှော လျက် တောပေးလိုက်သည်။

မျိုးမြင့်က ပြုံးပြီး အသံပြင်လိုက်သည်။

ဒေါ်စောမြအေးကြည်က

"အဆိုသမားက ဦးဆောင်ပြီးဆိုသွား ... ။ အတီးသမားက အဆိုနောက် ကလိုက်ပြီး တီးရမယ် ကဲ ... ဆို"

**"ဂန္ဓမာတောင် လိုဏ်ချောင်မုတ်နန်း။ ဂူငယ်တွင်"**

ဒေါ်စောမြအေးကြည်က တားလိုက်ပြန်သည်။

"နေဦး ... နေဦး ... အဝင်းတီးပုံ မဟုတ်သေးဘူး။ အဆိုက **ဂန္ဓမာတောင်**ဆိုတဲ့ နေရာမှာ သူက ဟန်ကုန်အောင်ဆိုသမျှ အတီးက သူ့နောက် လိုက်ပြီး သူ့အဆိုဟန်ကုန်အောင် ဖွဲ့တီးရတယ်။ အဲဒီကအစ **ဂန္ဓမာတောင်**က စည်းတစ်ခန်း၊ **လိုဏ်ချောင်မုတ်နန်း**က စည်းတစ်ခန်း၊ အဲဒီနောက် ဂူငယ်တွင် ကျတော့မှ စည်းအမှန် အတီးမှန် ရောက်သွားတယ် ပြန်တီး"

**"ဂန္ဓမာတောင် လိုဏ်ချောင်မုတ်နန်း။ ဂူငယ်တွင်"**

"အဲ ... ဟုတ်ပြီ"

မွေးတကြုကြု၊ မဥ္ဇူတည့်နတ်ပန်းပင်။ ဆွတ်ချူငယ်ယူငင် ပန်ဆင်လေ ပန်ဆင်လေ။ ပန်ဆင်ရည်စူးမြင်သူသာ စိတ်ကကူးသည်နှင့်လေး။ ယက္ခငယ် နတ်မျိုး ဘီလူးငယ်ကုမ္ဘဏ်။ ချူသာနိုင်ပဲ နေမြဲစောင့်ကာရံ။ မချူသာပြန်ယူရန် ကြံရေး ခက်လှလေး။ တမျှော်မျှော် ညှိုးလျော်ခွေပျောင်း။ နွမ်းလျလျလေး။ ဝေဘူလျှံလန်း။ ရွှေဂူဖာလ် နန်းပေါ်ငယ်မှာ။ ပန်ဆင်ကာ။ ရွှေကေသာ မြိန်းပါ လို့။ သည်ပန်းမှ မြတ်ပန်းတော်။

မျိုးမြင့်၏အသံမှာ အောင်၍ကြည်လင်သည်။ အဆိုမှာလည်း ပိုင်လှ၏။ ဂန္ဓမာတောင် ဆိုရမည်ဆိုကတည်းက မခင်ဝင်းအား ပန်းလှမဥ္ဇူ နေရာတွင် ထားပြီးဖြစ်သည်။ "ပန်ဆင်ရည်စူး၊ မြင်သူသာ စိတ်ကကူးသည်နှင့် လေး" ဟုဆိုရသောအခါ မခင်ဝင်းအား မိမိရင်ကို ဖွင့်ပြခြင်းဖြစ်ပေရာ ဆိုဟန်မှာ အထူးချစ်စဖွယ်ကောင်းပါပေသည်။ "မချူသာပြန်ယူရန် ကြံရေးခက်လှလေး။ တမျှော်မျှော် ညှိုးလျော်ခွေပျောင်း နွမ်းလျလျလေ ... " ဟု ဆိုရသောအခါ မခင်ဝင်းအား ရည်မှန်းသော ထေ့လုံးကလေးများ ဖြစ်နေရာ အနှံ့အညကောင်းသော ဆိုဟန် ဖြစ်လာလေ၏။

မခင်ဝင်း၏ လက်သံမှာလည်း ဆိုဟန်ကို အမီလိုက်နိုင်ပေသည်။ အဆိုက ကြည်လင်လျှင် အတီးက အေးမြ၏။ ဆိုဟန်က ချစ်စရာကောင်းလျှင် တီးဟန်က ပို၍ ချစ်စရာကောင်း၏။ ဆိုသူက ညုလျှင် တီးသူက နွဲ့၏။ မျိုးမြင့်၏ အဆိုနှင့် ခင်ဝင်း၏အတီး အယူအပို့ အတိုင်အဖောက် ညီလှ၏။ ဆရာမကြီး ဒေါ်စောမြအေးကြည်ပင် ငေးနားထောင်ရအောင် ကောင်းသွားလေသည်။

ဒေါ်သိန်းလည်းငေး၍ နားထောင်နေမိ၏။ မျိုးမြင့်အား ချီးကျူးသည့် အကြည့်ဖြင့်လည်းကောင်း၊ မခင်ဝင်းအား ဂုဏ်ယူသည့်အကြည့်ဖြင့်လည်းကောင်း ကြည့်ပြီး မျက်ရည်ကလေးစို့လာ၏။ ကွယ်လွန်သူ ခင်ပွန်းသည် ကိုခင်မောင်အား မြင်ယောင်လာလေသည်။ ဒေါ်သိန်းသည် စို့လာသော မျက်ရည်ကို မသိမ်းဘဲထ၍ အိမ်တွင်းထဲသို့ ဝင်သွား၏။

ဒေါ်စောမြအေးကြည်က ...

"မင့်ဆရာက ဘယ်သူလဲကွဲ့" ဟုမေးလိုက်သည်။

"ရွှေပြည်ဦးဘတင်ပါ ဒေါ်ဒေါ်"

"ဩော် ... ဩော် ... ဒါ့ကြောင့်မို့ အဆိုပိုင်တာကိုး ... ကျေးဇူးရှင် မြဝတီဝန်ကြီးကလည်း အရေးကောင်း၊ ငါ့တူကလည်း အဆိုကောင်း၊ ငါ့တူမက လည်း အတီးကောင်း၊ အကောင်းတွေ စုသွားတာပေါ့ကွယ်"

ချီးကျူးခံရသူ မျိုးမြင့်နှင့် မခင်ဝင်းတို့မှာ မျက်နှာတွင် နှင်းဆီရောင် စို့လာသည့်တိုင် တမြိန့်မြိန့်ဖြစ်ပြီး ပြုံးနေကြလေ၏။

"ကြိုးစားကြပါကွယ် ... ကြိုးစားကြပါ၊ ကဗျာဂီတစာပေဆိုတဲ့ မြန်မာ အနုပညာတွေဟာ အစွန့်တည်ဖို့ ကောင်းပါတယ်။ အဒေါ်တို့ လိုက်စားနေတဲ့ ကဗျာဂီတဟာ လူကို သိမ်မွေ့စေတယ်။ ယဥ်ကျေးစေတယ်။ စကားစပ်မိလို့

ငါ့တူနဲ့ ငါ့တူမကို ပြောပြရဦးမယ်။ ကဗျာဂီတဟာ အလွန်တရာ မျက်မာန်ရှနေတဲ့ လူကိုပင် စိတ်ပြောင်းပြီး နူးညံ့သွားစေတဲ့ အဖြစ်အပျက်ကလေး"

ဒေါ်စောမြအေးကြည်သည် တစ်စုံတစ်ရာကို သတိရလွမ်းဆွတ်ပြီး ခပ်တွေတွေ လုပ်နေလေသည်။ မျိုးမြင့်နှင့် ခင်ဝင်းတို့က နားစွင့်၍နေကြလေသည်။

"အဖြစ်အပျက်က ကိုယ်တွေ့အဖြစ်အပျက်ပေါ့ကွယ် ...။ ဒေါ်ဒေါ်ငယ်ငယ်တုန်းက သီပေါစော်ဘွားကြီး ဆာစောချယ်က သိမ်းပိုက်မွေးစားထားတယ်။ ဒေါ်ဒေါ့်အမိအဖ ပေးတဲ့နာမည်ရင်းက ခင်စိန်ကြည်တဲ့၊ တော်ဘုရားမွေးစားတော်မူတော့မှ စောမြအေးကြည်လို့ အမည်ပြောင်းခဲ့ရတယ်။ စောဥက္ကာဆိုတဲ့ ဘွဲ့ကိုလည်း တော်ဘုရားကြီးက သနားတော်မူထားတယ်။ စော်ဘွားကြီးမွေးစားခြင်းခံနေရစဉ် မြန်မာမင်းများလက်ထက် မင်းသုံးနန်းသုံးဖြစ်တဲ့ဆရာကြီးများထံမှာ ကဗျာဂီတကို လေ့လာခွင့်ရခဲ့တယ်"

"ဘယ်ဆရာတွေလည်း ဒေါ်ဒေါ်"

"ဒေဝဣန္ဒာတို့ ထားဝယ်ခင်ဥတို့နဲ့ တခြားဆရာတွေပေါ့ မောင်ရယ်"

"ဘယ်ကိုသွားပြီး လေ့လာရသလဲဒေါ်ဒေါ်"

"ဒီလိုကွဲ့၊ မြန်မာမင်း ပါတော်မူပြီးတဲ့နောက် မြန်မာမင်း စည်းစိမ်မျိုးနဲ့ စံနေတော်မူတာ၊ မြန်မာဘုရင်ရဲ့ အသုံးအဆောင်တွေကို ခံယူတော်မူတာ၊ နန်းတော်တွင်းမှာ ခစားနေခဲ့ကြရတဲ့ အနုပညာတွေကို ဆက်လက်မွေးစားထားတော်မူတာဟာ သီပေါစော်ဘွားကြီး ဆာစောချယ်ပဲ မောင်ရင်ရဲ့။ ဒီတော့ဂီတဘက်က အကျော်အမော်ဟူသမျှ သီပေါစော်ဘွားကြီးဟောထံမှာ စုဝေးပြီးသား ဖြစ်နေတာကလား မောင်ရင်ရယ်။ အဲဒီဆရာ အကျော်အမော်တွေထံမှာ ပညာဆည်းပူးလို့ အတော်အတန် ပြည့်စုံတဲ့အခါမှာ ပညာရှိတွေအားလုံးက ဒေါ်ဒေါ့်ကို သီရိဥက္ကဝတီလို့ ဘွဲ့ပေးပြန်တယ်။ ဒါတွေက စကားစပ်မိလို့ ပြောရတာ ခု ဒေါ်ဒေါ် ပြောချင်တာက ဂီတဟာ လူကို ဘယ်လောက်သိမ်မွေ့စေနိုင်တယ်ဆိုတာ ပြောချင်တာပဲ"

"ပြောပါ ဒေါ်ဒေါ်၊ ပြောပါ"

မခင်ဝင်းသည် စောင်းကိုဘေးမှာရှိသော ခုံကလေးပေါ်တွင် တရိုတသေချထားလိုက်သည်။

"တော်ဘုရားပွဲတော် တည်တဲ့အခါမှာ ထုံးစံအတိုင်း အဆိုတော် အတီးတော်များ ရှိရသပေါ့မောင်။ တော်ဘုရားကြီးဟာ ပွဲတော်တည်ပြီလားဆိုမှဖြင့်

ဘုရင့်လက်ထက်တော်က ရှေးဟောင်းနှောင်းဖြစ်များ သတိရပြီး … ဒေါ်သ အမျက် မကြာခဏ ဖြစ်လေ့ရှိတယ်။ အဲဒီလို ဒေါသဝင်လာပြီလား ဆိုမှဖြင့် ဟင်းပန်းကန်တွေခွဲ၊ အနီးအနားကလူတွေ ဆူပူကြိမ်းမောင်း။ အနားရှိတာနဲ့ ကောက်ပစ် လုပ်လေ့ရှိတယ်။ အဲဒီနေ့ကတော့ ဒေါ်ဒေါ်က အဆိုနဲ့ဖျော်ဖြေရမယ့် နေ့ကွဲ့။ ပွဲတော်တည်မယ်လုပ်တုန်း အမျက်တော် ဝင်လာတယ်။ ပွဲတော်ရှေ့မှာ ဖင်ချလို့တောင် မထိုင်ဘူးမောင်ရေ။ ဆောင့်ကြောင့်ကြီး ထိုင်ပြီး ရှူးရှဲနဲ့ ဖြစ်နေတာပါပဲ။ ဟင်းပန်းကန်များလည်း ပစ်ခွဲ၊ ဒုန်းဒိုင်းနဲ့ လုပ်နေတယ်။ အနားမှာ ဓားလှံ၊ သေနတ်စတဲ့ လက်နက်များလည်းရှိတော့ မတော်တဆ ဆွဲဆက်ပစ်လိုက်မှာ ကြောက်နေကြရတယ်။ ဒီအချိန်မှာ ဒေါ်ဒေါ်က ပတ္တလားတော်တီးကို အတောကလေး ခေါက်စေတယ်။ အမျက်တော် မပြေဘူးမောင်ရေ၊ ဒီတော့ ဒေါ်ဒေါ်က ချစ်သမျှကို ပတ်ပျိုးကို တီးဆိုလိုက်တယ်"

"ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးသို့လေး။ လေးဆူဒီပါ၊ သီတာရေမြေ ဆုံးစေတော့လေး"

ဒီလောက်ဆိုရင်ပဲ အပစ်အခတ်တော့ ရပ်စဲသွားတယ်။ သို့ပေမယ့် အမျက်တော်ကတော့ မပြေသေးဘူးကွဲ့။

"အို … ဘယ်မမုန်းပါတော့နိုင်၊ ကပ်လုံးပဆုံးတိုင်တိုင်၊ ရုံးညာပိုင် အုံးပြိုင်သဥ္ဇာကြွေ့မှာလှလေ"

တော်တော်လေး ဆက်ဆိုမိတော့ အမျက်တော် ပြေရုံမက တော်ကြီးဘုရား ကိုယ်တိုင် လိုက်ဆိုနေပါလေရော မောင်ရေ။ မပြောပါနဲ့တော့ကွယ်။ စားပွဲတော် ရှေ့မှာ ဆောင့်ကြောင့်ကြီးထိုင်ပြီး လိုက်ဆိုနေလိုက်တာ၊

"တူပြိုင်–ဂူလိုဏ်–စကားသစ္စာခိုင်။ သံသာလေကမ်းတိုင် တူပြိုင်လေကူးမယ်။ ဆုထူးငယ် ပန်ရှယ်သွန်း"

"အဲဒီကျတော့ ဒေါ်ဒေါ်တောင်မပါဘူး၊ တော်ဘုရားအသံချည်းပဲ။ သူ့ အသံကြီးကလည်း အင်မတန်အောင်သကွဲ့"

ဒေါ်စောမြအေးကြည်က နားနေသောအခါ မျိုးမြင့်က ဝင်၍ …

"အင်မတန်မှတ်သားလောက်တဲ့ သာဓကပါပဲ ဒေါ်ဒေါ်"

"ဂီတရဲ့ သတ္တိဟာ ကြီးပါပေတယ်။ ဂီတကို နားမလည်ပါဘူးဆိုတဲ့ လူတောင် ဂီတရဲ့ လှုပ်ရှားမှုကို ခံစားနိုင်ပါတယ်"

"ဟုတ်တာပေါ့ မောင်၊ ကျုပ်ဘာမှ နားမလည်ဘူး။ နားလည်းမထောင်

ချင်ဘူးဆိုပြီး တီးဝိုင်းနားက ထသွားတဲ့လူတောင် သူထသွားတုန်း နောက်က ဗျောသံ တီးပေးမယ်။ သို့မဟုတ် မျောက်သံတီးပေးမယ်ဆိုရင် မင်းတို့က ဘာနောက်တာလဲလို့ ဒေါသနဲ့ မေးသေးတာပဲ။ ဒီတော့ ကဗျာဂီတစတဲ့ မြန်မာ ရတနာတွေကို ရှာဖွေစုဆောင်းတယ်ဆိုတာ အင်မတန် မှန်မြတ်တဲ့ အလုပ်ပါ မောင်။ တချို့မိဘလုပ်သူများက ကဗျာ၊ ဂီတ ဝါသနာပါရင် စိတ်လွင့်တယ်၊ လေတယ်ဆိုပြီး ပိတ်ပင်ချင်ကြတယ် မောင်ရဲ့။ ဒါဟာ မှားတယ်လို့ ဒေါ်ဒေါ် ထင်တယ်။ စိတ်လွင့်တယ်ဆိုရင်လည်း ကောင်းသောလွင့်ခြင်းပဲကွဲ့။ မြင်း လောင်း၊ ဖဲရိုက်၊ သေရည်သောက် အပျော်လိုက် စတဲ့ လေတာလွင့်တာလို အကျိုးပျက်စေတာ မဟုတ်ဘူးကွဲ့။ စိတ်ကိုတောင် ယဉ်ကျေးစေသေးတယ်။ တစ်နည်းပြောရမယ်ဆိုရင် မကောင်းမှုကို စိတ်မရောက်အောင် သွေးဆောင် ထားနိုင်တယ်။ ဒေါ်ဒေါ်ပြောတာ ဟုတ်တယ် မဟုတ်လား"

မျိုးမြင့်က ကျေနပ်အားရစွာ၊

"မှန်ပါတယ် ဒေါ်ဒေါ်၊ မှန်ပါတယ်"

အတန်ငယ် စကားမျှင်ပြတ်နေစဉ် မခင်ဝင်းက အမေးတစ်ခုထုတ်၍ ဆက်လိုက်သည်။

"ဒေဝဣန္ဒာဆရာကြီးတို့ ထားဝယ်မခင်ဥတို့က ဘာတွေများ သင်ပြ သလဲ ဒေါ်ဒေါ်"

"သင်ပြတာတွေကတော့ အများအပြားပါပဲ၊ အထူးမှတ်လောက်တာ ကလေးတစ်ချက်ကိုတော့ တူမတို့ကို ပြောပြရဦးမယ်။ တစ်နေ့မှာ ဒေါ်ဒေါ်က စုံနံ့သာမြိုင်ရပြီးလို့ ကျေနပ်နေတုန်း ဒေဝဣန္ဒာဆရာကြီးက "ဟဲ့ စုံနံ့သာမြိုင် လယ်နဲ့ ထံတျာတေ ဘယ်ဟာက ခက်သလဲ" လို့မေးတယ်။ ဒေါ်ဒေါ်မှာ ဘာကြောင့်မေးပါလိမ့်မလဲလို့ အတော်အံ့သြသွားတယ်။ စုံနံ့သာမြိုင်လယ် ဆို တာက အတော် အတန်းမြင့်မှ သင်ရတဲ့ဥစ္စာကိုးကွဲ့။ ဒီတော့ ဆရာကြီးက "ထံတျာတေ"ဟာ အခြေခံပညာဖြစ်ကြောင်း၊ ကျောင်းပညာနဲ့တူကြောင်း၊ ကျောင်းပညာခံရှိမှ သည့်ပြင်ဟာ ဆည်းပူးလို့ရသလို "တံတျာတေ"ကို ပိုင်ပိုင် တတ်ထားဖို့လိုကြောင်း ပြောသွားတယ်ကွဲ့"

ဒေါ်သိန်းထွက်လာပြီး ကော်ဖီများ လာချသည်။ မခင်ဝင်းက ကော်ဖီ ပန်းကန်များကိုယူပြီး ဒေါ်စောမြအေးကြည်နှင့် မျိုးမြင့်ရှေ့သို့ တည်ပေးသည်။ မျိုးမြင့်က မခင်ဝင်းအား ပြုံးလျက်ကြည့်ပြီး ...

"နေပါစေ မခင်ဝင်းရယ်"

မခင်ဝင်းက ဘာမျှမပြော။ ဒေါ်သိန်းကသာ "သောက်ပါ မောင်ရင် သောက်ပါ" ဟု လောကွတ်ပျူငှာ ပြောသည်။

ထိုအတွင်း ဒေါ်စောမြအေးကြည်၏ ခင်ပွန်း ကိုမောင်တင် ရောက်လာလေသည်။ ကိုမောင်တင်ကား ဒေါ်စောမြအေးကြည်ထက် ငယ်၏။ သို့ရာတွင် ကဗျာဂီတအရာ၌ ဒေါ်စောမြအေးကြည်နှင့် ပါရမီဖက် အစစ်အမှန်တည်း။

မခင်ဝင်းက ကော်ဖီတစ်ခွက်ကို ကိုမောင်တင်ရှေ့မှာ တည်ရင်း ...

"ဦးလေးတင်က သိပ်ကြာတာပဲ"

ကိုမောင်တင်က အကြောင်းပြချက်မှ မပေးရသေးခင် ဒေါ်စောမြအေးကြည်က ဝင်၍ ...

"ကိုတင်ရေ ဟောဒီသူငယ်က ကောလိပ်ကျောင်းကတဲ့။ အဆိုဘက်မှာတော့ ရွှေပြည် ဆရာတင်ရဲ့ တပည့်ပဲ၊ မောင့်နာမည် ဘယ်သူတဲ့"

"မျိုးမြင့်ပါတဲ့ ဒေါ်ဒေါ်"

"အဲ... အဲ... မောင်မျိုးမြင့်၊ ဒါကတော့ ဒေါ်ဒေါ်ယောက်ျားပေါ့ မောင်"

ဒေါ်သိန်းက အားလုံးအား။

"ကဲ... ကဲ... ကော်ဖီသောက်ကြပါဦး၊ အေးကုန်မယ်"

ကော်ဖီသောက်နေသဖြင့် အတန်ကြာ တိတ်နေသည်။ လမ်းပေါ်မှာမူ မောင်းကလေး တနောင်နောင်ဖြင့် "စားလို့ကောင်း ဝါးလို့ကောင်း မြည်သံက တဖျောင်းဖျောင်းနဲ့ စမ်းချောင်းက ပဲကြီးလှော်၊ မြေပဲလှော်၊ ဇီးသီး" ဟု အော်သံကြားရလေသည်။

မျိုးမြင့်က ကော်ဖီပန်းကန်ချထားပြီး စကားစပြန်၏။

"နိုင်ငံခြားသံတွေကို ဗမာတွေယူပြီး တီးဆိုနေကြတာ ဘယ်လို သဘောရပါသလဲ ဒေါ်ဒေါ်"

"မြဝတီဝန်ကြီးလမ်းစဉ်ကို လိုက်ရင်ဖြင့် ဒေါ်ဒေါ်တို့ သဘောကျပါတယ်"

"မြဝတီဝန်ကြီးလမ်းစဉ်က ဘယ်လိုပါလဲဒေါ်ဒေါ်"

ထိုသို့မေးလိုက်စဉ် ကိုမောင်တင်က စွက်ဖက်ပြောလိုက်သည်။

"ကုလားများ အဆိုအတီးကို နားထောင်ကြည့်ပါလား။ ထွင်ထားတာတွေလည်း အများကြီး၊ တခြားနိုင်ငံတွေက အသံတွေယူတာလည်း အများကြီး၊

သို့ပေမယ့် တဗလာဆိုတဲ့ ဗုံကလေးတော့ မစွန့်ဘူး မောင်ရင်ရေ့၊ ကုလား ထုံးစံ အသံကို အခြေခံပြီးမှ တခြားဟာယူတာ”

ကိုမောင်တင် ပြောပြီးသောအခါ ဒေါ်စောမြအေးကြည်က ဆက်ပြောလေသည်။

“မြဝတီမင်းကြီး လမ်းစဉ်က ရှံဖန်ရှံခါ သူများအသံကို ယူပြီး ဗမာ အသံနဲ့ ငုံပစ်တာ ငါ့တူရဲ့။ ဥပမာ မြဝတီမင်းကြီးရေးတဲ့၊ **အထူးထူးငယ်နှင့် မြူးပျော်ဘွယ်ပေ**။ အစချီတဲ့ တောလားပတ်ပျိုးကြီး* ကြည့်ပါလား။ အဲဒီ ပတ်ပျိုးထဲမှာ ဘုရင်ဂျီ ဘုရားရှိခိုးကျောင်း တက်သံတွေကို ယူထည့်ထားတယ်။ ဒါပေမဲ့ ဘုရင်ဂျီ ကျောင်းတက်သံကို သက်သက်ပုံတူ ကူးယူပြီးထားတာ မဟုတ်ဘူး။ အဲဒါကို ဗမာသံတွေ ဆီလျော်အောင် ခြံရံပြီး ငုံထားတယ်။ မြဝတီ မင်းကြီးလိုပဲ ပြင်စည်မင်းသားကြီးလည်း နိုင်ငံခြားသံကို ယူတဲ့အခါ ယူတာပဲ။ ဥပမာ ပြင်စည်မင်းသားကြီးရေးတဲ့ “ရွှေတညာ” ယိုးဒယားသီချင်း ကြီးကိုကြည့်။ တရုတ်သံကို ဗမာသံ၊ ယိုးဒယားသံတွေ ဆီလျော်အောင် ခြံရံပြီး ငုံထည့်ထား တယ်။ ကိုတင်ရေ… ကျူးတသုံကစပြီး ဆိုစမ်းပါဦး”

ကိုမောင်တင်က ဒိုးဒေါက်နှင့် ကောက်ဆိုလိုက်သည်။

ဒေါ်စောမြအေးကြည်က… တောက်… တောက်… ချမ်း။ တောက်… တောက်ချမ်းနှင့် စည်းလိုက်ပေးသည်။

“ကျူးတသုံ၊ ပဇ္ဇုန်ဆော်နှိုး၊ မိုးအမိုးမာန်၊ တိမ်ယံကွန့်မြူး၊ မူးခွေယိုင် ကသာ၊ တွေမှိုင်ကာသာပင်၊ ဖြေလည်းမရှင်၊ ပျော်ဘွယ်သာဆင်၊ ပွေအင်ရွှေဘွင် လွန်ကြည်ကွဲ၊ သဲနေမရှင်၊ မင်းလွင်မြူမှောင်၊ ပြင်ရောင်တောင်ခိုး၊ ခြယ်လှယ် အုံ့၊ မှိုင်းမှုံအာကာဘောင်”

သို့ကလို ဒေါ်စောမြအေးကြည်တို့ ဇနီးမောင်နှံက သင်ပြကြသောအခါ မခင်ဝင်းနှင့် မောင်မျိုးမြင့်တို့မှာ တပြုံးပြုံးနှင့် သဘောခွေ့နေကြသည်။ ဒေါ်စောမြအေးကြည်က ဆက်ပြန်၏။

“အဲဒီလို ဗမာအသံနဲ့ ငုံပြီးဆီလျော်အောင် ယူသွားရင် နားထောင်လို့ လည်း ကောင်းတယ်။ ဗမာမူလည်း မပျောက်တဲ့အတွက် ဗမာဥစ္စာလည်း တိုးတက်တယ်ကွဲ့။ ခုဒီတစ်ခေတ်မှာ ဗမာသီချင်းကြီးတွေထဲက မူတွေ လက် မလွှတ်ဘဲ နိုင်ငံခြားသံ ငုံယူတတ်တဲ့သူ၊ ဗမာသံမူတည်ပြီး တီထွင်နိုင်တဲ့လူ ဘယ်သူတွေလဲဆိုတော့ နန်းတော်ရှေ့ဆရာတင်နဲ့ ရွှေတိုင်ညွန့်ပါပဲ မောင်ရယ်”

* ဒီးဒုတ်ဦးဘချို တည်းဖြတ်သော ဂီတဝိသောဓနီကျမ်း။

မျိုးမြင့်ကဝင်၍ ထောက်ခံလိုက်သည်။

"ဒါ့ကြောင့်လည်း သူတို့သီချင်းတွေဟာ လူကြိုက်အများဆုံးဖြစ်ပြီး သူ့တို့ရဲ့နာမည်တွေဟာ အစွန့်တည် ကျန်ရစ်တာပဲနော်၊ ကျွန်တော် သူတို့ အောင်မြင်ခြင်းရဲ့ အကြောင်းရင်းကို တွေ့ပြီ ဒေါ်ဒေါ်"

မခင်ဝင်းက မေးပြန်သည်။

"ဥပမာ အဖြစ်နဲ့ ရွှေတိုင်ညွန့်ရဲ့ ဘယ်သီချင်းကို ထောက်ပြမလဲ ဒေါ်ဒေါ်"

"သိပ်ဆိုကောင်းပြီး သိပ်ထင်ရှားတဲ့ နဂါးနီသီချင်းပေါ့ အဝင်းရဲ့။ "ကျန်း ကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်" ဆိုတဲ့အသံတွေဟာ အနောက် နိုင်ငံသံကို ဗမာသံနဲ့ ခြင့်ပြီး ငုံထားတာပဲ"

ဒေါ်စောမြအေးကြည်က ရပ်နားလိုက်သောအခါ ကိုမောင်တင်က ဖြည့် စွက်သောအားဖြင့်။

"အရေးကြီးတာက ဗမာသီချင်းရေးဆရာတွေဟာ ဗမာသီချင်းကြီးတွေကို မပစ်ပယ်ဘဲနဲ့ ကိုယ်ပိုင်ဉာဏ်သုံးပြီး ရေးစပ်ဖို့ပဲကွဲ့"

မျိုးမြင့်က ထောက်ခံ၍၊

"ဟုတ်ပါတယ်၊ ကဗျာဂီတအရာမှာလည်း ကျွန်တော်တို့ မြန်မာ့အမွေ အနှစ် ယဉ်ကျေးမှု အစဉ်အလာတွေကို အခြေခံပြီး ကိုယ်ပိုင်ဉာဏ်နဲ့ အသစ် ဖန်တီးရေး ပြုလုပ်ရမှာပါပဲ။ ဒါမှ ဗမာ့ယဉ်ကျေးမှုတိုးတက်မှာ ဖြစ်ပါတယ်"

ဒေါ်စောမြအေးကြည်က ဝင်ပြန်သည်။

"ဒေါ်ဒေါ်တို့ ငယ်ငယ်တုန်းကလည်း သီချင်းဆန်းဆိုတာတွေ ပေါ်ခဲ့ တာပဲ။ သီချင်းဆန်းဆိုပေမယ့် ခုပြောသလို အဟောင်းကို အခြေခံပြီး အသစ် တီထွင်ထားတာပေါ့ကွယ်။ ဒေါ်စိန်ကျော့တို့ ဒေါ်စိန်ငုံတို့ရဲ့ ရှေးသံဆန်းသီချင်း တွေဟာ အင်မတန် ကောင်းပါတယ်။ ပြန်ဖော်ဖို့လိုတယ်ကွဲ့"

မျိုးမြင့်က –

"ဟုတ်ကဲ့၊ ပြန်ဖော်ဖို့ ကောင်းပါတယ်။ သူတို့ခေတ်က သံဆန်း ဘယ်လို တီထွင်တယ်ဆိုတာသိမှ ကျွန်တော်တို့ခေတ်မှာ သံဆန်း ဘယ်လို တီထွင်ရမယ် ဆိုတာ သိနိုင်ကြမယ်"

"အေး အေး ကြိုးစားကြကွယ်၊ ကြိုးစားကြ။ ဒေါ်ဒေါ်တို့ကတော့ အရွယ်ကြီးကုန်ပြီ။ တစ်နေ့က ဦးဘချို ဒေါ်ဒေါ့်အိမ်ရောက်လာတယ်။ ဂီတ

ပညာတွေ၊ အနုပညာတွေအတွက် အခြေအနေ ကောင်းတော့မယ်တဲ့။ တိုင်းပြည် လွတ်လပ်ရေးရတော့မှာမို့ အနုပညာဘက်၊ ယဉ်ကျေးမှုဘက်မှာ အများကြီး လုပ်နိုင်တော့မယ်တဲ့။ ဂီတကျောင်းကြီး ထောင်ပြီး ဒေါ်ဒေါ့်ကို ကျောင်းအုပ်ကြီး ခန့်ထားမယ်တဲ့။ ပြီးတော့ သူလည်းပဲ လွတ်လပ်ရေးရပြီး နောက်ထပ် ၁၅ ရက်တည်းပဲ ဝန်ကြီးလုပ်မယ်တဲ့။ ရာထူးပြန်အပ်ပြီး နိုင်ငံခြားလှည့်ပြီး အနုပညာတွေ လေ့လာဦးမယ်တဲ့ကွဲ့"

ခင်ဝင်းက အံ့သြသံကလေးဖြင့်

"ဩော်... ဝန်ကြီးရာထူးက ထွက်မယ်တဲ့လား ဒေါ်ဒေါ်"

"လွတ်လပ်ရေးရပြီး ၁၅ ရက်ကြာရင် ထွက်မယ်တဲ့"

ကိုမောင်တင်က သွားဟန်ပြင်ရင်း။

"ကိုင်း ... သွားကြမှပဲ ညဥ့်နက်နေပြီ၊ ကြိုးစားကြပါလေ ရှေ့ဆိုရင် အခွင့်အရေးကောင်းတော့မှာပါပဲ"

ကိုမောင်တင်နှင့် ဒေါ်စောမြအေးကြည်တို့ ထကြသည်။

မျိုးမြင့်ကလည်း ထလျက်။

"ဒေါ်ဒေါ်တို့ ဘယ်မှာနေသလဲ"

"ပုဇွန်တောင်မှာကွဲ့"

သို့ဖြင့် တစ်ယောက် တစ်ယောက် နှုတ်ဆက်ပြီး ခွဲကြသည်။ မျိုးမြင့်တို့ ပြန်သွားသောအခါ ခင်ဝင်းသည် စောင်းတီး၍ ကျန်ရစ်သည်။ ခင်ဝင်း၏ တစ်ကိုယ်လုံးသည် ပီတိဖြင့် တစိမ့်စိမ့်တက်နေ၏။ ယင်းပီတိ၏ အဖျားခံရာကား ဂီတနှင့် ဂီတတွင် ခင်ဝင်းနှင့် ဓာတ်တူနာမ်ဖက် ဖြစ်နေသော မျိုးမြင့်တို့ ဖြစ်လေသည်။

❒

# အခန်း (၅)

မျိုးမြင့်။

တက္ကသိုလ်ကျောင်းသား မောင်မျိုးမြင့်။

မျိုးမြင့်ဟာ ဘယ်လိုတက္ကသိုလ်ကျောင်းသားမျိုးလဲ။

မျိုးမြင့်သည် ကျောင်းမှန်မှန်တက်၏။ စာမှန်မှန်ဖတ်၏။ ပညာသင်ကြားရာတွင် သူ၏ရည်ရွယ်ချက်မှာ စာမေးပွဲအောင်ရန်ဖြစ်၏။ ဘီအေ စာမေးပွဲအောင်ပြီးလျှင် ရာထူးစာမေးပွဲတစ်ခုခုအောင်ရန် ဖြစ်သည်။ ဤသည်သာလျှင် လူအများတို့၏ အလိုဖြစ်သည်။ ဤသည်သာလျှင် သူ့မိဘများအလို ဖြစ်သည်။ ထို့ကြောင့် မျိုးမြင့်မှာ သာမန် တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်သည်ဟု ဆိုအပ်ပေ၏။

သူ့တွင် နိုင်ငံရေးခေါင်းဆောင် ဖြစ်ချင်သော အားကျခြင်းလည်း မရှိ။ နိုင်ငံရေးဝါဒတွေကို မုန်းလည်းမမုန်း၊ ရူတ်လည်း မရူတ်ချ၊ ချစ်လည်း မချစ်၊ ဆည်းကပ်ကိုးကွယ်ခြင်းလည်း မပြု၊ သို့ရာတွင် သာမန် မျိုးချစ်စိတ်ဓာတ်အခံကလေးတော့ ရှိပေသည်။

သူ့မှာ စာပေပါရဂူကြီးတစ်ဦး အဖြစ်ဖြင့်လည်းကောင်း၊ လောကဓာတ်ဆရာကြီးအဖြစ်လည်းကောင်း တစ်ဖက်ကမ်းခတ် ထူးချွန်လိုသော ဆန္ဒအာလျှလည်း မရှိပေ။

ဘီအေအောင်ပြီးလျှင် ရာထူးစာမေးပွဲတစ်ခုခု အောင်မြင်ရန် ရည်ရွယ်သော်လည်း ရာထူးစာမေးပွဲမအောင်လျှင် ဘာလုပ်မည်လဲ ဟူသော ပြဿနာကိုကား စဉ်းပင်မစဉ်းစားချေ။ ရာထူးစာမေးပွဲ အောင်မြင်ရန် ရည်စူးလျက် အထူးကြိုတင် ကြိုးပမ်းခြင်းလည်း မပြုပေ။ ဘီအေ အတန်းသားတစ်ဦးအနေဖြင့်

တက်ရမည့်အတန်းကို တက်လိုက်ပြီး ဖတ်ရမည့်စာအုပ်ကို ဖတ်လိုက်သည်။

ကျောင်းသားအဖြစ်နှင့်ကား မျိုးမြင့်၏ အဆင့်အတန်းမှာ ဤမျှသာ။

ကဗျာဂီတဘက်၌ကား မျိုးမြင့်သည် ပါရမီဓာတ်ခံ ပြည့်စုံသည်ဟု ဆိုနိုင်လေသည်။ အသံကောင်း၏။ အဆိုလိမ္မာ၏။ အတီးပိုင်နိုင်၏။ အစပ်အဟပ် အဖွဲ့အနွဲ့တို့၌ပင်လျှင် ကျွမ်းကျင်နေလေသည်။ သို့ရာတွင် ကဗျာဂီတ၌ ထူးချွန်အောင် ကြိုးစားနေသည်ဟုကား မဆိုသာ။ ထမင်းပစ်၊ ဟင်းပစ်၊ စာအုပ်ပစ်ဖြစ်လောက်အောင် အထုံဝါသနာကြီးသည်ဟုလည်း မဆိုသာ၊ ကျောင်းသားတိုင်း အချိန်ပိုကလေးတော့ ရှိကြ၏။ ယင်းအချိန်ပိုကလေးကို တစ်နည်းမဟုတ် တစ်နည်း အံသုံးပြုကြ၏။ မျိုးမြင့်ကား ကဗျာဂီတတွင် အသုံးချ၏။ ဘီအေအောင်ပြီးလျှင် ရာထူးစာမေးပွဲ တစ်ခုခုအောင်ရန် ရည်ရွယ်ထားသည်။ ရာထူးအလုပ်အကိုင် ရှိသူတိုင်း အချိန်ပိုကလေးတော့ ရမြဲတည်း။ ယင်းအချိန်ပိုကို တစ်နည်းမဟုတ် တစ်နည်း အသုံးပြုကြမည်သာ။ မျိုးမြင့်ကား ယင်းအချိန်ပိုကလေးကို ကဗျာဂီတတွင် အသုံးပြုပေလိမ့်မည်။ သို့ရာတွင် မျိုးမြင့်သည် ကဗျာဂီတဖြင့် ထိပ်ဆုံးတက်ရန် သော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းရန်သော်လည်းကောင်း၊ အိပ်မက်မျှ မမက်ချေ။

အမှန်အားဖြင့် ဘဝပြဿနာများနှင့် ပတ်သက်၍ မျိုးမြင့်ထားရှိအပ်သော သဘောထားများမှာ အကိုင်းမှ ပြန့်ကားထွက်ခါစ သစ်ရွက်ကလေး၏ အရောင်ကလေးနှင့် တူသည်။ ဖျော့တော့တော့ အစိမ်းဖြစ်သည်။ အစိမ်းရင့်မဟုတ်သေး။ အရောင်နု၏။ အရောင်မရင့်သေး။ ခင်ဝင်းအား ချစ်မိပြီ မှန်၏။ သို့ရာတွင် ခင်ဝင်းမှတစ်ပါး ဤကမ္ဘာတွင် အခြားမိန်းမ မရှိတော့ပြီဟု ထင်မှတ်သောအချစ် မဟုတ်ပေ။ အခြားတစ်ပါး မိန်းမပျိုကလေးများ ချစ်စရာတွေ့လျှင် ရစ်ဝဲတတ်လေသည်။ ခင်ဝင်းနှင့် အခြားတစ်ပါး မိန်းမပျိုကလေးများ ကွာခြားသော အချက်ရှိ၏။ ကဗျာဂီတနှင့် မျိုးမြင့် နီးစပ်သလို ခင်ဝင်းနှင့် နီးစပ်၏။ အခြားတစ်ပါး မိန်းမပျိုကလေးများနှင့် နီးစပ်ရန်ကား အခွင့်အလမ်းပင် ပေါ်ခဲလှသည်။ ယခုအခါ မျိုးမြင့်သည် ခင်ဝင်းတည်းဟူသော ပန်းအလှကလေးကို ရစ်ဝဲရုံမက ဝင်ရောက်ရပ်နားရန်ပင် ဆုံးဖြတ်ပြီးလေပြီ။ ခင်ဝင်းအား ပေးရန် ရည်းစားစာကလေးကိုပင် ရေးပြီးဖြစ်၏။ သို့ရာတွင် ချစ်ပါတယ်ဟု ပြန်ကြားလျှင် ဘာလုပ်မည်။ ယူမည် မယူဘူး စသည်ဖြင့် စဉ်းစားမထား၊ အတည်ကြံသလားဟုလည်း မိမိကိုယ်ကို မိမိ ဝေဖန်ပိုင်းခြားမှုမပြု။

တွေ့သည်၊ နီးစပ်သည်၊ ချစ်သည်။ ချစ်သည့်တိုင် အပြန်အလှန် ချစ်ရအောင်လုပ်မည်။ ဤမျှသာလျှင် မျိုးမြင့်၏အချစ် ဖြစ်၏။ သူ့အချစ်မှာလည်း အကိုင်းမှ ပြန့်ထွက်ခါစ သစ်ရွက်ကလေး၏ အရောင်သဖွယ် စိမ်းဖျော့ဖျော့ ဖြစ်သတည်း။ အရောင်နုသောအချစ် ဖြစ်သတည်း။

စောင်းသံ

သို့ရာတွင် သီချင်းတစ်ပုဒ် မည်မည်ရရတီးသော စောင်းသံမဟုတ်။ ဟိုကတစ်ကြိုး ဒီကတစ်ကြိုးကောက်၍ လက်သင့်သလို တီးသွားသော စောင်းသံ ဖြစ်သည်။

မိုးအုံ့လျက်ရှိသည်။ သို့ရာတွင် မှောင်မည်းနေအောင် အုံ့ခြင်းမျိုးကား မဟုတ်ပေ။

မျိုးမြင့်သည် တိုက်အပေါ်ထပ် ပြတင်းပေါက်ဝမှာ ရပ်လျက်။ တစ်ဘက်အိမ် ပြတင်းပေါက်ဝတွင် စောင်းတီးနေသော ခင်ဝင်းအား ငုံ့ကြည့်နေလေ၏။ ခင်ဝင်းက သူ့အားမမြင်သေးသော်လည်း သူကား အချစ်ဖြင့် မြူးပြီး တပြုံးပြုံးဖြစ်နေသည်။ ခင်ဝင်း၏ စောင်းသံကလေးမှာ ကြည်နူးဖွယ်ကောင်းသည်။ ခင်ဝင်း တစ်ကိုယ်လုံးမှာ ချစ်စရာကောင်းသည်။

"အဟမ်း"ခနဲ မျိုးမြင့်က ဖိုသံပေးလိုက်သည်။

ခင်ဝင်း ဆတ်ခနဲ မော့ကြည့်လိုက်ရာ မျက်လုံးကလေးများနှင့် အပြုံးတို့မှာ စိန်ရောင်လို ဖျတ်ခနဲ တောက်သွားကြ၏။ ၎င်းနောက် ဣန္ဒြေလုပ်ပြီး မျက်နှာငုံ့ကာ တီးမြဲတီးနေပြန်သည်။ မျိုးမြင့်သည် စာကလေးကို ပစ်ချလိုက်ရာ ဆိုက်ဆိုက်မြိုက်မြိုက် ခင်ဝင်း၏ ရင်ခွင်ထဲသို့ ကျသွားလေသည်။ ခင်ဝင်းက မျက်နှာထားတည်တည်နှင့် မော့်ကြည့်လိုက်၏။ မျိုးမြင့်သည် ပြုံးပြုံးပြီး ပြတင်းပေါက်မှ ပျောက်ကွယ်သွားလေသည်။ သည်တော့မှ ခင်ဝင်းက စာကလေး ကောက်ယူပြီး ကြည့်လေသည်။

"ဝင်း"

စောင်းသံကလေး ကြားကြားပြီးတော့ ကိုကို့ နှလုံးအိမ်တွင် ချစ်ဂီတ ပွဲတင်ထပ်နေပါပြီ။ လှပတဲ့မျက်နှာနှင့် ပျူငှာနှစ်လိုဖွယ် အမူအရာတွေ မြင်မြင်ပြီးတော့ ကိုကို့ အသဲညှာမှာ ချစ်ပန်းတွေ ဝေဝေဖြာနေပါပြီ။

ဝင်းက ကိုကို့ အချစ်ဂီတကို နားသောတ ဆင်နိုင်မဆင်နိုင် အချစ်ပန်းကို ဆင်မြန်းနိုင် မဆင်မြန်းနိုင် သိပါရစေ။

သူရိယစာပေ

"ကိုကိုမြင့်"

စာကို ဖတ်ရသောအခါ ခင်ဝင်း တစ်ကိုယ်လုံးမှာ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားလေသည်။ ဂီတသည် ချိုမြိန်၏။ ချစ်ဂီတသည် ပိုလို့ပင် ချိုမြိန်၏။ ပန်းသည် မွှေး၏။ ချစ်ပန်းသည် ပိုလို့မွှေး၏။ ခင်ဝင်းသည် ချစ်ဂီတနှင့် ချစ်ပန်းအရသာများကို တမြိန်မြိန် ခံစားနေမိ၏။ မျိုးမြင့်ကိုယ်တိုင် ချစ်ဂီတကို ဆိုလာသယောင်ယောင် ချစ်ပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီး ပေးလာသယောင် ယောင် ထင်မြင်နေမိသည်။

နောက်တစ်ကြိမ် ဖတ်ပြန်သည်။ ကြည့်ပါဦး၊ သူ့ကိုယ်သူ ကိုကိုတဲ့၊ ကိုကိုမြင့်တဲ့ ခေါ်လိုက်ရမယ်၊ ခေါ်လိုက်ရမယ် စောင့်နေ၊ ချစ်ဂီတကို နားသော တဆင်နိုင် မဆင်နိုင်။ အချစ်ပန်းတိုင်ကို ဆင်မြန်းနိုင် မဆင်မြန်းနိုင်၊ အဖြေ တောင်းနေသည်။ ခုချက်ချင်း အဖြေပေးရမလား။ ဟင်းရွက်ကန်စွန်းရွက်မှတ်လို့ လွယ်လိုက်လေ။ မပေးနိုင်သေးဘူး။ ခုအဖြေ မပေးနိုင်သေးဘူး။ စဉ်းစားရဦး မယ်။ ရှင်တို့ယောက်ျားတွေဆိုတာ။

သို့ကလို စာဖတ်ပြီး စိတ်ကူးနှင့် ရန်ထောင်နေစဉ် အပြင်က အမေဖြစ်သူ ဒေါ်သိန်း၏ အိမ်ပေါ်တက်လာသောအသံနှင့် ငိုသံပါနှင့် ပြောလိုက်သံကို ကြား ရလေသည်။

"အားလုံး ကိုယ်ကျိုးကြီးနည်းကုန်ကြပေါ့ သမီးရေ့"

ခင်ဝင်းသည် ကျီးကန်းလူမိသလို ဖြစ်သွားသည်။ စာကိုကပျာကယာ ခေါက်ပြီး ဘော်လီအင်္ကျီအိတ်မှာ ထည့်သည်။ ဖျတ်ခနဲထပြီး အပြင်ခန်းသို့ ထွက်လေသည်။

ဒေါ်သိန်းသည် ကြမ်းပြင်ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး ရှိုက်မဲ့ လျက်နေသည်။ မျက်လုံးများမှာလည်း နီမြန်းနေသောကြောင့် ငိုထားကြောင်း သိနိုင်သည်။

ခင်ဝင်းက ထိတ်လန့်အံ့သြခြင်းတို့ဖြင့်...

"မေမေ ဘာဖြစ်လာတာလဲဟင်"

"ပြောမပြချင်ပါဘူး သမီးရယ်၊ ဗိုလ်ချုပ်တို့ ဆရာဦးဘချိုတို့ကို လူ မသမာသူတွေ သတ်သွားပြီတဲ့"

ခင်ဝင်းမှာ စကားမပြောနိုင်လောက်အောင် အံ့အားသင့်သွား၏။ အမေ့ အနား ဆောင့်ကြောင့်ထိုင်ချလျက် အတန်ကြာ ငေးကြည့်နေမိ၏။ နောက်မှ...

"ဟုတ်မှဟုတ်ရဲ့လား အမေရယ်"

ဒေါ်သိန်းသည် တရှိုက်ရှိုက်ဖြစ်လာပြန်သည်။ မျက်ရည်များကို သုတ်ရင်း...

"ဟုတ်တယ် သမီးရဲ့၊ ကြားကြားချင်း ယုံရအခက် မယုံရအခက်မို့ မောင်တင်ကြီးကို လွှတ်ပြီး အစုံစမ်းခိုင်းတယ်။ ခုတော့ သူပြန်လာပြီ။ ဟုတ်တယ်တဲ့။ ကိုယ်ကျိုးကြီး နည်းကုန်ကြပြီ သမီးရယ်..."

ဒေါ်သိန်းသည် ရှိုက်၍ရှိုက်၍ ငိုနေလေသည်။ ခင်ဝင်း ရင်မှာလည်း တဒိန်းဒိန်းခုန်ပြီး ဆို့၍ဆို့၍ လာသည်။ ဒေါ်သိန်းနှင့် ခင်ဝင်းအဖို့ ဗိုလ်ချုပ်မှာ ဘဝအခြေအနေ ချောင်လည်တိုးတက်ရေးအတွက် မျှော်လင့်ချက်ကြီး ဖြစ်နေခဲ့သည်။ ဦးဘချိုမှာ အနုပညာအရာ မှီခိုအားထားစရာ ကျောက်တိုင်ကြီးပမာ ဖြစ်ခဲ့လေသည်။ ၄င်းပြင် သူ့တို့မိသားစုတစ်စုသည် ဦးဘချို၏ မိတ်ဆွေရင်းများလည်းဖြစ်ခဲ့၏။ အမှန်အတိုင်းဆိုရသော် ခင်ဝင်းတို့တစ်စု ဗိုလ်ချုပ်အောင်ဆန်း၏ ပရိသတ်ဖြစ်ရသည်မှာ ဦးဘချိုကို အကြောင်းပြု၍ ဖြစ်ခဲ့ရလေသည်။ ခင်ဝင်းမှာ တွေးလေတွေးလေ နမြောလေ ဖြစ်လာသည်။ မျက်ရည်ဥကလေးများလည်း တစ်စုပြီးတစ်စု စီးဆင်းလာသည်။

ထိုတွင် မျက်မမြင် အမေအိုကြီးသည် နားစွင့်လျက် လက်ဖြင့် လမ်းကို စမ်းကာ စမ်းကာ ထွက်လာလေသည်။ သီလိုဇောကြီးစွာဖြင့် –

"ဘာပြောတယ် သမီး၊ ဗိုလ်ချုပ်တို့ ဘာဖြစ်တယ်"

ဒေါ်သိန်းက အငိုရပ်၍...

"ဗိုလ်ချုပ်ရော၊ ဆရာဦးချိုရော၊ သခင်မြရော သည့်ပြင် ခေါင်းဆောင် သုံးလေးယောက်ရော လူယုတ်မာတွေ ဝင်သတ်သွားသတဲ့"

အမယ်အိုကြီးငေးပြီး မှိုင်ကျသွား၏။ ဆောင့်ကြောင့် ထိုင်ချပြီးနောက်

"ဟင်... သူတော်ကောင်းတွေကို မိစ္ဆာတွေ သတ်သွားသတဲ့လား၊ ဟင်... ကိုယ်ကျိုးနည်းကုန်ကြပါပကောလား"

အမယ်ကြီး တိမ်လွှာဖုံးလျက်ရှိသော မျက်လုံးများမှ မျက်ရည်ပေါက်ကြီးငယ်တို့သည် ယိုစီး၍လာလေသည်။

လူတိုင်းလူတိုင်း ဗိုလ်ချုပ်နှင့် အခြားခေါင်းဆောင်များ ကျဆုံးသည့်အတွက် ယူကျုံးမရ နမြောတသခြင်း ဖြစ်ကြလေသည်။ အချို့မှာ မျက်ရည်ပေါက်ကြီးငယ် ယိုစီး၍ဆင်းရုံ ရှိုက်၍ ရှိုက်၍ ငိုရုံမျှမက ဟစ်အော်၍ ငိုကြ

သည်။ အချို့မှာ ခေါင်းကို နံရံနှင့်ဆောင့်ပြီး သည်းသည်းထန်ထန် ငိုကြသည်။ သတင်းကိုကြားလိုက်သည်ဆိုလျှင် စက်ရုံအလုပ်သမားသည် ထုနေသောတူကို ဆက်မထုလိုတော့ပြီ။ လယ်သမားသည် ထွန်တုံးကို ဆက်မနှင်လိုပြီ၊ ကလောင် အလုပ်သမားလည်း ကလောင်ကို ဆက်မကိုင်ထားလိုတော့ပြီ၊ မြင်းလှည်းသမား လည်း မြင်းကို ဆက်မမောင်းလိုပြီ၊ ဈေးသည်လည်း ဆက်မရောင်းလိုပြီ။

စမ်းချောင်း ရှမ်းလမ်းပေါ်ရှိ ဈေးတန်းကလေးမှာဆိုလျှင် ဝိုးတိုးဝါးတား သတင်းသဲ့သဲ့ ကြားကတည်းက "ဘုရားသိကြားမလို့ အသက်ချမ်းသာကြပါ စေ" ဟု ဆုတောင်းရင်း သတင်းအခိုင်အမာကို စောင့်နေကြသည်။ ဈေးဝယ်ကို မမျှော်နိုင်ကြတော့ပြီ။ သတင်းအခိုင်အမာကိုသာ စောင့်မျှော်နေကြလေပြီ။ သတင်း ယူသွားသူ ကိုတင်ကြီး ပြန်လာလျှင် သူကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် မဆည်နိုင်၊ စီးလာသော စက်ဘီးကို ထိုးလှဲလိုက်သည်၊ လက်ဖက်ရည်ဆိုင်ရှင်မှာမူ ကုလား ထိုင်တွေကို ရိုက်ချိုးမိသည်။ ကြံပန်းခိုင်သည်မှာ ကြံပန်းခိုင်တွေ လွှတ်ပစ် ပြီး အိမ်ပြန်သွားတော့သည်။ ရေခဲခြစ်နှင့် ဖျော်ရည်ရောင်းသူသည် ဖျော်ရည် ပုလင်းများကို သွန်ပစ်ပြီး "တောက်–ရောင်းနေလို့ကော ဘာအသုံးကျဦးမှာလဲ" ဟု ဆိုလေသည်။ ဒေါ်သိန်းတို့ဆိုင်များကား ဆိုင်ကိုဖြုန်းဒိုင်းခနဲ ပိတ်ပစ်လိုက် ကြ၏။ ဘယ်သူမှ မလှုံ့ဆော်ရဘဲ ဝမ်းနည်းခြင်းကို ပြကြလေ၏။

အချို့ရပ်ကွက်များ၌ လူထုသည် ဒေါသပြင်းထန်စွာ ဖြစ်ကြ၏။ ရန်သူကို ချေမှုန်းအံ့ဟု အံ့ကြိတ်နေကြ၏။ အချို့မှာ ခဲ၊ ဓား၊ လှံ စသည်တို့ကို ကိုင်စွဲ၍ ရန်သူရှိရာသို့ လိုက်ရန်စောင့်ကြ၏။ လက်နက်ကိုင် အင်အားစုများအတွင်းရှိ ဗမာများသည် သေနတ်မောင်းများကိုတင်၍ နေကြလေ၏။

အင်္ဂလိပ်နှင့် ကုလားစစ်သားများသည် လက်နက်များကိုင်လျက် မြို့တွင်း လှည့်လည်ကာ ရန်စသော အပြုအမူများကို ပြုမူလျက်နေကြလေ၏။ ဗိုလ်ချုပ် တို့တစ်တွေအား သတ်သော တရားခံကို အကာအကွယ်ပေးရန် သူတို့ကလည်း အဆင်သင့် ပြင်ဆင်နေကြဟန် တူလေသည်။

❐

# အခန်း (၆)

မိုးဥတုမှာ ပြင်းပြင်းထန်ထန် ဆိုက်ရောက်လာပြီ ဖြစ်သော်လည်း ထိုနေ့က မိုးမရွာ။ မိုးမင်းသည် ဗိုလ်ချုပ်နှင့်တကွ ကျဆုံးသော အမျိုးသားခေါင်းဆောင်များ၏ အလောင်းများကို ဆေးရုံမှ ဂျူဗလီဟောသို့ ရွှေ့ပြောင်းရာ၌ ရောက်လာကြည့်ရှု့ကြသော ပရိသတ်အား သက်ညှာထောက်ထားဟန်တူပေ၏။

ပရိသတ်ကြီးကား ဆေးရုံကြီးမှ ဂျူဗလီဟောအထိ ကွက်လပ်မရှိအောင် စည်ကားလျက်ရှိလေ၏။

လူတို့သည် ရွေ့ဆောင်လာသော အလောင်းများကို လမ်းဘေးမှလည်းကောင်း၊ ဝင်းထရံများပေါ်မှလည်းကောင်း၊ ဘတ်စ်ကား အမိုးပေါ်မှလည်းကောင်း၊ အိမ်များပေါ်မှလည်းကောင်း၊ သစ်ပင်များပေါ်မှလည်းကောင်း ရပ်လျက် စောင့်ကြည့်နေကြလေ၏။ ဂျူဗလီဟော အပေါ်ထပ်နှင့် အဆောင်များပေါ်တွင်လည်း ပြည့်ညပ်လျက် ရှိလေ၏။ ကျော်ဦး၊ တင်လတ်နှင့် မျိုးမြင့် စသော တက္ကသိုလ်ကျောင်းသားများသည် ဂျူဗလီဟောရှေ့ ဝင်းထရံ အုတ်ခုံပေါ်တွင် ရပ်လျက် စောင့်ကြည့်နေကြလေသည်။

ကျော်ဦးက စ၍ စကားပြောလိုက်သည်။

"သိပ်နမြောစရာကောင်းတာပဲ၊ ဗိုလ်ချုပ်လို ခေါင်းဆောင်မျိုးဆိုရင် ဗမာ့ကျွန်ခေတ်မှာ ဒီတစ်ခါပေါ်ဖူးသေးတာပဲ"

မျိုးမြင့်က ခေါင်းညိတ်၍ သဘောတူပြီးနောက် –

"ဟုတ်တယ်၊ လူ့အဖိုးတန်တွေ ကျွန်တော်တို့ မြန်မာပြည်ကြီး ဆုံးရှုံးရတာပဲ။ ဦးဘချိုဆိုရင် မြန်မာစာပေ၊ ကဗျာဂီတ၊ မြန်မာမှု သုခုမပညာအတွက် အစားမထိုးနိုင်တဲ့ ဆုံးရှုံးခြင်းကြီးပဲဗျ"

တင်လတ်က ဝင်လိုက်သည်။

"မနက်က ကျွန်တော်တို့ ဗိုလ်ချုပ်အိမ်ရောက်သွားသေးတယ်"

"အလောင်းကို မြင်ခဲ့ရသေးလား" ဟု မျိုးမြင့်က မေးလိုက်၏။

"မြင်ခဲ့တယ်ဗျ၊ ကျွန်တော့်ဘာသာ ကြည့်နေတုန်းကတော့ ရင်ဖိုရုံ ဝမ်းနည်းရုံပါပဲ၊ ဟသ်ာတဦးမြတို့လို လူကြီးတွေငိုနေတာမြင်တော့ ကျွန်တော်လည်း မျက်ရည်တွေ ထိန်းမရတော့ဘူး"

ကျော်ဦးက ဒေါနှင့်မောနှင့်...

"အင်္ဂလိပ်နယ်ချဲ့သမားနှင့် လက်ပါးစေတွေဟာ တယ်ရက်စက်တာပဲ၊ မနေ့ညက တက္ကသိုလ်ကျောင်းသားတွေ အစည်းအဝေးတုန်းက ကျွန်တော် စကားပြောရင်းပြောရင်း ဒေါသထွက်လာပြီး တစ်ကိုယ်လုံး တုန်လာတယ်။ ကျောင်းသားအားလုံးကတော့ ဒါဟာ နယ်ချဲ့သမားရဲ့ လက်ချက်ဆိုတာ ရှင်းရှင်းကြီး သိကြပါတယ်"

တင်လတ် "တစ်ပြည်လုံး လူထုတစ်ရပ်လုံး သိကြပါတယ်"

မျိုးမြင့်ကလည်း ဒေါနှင့်မောနှင့်ဝင်၍...

"ကျွန်တော်ဟာ နိုင်ငံရေး ဝါသနာမပါပါဘူး၊ ဒါပေမဲ့ ခုတော့ မနေနိုင်ဘူး၊ မနေ့ညက ကျွန်တော်တို့ အရပ်ထဲမှာ ပြည်သူ့ရဲဘော်တွေ အစည်းအဝေးလုပ်တယ်။ ကျွန်တော့်ဦးလေးက ပြည်သူ့ရဲဘော် အကြံပေးအဖွဲ့မှာပါတော့... ကျွန်တော်လည်း အဲဒီအစည်းအဝေး လိုက်သွားတယ်။ ဒီလိုအချိန်မှာ တစ်ခုခုလုပ်ရမယ်လို့ နားလည်ပြီး ပြည်သူ့ရဲဘော်ထဲ ဝင်လိုက်တယ်။ တွေ့တဲ့ လူအပေါင်းကတော့ အခုနေအခါမှာ ဒီလိုအချိန်မှာ ညီညွတ်ရေး အရေးအကြီးဆုံးပဲတဲ့"

ကျော်ဦး –

"ဟုတ်တယ်၊ ညီညွတ်ရေး အရေးအကြီးပဲ၊ ကွန်မြူနစ်တွေ၊ ပြည်သူ့ရဲဘော်တွေ ပါတီစွဲမထားဘဲ ညီညွတ်ရေးလုပ်ဖို့လိုတယ်"

သူတို့သည် စကားမပြောကြတော့ဘဲ အလောင်းရထားများဆီသို့ လှမ်းကြည့်နေကြတော့သည်။ အလောင်းရထားများကို မြင်သောအခါ လူတိုင်းလူတိုင်း၏ ရင်တွင်းဝယ် ဆုံးရှုံးနမြောမှု အသစ်ပွားကာ ဖိုလှိုက်ကြေကွဲခြင်း တစ်ဖန် ဖြစ်ကြရလေ၏။

❒

# အခန်း(၇)

ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်တို့ ကျဆုံးခြင်းမှာ မြန်မာပြည် ပြည်သူလူထုကြီးအဖို့ ရှာပနကြေးစည် မဟုတ်ဘဲ၊ လွတ်လပ်ရေး တိုက်စည်သဖွယ် ဖြစ်လေသည်။

ဗိုလ်ချုပ်တို့ ကျဆုံးခြင်းကို အကြောင်းပြု၍ အမျိုးသားလွတ်လပ်ရေး အရယူရန် လှုံ့ဆော်မှု ပိုမိုပြင်းထန်လာလေသည်။ အမျိုးသားညီညွတ်ရေးကို အဘက်ဘက်မှ တောင့်တလာကြသည်။ ဖဆပလ ကွန်မြူနစ် ညီညွတ်ရေး ဟူ၍ အသံကျယ်စွာ ပေါ်ထွက်လာလေသည်။

မျိုးမြင့်သည် သူ့နေရာ သူ့အသိုင်းအဝိုင်းတွင် အမျိုးသား ညီညွတ်ရေး စကားကိုသွင်းလာ၏။ တတ်နိုင်သလောက် ညီညွတ်ရေးကို အလုပ်ဖြင့် သရုပ်ဖော်ရန် ကြိုးစား၏။

သို့ရာတွင် မျိုးမြင့်မှာ နဂိုကမှ နိုင်ငံရေး စိတ်မဝင်စားရသည့်အထဲ၊ ညီညွတ်ရေး အကောင်အထည်မမြင်ရဘဲ ကွဲပြားမှုကိုသာ တွေ့ကြုံနေရပြန်ရာ အလွယ်နှင့်ပင် စိတ်ပျက်လေသည်။ ဗိုလ်ချုပ်တို့ ကျဆုံးသည့်ညက စိတ်အားထက်သန်စွာနှင့် ပြည်သူ့ရဲဘော်တပ်ဖွဲ့ထဲ ဝင်ခဲ့၏။ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့၏။ ယခုမူကား တက်ကြွစွာဆောင်ရွက်ရန် မဆိုထားဘိ တပ်ဖွဲ့ရုံးသို့ပင် အရောက်နည်းလျက် နေလေပြီ။ ပြည်သူ့ရဲဘော် ယူနီဖောင်းကိုကား တစ်ခါတစ်ခါ ဖက်ရှင်သဘော ဝတ်လေ့ရှိ၏။ နိုင်ငံရေးကို သူ့စိတ်မှာ သည့်ထက်ပို၍ မရောက်ပေ။

သူ့ကျောင်းစာတွင် သူသည် ခါတိုင်းလိုပင် ခပ်မှန်မှန်ဖြစ်၏။ အတီးအမှုတ် အဆိုအဖွဲ့တွင်ကား ခါတိုင်းထက် ပိုလာသည်ဟု ဆိုရပေမည်။

ယခင်က သူ၏ဂီတမှာ ပွင့်သစ်စနှင့်တူလျှင် ယခု မခင်ဝင်းတည်းဟူသော ရောင်ခြည်ကြောင့် ကားကားစွင့်စွင့် အပွင့်ကြီးဖြစ်နေလေပြီ။

မခင်ဝင်း၏ စောင်းသံလွင့်လာလျှင် သူ့တေးတျာသံပင် ရောလွင့်ရမှ ပြည့်စုံသည်ဟု သူထင်သည်။ သူ့အသည်းနှလုံးမှ သီချင်းများ ထွက်လာလျှင် မခင်ဝင်း၏ စောင်းသံကား ဆီးကြိုခေါ်ငင်ပါမှ အသက်ဝင်သည်ဟု ယူဆသည်။ ဂီတက သူ့အား မခင်ဝင်းထံသို့ ဆွဲပို့နေသည်။ မခင်ဝင်းကလည်း သူ့အား၊ ဂီတထံသို့ ဆွဲပို့နေသည်။ မခင်ဝင်း၏ ဂီတမှာလည်း ယခင်က ပွင့်သစ်စဆိုလျှင် ယခု မျိုးမြင့်တည်းဟူသော ရောင်ခြည်ကြောင့် ကားကားစွင့်စွင့် အပွင့်ကြီး ဖြစ်နေလေပြီ။

မခင်ဝင်းမှာ စောင်းကြိုးများပေါ်တွင် ဆော့ကစားနေကြသော သူ၏ လက်ချောင်းကလေးများကို မျိုးမြင့်၏ တေးတျာကသာလျှင် အကောင်းဆုံး ပဲ့ကိုင်နိုင်သည်ဟု ထင်မှတ်လျက်ရှိလေပြီ။ မခင်ဝင်းသည် သူ၏ဂီတဥယျာဉ်ကို အလှအပ အစည်ကားဆုံးဖြစ်အောင် ပြုပြင်ပေးနိုင်သော ဥယျာဉ်မှူးမှာ မျိုးမြင့်ပင် ဖြစ်သည်ဟု ယူဆလျက်ရှိလေပြီ။

သို့ရာတွင် ခင်ဝင်းမှာ အလွန်မှိုသိပ်နိုင်သော ပြကတေ့ ဣန္ဒြေရှင်ကလေး ဖြစ်လေသည်။ ရတနာသိုက်ကို ဖွင့်လှစ်ပြရန် ဝန်လေးလှသော ဥစ္စာစောင့်မလေးကဲ့သို့ ရင်ကိုဖွင့်လှစ်ပြရန် ဝန်လေးလှလေသည်။ မျိုးမြင့်သည် ရတနာသိုက်ဖွင့်လှစ်ရန် သော့အမျိုးမျိုးစမ်း၏။ တေးတျာဖြင့် လှည့်ကြည့်၏။ မပွင့်သေး၊ စာတိုစာရှည်ဖြင့် ညှို့စမ်း၏။ မပွင့်သေး။ စကားဖြင့်ထေ့ကာ ဖွင့်ကြည့်၏။ မပွင့်သေး။ ထို့ကြောင့် မျိုးမြင့်သည် အားမလိုအားမရ ဖြစ်ရလေသည်။

ဟန်အမူအရာ အရိပ်အခြည်ကိုကြည့်ရလျှင် ခင်ဝင်းက သူ့အား ချစ်နေသည်ဟု မှတ်ယူနိုင်သော်လည်း ဝန်ခံချက်အတိအကျ မရသေးသဖြင့် စိတ်မချနိုင်သေး ဖြစ်နေလေ၏။ တစ်ခါတစ်ခါ ဒေါသငွေ့ကလေး တက်တက်လာပြီး မာနပါသော အယူအဆပင် ဖြစ်ပေါ်တတ်လေသည်။ ငါ့လို ကောလိပ်ကျောင်းသားက ဒင်းလို လမ်းဘေးဈေးသည်ရဲ့ သမီးကို ဘာလို့ အောက်ကျို့ရမှာလဲ။ ဒင်းကဘာမို့ ငါ့လိုလူကို ခုထိမကြိုက်ကြိုးကျွန်မာန်တွေ လွန်နေရတာလဲ။ သို့ကလို မာနပါသော အယူအဆ ပေါ်ပေါက်လာပြီးနောက် ခင်ဝင်းအပေါ်တွင် စိတ်ပျက်သွားပြန်လေသည်။ ဒင်းက မကြိုက်ဘူးဆိုလည်း ကောင်းပါတယ်လေ။ ငါ့အဖေ ငါ့အမေ ငါ့ဦးလေးတို့ကဆိုရင် ငါ့ကို သူနှင့် သဘော

တူကြမှာ မဟုတ်ပါဘူး။ ကောင်းတယ် ရာထူးစာမေးပွဲ အောင်မြင်ပြီးကာမှ အဖေအမေ သဘောကျ၊ ငါသဘောကျရှာပြီး ခေါင်းခေါက်ယူမယ်။

သို့ရာတွင် မျိုးမြင့်နှင့် ခင်ဝင်းမှာ ဥဩနှင့် လတာပေါင်းလို ဖြစ်နေ၏။ ဥဩက လတာပေါင်းကို ကြိုဆို၏။ လတာပေါင်းက ဥဩကို လက်ခံရုံမက သာယာစွာ ရင့်ကျူးအောင် စေ့ဆော်ပေး၏။ မျိုးမြင့်က သီဆိုလျှင် ခင်ဝင်းက တီးရမည်။ ခင်ဝင်းက တီးလျှင် မျိုးမြင့်က ဆိုရမည်။

သောင်းရွှေလယ်ပိုင်စိုး၊ မိုးနတ်မယ်။ ရွှေသည်းကျွမ်းမျှ လွမ်းရတယ်။

ပူပုံပွေလို့သာ။ ကြွေမည့်နှယ်။ လောင်းနေနွယ် ပိုင်ဆုံးဘုန်းများမယ်။ ကုန်ခြေပမ်းလို့ လှမ်းနိုင်ဖွယ်။ ဘယ်မြိုင်ညိုကသာ ကြိုရမယ်ကြံရည်ရွယ်လို့ ငယ်ညှိုးဆွေး။

မျိုးမြင့်က ဆက်ဆိုနေစဉ် ခင်ဝင်းက အတီးရပ်လိုက်သည်။ သူအတီး ရပ်လိုက်ရုံမက "ခဏ… ခဏ…"ဟု ဆိုပြီး မျိုးမြင့်အားလည်း တားထား ပြန်သည်။

မျိုးမြင့်ကား ဆိုကောင်းတုန်း ရပ်လိုက်ရသည်နှင့် အံ့လည်းအံ့ဩ ခု လည်း ခုသွားလျက်…

"ဘာဖြစ်တာလဲ ဝင်းရဲ့"

"ပြောစရာကလေးရှိလို့ပါ အစ်ကိုကြီးရဲ့… ရှေ့ဆက်ရင် အိုပမ်းပါဘိ မဟုတ်လား"

"ဟုတ်တယ်လေ အဲဒါပဲ ဆက်ဆိုမလို့ပဲ"

"ဒေါ်ဒေါ်ပြောထားတာကလေး သတိရလို့ပါ"

"ဒေါ်စောမြအေးကြည်လား"

"ဟုတ်တယ်၊ ခုကာလခေတ်စားနေတဲ့ ၇ သံချိုဆိုတာ အဲဒီ အိုပမ်းပါ ဘိက စတယ်တဲ့ ဒေါ်ဒေါ်ငယ်ငယ်က အိုပမ်းပါဘိ၊ လှမ်းခြေယူနေ့၊ ပူရေးပို ခဲ့ပြီ။ စခန့်ကြော့နန်းမြေဝေး၊ မြူမှေးညိုလှဲ့စီ… ။ အစရှိတဲ့ အပုဒ်တွေကိုယူပြီး ကိုလံဘီယာ ဓာတ်ပြားအတွက် ဆိုသတဲ့။ အဲဒီ ၇ သံချိုကို လူကြိုက်များ သွားတယ်တဲ့။ နန်းတော်ရှေ့ဆရာတင်က ဒေါ်ဒေါ်ဆီလာပြီး ဒီအသံနဲ့ သီချင်း စပ်ပါရစေဆိုတော့ ဒေါ်ဒေါ်က ကူညီပေးသတဲ့။ ရွှေတိုင်ညွန့်လည်း ဒီလိုပဲ ဒေါ်ဒေါ်အကူအညီနဲ့ ၇ သံချိုတွေ စပ်လေ့ရှိသတဲ့"

"ဟုတ်လား၊ ၇ သံချိုအစ အိုပမ်းကလို့ ဆိုရမှာပေါ့နော်"

"ဟုတ်တယ်... ဒီတော့ ရှေ့ဆက်ပြီးတော့ ၇ သံချီဟန်နဲ့ ကျကျနန ဆိုပါနော် အစ်ကိုကြီး"

ပြောပြောဆိုဆို ခင်ဝင်းသည် ရှေ့က အကွက်ဆက်ကောက်ပြီး ကြို့တီးလိုက်လေသည်။ မျိုးမြင့်မှာ စောဒကတက်ချိန်မရတော့ဘဲ "နေနှင့်ဦးနော်..." ဟူသော အစိပ္ပာယ်ဆောင်သည့် အပြုံးနှင့် အကြည့်များဖြင့် ဆက်ဆိုလေတော့သည်။

အိုပမ်းပါဘိ၊ လှမ်းခြေယူနေ့း၊ ပူရေးပိုခဲ့ပြီ။ စခန့်ကြော့နန်း မြေဝေး၊ မြူမှေးညိုလဲ့စီ၊ ခါနွေကြော့ဦး၊ ညှာကြွေတော့မှူး၊ လေရှူးဆော်လှုံ့ချီ၊ အိုမာလာ စံမှုံဖူး၊ ငုံကြိုင့်လှိုင်လန်း ထုံထုံညီ၊ မြိုင်နန်းက ဆန်းသီဂီ၊ တိုးမြကိန္နရာ၊ ရွှေစာမရီ၊ တောတောင်သာဟန် ညံစီစီ၊ ရည်ရော်ရမ်းလို့ လှမ်းနိုင်ပြီ၊ ရွှေဒါဟာတိုင်း မယ်ရို့ဆီ၊ မရောက်ကယ်နိုင်ပြီ ကွာလှမ်းဝေး၊ ဘယ်ဝယ်လေ ဘယ်တုန်းအား ဖြေဖျော်များ ပျော်လိမ့်မယ်၊ သူ့တိုင်းကြော့ကာလံနယ်၊ လွမ်းရန်ကြွယ်လို့ သွယ်သွယ်ဆွေး။

သီဆို တီးမှုတ်ပြီးသောအခါ နှစ်ယောက်သား စကားမပြောနိုင်ဘဲ ဖြစ်နေကြသည်။ မျိုးမြင့်မှာ အချစ်အာသာငမ်းငမ်းတက်လာပြီး ခင်ဝင်းအား စားတော့ဝါးတော့မလို စိုက်ကြည့်နေမိ၏။ ခင်ဝင်းမှာလည်း အချစ်ဖြင့် ယစ်မူးကာ မောဟိုက်သလိုလိုရှိပြီး ငေးတေးတေးလုပ်လျက် လက်ချောင်းကလေးများကို ချိုးနေလေ၏။

"ဝင်းရေ... ၊ ကိုကိုမေးတာကလေးတွေ မဖြေတော့ဘူးလား"

ခင်ဝင်းက မဲ့တဲ့တဲ့နေရာမှ ပြုံးတုံ့တုံ့လုပ်ပြီး။

"ဖြေတော့ ဖြေမှာပေါ့"

"ခုဖြေစေချင်တယ် ဝင်းရယ်၊ မျှော်တော်ဇောနဲ့ မောလုပြီ ဆိုတာလို ဖြစ်နေပြီ။ စာလည်း မဖတ်နိုင်၊ ကျောင်းတက်ရာမှာလည်း စိတ်မဝင်စားနိုင်၊ ခက်နေပြီ ဝင်းရဲ့"

ခင်ဝင်း တစ်စုံတစ်ရာ တစ်ဆို့နေဟန်ဖြင့် စကားပြောရန် အတန်ကြာဆိုင်းနေပြီးမှ–

"အမှန်ပြောရမှာဖြင့် မချစ်ရဲဘူး အစ်ကိုကြီးရဲ့၊ အစ်ကိုကြီးက ကောလိပ်ကျောင်းသား မင်းလောင်းစိုးလောင်း၊ ခင်ဝင်းက လမ်းဘေးဈေးသည်၊ အခြေမဲ့အနေမဲ့ ဆင်းရဲသား"

"အို... ဒီလိုဟာတွေဟာ မဆိုင်ပါဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်တာသာ ပဓာနပါ ဝင်းရယ်၊ လောကကြီးမှာ အချစ်ရှေ့မှောက်မှာ လူတကာဟာ တန်းတူပါ ဝင်းရဲ့...၊ ချစ်ပါနော် ဟုတ်လား"

ခင်ဝင်း ညှိုးငယ်ငေးမောနေရာမှ ခေါင်းကလေး အသာအယာ ခါလျက်...

"မဖြစ်နိုင်ဘူး အစ်ကိုကြီး၊ မချစ်ရဲဘူး၊ ဝင်းက ချစ်ရဲလို့ ချစ်တောင် အစ်ကိုကြီးက အချစ်သာ ပဓာနလို့ထားတောင် တန်းမတူမှုတွေက ဖျက်ဆီးပစ်မှာပဲ၊ သည်းညည်းခံပါ အစ်ကိုကြီးရယ်၊ ဝင်းကို နှမလေးလို သဘောထားပါတော့"

"အို... တန်းမတူတာတွေ မေ့ပစ်ရမယ်။ ကိုကို့အချစ် ဝင်းလက်ခံရမယ်။ အချစ်ဆိုတဲ့ဟာဟာ ရွှေစင်နဲ့တူတယ်။ ဘယ်အရာမှ ဖျက်လို့မပျက်ဘူး။ ဒါ့ကြောင့် တန်းမတူမှုဆိုတာ သည့်ပြင်ကိစ္စတွေကို ဖျက်နိုင်ပေမယ့် ရွှေစင်နဲ့တူတဲ့ ကိုကို့အချစ်ကိုတော့ မဖျက်နိုင်ပါဘူး။ ကဲပါနော် ချစ်တယ်လို့ ဖြေစမ်းပါ"

ထိုအတွင်း ဟိုဘက်တိုက်မှ ဦးလေးဦးကျော်လှ၏ အော်ခေါ်သံကို ကြားကြရလေသည်။

"မောင်မျိုးမြင့်ရေ လာဟေ့၊ ထမင်းစားရအောင်"

ဦးလေးအသံကား ငှက်ဆိုးသံနှင့် တူသေးတော့သည်။ "ဖြစ်ပြီဘူး" ဆိုသော တစ်တီတူးသံနှင့် တူလေတော့သည်။ မျိုးမြင့်က မျက်နှာရှုံ့လိုက်သည်။ ရှုပ်လိုက်တဲ့ ဦးလေး၊ ခင်ဝင်းက မှတ်ကရော့ဟု သရော်သော အပြုံးမျိုးဖြင့် ပြုံး၍...

"ကဲ... ကဲ၊ သွား ခေါ်နေပြီ"

ဦးကျော်လှက ပိုကျယ်စွာဖြင့် ထပ်ခေါ်သည်။

မျိုးမြင့်က ထိုင်ရာကမထသေးဘဲ လှမ်းအော်လိုက်၏။

"ဟုတ်ကဲ့ ဦးလေး လာပါပြီ"

မျိုးမြင့်က ခင်ဝင်းဘက်လှည့်၍ ပေကပ်ကပ်ဟန်ဖြင့်...

"ကဲ... ဖြေပါ၊ ခေါင်းညိတ်လိုက် သွားမယ်"

"သွားပါ၊ တော်တော်ကြာ ဆူနေလိုက်ဦးမယ်။ နောက်တော့မှ ဖြေမယ်။ သွားလိုက်ဦး၊ ဦးလေး ဆူနေလိမ့်မယ်"

"မသွားဘူး၊ ဆူချင်ဆူ ရိုက်ချင်ရိုက်ပေစေ၊ ချစ်ပါပြီလို့ ခေါင်းညိတ်မှ သွားမယ်"

ခင်ဝင်းက ပြုံးလိုက်သည်။ ပြီးတော့ မျက်စောင်းကလေး ချိတ်လိုက်ပြီး...

"ကဲ... ခေါင်းညိတ်ပါတော့မယ်ရှင် ကဲ"

ခင်ဝင်းက ခေါင်းကလေး ညိတ်ပြလေသည်။

မျိုးမြင့်က တစ်မျက်နှာလုံးပြုံး၍ တစ်ကိုယ်လုံး မြူးသွားပြီး ထိုင်ရာမှ ထရင်း...

"ဒါမှ ကိုကို့အချစ်ဆုံးကွ"

ခင်ဝင်းသည် ပြုံးပြုံးကလေး ငေးကြည့်ရင်း စောင်းကြိုးများကို နှော့နှေ ရစ်လေသည်။

ဦးကျော်လှနှင့် ဒေါ်အေးခင်တို့ကား ထမင်းစားပွဲ၌ ထိုင်နေကြလေပြီ။ မျိုးမြင့်ဝင်လာသည်နှင့် ပြိုင်တူပင် အစေခံဒေါ်အိက ထမင်းစားပွဲပေါ်သို့ လသာမှန်အိမ်ကြီး လာချလေသည်။ သို့ရာတွင် မျိုးမြင့်ကား ရှုသိုးသိုးနေသော ဦးလေး ဦးကျော်လှ၏ မျက်နှာကြည့်ရန် သတိမရ။ မို့ရလာသော မျက်နှာဖြင့် ကတိုက်ကရိုက် လက်ဆေးပြီး ထမင်းစားပွဲတွင် ဝင်ထိုင်သည်။

ဦးကျော်လှက ထမင်းပန်းကန်ကို မနှိုက်သေးဘဲ...

"မောင်မျိုးမြင့် ဟိုဘက်အိမ်သွား သွားနေတာ ကောင်မလေးနဲ့ ရိုးရိုးမှ ဟုတ်ရဲ့လား"

မျိုးမြင့်က ကျိုးကန်းလူမိဖြစ်သွားပြီး မျက်နှာပျက်သွားလေ၏။ သည်တော့ ဦးလေးအား မော့်ကြည့်မိ၏။ ဦးလေး တကယ်စိတ်ဆိုးနေဟန် ရှိသည်။

"ဘာဖြစ်လို့လဲ ဦးလေးရဲ့၊ ရိုးရိုးပါ"

"အေးကွာ ရိုးရိုးဆိုရင် ပြီးတာပါပဲ၊ တစ်ခုတော့ သတိပေးထားလိုက်မယ်ဟေ့၊ မင့်အနေနဲ့ ငါတို့က မင်းကို ပညာသင်ပေးနေတာဟာ အရေးပိုင်ဝန်ထောက်ဖြစ်ဖို့ မိန်းမကောင်းကောင်း ရဖို့ကွာ၊ မင့်အဖေက ပိုက်ဆံရှိ ဂုဏ်ရှိတဲ့မိန်းမကိုသာ ရှာပေးစားရမယ်တဲ့"

"ကျွန်တော်သိပါတယ် ဦးလေးရယ်၊ ခုဟာကတော့ မြန်မာကဗျာဂီတနဲ့ မြန်မာမှုသုခုမ ပညာရှင်တွေ အားပေးတဲ့အနေနဲ့ ခုလို ဆက်ဆံနေတာပါ"

ဒေါ်အေးခင်က ဦးကျော်လှနှင့် မျိုးမြင့်အား စိုးရိမ်စွာနှင့် တစ်လှည့်စီ ကြည့်နေရာမှ ဝင်၍...

"မိသိန်းတို့ ခင်ဝင်းတို့တွေက ရိုးရိုးသားသားကလေးတွေပါ။ ခင်ဝင်းတို့ အဖေဆိုရင် ကိုကျော်လှသိတဲ့အတိုင်း ပညာရှိသူတော်ကောင်းပဲ၊ မရရအောင်ဖမ်းမယ့်ဟာမျိုး မဟုတ်ပါဘူး။ ဒီတော့ မောင်မျိုးမြင့်က ရိုးရိုးပါဆိုရင် ကိစ္စမရှိတန်ကောင်းပါဘူး ကိုကျော်လှရယ်"

မျိုးမြင့်က ဒေါ်အေးခင်သူ့ဘက်မှ ရှိသောကြောင့် အားတက်သွားပြီး ဣန္ဒြေကြီး တစ်ခွဲသားနှင့်…

"ဦးလေးမသွားစေချင် မသွားပါဘူး"

ဦးကျော်လှမှာ ပြောမိတာကိုပင် နောင်တရသွားသလို ဖြစ်သွားလေ၏။

"ကိစ္စမရှိပါဘူးကွာ၊ ရိုးရိုးသားသားဆိုရင် ပြီးတာပါပဲ၊ ငါက သတိပေးရုံပေးတာပါ"

အားလုံး ကျေကျေနပ်နပ် ဖြစ်သွားကာ ထမင်းကို စူးစိုက်စားနေကြလေသည်။

မျိုးမြင့်မှာ ခင်ဝင်းထံမှ လိုချင်သောအဖြေကို ရထားလေပြီ။ လောလောဆယ်အားဖြင့် ဒါသာလျှင် အရေးကြီးသည်။ လိုချင်သော အဖြေရပြီး ထိုအဖြေဖြင့် ဘာဆက်လုပ်ရမည်ကို စိတ်ကူးမကြည့်ပေ။

❒

# အခန်း (၈)

အချိန်မှာ တန်ဆောင်မုန်းလ မီးထွန်းပွဲသို့ ရောက်လာလေသည်။ စမ်းချောင်းရပ်ကွက်တစ်ခုလုံး မီးထွန်းပွဲကျင်းပရန် ဆုံးဖြတ်ထားရာ မင်္ဂလာလမ်းက အခမ်းအနားဆုံး အလှပဆုံးဖြစ်ရန် ကြိုးစားပြင်ဆင်လျက် ရှိလေသည်။ တစ်လမ်းလုံး ငွေစု၍ စုပေါင်းထွန်းညှိ ပူဇော်ကြရန် စီစဉ်ကြလေသည်။

ဦးကျော်လှနှင့် တူ မောင်မျိုးမြင့်တို့မှာ မီးပလုပ်တုပ်များကို ဖုံရှည်ပုံ၊ ဘာဂျာပုံ၊ သစ်ကြားသီး၊ ဖရုံသီးပုံ စသည်ဖြင့်ပြုလုပ်၍ ဖယောင်းတိုင်စိုက်ပြီး တိုက်ရှေ့မှာ စီတန်းချိတ်ဆွဲနေကြလေသည်။ မမှောင်သေးသဖြင့် ထွန်းညှိခြင်းကား မပြုသေး။ ဘေးဘက်ရှိ ခင်ဝင်းတို့အိမ်မှာမူ ဖုံရှည်ကြီးပုံ မီးပလုပ်တုပ်များကိုသာ တညီတညာတည်း ချိတ်ဆွဲထား၏။ အဆန်းအပြား မပါချေ။

ဦးကျော်လှမှာ တိုက်အရှေ့ဘက်ထောင့်တွင် မီးပုံးများကို ပြင်ဆင်နေ၏။ မျိုးမြင့်ကား ခင်ဝင်းတို့ အိမ်နှင့်ကပ်နေသော တိုက်အနောက်ဘက်ထောင့်တွင် မီးပလုပ်တုပ်များတွင် ဖယောင်းတိုင်စိုက်နေလေသည်။ မခင်ဝင်းမှာလည်း သူတို့ အိမ်ဘက်မှနေ၍ မီးပုံးများကို ပြင်ဆင်နေ၏။

ဦးကျော်လှမှာ မျိုးမြင့်အား လှမ်းပြီးပြောလိုက်သည်။

"ည တို့အိမ်မှာ စောင်းနဲ့ကူဖို့ မခင်ဝင်းကို ပြောပြီးပြီလား"

ခင်ဝင်းက မျိုးမြင့်ဘက်ကိုကြည့်၊ မျိုးမြင့်ကလည်း ခင်ဝင်းဘက်ကို ကြည့်ရင်း…

"ပြောပြီးသားပါ ဦးလေးရဲ့၊ မခင်ဝင်း မေ့မနေနဲ့နော်"

"ဟုတ်ကဲ့ အမေ့ကိုလည်း ပြောထားပြီးပါပြီ"

ဦးကျော်လှသည် တိုက်ထဲ ဝင်သွားလေသည်။ တစ်ဘက်က မခင်ဝင်း

လည်း သူ့အိမ်ထဲ သူဝင်သွားလေသည်။ မျိုးမြင့်ကား တိုက်ရှေ့မှာ ဖယောင်းတိုင်စိုက်ရင်း ပြည်သူ့ရဲဘော်သီချင်းကို လေချွန်လျက် ကျန်ရစ်ခဲ့၏။

ခင်ဝင်းသည် ရတ်ခြည်းဆိုသလို ပြန်လာပြီး ခွာညိုပင်ကလေးကို ရေလောင်းလေသည်။ မျိုးမြင့်က လေချွန်ရပ်ပြီး…

"ခွာညိုပင်ကလေးကို တယ်ယုယပါကလား"

ခင်ဝင်းက ရေဖျန်းပေးရင်းပင်…

"ခု တန်ဆောင်မုန်းလ၊ ရှေ့နတ်တော်ကုန်တော့ ပြာသိုရောက်တော့မယ်"

"ပြာသိုရောက်တော့ ဘာဖြစ်မှာလဲ ချမ်းမှာပေါ့"

ခင်ဝင်းက မထိတထိပြုံးလျက်…

"မြခွာညို… လပြာသိုတဲ့"

"မြခွာညို… လပြာသိုတဲ့ တယ်ကဗျာဆန်ပါကလား"

"ကဗျာဆန်ဆို မြခွာညို လပြာသိုအကြောင်း ဝင်းက ကဗျာကလေးတောင် စပ်ထားသေးတယ်"

"အို… ဝင်းက ကဗျာတွေ ဘာတွေတောင် စပ်ထားသလား၊ ကိုင်းဗျာ ဆိုစမ်းပါဦး"

ခင်ဝင်းက မျိုးမြင့်ကြားရုံလောက်သာ ခပ်တိုးတိုးကလေး ဆိုလိုက်၏။

"မြခွာညို လပြာသို… ပွင့်စေညွှန်းပါလို့ သွန်းပေ့ါရေအေး"

မျိုးမြင့်က နောက်တောက်တောက်မျက်နှာဖြင့်

"တိန်… တိန် ရေအေးသွန်းလိုက်ပြီတဲ့ ပြီးတော့ကော"

ခင်ဝင်းက ခပ်တည်တည်ပင် ဆိုပြန်သည်။

"မြခွာညို… လပြာသို… ပွင့်စေညွှန်းပါလို့ သွန်းပေ့ါရေအေး။ မြခွာညို လပြာသို ဝေဖြာလှိုင်တော့ ဆီမဆိုင် ပိုင်သူတွေပေါ်တယ်။ (အစ်ကိုကြီးရေ) မောတဲ့ ပျိုလေး"

မျိုးမြင့်မှာ ကြောင်တောင်တောင်ဖြစ်သွားပြီးမှ…

"ဆီမဆိုင် ပိုင်သူပေါ်တယ် မောတဲ့ပျိုလေး၊ အို… ဝင်းဟာက အဓိပ္ပာယ် မကောင်းပါဘူးကွယ်"

"ဘာလို့ မကောင်းရမှာလဲ အစ်ကိုကြီးရဲ့"

"ဝင်းကဗျာက နိမိတ် မကောင်းဘူး။ ဆီမဆိုင် ပိုင်သူပေါ်တယ် မောတဲ့ ပျိုလေးတဲ့။ အို… မဆိုပါနဲ့ ဝင်းရယ်"

ခင်ဝင်းက ချစ်စနိုး မျက်စောင်းကလေးချိတ်လျက်…

“ဖြစ်တတ်တာကိုရေးတာ အစ်ကိုကြီးရဲ့၊ ဝင်းကဗျာကလေးက ကောင်းတယ်နော်”

ပြောပြီး ခင်ဝင်းအိမ်ထဲ ဝင်သွားပြန်သည်။

မျိုးမြင့်ကား ညှိုးငယ်စွာဖြင့် တွေးနေမိသည်။ သူ့ဘာသာ သူကြားရုံ “မကောင်းပါဘူး” ဟုလည်း ပြောလိုက်လေသည်။

နေအလင်းရောင်ကွယ်သည်နှင့် တစ်ပြိုင်နက် လအလင်းရောင် ရောက်လာသည်။ ညဘက်အကူး မှောင်ရိပ်သန်းလာသည်နှင့် တစ်ပြိုင်နက် တန်ဆောင်တိုင်မီးက ထိန်လာလေသည်။ စမ်းချောင်းရပ်ကွက်တစ်ခုလုံးမှာ အိမ်ဟောင်းအိမ်သစ်မခြား အိမ်ငယ် တိုက်ကြီးမခွဲ ဆီမီးရောင်ဖြင့် ထွန်းပြောင်လှပနေလေသည်။ မင်္ဂလာလမ်းမှာ အခမ်းနားဆုံး အလှပဆုံး ဖြစ်လေ၏။

မျိုးမြင့်တို့ တိုက်အောက်ထပ် ရှေ့ပိုင်းရှိ ဧည့်ခန်းမှာ မီးပွဲလာကြည့်သော အသိမိတ်ဆွေ ဟူသမျှအား ဖိတ်ခေါ်လျက်ရှိလေသည်။ တစ်ဘက်ရှိ သစ်သားကွပ်ပျစ်ပေါ်မှာ ကော်ဇောအပြည့်ခင်းထား၏။ ၄င်းကွပ်ပျစ်ပေါ်မှာ တီးဝိုင်းရှိရာ “ထူးမခြားနား” သီချင်းခံကို သီဆိုတီးမှုတ်နေကြလေသည်။ ခင်ဝင်းမှာ ကျုံ့ကျုံ့ကလေး ဒူးတုပ်ထိုင်လျက် စောင်းကောက်ကြီးကို တီးနေ၏။ ဆံထုံးတွင်ခေါင်းပေါင်းရစ်၍ ပေါင်းထားသော လူကြီးတစ်ယောက်က ပတ္တလားတီးလျက်ရှိ၏။ ကွပ်ပျစ်နောက်ရှိ ရသေ့လျှောင်း ခုံရှည်ပေါ်တွင် လူတစ်ယောက်က တယောထိုးလျက်ရှိပြီး အခြားတစ်ယောက်က သီချင်းဆိုရင်း စည်းတီးပေးနေသည်။

“ထူးမခြားနား… မီးရေစုံသား… ရောင်တော်ထွေပြား ပြောင်လို့လို့များထွေ။ ထူးထွေသည့် အံ့ရာသား”

ရွှန်းရွှန်းလင်း စိမ်းပြာဖြူဝင်း နေရောင်ခြည်လင်းထွန်းလို့လို့ ရွှန်းဝေ၊ များထွေတည့် ပွင့်လှိုင်ကြူ”

ဦးကျော်လှကား ကွပ်ပျစ်ပေါ်ထိုင်လိုက် ထသွားလိုက် အထဲဝင်လိုက် အပြင်ထွက်လာလိုက်နှင့် အလုပ်များနေသည်။

ကွပ်ပျစ်ရှိရာဘက်၏ အခြားဘက်တွင် ကုလားထိုင်များရှိရာ ထိုကုလားထိုင်များတွင် တင်လတ်နှင့် မျိုးမြင့်တို့ ထိုင်နေကြသည်။

တင်လတ်က ချင်းသုပ်ပန်းကန်ကို စားပွဲပေါ်သို့ ပြန်ချပြီး…

"စောင်းတီးတဲ့ မိန်းကလေးက ငယ်ငယ်နှင့် တယ်တော်ပါကလားဗျ၊ ရုပ်ကလေးကလည်း ချောတယ်"

မျိုးမြင့်မှာ မကြာမီတွင် ပက်လက်လှန်၍ ဖိမ်ဖြင့်နားထောင်နေရာမှ မတ်မတ်ထိုင်လိုက်ပြီး ရွှင်လန်းဝမ်းမြောက်စွာဖြင့်...

"ဟာ... တော်မှာပေါ့ သူ့အဖေက စောင်းဆရာကြီး ဦးခင်မောင်တဲ့ဗျ။ ပြီးတော့ ဒီးဒုတ်ဦးဘချိုဆီကလည်း နည်းနာတွေ ရလိုက်သေးတယ်။ ဒေါ်စော မြအေးကြည်ကလည်း တစ်ခါတစ်ခါလာပြီး ကိုယ်ဖိရင်ဖိ ပြသပေးသေးတယ်"

"ဩော်... ဒီလိုကိုး၊ ဘယ်မှာနေသလဲ"

မျိုးမြင့်မှာ အိုးမလုံ အုံပွင့်ဆိုသလို စပ်ဖြဲဖြဲ ပြုံးလျက်သား ဖြစ်ပြီး နောက်...

"ဟိုဘက်က ကပ်နေတဲ့အိမ်ပဲ။ ဟဲ...ဟဲ... ကျွန်တော်တော့ ကောင်မ လေးနှင့် ငြိနေပြီ"

တင်လတ်က တည်ငြိမ်သော ဣန္ဒြေဆောင်လိုက်ပြီး

"အတည်ကြံတာနော်"

မျိုးမြင့်သည် ဖြေရန်အဆင်သင့်မရှိသလို တွေနေသည်။ စပ်ဖြဲဖြဲ အပြုံး ပျောက်သွားပြီး တည်ငြိမ်လာလေသည်။

"သူတို့ ဆင်းရဲရှာတယ်။ ဒီတော့ ကျွန်တော် အလုပ်အကိုင် ကောင်း ကောင်းရရင်ဖြစ်စေ၊ ထီပေါက်ရင်ဖြစ်စေ သူ့ကို အတည်ယူမှာပဲ"

"ခင်ဗျားဟာက အလုပ်အကိုင် ကောင်းကောင်းမရရင် ထီမပေါက်ရင် အတည်မဟုတ်ဘူးလား"

"အို... ဒီလိုတော့ မဆိုချင်ဘူးဗျာ။ တစ်ခုတော့ရှိတယ်၊ နောက်ဘာပဲဖြစ် ဖြစ် အခုတော့ ချစ်နေကြတာ အမှန်ပဲ"

သို့ကလို ပြောနေကြစဉ် ကျော်ဦးနှင့် ကောလိပ်ကျောင်းသူ နှစ်ယောက် ဝင်လာကြသည်။ ကျော်ဦး၊ တင်လတ်နှင့် မျိုးမြင့်တို့ကား အလွန်ရင်းနှီးသော အတန်းသားသူငယ်ချင်းများ ဖြစ်နေကြလေပြီ။

ကောလိပ်ကျောင်းသူတစ်ဦးမှာ ဒေစီသွင်ဖြစ်၏။ ဒေစီသွင်မှာ အငြိမ်း စား လယ်ဝန်မင်း ဦးသွင်၏ တစ်ဦးတည်းသော သမီးဖြစ်၍ ဘီအေ အင်္ဂလိပ် စာ၊ ဂုဏ်ထူးတန်း (ပထမနှစ်) တွင် တက်နေလေသည်။ ဒေစီသွင်၏ ပထမ အရည်အချင်းမှာ မယ်ဇမာတို့ကဲ့သို့ အရိုးအဆက်ပြေပြစ်၍ အကွေ့အကောက်

အမောက်အမို့ အတိုအရှည် အချိုးကျသော တောင့်တင်းကြော့ရှင်းသည့် ကိုယ်နေဟန်ရှိခြင်းဖြစ်၏။ သူ့ကိုယ်နေဟန်သည် ယောကျာ်းတို့၏ မျက်လုံးကို အမြန်ဆုံး ဖမ်းစားနိုင်၏။ ယောကျာ်း မိန်းမ သူငယ်ချင်းများက "ဘာ့ကြောင့် မယ်ဗမာပြိုင်ပွဲ ဝင်မပါသလဲ ဒေစီရယ်" ဟုမေးကြတိုင်း "အို... ရရင် ကောင်းပါရဲ့၊ မရရင် ဒေစီက သူများကိုရော ကိုယ့်ကိုယ်ကိုယ်ကိုရော စိတ်နာနေမှာ" မာနသံကလေးဖြင့် ပြေဆိုလေသည်။ ဒုတိယအရည်အချင်းမှာ ဒေစီ၏ သွက်လက်ချက်ချာခြင်း ဖြစ်၏။ သူမ၏ ပြောမူဆိုဟန် လုပ်ပုံကိုင်နည်း အမူအရာတို့မှာ လိပ်ပြာကလေး၏ အမူအရာများဖြစ်၏။ နောက်အရည်အချင်းမှာ သူ၏ အကြည့်ခံသော မျက်နှာဖြစ်၏။ ကြည့်ကြည့်ချင်း ချောလှပါပေ့ဟု မဆိုနိုင်သော်လည်း ကြည့်ရင်းကြည့်ရင်း အချောဘက်သို့ ဒီဂရီတက်လာသည့် မျက်နှာမျိုးဖြစ်သည်။ မျက်နှာမှာ ချိုပြုံးသည် မဟုတ်။ မာနရောင်သန်းသော မျက်နှာထားရှိ၏။ အချို့က သူ့မျက်နှာကို ဗိုလ်ဆန်သည်ဟု ဆိုကြသည်။ နောက်ဆုံးအရည်အချင်းမှာ အရောင်ရွေးချယ် စပ်ဟပ်တပ်ခြင်း ဖြစ်၏။ ဘယ်အရောင်အသွေးရှိသော လုံချည်ကို ဆင်မြန်းလျှင် ဘယ်အရောင်အသွေး အင်္ကျီကိုဝတ်၍ ဘယ်အရောင်အသွေးရှိသောပန်း ပန်ရမည် စသည်ဖြင့် ပန်းချီဆရာပမာ စပ်ဟပ်တတ်၏။ ကျောင်းသူကျောင်းသားများမှာ သူဝတ်လာသော အရောင်နှင့် အဆင်ကို သဘောကျသည်သာ များပေရာ၊ ဆရာလုပ်သူက သင်ခန်းစာမှတ်စုများပေးသဖြင့် လိုက်ကူးနေရင်းကပင် "ဒေစီရေ၊ မင်း လုံချည်ဘယ်ဆိုင်က ဝယ်သလဲ" စသည်ဖြင့် လှမ်းမေးတတ်ကြလေသည်။

အခြားတစ်ယောက်မှာ အိုင်အေ အထက်တန်းတွင် သင်ကြားနေသော မလှသောင်း ဆိုသူဖြစ်၏။ မလှသောင်းမှာ အညာမှ ကုန်သည်တစ်ဦး၏ သမီးဖြစ်၏။ မျက်နှာရုပ်ရည်မှာ တတိယတန်းစားထဲက ဖြစ်သော်လည်း အရပ်ရှည်၍ ပြည့်ဖြိုးတောင့်တင်းခြင်းကြောင့် "ရွှေဘိုမင်းကြိုက်ကြီး" ဟုလည်းကောင်း၊ "ညိုစိမ့်စိမ့်နှင့် ငါးရံ့ကိုယ်ကြီး" ဟုလည်းကောင်း၊ "အညာသူဆိုပေမယ့် မော်လမြိုင်သူလို စိုစိုပြည်ပြည်ကြီးပါကလား" ဟုလည်းကောင်း ကျောင်းသားတို့ ကြားဝယ် အပြောများနေသူတစ်ယောက် ဖြစ်ပေ၏။

မျိုးမြင့်ကား ဒေစီသွင်အား မကြာခဏဆိုသလိုပင် တွေ့မြင်ဖူးခဲ့သော်လည်း သိကျွမ်းခွင့်မရခဲ့ချေ။ တွေ့မြင်စဉ်အခါများက ချစ်စရာကောင်းသော မိန်းမပျိုတစ်ဦးအနေနှင့် အမှတ်ထင်ကာ သိကျွမ်းခွင့်ရရန်ပင် တောင့်တခဲ့လေ

သည်။ ယခုလို သိက္ခမ်းခွင့် ရလိမ့်မည်ဟုကား မမျှော်လင့်ခဲ့ချေ။ ကျော်ဦးနှင့် တင်လတ်တို့က မိတ်ဆက်ပေးသဖြင့် သိက္ခမ်းရသောအခါ "ပွတာပဲ" ဟု ပါးစပ်က မထွက်သည့်တိုင် တပြုံးပြုံးဖြစ်နေသော မျက်နှာနှင့် ဖော်ရွေလှသော အမူအရာတို့က "ပွတာပဲ" ဟူသော အဓိပ္ပာယ်ကို ဆောင်နေကြလေသည်။ သူသည် မလှသောင်းအား ယခင်က မြင်ပင်မမြင်ဘူးချေ။ သို့ရာတွင် မိတ်ဆက်ပေးသူတို့က "ခင်ဗျားတို့လိုပဲ အညာက" ဟုဆိုလိုက်ရာ ခဏခြင်းပင် ရင်းနှီးကျွမ်းဝင်သွားလေ၏။

ခင်ဝင်းသည် စောင်းတီးနေရာမှနေ၍ မျိုးမြင့်တို့ လူသိုက်ကို တစေ့တစောင်း ကြည့်လိုက်လေသည်။ မျိုးမြင့်က ဒေစီသွင်အား အရေးတယူ ပျူပျူငှာငှာ ညှော်ခံသည်ကို သတိပြုမိလိုက်၏။ သို့ရာတွင် ခင်ဝင်းအာရုံကား မပျံ့လွင့်။ စောင်းကြိုးကလေးများပေါ်မှာသာ စူးစိုက်လျက်ရှိ၏။ သီချင်းတွင် ကြည်ညိုညွတ်နူးခြင်းဖြစ်ကာ သဒ္ဒါတရားစေ့ဆော်သော လက်ချောင်းကလေးများဖြင့် တီးနေလေသည်။

တေဇောရွှင်ရွှင်၊ ပေါ်ထင်သည့် လျှမ်းလျှမ်းဖြိုး၊ လျှမ်းလျှမ်းဖြိုး၊ အာဏာကျော်ဟိုး၊ ဘုန်းတန်ခိုးရောင်၊ ဝေဝေရွှန်းပြောင်၊ သိန်းထောင်။

ဒေစီသွင်တို့ လူသိုက်အား ထိုင်ထိုင်ခြင်း "ဘယ်ရောက်ခဲ့တုန်း" "ဓမ္မာရုံရောက်ခဲ့သေးလား" "ဟာ... ထွန်းထားတာ သိပ်လှတာပဲ" စသည်ဖြင့် မေးလားဖြေလား၊ လုပ်နေကြသဖြင့်လည်းကောင်း၊ "စားပါ" "သောက်ပါ" ခုပဲ ကော်ဖီတစ်ခွက်သောက်ခဲ့သေးတယ် "ထပ်သောက်ပါ" စသည်ဖြင့် ညှော်ဝတ်စကားပြောကြားနေကြသဖြင့်လည်းကောင်း၊ အတီးအဆိုကို ဂရုမထားမိကြချေ။ အတန်ကြာထိုင်နေပြီးမှ နားစွင့်မိကြလေ၏။ နားစွင့်မိသည်ဆိုလျှင် ငြိသွားကြကာ ငြိမ့်၍ နားထောင်နေကြလေသည်။

ထွန်းဝင်း၊ ထွန်းဝင်း၊ တေဇော်၊ တေဇော်၊ ရောင်တော် ရောင်တော်၊ ရောင်တော်ဖြိုးမြင့်၊ အံ့ဖွယ်တော်သာ၊ ဆင့်ကာရင့်ကာပင်။ ရှင်ရင်းမြတ် စကြာစုံငယ်ကိုလေး။ တင်ထိပ်ဦး။ စုံဖူးတည့်ရှိကြာင့်။

ပြီးသွားသောအခါ ကျော်ဦးက မျိုးမြင့်အား ပြုံးကြည့်ပြီး၊

"ကဲ... ကိုမျိုးမြင့် တစ်ပုဒ်လောက် ကြားပါရစေဦး"

ထိုအခါ ဒေစီသွင်ကလည်း မျိုးမြင့်အား ဒက်ခနဲ ထိုးဆွသော အကြည့်ကလေးနှင့် ကြည့်ပြီး...

"ဒေစီတို့လည်း ကြားပါရစေရှင်၊ ကိုကျော်ဦးက သူ့မိတ်ဆွေ အသံကောင်းလှချည်ရဲ့လို့ တဖွဖွပြောနေလို့ ကြားချင်နေတာကြာပြီ"

မျိုးမြင့်မှာ ယင်းသို့သော ထိုးဆွသည့်အကြည့်နှင့် မြှောက်ပင့်သည့်စကားတို့ကြောင့် မျက်နှာမှာ သွေးတက်ပြီး ရှက်သလိုဖြစ်မိသော်လည်း တစိမ့်စိမ့် တမြိန့်မြိန့်နှင့် ပီတိဖြစ်နေလေသည်။ ကြားချင်နေတာ ကြာပြီဆိုပါကလား။ ကြည့်စမ်းကြည့်စမ်း သူဟာ ငါ့အကြောင်း သိထားတယ်။

သို့ရာတွင် ဆိုမယ်၊ မဆိုဘူး မပြောသေးပဲ– လှည့်လွှဲသည့်အနေနှင့်။

"ကဲပါ ချင်းသုပ်ကလေး ဘာလေး စားကြပါဦး"

တင်လတ်က ချင်းသုပ်ဖြင့် အလှည့်မခံပဲ။

"ဒီနေ့ညတော့ ကိုမျိုးမြင့် အသံကလေး ကြားပြီးမှ ပြန်နိုင်မယ်"

မလှသောင်းက ဒေစီဘက်သို့…

"ဒေစီရေ ကိုယ်တို့တော့ ကိုမျိုးမြင့်က ဆိုပါ့မယ် ကတိပေးမှ စားနိုင်မယ်"

ဒေစီသွင်က မျိုးမြင့်အား ကလိဆွသည့် အကြည့်နှင့် ကြည့်ပြန်သည်။

"ဟုတ်တယ်၊ ကိုမျိုးက ဆိုမယ်လို့ကတိပေးမှ စားကြမယ်"

မျိုးမြင့်မှာ ဆိုပါ့မည်ဟု ကတိပေးပြီး မခင်ဝင်းနှင့် ပတ္တလား ဆရာကြီးတို့ထံသွား၍ ညှိနှိုင်းရလေသည်။ ၎င်းနောက် ဒေစီတို့ထံပြန်လာပြီး…

"အဆိုကောင်းလို့ အစားတော့ ရပ်မထားကြနဲ့နော်၊ စားရင်း နားသောတဆင်ကြဖို့ မေတ္တာရပ်ခံပါတယ်။ ဟဲ… ဟဲ"

ဒေစီက "အိုကေ" ဟု ပြောပြီး အခြားသူများက လက်ခုပ်တီးကာထောက်ခံလိုက်ကြသည်။ ခင်ဝင်းသည် လက်ခုပ်သံကြားရသဖြင့် ၎င်းတို့ဘက်သို့ မျက်စောင်းထိုး ကြည့်လိုက်လေသည်။ ခင်ဝင်း၏မျက်စောင်းတွင် "ဣန္ဒြေမဲ့လိုက်ကြတာ" ဟူသော အပြစ်တင်ချက် ပါဟန်တူလေသည်။

မျိုးမြင့်သည် ကွပ်ပျစ်ပေါ်သွားထိုင်ပြီး အောက်ပါသီချင်းကို ဆိုပြန်လေသည်။

### တန်ဆောင်တိုင် (ငါးပေါက်)

တစ်မိုးလုံးနွားနဲ့ ဖက်ခါ ရုန်းခဲ့ရတဲ့ လယ်သမားများသည် အပြုံးကြီးပြုံးရတဲ့ တန်ဆောင်မုန်းလသို့ ရောက်ခဲ့ပါပြီ… စပါးနှံဝတ်ဆံပြည့်လို့ တအိအိနှင့် ညွတ်နေရှာကြပြီ မကြာမီ မြသွေး–ရွှေရေးလုလု ရွှေဝါရောင်လျှံ စပါးနှံများ

ဖြစ်ကြပေတော့မည်။ လတန်ဆောင်မုန်းအခါဆိုလျှင် စာဆိုပင် မပြုံးဘဲနှင့် မနေနိုင်ပါတော့သည်။ စာဆိုမောင်သည် (ချစ်သူ)[၂] လှတပါး ကရဏာအသနား ပထဝီမဆီ ကလောင်ဖြင့် တူးဆွ၍ မေတ္တာအချစ်ပင် စိုက်ပျိုးခဲ့တာကြာလေပြီ)[၃] ခုလိုအချိန်ဆီ အချစ်သီး အချစ်နံ့တို့သည် မြရောင်လျှမ်းလန်းဆန်းလို့ နေရှာကြပြီ။ မောင်နှင့်မယ် နှစ်ဖြာတူညီ ချစ်ငွေ့မှာ တမွှေ့မွှေ့နဲ့ အချစ်သီး အချစ်နံ့တို့သည် မှည့်ရွှမ်းလာပါတော့မည်။ ငွေနှင်းမှုန်မှုန် ထုံမှိုင်းမှိုင်းနဲ့ အုံ့ရီရီ မကြည်လင် မရွှင်စရာများ ဖြစ်တော့မလား ထင်မှားမိပါသည်။ သို့သော်လည်း တန်ဆောင်တိုင်ပွဲတော် ဆီမီးတွေလည်းလင်းလို့ လောကစာတ်အတွင်း ကြည်ကြည်လင်လင် သာသာယာယာ ဝပြောစီ ငွေနှင်းမှုန်များကြောင့် စာဆိုမောင်ရဲ့ အချစ်တွေသည် ထုံ့မှိုင်းအုံ့ရီ ဖြစ်နေမလားလို့ လှပျိုဖြူ စိုးရိမ်တော်မူနဲ့ အတည် (စာဆိုမောင်သည်)[၂] အချစ်ကို အမြဲမပျက်အောင် ဆီမီးပူဇော်လျက် ရှိပါသည်။

ဒေစီသွင်သည် သဘာဝ အလှကလေးများကို ချစ်တတ်သူဖြစ်၏။ အဆိုအဖွဲ့ သီချင်းကဗျာကို နားဝင်ပီယံအရသာ ခံတတ်သူလည်း ဖြစ်၏။ အချစ်ပြဿနာတွင် စိတ်ဝင်စားလို့ အကောင်းဆုံးသော အရွယ်လည်းဖြစ်၏။ ထို့ကြောင့် တန်ဆောင်မုန်းလ၏ သဘာဝအလှများနှင့် စာဆိုမောင်၏ အချစ်ပြဿနာကို ဖွဲ့ဆိုလိုက်သော ဤသီချင်းကို နှစ်သက်လှပေ၏။ ၎င်းအပြင် မျိုးမြင့်၏ ကောင်းလှသည့် အသံနှင့် ဆိုဟန်တို့ကြောင့် သာလို့ပင်နှစ်သက်ခြင်း ဖြစ်မိလေသည်။ မျိုးမြင့်သီချင်းသီဆိုပြီး ဖြစ်၍ အခြားသူငယ်ချင်းများ လက်ခုပ်သြဘာပေးကြသောအခါ ဒေစီမှာ ဝတ်ကျေတိုင်းကုန် ချီးကျူးခြင်းမဟုတ်၊ တကယ်စိတ်ပါလိုလားစွာ ချီးကျူးခြင်း ဖြစ်ပေသည်။

ဆိုအပြီး ကွပ်ပျစ်မှထကာ သူတို့ထံသို့လာသော မျိုးမြင့်အား ဒေစီကပင် စတင်၍ ချီးကျူးလိုက်သည်။

“ကိုမျိုးမြင့် ကွန်ဂရက်ကျူလေးရှင်းပါပဲ။ အသံကလည်းကောင်း၊ သီချင်း အဓိပ္ပာယ်ကလည်းကောင်း၊ ဒေစီဖြင့် စိုက်ဆင်းသွားတာပဲ”

တင်လတ်က လက်ဆွဲပွေ့ယမ်းရင်း…

“တကယ်ကောင်းတာပဲ ကိုမျိုးမြင့်၊ မလှသောင်း ဘယ့်နှယ်သဘောရသလဲ”

မလှသောင်းက ပြုံးတုန်းတုန်းလုပ်ပြီး

“ကျွန်မချီးကျူးရင် အညာသူ အညာသားချင်းမို့ ပင်းတယ်လို့ ထင်နေဦးမယ် ဟဲ… ဟဲ”

ကျော်ဦးက နောက်သလိုလို အတည်–

"ကျွန်တော် စုံတွဲသီချင်းဆိုတာကလေး နားထောင်ချင်သေးတယ်"

ဒေစီသွင်။

"ရက်စ် ရက်စ် ဒေစီတို့လည်းကြားချင်တယ်"

မလှသောင်း။

"စောင်းတီးတဲ့ သူငယ်မကလေး ဆိုတတ်မှာပေါ့။ ကဲ... ကိုမျိုးမြင့် စုံတွဲတစ်ပုဒ်လောက်တော့ လုပ်ဦးမှပဲ"

မျိုးမြင့်မှာ ချီးကျူးမြှောက်ပင့်ချက်များကြောင့် ပီတိတမြိန့်မြိန့်တက်ပြီး မျက်နှာများပင် နီနေလေသည်။

"တော်ကြပါတော့ဗျာ– မောတယ်ဗျ။ မောတယ်"

ဒေစီက ချစ်စရာ မျက်လုံးကလေးများဖြင့် ဆွ၍ကြည့်ရင်း။

"ဒေစီတို့ကို ခင်မင်ရင် မောတယ်လို့ သဘောမထားရဘူး ကိုမျိုးမြင့်ရဲ့ ကဲ... လုပ်ပါ"

ထိုအချိန်တွင် မျိုးမြင့်မှာ မောလို့ မဆိုပါရစေနဲ့ဟု ပါးစပ်ရှိ၍သာဆို လိုက်ရသော်လည်း ဒေစီတို့က ကြားချင်လို့ နားပြင်နေတယ်ဆိုရင် ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲစေတော့ ဆိုမယ်ဟု စိတ်ထဲမယ် အားခဲထားဟန်တူလေသည်။

မျိုးမြင့်သည် စုံတွဲဆိုရန် ခင်ဝင်းထံ ချဉ်းကပ်လေ၏။ ခင်ဝင်းကား ၄င်းတို့အား ကျောပေးလျက် ထိုင်နေလေသည်။ စောစောက စောင်းတီးရင်း ဒူးတုပ်ထိုင်ရသဖြင့် ညောင်းသောကြောင့် ခြေတွဲလွဲချပြီး အညောင်းဆန့်လျက် ရှိလေသည်။ မျိုးမြင့်က နောက်မှနေ၍ နှစ်ကိုယ်ကြားရုံအသံဖြင့်...

"ဝင်းရေ... ကိုကို့ သူငယ်ချင်းတွေက စုံတွဲဆိုတာ နားထောင်ချင် တယ်တဲ့၊ ဝင်း ဆိုမယ်မဟုတ်လား"

ခင်ဝင်းက တစ်ချက်နောက်လှည့်ကြည့်ပြီး...

"အို... ရှက်စရာကြီး မဆိုချင်ဘူး"

"ဘာလို့ရှက်ရမှာလဲ ဝင်းရဲ့၊ ကဲ ဆိုပါနော်"

ခင်ဝင်း နောက်လှည့်မကြည့်တော့ဘဲ ခေါင်းခါပြီး ခပ်ဆတ်ဆတ် အသံ ဖြင့်...

"အို... ရှက်ပါတယ်ဆို မဆိုနိုင်ဘူး"

လောလောဆယ်အားဖြင့် မျိုးမြင့်၏ စိတ်တွင် ဒေစီအား နှစ်သိမ့်ဖျော် ဖြေရန် ဆန္ဒသာ လွှမ်းမိုးနေလေသည်။ ခင်ဝင်း၏အရှက်ကို မငဲ့ကွက်နိုင်။

"ဝင်းကလဲကွယ် သိပ်ရိုင်းတာပဲ"

ခင်ဝင်းမှာ အသည်းနှလုံးကို အပ်နှင့်ဆွလိုက်သလို ခံစားမိလေသည်။ မျက်စောင်းတစ်ချက် "ဖျတ်" ခနဲထိုးရုံသာ လှည့်ကြည့်ပြီး တခြားတစ်ဘက်ကိုသာ ကြည့်နေလေသည်။ ခြေကလေးဆောင့်လျက် လှုပ်ရှားနေသော ဒေါသကို ပြပြီး မဲ့ကာရွဲ့ကာဖြင့်...

"သူ့ဟာမတွေကို ဆိုမပြတာနဲ့ လူကို ရိုင်းတယ်တဲ့"

မျိုးမြင့်မှာ အောင့်သက်သက်ဖြစ်သွားသည်။ မိန်းမဆိုတာ အူတိုတတ်တာမျိုးချည်းပဲဟု စိတ်ထဲက အပြစ်တင်မိသေးသည်။ စိတ်ပျက်ပျက်နှင့် သူငယ်ချင်းများထံပြန်သွားပြီး။

"မဖြစ်ဘူး မဆိုတတ်ဘူးတဲ့"

တင်လတ်ကတော့ ရိပ်မိသည်။ ထို့ကြောင့် –

"အို... ဟို သူငယ်မလေးကို ဒုက္ခမပေးကြပါနဲ့၊ ဒေစီ အရှိသားပဲ"

ကျော်ဦးက –

"ဟုတ်တယ် ဒေစီလည်း အဆိုကောင်းတာပဲဟာ၊ ကဲ... ဒေစီဆိုရမယ် ကိုမျိုးမြင့်နဲ့ ဒေစီတို့ စုံတွဲဆိုရမယ်"

ဒေစီက အားရပါးရပြုံးလျက် –

"ဆိုချင်ပါတယ်ရှင် ဆိုချင်ပါတယ်၊ ကိုမျိုးမြင့်လို အသံရှင်မျိုးနဲ့ စုံတွဲဆိုချင်လှပါတယ်။ နို့ပေမယ့် ဒေစီရဲ့အသံက စောင်းတို့ ပတ္တလားတို့ထဲ မဝင်ဘူး"

မျိုးမြင့်က ဒေစီအနားကပ်၍ ဆွဲ၍ပင် ထူတော့မည့်ဟန်မျိုးဖြင့်

"အို... ဆင်ခြေတွေပေးမနေပါနဲ့ လာပါ ဆိုမယ်"

တင်လတ်ကလည်း ဒေစီကို တွန်းပြန်သည်။ သို့ရာတွင် ဒေစီက...

"တကယ်ပါ ကျွန်မအသံက စန္ဒရားနဲ့မှဝင်တယ်၊ ကိုမျိုးမြင့်နဲ့သိပ်ပြီး စုံတွဲဆိုချင်တယ်၊ ချိန်းမယ်လေ ကျွန်မတို့အိမ်မှာ စန္ဒရားရှိပါတယ်"

သို့ဖြင့် တွေ့ဆုံ၍ စုံတွဲဆိုရန် ရက်ချိန်းပေးသည်အထိ ရင်းနှီးသွားကြလေသည်။ ဒေစီတို့ပြန်ကြရန် ဖိနပ်ချွတ်မှ လမ်းပေါ်သို့ ထွက်သွားကြသောအခါ မျိုးမြင့်မှာ လွမ်းကျန်ရစ်သောဟန်ဖြင့် တံခါးဝမှာ ရပ်၍ ငေးကြည့်နေလေသည်။ ထိုအချိန်တွင် ခင်ဝင်းသည် သူတို့ဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်မိရာ လွမ်းကျန်ရစ်သော မျိုးမြင့်၏ဖြစ်ပုံကိုမြင်ရပြီး မေးမငေါ့ဘဲ မနေနိုင်တော့ချေ။

သို့ရာတွင် ချက်ချင်း ပြန်လှည့်ပြီး တခြားဘက်သို့သာ ကြည့်နေလေသည်။ သို့ကြည့်ရင်း "လာမယ့်တနင်္ဂနွေနေ့မှာ မမေ့နဲ့နော်" ဟူသော ဒေစီ၏မှာသံ။ "စိတ်ချ ဒီကတော့ မမေ့ဘူး" ဟူသော မျိုးမြင့်၏ အာမခံသံ။ "ကိုမျိုးမြင့်တို့များ တယ်ဟန်ကျတယ် တွေ့ခါရှိသေး၊ ဒေစီက အချိန်းအချက်တွေ ပေးကုန်ပြီ" ဟူသော ကျော်ဦး၏လှောင်သံနှင့် "တော်ပါ နောက်မနေပါနဲ့ ကျွန်မတို့ကို ရှင်တို့လို ကြမ်းပိုးထိုးတတ်တဲ့ လူတွေမှတ်လား" ဟူသော ဒေစီ၏ နော့သံတို့ကို ခင်ဝင်းမှာ လုံးစေ့ပတ်စေ့ ကြားနေရလေသည်။

မျိုးမြင့် ပြန်ဝင်လာသောအခါ ကွပ်ပျစ်ပေါ်တွင် ပတ္တလားတီးသူ၊ တယောထိုးသူနှင့် သီချင်းဆိုသူများ မရှိကြတော့ချေ။ တပိုတပါး ထွက်လာကြလေပြီ။ ခင်ဝင်းကား မျိုးမြင့်အား လှည့်မကြည့်။ မျိုးမြင့်သည် ပတ္တလားရှေ့မှာ ထိုင်ပြီး ခေါက်စမ်းလျက် ခင်ဝင်းအား အသံပြု၏။ သို့ရာတွင် ခင်ဝင်းကား စိတ်ကောက်မြဲ ကောက်လျက် လှည့်မကြည့်။

ထိုခဏ၌ အမယ်လေး... အမယ်လေးနှင့် ခင်ဝင်းအမေ ဒေါ်သိန်း၏ ညည်းညူသံကို ထမင်းစားခန်းထဲမှ ထွက်ပေါ်လာ၏။

မျိုးမြင့်သည် "ဒေါ်ဒေါ်ဘာဖြစ်မှန်း မသိဘူး" ဟုပြောပြီး ပတ္တလားလက်ခတ်များကို ပတ္တလားပေါ်တွင် ပစ်ချထားခဲ့ကာ ဝင်သွားလေ၏။ ခင်ဝင်းလည်း ဖြုန်းခနဲထပြီး လိုက်သွားလေ၏။

ဒေါ်သိန်းကား ကုလားထိုင်မှ အထတွင် ခြေတစ်ဖက်တန်းနေပြီး နာကျင်ခြင်းကြောင့် စုတ်တသပ်သပ် အမယ်လေး တ၊ တတ တရှုံ့ရှုံ့ တမဲ့မဲ့ ဖြစ်နေလေ၏။ လဲမသွားအောင် မျိုးမြင့်၏အဒေါ် ဒေါ်အေးခင်က ဖေးမထားရသည်။

"ဘာဖြစ်တာလဲ ဒေါ်ဒေါ်"

"ဘာဖြစ်တာလဲ မေမေ"

ဒေါ်သိန်းကား ရုတ်တရက် မဖြေနိုင်သေးသဖြင့် ဒေါ်အေးခင်ကဝင်၍

"အိမ်ပြန်မယ်ဆိုပြီး ထလိုက်တော့ နာလွန်းလို့ အော်တာပဲ"

ဒေါ်သိန်းက အနာရှိန်မကုန်သေးဟန်ဖြင့်

"ဘယ်ဘက်ခြေထောက်ဟာ တစ်ခါခါထုံတယ်။ တစ်ခါခါကိုက်တယ်။ ခုထလိုက်တော့ အတင်းထိုးကိုက်တာပဲ။ ခုဆိုရင် ဘယ်ခြေကို လှုပ်မရဘူး"

ခင်ဝင်းက အမေအား သူ့လည်ပင်းဖက်၍ တွဲစေပြီး–

"လာ မေမေ အိမ်ပြန်မယ်"

ဒေါ်အေးခင်က တစ်ဖက်တွဲထားရာ မျိုးမြင့် ဒေါ်အေးခင်နေရာတွင် ဝင်ပြီး...

"ဖယ် ဖယ် ဒေါ်ဒေါ် ကျွန်တော်လိုက်ပို့မယ်"

ဒေါ်သိန်းအား ခင်ဝင်းနှင့် မျိုးမြင့်တို့ တစ်ဖက်စီတွဲ၍ ခေါ်သွားကြလေသည်။

မီးများကား တချို့ငြိမ်းကုန်ကြပြီ။ တချို့ကား လင်းကျန်ရစ်သေး၏။ များသောအားဖြင့် မှိတ်တုတ်မှိတ်တုတ်ဖြင့် ချုပ်ငြိမ်းရန် ဟန်ပြင်နေကြလေပြီ။

လမ်းတွင်တွဲခေါ်ရင်း မျိုးမြင့်က ဒေါ်သိန်းအား...

"ဆိုင်မှာ ထိုင်ရလွန်းလို့ သည်လိုဖြစ်တာ ထင်ပါရဲ့ ဒေါ်ဒေါ်"

"အေးကွယ်... ဟုတ်မယ်ထင်ပါရဲ့"

"အလုပ်ကို လျှော့လုပ်မှပေါ့ ဒေါ်ဒေါ်ရဲ့"

"အလုပ်ကို လျှော့လုပ်ရင် မစားလောက်ဘူး ငါ့တူရဲ့၊ အမေအိုကြီး တာဝန်ကလည်း ရှိသေးတယ်"

"တစ်ခါတစ်ခါ မခင်ဝင်းကို ဆိုင်ထိုင်ခိုင်းပါလား ဒေါ်ဒေါ်"

တစ်ဖက်မှတွဲလာသော ခင်ဝင်းက မျိုးမြင့်ရော အမေပါကြည့်ပြီး...

"ဝင်းကတော့ ထိုင်မယ်လို့ ပြောပါတယ် အစ်ကိုကြီးရဲ့၊ မေမေက ဂုဏ်ငယ်တယ် မထိုင်နဲ့တဲ့"

ဒေါ်သိန်းက ကြေကွဲသံဖြင့်...

"သမီးကို မခိုင်းရက်ပါဘူး... ငါ့သားရယ်"

မျိုးမြင့်က "သား" ဆို၍ ပြုံးမိသည်။ ခင်ဝင်းက အမေ့လက်မောင်း ဆိတ်လိုက်လေသည်။

"မခိုင်းရက်ပါဘူး ငါ့တူရဲ့... ပြီးတော့ ဈေးဆိုင်ဆိုတာ လူပေါင်းစုံ လာနိုင်တဲ့နေရာ"

ခင်ဝင်းတို့အိမ်ရှေ့သို့ ရောက်လာကြသည်။ ၅–ဆင့်သာရှိသော လှေကားကလေးဖြင့် တက်ကြလေသည်။

မျိုးမြင့်နှင့် ခင်ဝင်းတို့သည် ဒေါ်သိန်းအား ယုယစွာ တွဲမှီပြီး အိမ်ရှေ့ခန်းမှာ ထိုင်ပေးကြသည်။

"နည်းနည်းနာတာ သက်သာသွားတယ်။ ဒါပေမဲ့ ထုံနေတယ်။ သာဓု ပါ ငါ့တူရယ် သာဓု ကဲ... ကဲ... သွားတော့... "

"ဝင်း... ဒေါ်ဒေါ့ကို အထဲထိသွင်းနိုင်တယ်နော်"

"သွင်းနိုင်ပါတယ်"

မျိုးမြင့်က လှေကားကလေးမှ အဆင်းတွင် ခင်ဝင်းကနောက်ကလိုက်၍ လှေကားအဆင်း ထိပ်ဝမှာရှိသော ဝင်းတံခါးကို ပိတ်လေသည်။ မျိုးမြင့်က တံခါးအရှေ့မှာ ခဏရပ်ပြီး...

"သွားတော့မယ်နော်"

ခင်ဝင်းက နှုတ်ခမ်းစူပြီး မျက်စောင်းကြီးထိုးလျက်–

"ဘာလဲ မခေါ်ပါနဲ့။ သူကလူကိုများ ရိုင်းတယ်လေး ဘာလေးနဲ့"

"ကဲပါ စိတ်မကောက်တတ်ပဲနဲ့ ကောက်မနေစမ်းပါနဲ့ သွားမယ်နော်"

မျိုးမြင့်သည် ပြောပြောဆိုဆို ခင်ဝင်း၏ ပါးကလေးကိုဆတ်ခနဲ လက်နှင့်တို့ပြီး ထွက်သွားလေသည်။ ခင်ဝင်းကား ပြုံးပြုံးကလေးဖြင့် ကျန်ရစ်ခဲ့၏။ "သူ့ဟာမ"တွေကြောင့် ခိုးလိုးခုလုဖြစ်ရသော စိတ်အစိုင်အခဲသည်လည်း ကြေပျောက်လေပြီ။

❒

# အခန်း (၉)

ဒေါ်သိန်း၏ရောဂါမှာ ခြေတစ်ဖက် သွက်ချာပါဒလိုက်သွားခြင်း ဖြစ်လေ၏။ နောက်တစ်နေ့နံနက် (တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်) တွင် မျိုးမြင့်ရောက်လာပြီး ဆရာဝန်နှင့် ကုသရန် အကြံပေး၏။ ဒေါ်သိန်းက ကြည့်ကြသေးတာပေါ့ဟုဆိုကာ ဆိုင်းထားလေသည်။ ဒေါ်သိန်းက ဖွင့်မပြောသော်လည်း ဆရာဝန်မခေါ်လိုသည်မှာ ငွေကြေးမတတ်နိုင်၍ ဖြစ်လေသည်။ ကသည်းလက်နှိပ်သည်ဆရာ ကောင်းလှပါသည်ဟု ကြာဆန်ကြီးသည် ဒေါ်ပုကဆိုလာသဖြင့် ကသည်းဆရာအား နောက်တစ်နေ့နံနက်၌ ခေါ်၍ အနှိပ်ခံလေသည်။

ကသည်းဆရာကား အသက် ၆၀ ကျော်မျှရှိလေပြီ။

"အကြောတွေ သွေးမှန်အောင်လျှောက်ရင် ပျောက်သွားမှာပဲ။ ဆရာ ၃ ခါထက်ပိုပြီး မနှိပ်ရပါဘူး၊ ပျောက်မှာပဲ စိတ်ချ"

ဒေါ်သိန်းက အံကြိတ်၍ အနှိပ်ခံနေရာမှ မနည်းကြိုးစားပြီး...

"တချို့က ဆရာဝန်နဲ့ ဆေးထိုးမှ ပျောက်မယ်တဲ့ ဆရာရဲ့"

ကသည်းဆရာကြီးက ပေါင်တွင်းကြောတစ်ခုကို လက်ဖျားနှင့် ထောက်၍ ဖိလိုက်ပြီး...

"အလကားပြောတာ၊ ဒူလာပါဒရက်ကို အင်္ဂလိပ်ဆေးက ဘာသိမှာလဲ"

ထိုအတောအတွင်း ခင်ဝင်းသည် အခန်းတွင်းမှ ထွက်လာလေသည်။ ခင်ဝင်းကား သပ်သပ်ရပ်ရပ် ဝတ်ဆင်လျက် ဆံတောက်ကိုလည်း အုပ်လုံးသိမ်းထားလေသည်။ သူ့လက်မှာ ဈေးသေတ္တာ ကလေးတစ်လုံးကို ကိုင်ထား၏။

ခင်ဝင်းက မိခင်၏ဘေးမှာ ထိုင်ရင်း...

"ကျွန်မသွားမယ် မေမေ"

ဒေါ်သိန်းက သမီး၏ကျောကို လက်တစ်ဖက်ဖြင့်သပ်ရင်း...

"အေး... အေး... မေမေကလည်း မကြာခင် လမ်းလျှောက်နိုင်မှာပါပဲ၊ မကြာခင် မေမေ့ဘာသာ ဆိုင်ဖွင့်နိုင်မှာပါကွယ်"

"အို မေမေကလည်း ဒါတွေ တွေးမနေပါနဲ့ဦး၊ ဆိုင်အတွက် သမီးရှိပြီပဲ၊ မေမေ့တာဝန်က ကျန်းမာအောင် လုပ်ရမယ်၊ အားရှိအောင် အစစကြိုးစားရမယ်"

ဒေါ်သိန်းမျက်နှာမှာ ညှိုးလျက်နှင့် မျက်ရည်စို့လာသည်။

"သမီးကလေး၊ မေမေ့သမီးကလေး လုပ်စာကိုစားရမှာ မေမေ..." ရင်ဆို့လာပြီး ရှေ့မဆက်နိုင်ဘဲ နေသည်။ အတန်ကြာမှ "သမီးတို့ အဖေသာရှိရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

ခင်ဝင်းမှာ မျက်ရည်စို့လာလျက်–

"အို... မေမေရယ် ဒါတွေ တွေးမနေပါနဲ့ဆိုနေ"

ခင်ဝင်းမှာ လူ့ဘဝရောက်ပြီး ပထမဆုံးအကြိမ် ဘဝတည်မြဲရေးအတွက် တိုက်ပွဲဝင်ရလေပြီ။ ဝင်ရသောနေရာမှာလည်း နိမ့်ကျသော လမ်းဘေးဈေးသည်ကလေး၏ နေရာဖြစ်၏။ သူ့ဝါသနာ သူ့အရည်အချင်းနှင့် ဆီလျော်အောင် ကဗျာဂီတနေရာမဟုတ်။ မိုးရေထဲမှာ ဥဒေါင်းကို အလှပြခိုင်းသည်နှင့် တူလျက်နေလေပြီ။

"ကျေးဇူးရှင် ဆရာဦးဘချိုရှိရင်လည်း အကောင်းသား... သမီးကလေးဈေးရောင်းရမှာ မဟုတ်ဘူး။ သမီးတတ်တဲ့ စောင်းပညာကလေးနဲ့ အလုပ်တစ်ခုတော့ရမှာပဲ"

"မေမေ ဒါတွေတွေးပြီး ဝမ်းနည်းမနေပါနဲ့၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ စိတ်ထားပြီး အားတင်းပါ မေမေရယ်၊ ကဲ... သမီးသွားမယ်နော်..."

ခင်ဝင်းက ထရန်ဟန်ပြင်သည်။ မိခင်က အင်းအဲ မလိုက်သေးဘဲ သမီးအား စိုက်ကြည့်နေလေသည်။

"သမီးက အုပ်လုံးသိမ်းလိုက်တော့ ကြီးသွားလိုက်တာ ကြည့်လို့လည်းကောင်းတယ်၊ ပိုလည်းလှလာတယ်၊ ကဲ ကဲ သွား"

ခင်ဝင်းက ပြုံးလိုက်သည်။ အပြုံးကြောင့် မျက်လုံးများလင်းသွားရာ မျက်ရည်စအခံကြောင့် ပို၍ပင် ဝင်းသွားလေသည်။

"မေမေ့သမီးပဲ လှမှာပေါ့"

ခင်ဝင်း ထွက်သွားလေသည်။

ကသည်းဆရာကြီးက ဒေါ်သိန်းအား နှစ်သိမ့်စေရန် -

"ဒီလိုပေါ့လေ၊ ဆရာတို့အိမ်နားက စာရေးဆရာကြီး တစ်ယောက်တောင် ကလေးကစားစရာလုပ် ရောင်းစားနေရသေးတာပဲ"

▢

## အခန်း (၁၀)

မျိုးမြင့်သည် ဒေစီသွင်က ချိန်းထားလိုက်သော တနင်္ဂနွေနေ့ကို မလျှော့သော တောင့်တခြင်းဖြင့် စောင့်မျှော်နေခဲ့လေသည်။ အခြားသောအခါများက ခင်ဝင်း၏ စောင်းသံကလေးကိုကြားလျှင် ကျောင်းစာကိုပင်မေ့လျက် စောင်းသံတွင် နစ်မြုပ်နေတတ်၏။ ယခုမူ ခင်ဝင်း၏ စောင်းသံသည်ပင် ဒေစီအားမေ့လျော့စေခြင်းငှာ မစွမ်းပေ။

ချိန်းသောနေ့သို့ရောက်၍ ဒေစီထံမှောက်သို့ ဆိုက်ရောက်လျှင် မျိုးမြင့်မှာ စာမေးပွဲခန်းတွင် ထိုင်ရသလို ချောက်ချားခြင်း အနည်းငယ် ဖြစ်မိသေး၏။ သို့ရာတွင် ဒေစီ၏ ချက်ချက်ချာချာ ပျူပျူငှာငှာ ဆီးကြိုသည့် အမူအရာတို့သည် ဖတ်ထား မှတ်ထားသည်များကို တိုးမိသော စာမေးပွဲပုစ္ဆာများနှင့် တူနေပေရာ ရင်တုန်ချောက်ချားခြင်းတို့သည် ခဏခြင်းပင် ပျောက်ကွယ်သွားလေသည်။

ဒေစီတို့အိမ်မှာ ယူနီဗာစီတီရိပ်သာ အင်းလျားကန် နဖူးပေါ်တွင် အဖူးအပွင့် အရွက် အလက် စည်ကားစွာဖြင့် သာယာလှသော ဥယျာဉ်အလယ်တွင် တင့်တယ်စွာ တည်ရှိပေ၏။ လုံချည်အရောင်လွင်၊ အဆင်လက်ရွေးစင် အင်္ကျီလက်ပြတ် ဖိနပ်ခုံမြင့် စသည်များဖြင့် ခေတ်မီသပ်ရပ်စွာ ဆင်ယင်ထားသော ဒေစီသွင်သည် ထိုဥယျာဉ်တွင် ဒေလီယာပန်းပွင့်ကြီးသဖွယ် လှပထည်ဝါလှပေသည်။

ဒေစီက မျိုးမြင့်အား ပန်းခြံတွင်း မြက်ခင်းပေါ်တွင် ခင်းထားသော ကြိမ်ကုလားထိုင်ပေါ်မှာ ထိုင်စေလေသည်။ သူကမူ မျက်နှာချင်းဆိုင် ကုလားထိုင်ပေါ်မှာ ထိုင်လေသည်။ ဘေးဘက်တွင် နှစ်ယောက်ထိုင် ကြိမ်ထိုင်ခုံကြီးနှင့် အလယ်မှာ ကြိမ်စားပွဲခုံလေးတစ်ခု ရှိလေသည်။

ထိုင်မိလျှင် မျိုးမြင့်သည် ပြောစရာစကား အစရှာမရသေးဘဲ ဟိုဟိုသည်သည် ကြည့်နေလေသည်။ ဒေစီက ဓာတ်ပုံညှပ်ပေါင်း စာအုပ် (အယ်လ်ဘမ်) ကြီးကို လှန်လှောရင်း–

“ကိုမျိုးမြင့် လာမှ လာပါ့မလားလို့”

“ကျွန်တော်ကလည်း ဒေစီ ရှိမှ ရှိပါ့မလားလို့”

“အို… ချိန်းထားတဲ့ဟာပဲ၊ စောင့်နေတာပေါ့”

နှစ်ယောက်သား ပြုံးနေကြသည်။ မျိုးမြင့်သည် ပြောစရာနှစ်သက်ဖွယ် အကောင်းဆုံးဖြစ်သော စကားကို ရှာနေရာ မတွေ့သေးသည်နှင့် ပန်းများကို ကြည့်နေသည်။ ဒေစီကပါ စပြန်သည်။

“ပန်းတွေက မလှဘူးလား”

မျိုးမြင့်တွင် ရုတ်တရက် ကဗျာဉာဏ်ပေါ်လာသည်။

“ပန်းတွေက လှပါတယ်၊ သို့ပေမယ့် ပန်းတကာ့ ပန်းကတော့ ဒေစီပါပဲ”

ဒေစီသည် ထိုစကားကို များစွာ နှစ်သက်သွားသဖြင့် ပြုံးလျက်

“ကျေးဇူးတင်ပါတယ်၊ သို့ပေမယ့် သိပ်မမြှောက်လိုက်ပါနဲ့”

ထိုမှ စမိကြလျှင် ရှေ့အဖို့ လျှောသွက်သွားကြတော့၏။ ကျောင်းက သူငယ်ချင်းများအကြောင်း၊ အိမ်ကလူကြီးမိဘများအကြောင်း၊ ရုပ်ရှင်အကြောင်း၊ စာပေအကြောင်း၊ ဟိုရောက်သည်ရောက် ရောက်သွားကြလေသည်။ စကားမျှင်ပြတ်သွားသောအခါ မျိုးမြင့်က အယ်လ်ဘမ်ကို ညွှန်းလျက်–

“ကြည့်ရမလား၊ လျှို့ဝှက်တဲ့ဓာတ်ပုံ မပါပါဘူးနော်”

“အို… ကြည့်ပါရှင် ကြည့်ပါ၊ ဒေစီမှာ လျှို့ဝှက်တဲ့ဓာတ်ပုံ မရှိပါဘူး”

မျိုးမြင့်သည် နှစ်ယောက်ထိုင် ကြိမ်ကုလားထိုင်ပေါ်သို့ ပြောင်းထိုင်ပြီး အယ်လ်ဘမ်ကို ယူကြည့်လေသည်။ အယ်လ်ဘမ်တွင် ဒေစီ၏ သူငယ်ချင်းများအပြင် ဒေစီကိုယ်တိုင် အသွင်အမျိုးမျိုးနှင့် ရိုက်ထားသော ဓာတ်ပုံများလည်း ပါရှိလေသည်။ ဘောင်းဘီတိုအဖြူ၊ ဖိနပ်အဖြူစသည်တို့နှင့် Tennis ရိုက်နေပုံ၊ Indian Club (ကုလားတင်းဘုတ်)နှင့် ကစားနေပုံ၊ ရေကူးအဝတ်နှင့်ပုံ။

မျိုးမြင့်သည် စကားမပြောနိုင်ဘဲ များစွာစိတ်ဝင်စားစွာ ကြည့်နေလေရာ ဒေစီမှာ ငြီးစီစီပင် ဖြစ်လာလေသည်။ ထို့ကြောင့်–

“ဘယ်ပုံများ သဘောကျနေလို့လဲ၊ ဒီကိုလည်း လှည့်စကားပြောဖို့တောင် မေ့နေပြီ ထင်ပါရဲ့”

မျိုးမြင့်ကား အိုးမလုံ အုံပွင့်သလို နောက်ပြောင်သော အပြုံးဖြင့်ပြုံး၍ ဘာမှမဖြေဘဲ နေလေသည်။ ဒေစီသည် မျိုးမြင့်၏ဘေးမှာ လာရပ်ပြီး–

“ပြစမ်း ပြစမ်း၊ ဘယ်ပုံများ သည်လောက် သဘောကျနေသလဲ” ဟု ပြောရင်း ယှဉ်၍ထိုင်ချလိုက်လေသည်။

မျိုးမြင့်က ရေကူးဝတ်စုံနှင့် ဒေစီ၏ပုံကို ဖွင့်ပြလိုက်သည်။ ဒေစီကား ရယ်ရယ်မောမောနှင့်ပင်။

“ဟင်...၊ တော်တော်နောက်နော်၊ ဒေစီကတော့ ဟောဒီ Indian Club နဲ့ပုံကို အကြိုက်ဆုံးပဲ၊ ဟဲ... ဟဲ”

မျိုးမြင့်ကလည်း ရယ်လျက်

“ဟဲ... ဟဲ၊ တင်းပုတ်နဲ့ ထုမယ်ဆိုတဲ့ သဘောပေါ့၊ ဟား... ဟား”

နှစ်ယောက်သား ရယ်ကြသည်။ ထိုအတွင်း စားပွဲထိုးတစ်ယောက်က လိမ္မော်ရည်၊ ကိတ်မုန့် စသည်တို့ကို လာချသည်။ မျိုးမြင့်သည် လိမ္မော်ရည် သောက်ရင်းမှ လာခဲ့ရင်းကိစ္စကို သတိရတော့သည်။

“စန္ဒရားက ဘယ်မလဲ”

“စန္ဒရားက အသာထားပါဦး၊ ဒီကနေ့ ဆိုရမှာဘာလဲ၊ သတိရရဲ့လား”

“စုံတွဲသီချင်းလေ၊ အဲဒါဘာဖြစ်လို့လဲ”

“ဘာစုံတွဲဆိုမလဲ၊ စုံတွဲဆိုတော့ ကိုမျိုးမြင့်ရော ဒေစီရော ဆိုရမယ်၊ တီးသူတစ်ယောက် သတ်သတ်ရှိရမယ်၊ ဒါကော စဉ်းစားထားရဲ့လား”

“အို... ဟုတ်သားပဲ မစဉ်းစားမိဘူး၊ ဒေစီက စဉ်းစားမိရင် တစ်ယောက် ယောက် ချိန်းထားရောပေါ့”

ဒေစီက ကလိဆွလှောင်ပြောင်သော ပြုံးခြင်းဖြင့်ပြုံးပြီး...

“ချိန်းထားရင် စုံတွဲ တကယ်ဆိုနေရမှာပေါ့”

မျိုးမြင့်က မခံချိ မခံသာဖြစ်လာပြီး–

“ဒါဖြင့် မဆိုချင်လို့ တမင်လုပ်တာပေါ့နော်”

ဒေစီက မျိုးမြင့်အား ချော့မော့သွေးဆောင်ဟန်ဖြင့်...

“ဒီလိုလုပ်ပါလေ၊ ကိုမျိုးမြင့်ကဆို ဒေစီက စန္ဒရားတီးမယ် ဟုတ်လား၊ ဒါလည်း စုံတွဲပေါ့”

မျိုးမြင့်က ဘာမျှမဖြေပေ။ မကြိုက်ဟန်ပြ၍သာ နေလိုက်သည်။

ဒေစီက တောင်းပန်ပြန်သည်။

"ကဲပါ ဒေစီ့ကို စိတ်မကောက်ပါနဲ့၊ လာ... လာ စန္ဒရားက အိမ်ထဲမှာ"

သို့ဖြင့် သူတို့နှစ်ယောက်သည် စန္ဒရားရှေ့သို့ ရောက်သွားကြပြီး တီးဆို၍ အကောင်းဆုံးဖြစ်မည့် သီချင်းကို ရွေးချယ်ကြသည်။ စန္ဒရားသည် စောင်းနှင့်မတူ၊ ဒေစီသည်လည်း ခင်ဝင်းနှင့် မတူ၊ ဒေစီက ကာလပေါ် သီချင်းနှင့် တီးလုံးများတွင် ပို၍မွေ့လျော်သည်။ မျိုးမြင့်မှာမူ စောင်းဖြစ်ဖြစ်၊ စန္ဒရားဖြစ်ဖြစ်၊ သီချင်းကြီးဖြစ်ဖြစ်၊ ကာလပေါ်ဖြစ်ဖြစ် ကြိုက်သည်ချည်းဖြစ်၏။ ထိုမျှ မကသေး။ စောင်းနားနီးလျှင် စောင်းက သည့်ပြင်ဟာထက် ပို၍ကောင်းသလို ထင်မိ၍ စန္ဒရားနားနီးလျှင် စန္ဒရားက သည့်ပြင်ဟာထက် ပို၍ကောင်းသလိုလို အထင်ရှိတတ်လေသည်။ သီချင်းတစ်ပုဒ်ပြီးသောအခါ တီးသူကလည်း တီး၍ ကောင်းကောင်းရှိပြီး ဆိုသူကလည်း ဆို၍ကောင်းကောင်း ရှိသည်နှင့် တစ်ပုဒ်ဆက်ကောက်ကြပြန်လေသည်။ ဒုတိယတစ်ပုဒ်ပြီးသောအခါ ဒေစီက လက်ချောင်းကလေးများကို စန္ဒရားသော့များပေါ်မှ မရုတ်သိမ်းသေးဘဲ မျိုးမြင့်အား သမင်လည်ပြန် အားရပါးရလှည့်ရင်း...

"ကိုမျိုးမြင့်ဆိုတာဟာ သိပ်ကောင်းတာပဲ၊ ဘယ်သူနဲ့မှ မတူဘူး"

မျိုးမြင့်သည် နှစ်သိမ့်ခြင်းဖြင့် ယစ်သွားပြီး ဘာကိုပြန်ပြောရမည် မသိအောင် ဖြစ်သွားလေသည်။

"တကယ်ပြောတာပါ၊ ကိုမြင့်ရဲ့ အသံဟာ စိတ်ကိုဆွဲမွေ့လိုက်သလို လှုပ်ရှားစေတယ်။ ဆိုဟန်ကတော့ လူတစ်ဖက်သားကို ဖမ်းစားထားသလိုပဲ"

မျိုးမြင့်သည် ယခုတိုင် ဘာမျှပြန်မပြောနိုင်၊ တပ်မက်မူးဝေသော မျက်လုံးများဖြင့် ဒေစီသွင်၏ တစ်ကိုယ်လုံးကို သိမ်းကျုံး၍သာ ကြည့်နေမိသည်။ မိမိဘက်သို့ သမင်လည်ပြန်ကြည့်နေသော ဒေစီသွင်၏ မျက်နှာအလှကား မီးရောင်တွင် တဖျတ်ဖျတ်တောက်နေသော စိန်လို တောက်ပသောအလှဖြစ်၏။ စန္ဒရားသော့များပေါ်သို့ သွယ်ပျောင်းစွာ ကျဆင်းနေသော လက်မောင်းများ၊ လက်မောင်းများအောက်မှ မော့တက်ပြီး အိဆင်းသွားသော ပြည့်ဖြိုးသည့် ရင်သားများနှင့် နွဲ့နှောင်းကြော့ရှင်းသည့် ခါးတို့သည် တမင်အလှပြသလို ဖြစ်နေပေ၏။ ဒေစီ၏စကားများကလည်း ချိုမြိန်လှပေသည်။

မျိုးမြင့်က သို့ကလို တပ်မက်စွာ စိုက်ကြည့်နေခြင်းကြောင့် ဒေစီမှာ ရှက်သွေးကလေးဖြန်းလာပြီး ကျောစိမ့်သလိုလို ခံစားမိလေသည်။

"ဘာစိုက်ကြည့်နေတာလဲ ကိုမျိုးမြင့်ရဲ့"

သည်တော့မှ မျိုးမြင့် ရုတ်တရက် ဉာဏ်ပေါ်တော့သည်။

"ဒေစီရဲ့ ရွှေလိုဝင်းနေတဲ့ လက်ချောင်းကလေးတွေက ဆင်စွယ်လိုဖြူဆွတ်နေတဲ့ စန္ဒရားသော့ကလေးတွေကို ကစားပေးလိုက်တယ်။ ကစားပေးလိုက်တယ်ဆိုရင်ပဲ ကိုမြင့်ရင်တွင်းက ဂီတဟာလည်း မြူးထလာတာပဲ၊ ကိုမြင့်အသံနဲ့ ကိုယ်ဟန်တွေဟာ ဒေစီရဲ့စန္ဒရားသံနဲ့ တီးဟန်တွေကို ပဲ့တင်ထပ်တာပဲဖြစ်မယ်၊ ဒီတော့ အထူးချီးကျူးဖို့ မလိုပါဘူး"

ဒေစီက မျိုးမြင့်၏ စကားကလေးများကို နှစ်သက်လှသဖြင့် အပြုံးကလေးနှင့် ထောက်ခံမိလေသည်။ ပြီးတော့...

"ကိုမြင့်ကိုယ်တိုင် သီချင်းတစ်ပုဒ်လောက်ရေးပါလား"

"ရေးနိုင်ဖို့ လေ့ကျင့်နေတယ်"

"စုံတွဲဆိုရအောင် တစ်ပုဒ်ရေးပါလားနော် ဟဲ...ဟဲ"

"ဆိုရမယ်နော် ကေတိကာတိနဲ့ ရှောင်မနေရဘူး"

"ကိုမြင့်ရေးရင် ဆိုမှာပေါ့"

သို့ဖြင့် တစ်ယောက်ကတီးပြီး တစ်ယောက်ကဆိုရုံမက တစ်ယောက်ကရေးပြီး တစ်ယောက်ကဆိုသောအခြေသို့ ရောက်ခဲ့သည်။ ထိုမျှမကသေး၊ မောင်မယ်စုံ နှစ်ယောက်တွဲ ဆိုကြမည့်အဖြစ်သို့ ရောက်ကြလေသည်။ အထေ့ အညုအနွဲ့ အခရာ၊ ချစ်ရိပ်ချစ်ငွေ့ဝယ် နှစ်မြုပ် ကြည်နူးနေကြလေသည်။ တစ်ယောက်က "တစ်ပွင့်တည်းထူးလှတဲ့ နှင်းဆီပန်းကလေး"ဟု ချီးကျူးလျှင် ကျန်တစ်ယောက်က "သို့ပေမယ့်... ဒီနှင်းဆီပန်းကလေးဟာ တစ်ပင်တိုင်တစ်ကိုယ်တည်းမို့ ငြီးစီစီ ကြောင်တက်တက်နှင့် အနေခက်ရှာမှာပဲ" ဟု ဆိုလိုက်လေသည်။ ၎င်းနောက် သူတို့သည် စုံတွဲယှဉ်ဖက် နှစ်သက်စရာကောင်းသော နှင်းဆီနှစ်ပွင့်အကြောင်းသို့ ရောက်သွားကြလေသည်။

ရွှေလည်တိုင် ကြော့ကြော့နှင့် မျက်နှာကို မော့ကြည့်ပါဦး၊ ငှက်ကလေးနှစ်ကောင် လည်ချင်းယှက်နေကြသည်။ နှုတ်သီးချင်း တေ့ဆိုင်၍ အချစ်ပြိုင်နေကြသည်" ဟု မောင်က မယ်အားညွှန်ပြလျှင် မယ်က "အို အို မောင်ရယ်... မျက်နှာကွယ်ပြီး ရှောင်နေမှဖြစ်မယ်" ဟု အမူအရာပို၍ ပြလေသည်။ ထိုအခါ မောင်က "မျက်နှာလွှဲမနေပါနဲ့ကွယ်၊ ငှက်ဖြစ်ရင် တစ်ကိုင်းတည်း နားရပါစေလို့သာ ဆုတောင်းကြစို့ရဲ့..." ဟု ကျီစယ်လိုက်လေသည်။

မျိုးမြင့်နှင့် ဒေစီတို့၏ အဖွဲ့အနွဲ့ အဆိုအတီးတို့မှာ... ကောင်းကင်

အပြာကို ကိုယ်ဝတ်ပြု၏။ လနှင့် ကြယ်တို့ကို ဘယက်ဆွဲ၏။ ၄င်းနောက် ပန်းဥယျာဉ်ထဲမှာ ဝက်ပါလှည့်ကာ လိပ်ပြာကလေးများနှင့် ကစား၍သာနေလေသည်။ ချွေး၊ သွေး တစ်လှည့်စီ ယိုစီးလျက် ဖုန်အလိမ်းလိမ်းကပ်သော လူသားနှင့်ကား လုံးဝကင်းသတည်း။

❐

# အခန်း (၁၁)

ခင်ဝင်း ဆိုင်ထိုင်သည်မှာ အတော်ကြာပြီဖြစ်၍ ကျင့်သားရပြီဟု ဆိုနိုင်လေသည်။ ဆိုင်ထိုင်စကမူ မျက်နှာပင် မထားတတ်ချေ။ ဈေးကလည်း ပိုမပြောတတ်သဖြင့် အဆစ်သန်သူတို့နှင့် အဆီအငေါ်မတည့် ဖြစ်တတ်သည်။ ဆိုင်ရှေ့လာရပ်၍ ဝယ်စရာရှာကြည့်နေသူကိုပင် ခေါ်ငင်ရောင်းချရန် နှုတ်လေးနေတတ်၏။ ယခုမူကား ဈေးသည်အမူအရာ ပျူငှာ ချိုပြုံးစွာ မျက်နှာထားတတ်လေပြီ။ ဈေးကိုပိုပြော၍ အထူးအခွင့်အရေးအနေနှင့် လျှော့ပေးလိုက်ရဟန်ဆောင်တတ်လေပြီ။ ဆိုင်ဘက်လှည့်ကြည့်ရင်း ရှေ့ကဖြတ်သွားသူကိုပင် ဘာကလေးဝယ်သွားပါဦးလား ဘာကဖြင့် ဘယ်လိုကောင်းသည် စသည်ဖြင့် ခေါ်ငင်ရောင်းချရဲလေပြီ။

သို့ရာတွင် ခင်ဝင်းတို့ဆိုင်ကား ကုန်သစ်ဝယ်၍ မတင်နိုင်သဖြင့် ခါတိုင်းလို ကုန်မစွံတော့ချေ။

တစ်နေ့တွင် ဒေါ်တင်ဆိုသော မိန်းမကြီးတစ်ယောက်သည် ခင်ဝင်းရှေ့သို့ လာရပ်၏။ ဒေါ်တင်မှာ အနီးအနားဌ ကွမ်းယာ ဆေးလိပ် နာနတ်သီးစိတ် ဖယောင်းတိုင် စသည်များကို လက်သင့်သလို ရောင်းတတ်သဖြင့် ခင်ဝင်းက သိနေ၏။ သို့ရာတွင် အကျွမ်းတဝင် သိသည်ကား မဟုတ်ပေ။ ၎င်းအပြင် ဒေါ်တင်သည် တမင်သက်သက် လာရောက်လေ့လည်း မရှိ။

"အော်... ဒေါ်တင် ဘာကိစ္စများလဲရှင်"

ဒေါ်တင်က ရင်းနှီးကျွမ်းဝင်ဟန်ဖြင့် ပြုံးလျက်...

"အို တူမကြီးကလည်း ကိစ္စရှိမှ လာရမှာလား"

"ဒီလို မဆိုလိုပါဘူး ဒေါ်တင်ရယ်"

"တူမကြီးအမေ မသက်သာသေးဘူးလား"

"မသက်သာသေးဘူးရှင့်"

"အေးလေ ဘာမှအားမငယ်နဲ့နော် တို့တတ်နိုင်တဲ့ အကူအညီများရှိရင် တို့ကိုပြော"

သို့ကလိုပြောပြီး ဒေါ်တင် ထွက်သွားလေ၏။ ခင်ဝင်း၏စိတ်တွင် ဒေါ်တင်လာချက်ထူးသလိုလို ထင်မိ၏။ ဘာကြောင့် ဒီနေ့မှာ အကူအညီလိုရင် တို့ကိုပြောလို့ ဆိုလာပါလိမ့်။

ဒေါ်တင်ကား ခင်ဝင်းတို့၏ ဆင်းရဲနွမ်းပါးသော အခြေအနေကို ကောင်းစွာသိသည်။ ဆင်းရဲနွမ်းပါးသော မိန်းကလေးများအား ငွေရှင်ကြေးရှင်များထံ မှောက် အရောက်သွေးဆောင်ပြီး အောင်သွယ်ခ ယူလေ့ရှိပေသည်။ သို့ရာတွင် ခင်ဝင်းကမူ ဒေါ်တင်အား သူ့လိုကိုယ့်လို ဘဝတူချေးသည်အဖြစ်ဖြင့်သာ သိနေသည်။

ဒေါ်တင် ထွက်သွား၍ မကြာမီ မျိုးမြင့်ရောက်လာပြန်လေသည်။ သူသည် သက္ကလတ်အပေါ်အင်္ကျီ ပိုးလုံချည်တို့ဖြင့် သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသည်။ လက်ထဲကအထုပ်ကို ခင်ဝင်းအား လှမ်းပေးရင်း–

"အဲဒါ... ဒေါ်ဒေါ်အတွက် ဆေးတွေ...၊ ပုလင်း အငယ်ကလေးက လိမ်းဆေး။ တစ်နေ့သုံးခါ၊ ပေါင်ရော ခြေသလုံးရော လိမ်းရမယ်၊ လိမ်းပြီး အဝတ်နဲ့ပတ်၊ အပေါ်က ရေနွေးပုလင်းနဲ့ဖိပေး။ အဲဒီပုလင်းကြီးက ညအိပ်ရာဝင်မှာ သောက်ရမယ်။ ဆေးထိုးဖို့ကတော့ ကိုကို့သူငယ်ချင်း ဆေးကျောင်းသားတစ်ယောက်ကို ပြောထားတယ်။ ဒါမှ ဆေးထိုးခမပေးရမှာ ဝင်းရဲ့"

ခင်ဝင်းက ကျေနပ်အားရစွာဖြင့် ဆေးပုလင်းတွေကို ကြည့်လိုက်၊ မျိုးမြင့်ကိုကြည့်လိုက်နှင့် လုပ်နေသည်။

"ပြစမ်း၊ ဘာတွေ ဖတ်နေသလဲ"

ခင်ဝင်းက ဒဂုန်မဂ္ဂဇင်းကို လှမ်းပေးရင်း–

"ဒဂုန်ပဲ၊ ဒီထဲက ဟိတောပဒေသခန်း ဖတ်နေတယ်"

မျိုးမြင့်က အံ့သြဟန်ဖြင့်...

"အို... ဟိတောပဒေသ မပျင်းဘူးလား"

မေးပြီး စာကလေးတစ်စောင်ကို မဂ္ဂဇင်းကြားမှာ ညှပ်လိုက်သည်။ ၎င်းနောက် ဝမ်းနည်းသောမျက်နှာဖြင့်–

"ဟောဒီစာကလေးကို ခေါင်းအေးအေးထားပြီး ဖတ်စမ်းပါနော်၊ ပြီးတော့ ပြန်စာကလေး တစ်စောင်ရေးပြီး ခါတိုင်းထားနေကျ နေရာမှာထား။ ဝင်းဆိုင် ည ၈ နာရီလောက် ပိတ်မယ်မဟုတ်လား"

ခင်ဝင်းမှာ အနည်းငယ် ချောက်ချားသွားသည်။ ခေါင်းအေးအေးထားပြီး ဖတ်ရမယ့်စာ ဆိုပါကလား။

"ဟုတ်ကဲ့၊ ခုတလော စောစောပိတ်တယ်"

"ဒါဖြင့်… ည ၉ နာရီခွဲ စာဆင်းယူမယ်၊ ဟိုနေရာမှာထားလိုက်နော်၊ သြော် ဝင်း ဆိုင်ထိုင်ရကတည်းက စောင်းသံကလေး မကြားရသလောက် ဖြစ်နေပြီ"

ခင်ဝင်းက ညှိုးငယ်စွာ…

"တစ်နေကုန် တစ်နေခန်း ဆိုင်ထိုင်ရတော့ စောင်းဆီကို စိတ်သာရောက် ပြီး လူမရောက်ဘူး ကိုကိုမြင့်ရဲ့၊ လေးရက်တစ်ကြိမ် ငါးရက်တစ်ကြိမ် ဆိုသလိုသာ တီးနိုင်တော့တယ်၊ ဒါလည်း ခဏကလေးပါပဲ၊ ဆိုင်က အချိန်နှိုးပြီး ကြိုးစားတီးရတာ"

မျိုးမြင့်သည် မှိုင်တွေချပြီး ထွက်သွားလေသည်။ ခင်ဝင်းမှာ စာကိုဖတ် ကျန်ရစ်ခဲ့လေသည်။

အချစ်ကလေးဝင်း

ကိုကိုနှင့်ဝင်း အသက်ပေးပြီး ချစ်လာခဲ့ကြသည်မှာ ကြာပြီ၊ အချစ်ဆို တာဟာ စိတ်ကို အအားမထားဘဲ သည့်ပြင်ကိစ္စတွေမှာ အာရုံသွင်းလို့မရအောင် ဆွဲယူလေ့ရှိတယ်၊ ဒါ့ကြောင့် ကိုကို့မှာ အခက်အခဲတစ်ခုတွေ့ရပြီး စာမေးပွဲနီး လာသော်လည်း စာမကျက်နိုင်ဘူး။ သည်တော့ ကိုကို့အချစ်ကို ခဏ ရပ်ဆိုင်း ထားချင်တယ်။ ရပ်ဆိုင်းထားတဲ့ အတောအတွင်းမှာ မောင်နှမလိုသာ သဘော ထား၊ မောင်နှမလိုသာ ဆက်ဆံချင်တယ်။ ဝင်းရဲ့သဘောထား ဘယ်လိုရှိတယ် ဆိုတာကို သိပါရစေ။ မလွဲသာလို့သာ ရေးရတယ်။ ဝင်းကလေး အထင်လွဲမှာ စိုးရိမ်တယ်။ စာဆက်ဆက်ပြန်နော်။

"ကိုကိုမြင့်"

လမ်းပေါ်မှာ ဖြတ်သန်းသွားလာနေကြသော ဆိုက်ကား ဟွန်းသံများ တဝီဝီမြည်လျက်ရှိ၏။ တောင်ဘက်နားဆီမှာ ဆီပိတ်နေသော လက်ရုံးဘတ်စ် ကားကြီးကို စက်နှိုးလျက်ရှိရာ ဆူညံသောအသံဖြစ်ပေါ်နေလေ၏။ ခင်ဝင်းသည်

ယင်းသို့ဆူညံသော အသံများကို ကြားဟန်မတူ။ စာကိုဖတ်ရင်း မျိုးမြင့်ကိုယ်တိုင် ပြောနေဟန်အသံကိုပင် ကြားယောင်နေလေသည်။ ခဏရပ်ဆိုင်းသည် ဆိုပေမယ့် ရင်မဖိုဘဲ မနေနိုင်ပေ။

ထိုအခိုက် အသက် ၃၅ နှစ်မျှ ပိန်ပိန်ရှည်ရှည် လူတစ်ယောက် ရောက်လာလေသည်။ ၎င်းမှာ ရုပ်အသွင်အပြင် ရိုးသားရုံမက အဝတ်အဆင်မှာလည်း ရိုးသားသည်။ လက်ရှည်ကိုချလျက် သပ်ရပ်စွာ ကြယ်သီးတပ်ထားသည်။ သားရေကြိုးတပ် ညှပ်ဖိနပ်ကို စီးထားသည်။ ဗိုလ်ကေကိုမခွဲဘဲ နောက်လှန်၍ဖြီးထား၏။ သူသည် စမ်းချောင်း ဆီဆုံလမ်းမှာနေပြီး ကျောက်သွေးခုံတစ်ခုံပိုင်၍ ကိုယ်တိုင်ပင် ကျောက်သွေးသော ကိုပြုံးချိုဖြစ်လေသည်။ အခါကောင်းတုန်းက တစ်နေ့ ၁၅ ကျပ် ၂၀ ပင် စီဖူးလေသည်။ သို့ရာတွင် ပုံမှန်ရသော အလုပ်မဟုတ်ပေ။

ခင်ဝင်းကား ကိုပြုံးချိုရောက်နေသည်ကို သတိမထားမိချေ။ ထို့ကြောင့် ကိုပြုံးချိုက "အဟမ်း" ခနဲ အသံပေးလိုက်လေ၏။

ခင်ဝင်းမှာ လန့်တန့်တန့် အမ်းတမ်းတမ်း ဖြစ်သွားပြီး–

"ဘာလိုချင်ပါသလဲရှင်"

"အဲဟို ပေါင်ဒါဘူးအဖြူ"

ခင်ဝင်းသည် အတန်ကြာငေးတွေနေပြီးမှ လတ်ကက်စ်ဆပ်ပြာကို ယူပေးလိုက်မိလေသည်။

"ကျုပ်လိုချင်တာက ပေါင်ဒါဘူး သူငယ်မရဲ့"

ခင်ဝင်းသည် မျက်နှာကလေး နီမြန်းသွားသည့်တိုင်အောင် ရှက်သွေးတက်မိလေ၏။ ပေါင်ဒါဘူး ယူပေးရင်း–

"စိတ်မရှိပါနဲ့ရှင်၊ ကျွန်မမှာ စိတ်ရှုပ်စရာကောင်းတဲ့ ကိစ္စတစ်ခု တွေ့နေလို့ပါ"

ကိုပြုံးချိုသည် ကဲ့ရဲ့ပြစ်တင်ခြင်း လုံးဝမပြု၊ ပြုံးလည်းမပြုံး၊ မဲ့လည်းမမဲ့၊ စာတစ်စောင် ညှပ်ထည့်ထားသော ငါးကျပ်တန် စက္ကူတစ်ရွက်ကို ကတိုက်ကရိုက်ထုတ်ပေးပြီး ကတိုက်ကရိုက် ထွက်သွားလေသည်။

ခင်ဝင်းမှာ ခပ်ကြောင်ကြောင်ဖြစ်သွားပြီး–

"အို... ရှင် ဦးလေးကြီး ပိုက်ဆံအကြွေ ယူသွားပါဦး"ဟု ဆိုလေသည်၊ ကိုပြုံးချိုသည် မျက်နှာမထားတတ်ဟန်ဖြင့် အနည်းငယ်လှည့်ပြီး၊ ပြောပြောဆိုဆို ထွက်သွားလေ၏။

"ပိုက်ဆံအကြွေမယူတော့ဘူး၊ အဲဒီစာကလေးကိုသာ ဖတ်ကြည့်ရစ်ပါ"
ခင်ဝင်းကား စာကလေးကို ယူကြည့်သည်။
ဤသို့တွေ့လိမ့်မည်ဟု မမျှော်လင့်။

မခင်ဝင်း

သည်ဆိုင်မှာ ထိုင်ကတည်းက အသေအချာမြင်ရပြီး ကျွန်တော် မခင်ဝင်းအား ချစ်နေပါသည်။ ကျွန်တော့်မှာ ဆီဆုံလမ်းက ကျောက်သွေးခုံထောင်ထားသူ ကိုပြုံးချို ဖြစ်ပါသည်။ ကိုယ်တိုင်လည်း ကျောက်သွေးပါသည်။ မခင်ဝင်း၏ အမေ သိပါသည်။ မခင်ဝင်းက ချစ်မည်ဆိုပါက မကြာခင် လက်ထပ်ယူလိုပါသည်။

"ပြုံးချို"

ခင်ဝင်းသည် စာကိုဖတ်ပြီး ပြုံးလည်းမပြုံး မဲ့လည်းမမဲ့၊ လူရိုးတစ်ယောက်က ဤသို့ ပိုးပန်းလာခြင်းအတွက် သြော် သူ့ခမျာ သဘောရိုးနှင့် လာပေးတာပဲဟုလည်း သက်ညှာစွာ မစဉ်းစား၊ အရေးထဲရှုပ်ရန်ကောဟုလည်း မငြူစူချေ။ အမှန်အားဖြင့် ထိုခဏတွင် သူ့စိတ်သည် ရေပေါ်မှာ စည်းတားသော်လည်း အစင်းမထင်နိုင်သကဲ့သို့ ဖြစ်နေလေသည်။

ခင်ဝင်းနှင့် မျိုးမြင့်တို့၏ စာပေးစာယူ အဆက်အသွယ်လုပ်ပုံမှာ နည်းအမျိုးမျိုး ဖြစ်လေသည်။ တစ်ခါတစ်ရံ စာရွက်ကြား မူးစေထည့်၍ ဟိုအိမ်နှင့် သည်အိမ် ပစ်ပို့ကြသည်။ တစ်ခါတစ်ရံ စာကိုစာအုပ်ကြားညှပ်ပြီး စာအုပ်အငှားအယူ လုပ်ကြသည်။ နောက်ဆုံး အသုံးပြုသောနည်းမှာ နှစ်ယောက်သိထားသော ဝင်းထရံရှိ ဝါးခေါင်းထဲ စာထည့်ထားခြင်း ဖြစ်ပေ၏။

အချိန်းအချက်ပြုသည့်အတိုင်း မျိုးမြင့်သည် ၉–နာရီခွဲတွင် ခင်ဝင်း၏စာကို ဆင်းယူလေသည်။

မျိုးမြင့်သည် ခင်ဝင်းက သူပြုသည့်အကြောင်းကို ဆင်ခြေမတက်ဘဲ သဘောတူမှ တူပါမည်လော ဟူသော ကြောင့်ကြမှုဖြင့် ရင်လေးနေခဲ့ရသည်။ သို့သော် ခင်ဝင်းစာကို ဖတ်ရသောအခါ ရင်ပေါ့သွားသည်။

"စာမေးပွဲနီးလို့ စာဖတ်ဖို့ အာရုံမပြန့်အောင်လုပ်ရန် အလွန်လိုပါတယ်၊ ဒါကြောင့် ကိုကိုမြင့်နှင့် ဝင်းတို့အချစ်ကို ခဏရပ်ဆိုင်းထားမယ်ဆိုတာ ဝင်းလုံးဝ သဘောတူပါတယ်"

စာဖတ်ရင်း မျိုးမြင့်၏မျက်နှာတွင် ပြုံးယောင်ကလေးပင် ပေါ်လာလေသည်။ သည်မျှပင်မကသေး...

"ဘာမှလည်း အထင်မလွဲပါဘူး၊ ပြီးတော့ ဝင်းကို စိတ်မချမရှိပါနှင့် ကိုကိုမြင့်က စောင့်ဦးဆိုရင် စောင့်မယ်၊ သေဆိုရင်သေမယ်။ ထားရာက နေမယ့် ဝင်းပါနော်..."

သို့ကလို ဖတ်လိုက်ရသောအခါ မျိုးမြင့်သည် အသံတိုးတိုး ထွက်၍ "လိမ္မာလိုက်တဲ့ ဝင်း..." ဟုပင် ခေါ်မိသည်။ ခင်ဝင်းအပေါ် သနားလာကာ ရင်ဖိုဆို့တက်၍ လာလေသည်။

သနားရင်ဖိုဆို့တက်ပြီးသည်၏ နောက်ခဏတွင် အားတင်းလိုက်ပြန်သည်။ စာမေးပွဲကလည်း တကယ်နီးကပ်လာသည်။ ချစ်ရေးကြိုက်ရေး ကိစ္စတွေ ပွေလာပြီး စာမှာအာရုံ ဂရုမစိုက်နိုင်သည်မှာလည်း တကယ်ပင် ဖြစ်သည်။ ထို့ကြောင့် ချစ်ရေးကြိုက်ရေး ကိစ္စတွေ ခဏရပ်ဆိုင်းထားမှ ဖြစ်မည်။ နောက်ဆံငင်ဖို့မလို။

သို့ရာတွင် ဤဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာ၌ ခင်ဝင်းနှင့် ပတ်သက်၍သာ ခိုင်မာသည်။ အောင်မြင်သည်။ ဒေစီသွင်နှင့် ပတ်သက်လျှင်ကား ဆုံးဖြတ်ချက်မှာ မီးနှင့်တွေ့သော ဖယောင်းလို အရည်ပျော်သွားလေသည်။ သို့ကလို အရည်ပျော်သွားရာတွင် သူသည် မီးနှင့်တွေ့ခြင်းတွင်လည်း အပြစ်မမြင်။ သူ့ကိုယ်သူလည်း ဖယောင်းဖြစ်ရခြင်းအတွက် သစ္စာဖောက်ဟု အပြစ်မတင်၊ ဒေစီက စန္ဒရားတီး၍ သူကဆိုလေသည်။ မဆိုဘဲနေအံ့လော၊ စန္ဒရားသံသည် ခေတ်မီသောအသံ ဖြစ်သည်။ စောင်းသံကို မပစ်ပယ်လိုသော်လည်း ခေတ်မီဆန်းသစ်သော စန္ဒရားသံမပါလျှင် ပြီးပြည့်စုံသော ဂီတ မဖြစ်နိုင်ချေ။ ထို့ကြောင့် ဒေစီ၏ စန္ဒရားသံကို သူ့အသံဖြင့် ပံ့တင်ခတ်ပေးရမည်။ ကောလိပ်ကျောင်းသား သူငယ်ချင်းများက တီးမှုတ်ကြလျှင် ဒေစီနှင့်သူက စုံတွဲသီချင်းဆိုကြမည်။ စုံတွဲမဆိုဘဲ နေအံ့လော၊ ကိုယ့်အသံ ကိုယ်အဆိုဖြင့် ဖြည့်စွက်ပေးရမည်သာ။ အချင်းချင်း ကျောင်းသားတို့၏ တောင်းဆိုချက်ကို ဖြည့်စွက်ရမည်သာ။

သည်မျှသာ မကသေး။

ဒေစီနှင့် နှစ်ယောက်တည်း တင်းနစ်စ်ရိုက် ကစားကြသေးသည်။ အင်းလျားထဲမှာ လှေအတူ စီးကြသည်။ အင်းလျားကန်ရိုးပေါ်မှာ ယှဉ်တွဲလမ်းလျှောက်ကြသေးသည်။ သို့မှ အညောင်းပြေမည်။ ကျန်းမာမည် မဟုတ်ပါ

လော။ ခင်ဝင်းကလေးကဆိုလျှင် တင်းနစ်စ်ရိုက်ဖို့မပြောနှင့် လမ်းလျှောက်ဖို့တောင် ခေါ်လို့မှုမရခဲ့။ လမ်းတွဲလျှောက်မည်ဆိုလျှင် အိမ်က ဦးလေးကအစ တစ်ရပ်ကွက်လုံးက တောင်ပြော မြောက်ပြော ပြောကြပေလိမ့်။ ဒေစီနှင့်မူ အင်းလျားကန်ရိုးပေါ် လမ်းလျှောက်ရုံမက ကမ်းစပ်မှာ တွဲထိုင်ကာ သာယာစိုပြည်သော ရှုခင်းကိုကြည့်ရင်း အထေ့ အညာ ချစ်ငွေ့ ကြိုက်ငွေ့ စကားများကို ပြောနေသည့်တိုင် ဘယ်သူကမျှ တားမြစ်ပိတ်ပင်လိမ့်မည် မဟုတ်၊ ကဲ့ရဲ့သင်္ဂြိုဟ် အတင်းဆိုကြလိမ့်မည် မဟုတ်။

သည်မျှသာ မကသေး။

မျိုးမြင့်နှင့် ဒေစီနှစ်ယောက်တည်း အင်္ဂလိပ်ရုပ်ရှင် တွဲကြည့်ကြသည်။ ကားထဲက ချစ်ခန်းကြိုက်ခန်းကို အားကျသည်။ မျိုးမြင့်က တိုးတိုးပြောချင်လို့ ဒေစီဘက် ခေါင်းငဲ့လိုက်လျှင် ဒေစီက မျိုးမြင့်ဘက်သို့ ခေါင်းငဲ့ကာ နားစွင့်ပြီးဖြစ်နေသည်။ ပွဲပြီး၍ လူတွေကြားထဲမှထွက်ရန် မျိုးမြင့်က ယုယစွာလက်ကမ်းလိုက်လျှင် ဒေစီကအလိုက်သင့် ဆွဲယူ၍ မှီခိုအားထားကာ ပါလာလေသည်။ မခင်ဝင်းနှင့်ကား စောင်းကောက်ကို တစ်ယောက်ရင်ခွင်မှ တစ်ယောက် ပြောင်းယူရာတွင်ပင် အထိအတွေ့ ကင်းရှင်းအောင် ဆင်ခြင်နေခဲ့ရသည်။

ထို့ကြောင့် မျိုးမြင့်သည် မီးနှင့်တွေ့သော ဖယောင်း ဖြစ်ခဲ့ရပေသည်။ မျိုးမြင့်သည် ခင်ဝင်းအား အချစ်ရပ်ဆိုင်းလိုက်ခဲ့နိုင်သော်လည်း ဒေစီကို အသည်းစွဲမချစ်ဘဲ မနေနိုင်တော့ဟု ထင်မှတ်လာလေသည်။ ဒေစီကလည်း သူ့အား အချစ်တုံ့ပြန်နေပြီဟု ထင်မှတ်ထား၏။ သို့ရာတွင် ရင်တွင်းရှိသမျှကို ဖွင့်ဟပြောပြသောအခါ ဒေစီက အတွေ့အကြုံများသော အပြုံးမျိုးဖြင့် "ချစ်ဖို့ဆိုတာက မခက်ပါဘူး၊ အကြိုက်ဆုံးဖြစ်ကြပြီလားလို့ စဉ်းစားနေကြဦးစို့ရဲ့" ဟုလည်းကောင်း၊ "လောကမှာ အချစ်သက်သက်နဲ့ ပြီးတာမဟုတ်ဘူး၊ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ နေနိုင်ဖို့ကလည်း ထည့်တွက်ဖို့လိုသေးတယ်" ဟုလည်းကောင်း၊ "မချစ်လို့ပြောနေတာ မဟုတ်ဘူး၊ တခြားချစ်ပြီးသူ ရှိနေလို့ ပြောနေတာလည်း မဟုတ်ဘူး၊ ဒါတွေ မစဉ်းစားဘဲ မဖြစ်နိုင်လို့ ပြောနေတာ" ဟုလည်းကောင်း၊ ပုံမသေသော စကားနှစ်ခွများကိုသာ ပြောပြန်လေသည်။ မျိုးမြင့်၏ အတွေ့အကြုံတွင် ဒေစီ၏အချစ်မှာ သက်တန့်ရောင်နှင့် တူနေသည်။ လှလည်းလှ၏။ ရောင်မျိုးလည်းစုံ၏။ မြေပြင်နှင့်လည်း မကင်း၊ သို့ရာတွင် ဖမ်းယူရန် ခက်လှလေသည်။

❒

# အခန်း (၁၂)

၁၉၄၈ ဇန်နဝါရီလ ၄ ရက်နေ့သို့ ရောက်လာလေသည်။

ရန်ကုန်မြို့တွင် လွတ်လပ်ရေးအခမ်းအနားကို အကြီးအကျယ် ကျင်းပလေသည်။

ကန်တော်ကြီးတစ်ဝိုက်မှာ ဆိုင်းသံ၊ ဗုံသံ၊ စည်သံ၊ မောင်းသံတွေ ဆူညံနေတော့၏။ ဘုတ်ကလပ် အဆောက်အဦပေါ်တွင် မင်းစိုးရာဇာ ဧည့်ခံပွဲကြီး ကျင်းပနေလေသည်။ ကန်တော်ကလေးဘက် ကွက်လပ်တွင် လက်ဖွဲ့ပွဲ၊ ကစားပွဲ စသည်များရှိလေသည်။ နိုင်ငံတော်သမ္မတကြီးသည် ကရဝိတ်ဖောင်စီး၍ ဗိုလ်ရှုခံလေသည်။

ပရိသတ်မှာ စည်ကားလှ၏။ ကန်တော်ကြီးတစ်ဝိုက်လုံး ကမ်းများအပြည့်၊ ကျွန်းများအပြည့်၊ လမ်းများအပြည့် လူဖြင့်ဖုံးနေလေသည်။ မဏ္ဍပ်များစွာတို့တွင်လည်း အတီးအမှုတ်မျိုးစုံဖြင့် ဧည့်ခံလျက်ရှိကြသည်။ လွတ်လပ်ပြီဟူသော အသိကြောင့် အောင်ပွဲခံသည့်သဘော လာကြသူများလည်းရှိ၏။ အခမ်းအနားပွဲလမ်းကြည့်ရုံ လာသူလည်းလာ၏။ လူအများ လှုပ်လှုပ်ရွရွဖြစ်၍ လိုက်လှုပ်ရွသူများလည်း ပါ၏။

ကျော်ဦး၊ တင်လတ်၊ မျိုးမြင့်၊ မလှသောင်းနှင့် ဒေစီသွင်တို့သည် ကန်တော်ကြီး တစ်နေရာမှာ ရပ်လျက် ကရဝိတ်ဖောင်ကို ကြည့်နေကြသည်။ ကျော်ဦး၊ တင်လတ်နှင့် မျိုးမြင့်တို့မှာ ကရဝိတ်ဖောင်ကို ကြည့်နေကြရင်း လွတ်လပ်ရေးနှင့် ပတ်သက်ပြီး နိုင်ငံရေးစကားများ ပြောနေကြရာ ဒေစီသွင်ကား စိတ်ပါဝင်စားခြင်းမရှိချေ။ တစ်ယောက်က လွတ်လပ်ရေးတော့ရပြီ ရှေ့ ဘာလုပ်ကြမလဲဟုမေးရာ နောက်တစ်ယောက်က လွတ်လပ်ရေးစစ်မစစ် စောဒက

တက်လေသည်။ သို့ဖြင့် အပူတပြင်း ဒေါမောနှင့် ငြင်းခုံသည်အထိ ဖြစ်လာလေသည်။ ဒေစီမှာ သူတို့၏အငြင်းအခုံတွင် စိတ်မဝင်စားရုံသာမက ငြီးငွေ့လာလေသည်။

"ကဲ... ကဲ... ယူတို့ကလည်း နိုင်ငံရေးတွေချည်း ပြောနေကြတာပဲ၊ သည့်ပြင် စိတ်ဝင်စားစရာ ကောင်းတဲ့ဟာ မရှိတော့ဘူးလား၊ ဟောဟို ဘုတ်ကလပ်ပေါ်က အငြိမ့်အကြောင်း၊ ဟောဟိုဘက်က လက်ဖွေ့ပွဲ၊ ရှေ့က လှေပွဲ၊ အို... ပြောစရာတွေစုံလို့ပဲ၊ ယူတို့ထဲမှာ ဒေစီတစ်ယောက်လည်း ပါလာတာကို သတိရကြဦးမှပေါ့"

ထိုအခါ ကျော်ဦးက တောင်းပန်သည်။

မလှသောင်းက ဒေစီကို ထောက်ခံပြီးနောက် –

"လက်ဖွေ့ပွဲကလေး ဘာကလေးများ လျှောက်ကြည့်ကြဦးစို့လား" ဟု အကြံပေးသည်။

တင်လတ်နှင့် ကျော်ဦးတို့က မလှသောင်းနှင့် သဘောတူသဖြင့် လက်ဖွေ့ဆီသို့ သွားကြသည်။ မျိုးမြင့်နှင့် ဒေစီကား လှေပွဲကို ကြည့်ကျန်ရစ်လေ၏။

သူတို့နှစ်ယောက် ထိုင်နေကြသော နေရာမှာ အရိပ်ကောင်းသည့်အပြင် အောက်ကမြက်ခင်းမှာလည်း ကော်ဇောလို ဖြစ်နေလေသည်။

နှစ်ယောက်သား ကန်တော်ကြီးထဲသို့ အတော်ကြာ ငေးကြည့်နေကြပြီးနောက် မျိုးမြင့်က စ၍ –

"တစ်နေ့ကပြောတာ ထပ်စဉ်းစားသေးသလား"

"ထပ်စဉ်းစားလည်း ကိုမြင့်ကို ပေးပြီးသားဖြစ်တဲ့ အဖြေပါပဲ"

မျိုးမြင့်သည် မချင့်မရဲဖြစ်လာသည်။ လက်ထဲတွင် အဓိပ္ပာယ်မရှိ ကိုင်ထားသော သစ်ကိုင်းချောက်ကလေးတစ်ခုကို ဆတ်ခနဲချိုးလိုက်ပြီး –

"အို... ဒါဖြင့်လည်း မချစ်ဘူးလို့ ယတိပြတ်ပဲ ပြောလိုက်ပါတော့"

"သည်လိုလည်း မပြောနိုင်ဘူး၊ လုံးလုံးမချစ်တာမှ မဟုတ်ဘဲ၊ ကဗျာဂီတချည်း မပြီးဘူး၊ လောကမှာ လူတစ်လုံးသူတစ်လုံးလုပ်ဖို့၊ ကောင်းကောင်းနေကောင်းကောင်းစားဖို့လည်း လိုတယ်၊ ကဗျာဂီတက ဒါတွေပေးနိုင်မှာ မဟုတ်ဘူး၊ Class one* ကမှ ပေးနိုင်မယ်"

---

* နိုင်ငံတော်ဝန်ထမ်း၊ ပထမတန်းရာထူး။

"အချစ်ကိုတော့ ထည့်မတွက်တော့ဘူးလား ဒေစီရယ်"

"အို တွက်တာပေါ့၊ အဲ ခုနင်က ပြောတာတွေပါမှ အချစ်ဟာ ခိုင်မြဲမယ်၊ အခြေခံအုတ်မြစ် ကောင်းမယ်။ ဒါကြောင့် ကိုမြင့်ကို ခုကတည်းက Class one အတွက်မှန်းပြီး စာကြိုးစားပါလို့ ပြောတာ"

"ခု လွတ်လပ်ရေးရပြီပဲ၊ စက်ဆရာတွေ၊ ဆေးဆရာဝန်တွေ၊ ကဗျာဂီတ သမားတွေ အခွင့်အလမ်းသာပြီး ကြီးပွားတော့မှာပဲ၊ Class one အစွဲ မထား ပါနဲ့တော့ ဒေစီရယ်"

"မြင့်ကလည်းကွယ် သိပ်ကျပ်တာပဲ၊ မြင့်ပြောတာတွေဟာ ဆောက်ဖြစ်မှ ကျောင်းဒါယိကာပါ၊ ကဲ .... လွတ်လပ်ရေးရဦးတော့၊ အရေးပိုင်တွေ၊ ဝန်ထောက် တွေ၊ အတွင်းဝန်တွေ မပါမပြီးမဟုတ်လား၊ သူတို့ပဲ တွင်ကျယ်မှာပဲ မဟုတ် လား၊ ဒါကြောင့် ...."

ထိုအတွင်း တစ်စုံတစ်ယောက်က –

"ဟော့.... ဒေစီ" ဟု ခေါ်လိုက်လေသည်။ ဒေစီသည် အံ့သြစွာ လှည့် ကြည့်လိုက်သောအခါ သူ့ထံလာနေသော မလှတင့်ကို တွေ့မြင်ရလေသည်။

မလှတင့်မှာ အသက်အားဖြင့် ၃၅ နှစ်ကျော်ကျော်မျှ ရှိသော်လည်း ပျိုမျစ်လတ်ဆတ်လှပတုန်း ဖြစ်လေသည်။ အရပ်အမောင်း ကောင်းမွန်ရုံမက ပြည့်ဖြိုးသဖြင့် ခန့်ညားသူဖြစ်၏။ မျက်နှာမှာလည်း လှရုံမက ကျက်သရေ ရှိလှပေသည်။ ဖျတ်ဖျတ်လတ်လတ်နှင့် ချစ်စဖွယ်သော အမူအရာလည်း ရှိ၏။

"မင်းဘယ်တုန်းက ရောက်နေသလဲ ဒေစီ၊ ကိုယ် မင်းတို့အိမ်ကိုတောင် ဝင်ခေါ်သေးတယ်"

"မမတင့်ကတော့ ဟိုဘုတ်ကလပ်ပေါ် ရောက်နေမှာပဲဆိုပြီး မမတင့်ကို စောင့်နေတာ"

မလှတင့်နှင့်အတူ အသက် ၂၅ နှစ်မျှရှိဟန်တူသော လူငယ်တစ်ယောက် ပါလာသည်။ သူသည် ရုပ်ရည်အားဖြင့် သာမန်သာ ဖြစ်သော်လည်း စတိုင် ကျကျနှင့် တောက်ပစွာ ဝတ်ဆင်ထားသည်။ ပါးစပ်မှာ ဆေးတံတစ်ချောင်းကို လည်း ခဲထား၏။ ဒေစီသည် ထိုင်ရာမှထပြီး မလှတင့်ထံသို့ လာသည်။ မျိုးမြင့်လည်း ကြောင်စီစီဟန်ဖြင့် ခပ်လှမ်းလှမ်းနောက်က လိုက်လာသည်။ မလှတင့်က မိတ်ဆက်ခြင်း စလိုက်၏။

"ဒေစီ ဟောဒီက မောင်လှမောင်နဲ့ တွေ့ဖူးကြရဲ့လား"

ဒေစီက မခို့တရို့ပြုံးကာ–

"ကျောင်းမှာတော့ မြင်ဖူးပါတယ်၊ နို့ပေမယ့် မသိကြဘူး မမတင့်ရဲ့ ....."

"သူပေါ့ကွဲ့ ....၊ ကိုယ်ပြောပြောနေတဲ့ Class one ဖြေထားတဲ့ ကိုယ့်ကာဆင်လေ"

ဒေစီက "သြော်..... ဟုတ်လား" ဟုပြောပြီး မျိုးမြင့်ဘက် လှည့်လိုက်သည်။

"ကိုမျိုးမြင့် ဟောဒါ ဒေစီတို့ မိတ်ဆွေရင်း မစ္စက်ထွန်းမင်း"

မလှတင့်က အပြုံးမပျက်ဘဲ မျက်စောင်းထိုးလျက်–

"ဒေစီကလည်းကွယ်၊ အင်ထရိုလုပ်ရင် မစ္စက်ထွန်းမင်းလို့ မလုပ်ပါနဲ့လို့ ပြောထားသားနဲ့ ကိုထွန်းမင်းက မကြိုက်လို့ခွဲသွားပြီးပြီ။ လူသိနတ်ကြားလည်း ကြေငြာပြီးပြီ။ မင်းတို့ပြောနေတဲ့ မိန်းမတွေ တန်းတူရေးတို့ လွတ်လပ်ရေးတို့ ဆိုတာ ဘယ်မှာလဲ"

ဒေစီက တကယ်ဝမ်းနည်းဟန်ဖြင့် မလှတင့်အား "တောင်းပန်ပါတယ် မမတင့်ရယ်" ဟုပြောပြီး မျိုးမြင့်အား–

"ကိုမျိုးမြင့် ဟောဒါ မလှတင့်တဲ့၊ ဒေစီတို့အားလုံးက မမတင့်လို့ ခေါ်တယ်၊ ကိုယ်ပိုင်ဆန်စက်နဲ့ စတိုးဆိုင်ကြီး ကိုယ်ပိုင် အုပ်ချုပ်နေတယ်။ ကိုမျိုးမြင့်က ဂျူနီယာ ဘက်ချ်မှာသင်နေတယ်။ မမတင့်မှတ်မိမှာပေါ့။ ရေဒီယိုမှာ တက္ကသိုလ်ကျော်ဝင်းတီးဝိုင်းနဲ့ ဒေစီရယ်၊ ကိုမျိုးမြင့်ရယ် စုံတွဲသီချင်း ဆိုကြတာလေ"

ဤမျှပြောလိုက်လျှင်ပင် မလှတင့်သည် မျိုးမြင့်အပေါ် အတော်ရင်းနှီးသွားဟန်တူသည်။ မျိုးမြင့်အနီးသို့ ကပ်သွားရင်း–

"အော် .... သူလား ကိုယ်တောင် မင့်ကို သူ့အကြောင်းပြောမိသေးတာပဲ"

ဒေစီက နောက်တီးနောက်တောက် အပြုံးဖြင့် ပြုံးလိုက်ပြီးနောက်–

"ကိုမျိုးမြင့် အသံကြားပြီး မမတင့်က သိပ်ချီးကျူးတာပဲ၊ ဟော .... ဟိုမှာ ကြမ်းပိုးတွေလည်း ပြန်လာကြပြီ"

ကျော်ဦးတို့ လူစုနှင့် မိတ်ဆက်ကြပြန်သည်။ စကားတပြောပြောဖြင့် လေ့ပြိုင်ပွဲကို ကြည့်ကြသည်။ ဟိုဟိုသည်သည်သွားကြည့်၊ ဟိုမှာ သည်မှာရပ်၊ ဟိုနေရာ သည်နေရာထိုင်။ ဒေစီနှင့် လှမောင်ကတစ်တွဲ။ မလှတင့်နှင့် မျိုးမြင့်က

တစ်တွဲ၊ ကျော်ဦး၊ တင်လတ်နှင့် မလှသောင်းတို့က တစ်တွဲ ဖြစ်ဖြစ်နေတတ်လေသည်။

မျိုးမြင့်ကား ဒေစီက လှမောင်အား အရေးပေးသည်ကို မခံချိမခံသာ ဖြစ်မိသည်။ မနာလိုသော အကြည့်ဖြင့် သူတို့အတွဲကို လှမ်းလှမ်းကြည့်မိသည်။ သူသည် သည်ဟာမျိုး အတွေ့အကြုံမရှိသဖြင့် မဖုံးတတ် မဖိတတ်။ မလှတင့်က သူ့အဖြစ်ကို ရိပ်မိသည်။ သို့သော် မလျောင်မပြောင် မသရော်ပေ။ မသိမသာ အရေးပေးခြင်း ရင်းနှီးခင်မင်ခြင်းပြလျက် မျိုးမြင့်အာရုံကို သူ့ဘက်သို့ ဆွဲယူလိုက်လေသည်။ တစ်နည်းအားဖြင့်ဆိုသော် မျိုးမြင့် စိတ်သက်သာရအောင် ဖန်တီးပေးလိုက်သည်။

သူတို့သည် တော်တော်နှံ့အောင် ရောက်ကြပြီး တော်တော်စုံအောင် ကြည့်မြင်ရပြီးဖြစ်၍ တော်တော်မောကြသောအခါ ပြန်ရန် ပြင်ကြလေသည်။ လှမောင်သည် ကောလိပ်ကျောင်းဘက် သွားမည်ဖြစ်သဖြင့် ဒေစီက –

"ကိုလှမောင် ကျွန်မတို့ကားနဲ့ လိုက်ခဲ့ပါလား"

"ကျေးဇူးတင်ပါတယ်၊ လူကျပ်နေမှာစိုးလို့ပါ၊ လိုက်တော့ လိုက်ချင်ပါရဲ့"

မလှတင့်က ဝင်၍ ကယ်လိုက်သည်။

"သည်လို လုပ်လေ၊ မောင်လှမောင်နဲ့ ကောလိပ်လူသိုက်ကို ဒေစီကားနဲ့ ခေါ်သွား။ ဟောဒီက မောင်မျိုးမြင့်ကို မမတင့်ခေါ်သွားပြီး စမ်းချောင်းမှာချခဲ့မယ်။ အတော်ပါပဲ။ မမက ဟယ်လ်ပင်လမ်းသွားပြီး သားကလေးကို ခေါ်ရဦးမယ်"

ဒေစီက မျိုးမြင့်အား အားနာဝမ်းနည်းမျက်နှာဖြင့် ကြည့်လိုက်သည်။ သက်ညှာသံဖြင့်.....

"ကိုမြင့် ဒီအစီအစဉ် ဘယ်လိုသဘောရသလဲ"

မျိုးမြင့်၏မျက်နှာတွင် ဝမ်းသာသည်ကိုလည်းမပြ။ ဝမ်းနည်းသည်ကိုလည်းမပြ။

"ကောင်းပြီလေ" ဟု ဝတ်ကျေဝတ်ကုန်သဘော ပြောလိုက်လေ၏။

မျိုးမြင့်သည် မလှတင့်ကားပေါ် တက်မည်ပြုသောအခါ ရှေ့ကထိုင်ရမည်လား၊ နောက်ကပဲ ထိုင်ရမည်လား မဝေခွဲနိုင်ဘဲ ရှိနေလေသည်။ ထိုအခါ မလှတင့်က သူနှင့်အတူ နောက်မှာပင်ထိုင်ရန် လက်ဟန်ခြေဟန်ဖြင့် နေရာပေးလိုက်လေသည်။

မျိုးမြင့်သည် မလှတင့်အနီးကပ်ထိုင်ရမှာ အားနာဘိသည့်အလား တံခါးနားကပ်၍ ကျောမမှီဘဲ ကြောင်တောင်တောင်ဖြင့် ထိုင်နေလေသည်။ သူ့မျက်စိမှာ ဒေစီတို့ဆီသို့သာ ရောက်နေ၏။ ဒေစီနှင့် လှမောင်တို့သည် ကားပေါ်မှာတွဲထိုင်လျက် လိုက်ပါသွားကြလေသည်။ နှုတ်ဆက်ကြသောအခါ မျိုးမြင့်သည်မချိပြုံးသာ ပြုံးနိုင်လေ၏။ သူ့စိတ်ထဲမှာက နိုင်ငံတော်ဝန်ထမ်း ပထမတန်းရာထူး၏ မျက်နှာကြီးပုံကို အခဲမကျေဖြစ်နေသည်။ မလှတင့်သည် မျိုးမြင့်အားအမြဲမပြတ် အကဲခတ်လျက်ရှိလေ၏။ သူ့အား တကယ်ပင် သနားသလိုလိုဖြစ်မိသည်။ ကားထွက်ပြီး အတန်ငယ်ကြာသောအခါ –

"မောင်လေးရယ် မမတင့်ရဲ့ ကားပေါ်မှာ သည်လောက် အနေကျုံ့ဖို့ မလိုပါဘူး။ ကားက အကျယ်သားပဲ။ ဟဲ..... ဟဲ"

မျိုးမြင့်လည်း သည်တော့မှ ဒေစီနှင့်ပတ်သက်သော သူ၏ ခိုးလိုးခုလု ခံစားမှုများကို အမျှင်ဖြတ်ကာ ပြုံးပစ်လိုက်၏။ ၎င်းနောက် မလှတင့်ဘက်သို့ အနည်းငယ်ဖင်ရွှေ့ပြီး အားရပါးရ ကျောမှီကာ ထိုင်လိုက်၏။

"အနေကျုံ့လို့ မဟုတ်ပါဘူး မမတင့်ရယ်၊ ကျွန်တော့်စိတ်ထဲမှာ နည်းနည်း....." မျိုးမြင့်သည် ရှေ့ဆက်မပြောဘဲ ရှက်ခြင်းကို အပြုံးဖြင့် ဖုံးနေလေသည်။

"မမသိပါတယ်ကွယ်..... သိပါတယ်။ ဒါထက် မောင်လေးအိမ်ကိုပဲ တိုက်ရိုက်ပြန်ချင်သလား၊ ဘယ်လိုက်ပို့ရဦးမှာလဲ"

"အိမ်ကိုပဲ ပြန်ချင်တယ်"

မလှတင့်သည် ကားကို စမ်းချောင်းသို့ မောင်းစေသည်။ မျိုးမြင့်သည် ယခုမှ မလှတင့်အား စိတ်ဝင်စားစွာ ကြည့်လိုက်မိ၏။ တပ်မက်နှစ်လိုဖွယ်ကောင်းသော ရုပ်ရည်ရူပကာပါပေတကား။ မလှတင့်၏ အဆင်အပြင်ကို အကဲခတ်လိုက်၏။ လျှပ်ပေါ်ထွေပြားသော အဆင်အပြင်မဟုတ်။ သပ်ရပ်၏။ အဆင်ပြေ၏။ အဖိုးတန်၏။ သူဌေးပင်ဖြစ်သော်လည်း စိန်ရွှေကို ကိုင်းညွတ်ကျမတတ်ဝတ်ဆင်မထားဘဲ နည်းနည်းသာ ဝတ်ဆင်ထားသည်။ လက်ပတ်နာရီကတော့အတော်ကောင်းဟန် ရှိသည်။ ဖောင်တိန်တစ်ချောင်းကိုလည်း အင်္ကျီရင်ဖုံးမှာထိုးထားသည်။ မလှတင့်၏ အမူအရာမှာလည်း လော်လီခြင်း၊ ကလက်ခြင်းမျိုးမပါ၊ သိက္ခာရှိလှပေ၏။

"မောင်လေးအားရင် မမတို့အိမ်ကိုလည်း လာလည်နော်..."

"ဟုတ်ကဲ့… လာလည်ပါ့မယ်"

"အိမ်မှာ စန္ဒရားရှိတယ်၊ တီးချင်တဲ့အချိန် လာတီးနိုင်တယ်၊ အိမ်က ဘယ်သူမှ မတီးဘူး"

"မမတင့်ကော…"

"မမက အလုပ်လုပ်နေတော့ မတီးအားပါဘူး။ တစ်ခါတစ်ခါ အားရင် နားတော့ထောင်ချင်တယ်။ မောင်လေးလာတီးမယ်ဆိုရင်တော့ နားထောင်ရမှာပေါ့…"

"ကျွန်တော်ကတော့ စန္ဒရားလည်းတီးချင်တယ်၊ စောင်းကောက်လည်း တီးချင်တယ်…"

"မောင်လေးတီးချင်တဲ့ အချိန်တီးရအောင် စောင်းကောက်လည်း အသင့် ရှာထားမယ်…"

"စောင်းကောက်က ရှားတယ် မမတင့်ရဲ့၊ ဟော ကျွန်တော်တို့အိမ်ဘက် နီးလာပြီ"

"ရှားပေမယ့် ကျသလောက် အဖိုးပေးဝယ်ရင် ရမှာပေါ့ကွဲ့" ဟုပြောပြီး မလှတင့်က သဲ့သဲ့ရယ်လိုက်သည်။ မျိုးမြင့်ကလည်း သဲ့သဲ့ရယ်လိုက်သည်။ တကယ်ပင် ဝမ်းသာသွားသလော။ ဟန်သက်သက်လော သူကိုယ်တိုင်ပင် မသိချေ။

"မမက စီးပွားရေးသမား လုံးလုံးဖြစ်ပေမယ့် ဂီတအနုပညာကိုတော့ အားပေးချင်ပါတယ်"

စကားတပြောပြောနှင့် မျိုးမြင့်တို့ အိမ်ရှေ့သို့ ရောက်ရှိလေသည်။ မျိုးမြင့်က နှုတ်ဆက်သောအခါ မလှတင့်က –

"မမတို့အိမ်ကို လာလည်နော်" ဟု ဖိတ်ပြန်သည်။ မျိုးမြင့်ကား ပြုံးပြုံးကြီးလုပ်၍ ငေးကြည့် ကျန်ရစ်ခဲ့လေ၏။

❐

# အခန်း (၁၃)

ခင်ဝင်းသည် မျိုးမြင့်က ချစ်ခြင်းရပ်ဆိုင်းထားကြဦးစို့ရဲ့ဟု ဆိုသဖြင့် သာ ရပ်ဆိုင်းထားသလို နေလိုက်ရသည်။ တကယ်ကား သူ့အချစ်သည် မရပ် ဆိုင်း။ ခပ်ဝေးဝေးမှ မြင်မြင်နေရသော မျိုးမြင့်ကို နီးကပ်စွာ မြင်နေရသော မျိုးမြင့်ကဲ့သို့ပင် ချစ်လျက်ရှိပေ၏။ ရပ်ဆိုင်းထားဆိုသဖြင့် စာရေး၍ မချစ်ရ သော်လည်း ခပ်ဝေးဝေးမှ မျိုးမြင့်သည် စာအုပ်ပိုက်လျက် ကျောင်းတက်ကျောင်း ဆင်း အလုပ်များနေသည်ကို မြင်ရလျှင် ကျေနပ်အားရ၏။ တကယ်ပဲ စာကြိုး စားချင်လို့ အချစ်ရပ်ဆိုင်းထားတာပဲ၊ ဒါဟာ ကိုကိုမြင့်အကျိုး၊ နောက်ဆုံးမှာ တော့ ဝင်းရဲ့အကျိုးလည်း ဖြစ်ပါတယ်လေ။ သို့ဖြင့် ကျေးဇူးဖော်ကာ ပိုလို့ ယုံကြည်ကိုးစားလာပြန်သည်။ သို့ရာတွင် တစ်ခါတစ်ခါမက အခါများစွာ ခပ် ဝေးဝေးမှ မြင်ရသော မျိုးမြင့်သည် ဒေစီနှင့်တွဲ၍သော်လည်းကောင်း၊ မလှတင့် နှင့် ယှဉ်၍လည်းကောင်း၊ ခင်ဝင်းတို့ အိမ်ရှေ့မှလည်းကောင်း၊ ခင်ဝင်းတို့ ဆိုင်ရှေ့မှသော်လည်းကောင်း ကားစီးသွားတတ်သည်။ ထိုအခါ ခင်ဝင်း၏ စိတ်တွင် သံသယဝင်လာပြီး မှုန်ထိုင်းသွားသည်။ စိုးရိမ်ကြောင့်ကြခြင်းဖြင့် ပူပင်နေရလေသည်။ သို့သော် ခင်ဝင်းကား ကိုယ်ကောင်း ခေါင်းဘယ်မျှမရှေ့ ဟု အားတင်းတတ်သူဖြစ်၍ တော်ပေသေး၏။

တစ်ညသော် ခင်ဝင်းသည် အိမ်ရှေ့ခန်းတွင် စောင်းကြိုးညှိလျက် နေလေ သည်။ လက်ဆွဲမီးအိမ်မှာ သိပ်မတောက်သော်လည်း ကြည်လင်သော အရောင်ကို ပေးလျက်ရှိ၏။ ထိုအခိုက် မိခင်ဖြစ်သူ ဒေါ်သိန်းသည် ပေါင်တစ်ဖက်တန်းလျက် ဖင်တရွတ်တိုက်ပြီး အတွင်းခန်းမှ ထွက်လာ၏။ ဒေါ်သိန်းပေါင်မှာ ဆေးလိမ်း ပြီး အဝတ်စည်းထားရလေသည်။

ခင်ဝင်းက ကြိုးတစ်ကြိုးကိုတင်ရင်း…

"မအိပ်သေးဘူးလား… မေမေ"

"အိပ်တော့မလို့ဘဲ… ၊ နို့ပေမယ့် သမီးကို ပြောစရာတစ်ခုရှိတာနဲ့…"

ခင်ဝင်းက အခြားကြိုးတစ်ကြိုးကို နည်းနည်းလျှော့ပြီး…

"ဘာလဲမေမေ… "

"ဒီနေ့ မောင်ပြုံးချို လာတယ်၊ သမီးကို စာပေးတာ ၃ စောင်ရှိပြီတဲ့"

"ဟုတ်တယ် …၊ မေမေ နားရှုပ်မှာစိုးတာနဲ့ မပြောတာ။ ဒုတိယစာလာပေးတော့ စာပေးလို့ အပိုပဲ၊ ကျွန်မမှာ ချစ်သူရှိတယ်လို့ သမီး ပြောလွှတ်လိုက်တယ်။ ခုတစ်ခါ ထပ်ပေးပြန်ပြီ ခက်တာပဲ"

"အေး… ခက်တာပဲ၊ သူက မေမေကပဲ သမီးကို နားချပေးပါလို့ လာပြောနေတယ် ခက်တာပဲ"

ဒေါ်သိန်းက မှိုင်တွေချလိုက်သည်။

"မေမေကလည်း သိသားပဲ သမီး…၊ ဘယ့်နှယ်လုပ်ပြီး သူ့မေတ္တာ လက်ခံနိုင်မှာလဲ။ မဖြစ်နိုင်ဘူးလို့ တစ်ခါတည်း ယတိပြတ်ပြောမလွှတ်လိုက်ဘူးလား"

ဒေါ်သိန်းက ခဏတွေဝေနေ၏။ သူ့မျက်နှာတွင် မသက်မသာ ဖြစ်နေသော ခံစားမှုမျိုးသည် ပေါ်နေ၏။

"အားနာတာနဲ့ အဲသည်လို မပြောလိုက်ဘူး၊ သမီးကို မေးဦးမယ်လို့သာ ပြောလိုက်တယ်၊ ပြီးတော့ မောင်မျိုးမြင့်ကလည်း အရင်ကလို ဟုတ်ဟန်မတူဘူး၊ မျက်နှာကြီး မိန်းကလေးတွေနဲ့ တတွဲတွဲ ကားစီးပြီး လမ်းများနေတယ်၊ သည်တော့ ရိုးရိုးပြောရမှာဖြင့် သမီးအတွက် စိုးရိမ်တယ်"

"မစိုးရိမ်ပါနဲ့ မေမေရယ်…၊ သူကပဲ ဖောက်ပြန်ဦးတော့ သမီးက မဖောက်ပြန်ထိုက်ဘူး ထင်တာပဲ မေမေ၊ မိန်းမကောင်း ပန်းပန်တစ်ပွင့်ဆိုတယ် မဟုတ်လား၊ သမီးကတော့ ဘယ်နည်းနဲ့မှ မျက်နှာမများနိုင်ဘူး"

ဒေါ်သိန်း၏မျက်နှာ ကြည်လင်လာသည်။

"အေး… အေး… ကောင်းပါတယ်လေ၊ သမီး သဘောထားကြီးတော့ အမေလည်း ဘာမှပြောစရာ မရှိပါဘူး၊ ဒါထက် နက်ဖြန်ခါ လာဆေးထိုးပေးဦးမယ် ထင်တယ်နော်၊ မောင်မျိုးမြင့် ကျေးဇူးပဲ၊ မေမေဖြင့် သက်သာလာပြီလို့ထင်တာပဲ"

"အစ်ကိုကြီးက ပြောတယ်၊ ဒီဆေးဟာ ကြာတော့ကြာမယ်တဲ့၊ နို့ပေမယ့် ပျောက်မှာပါပဲတဲ့"

"အေး… ဟုတ်မှာပဲ၊ သြော်… မောင်မျိုးမြင့်ဟာ မေမေတို့ သားအမိပေါ်မှာ တတ်နိုင်သလောက် စောင့်ရှောက်ရှာတယ်၊ ကောင်းရှာတယ်၊ အနေအထိုင်ပြောင်းပေမယ့် စိတ်ထားကတော့ ပြောင်းဟန်မတူရှာပါဘူး၊ မေမေ စိုးရိမ်လို့ သာပြောမိတာ၊ ပြီးတော့ မောင်ပြုံးချိုကလည်း လူရိုးလူကောင်းမို့"

ခင်ဝင်းသည် စောင်းကိုပျိုးရင်း…

"မေမေ အစ်ကိုကြီး စိတ်ထားပြောင်းဦးတော့ တစ်နေ့ သမီးဆီကို ပြန်လှည့်လာရမယ်လို့ သမီးယုံကြည်တယ်"

ဒေါ်သိန်းသည် ဘာမျှမပြောဘဲ အိမ်ထဲသို့ ဖင်တရွတ်ဆွဲကာ ဝင်သွားသည်။ နောက်မှ…

"ညဥ့်နက်ခံမနေနဲ့နော်… သမီး"

ခင်ဝင်းကား ဟုတ်ကဲ့ဟုပင် မပြောအားတော့ပေ။ ညှိပြီးပျိုးပြီးဖြစ်နေသော စောင်းကြိုးများ နောက်သို့သာ လက်ရော အသံရော အာရုံဟူသမျှ ရောလိုက်နေရတော့သည်။

> သင်းပျံ့အေးကြည်။ အီစတန်ပက်ပါလို့။ ကတီယံထက်မှာလ၊ စက်တော်ခေါ်။ မပျော့်တပျော်၊ ပျော်နိုင်ပဲငယ်လေး။ လှဲရက်နှင့်နော်။ ပုဏ္ဏမီစန်းရယ်က။ မြန်းကြွသော် တမ်းတမျှော်ပါလို့ ထွေထွေတွေး။ ဖြေမအေးနိုင်ဘူး။ ဖျောက်တုံးပူ။ နောက်ဦးမယ့်သူ နောင့်အသည်းမှာလေး စွဲငြိလို့ဆူ။

ထိုအချိန်တွင် မျိုးမြင့်သည် သူ့စာဖတ်စားပွဲမှာ ရှိနေ၏။ စာကိုကား မဖတ်နိုင်။ ဒေစီနှင့် သူတို့၏ အကြောင်းကိုသာ ထပ်တလဲလဲ စဉ်းစားနေမိသည်။ နေ့ခင်းက ဒေစီအား တော်တော်ပင် စိတ်နာနေခဲ့မိသော်လည်း ယခု ခေါင်းအေးအေးထား၍ စဉ်းစားလိုက်သောအခါ ဒေစီ၏ အကြောင်းပြချက်များတွင် ယုတ္တိမြင်လာလေသည်။ လောကအလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ နေနိုင်သော အခြေခံရှိမှ အချစ်ခိုင်မာ တောင့်တင်းနိုင်မည်ဆိုသော ဒေစီ၏စကားနှင့် အချစ်သာ ပဓာနမဟုတ်ဘူးလားဆိုသော သူ့စကားများကို ချိန်ထိုးကြည့်သောအခါ သူ့စကားမှားသည်ဟု မထင်စေကာမူ ခုခေတ် လူ့ဘောင်အလယ်တွင် ပျံ့နှံ့နေသော လေ့ထုံးစံ အယူအဆတို့နှင့် ကိုက်ညီသည်မှာ

ဒေစီ၏စကားများသာ ဖြစ်နေသဖြင့် ဒေစီပြောတာလည်း မှန်တာပဲဟု ထင်မိလေသည်။ သို့သော် ဆင်ခြေတော့ တက်လိုသေးသည်။ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ နေဖို့အရေးမှာ နိုင်ငံတော်ဝန်ထမ်း ပထမတန်း အရာရှိဖြစ်မှ ပြီးမည်လား၊ သည့်ပြင်နည်းနှင့်ကော မပြီးနိုင်ဘူးလား။ ဒေစီကတော့ ဒါမှဒါ။ သူကမူ သည့်ပြင်နည်းရှိသေးသည် ထင်သည်။ ယခင်က ဒေစီအား ခေါင်းမာမှုကြောင့် အပြစ်ဆိုခဲ့သည်။ ယခုမူ အပြစ်မဆိုသာတော့ချေ။ မျိုးမြင့်သည် ဒေစီဘက်မှနေ၍ ကြည့်တတ်လာပြီး ဒေစီ၏အယူအဆ မှန်သလိုလို ထင်လာသည်။ တစ်ဘက်တွင်လည်း သူ့အယူအဆစွဲကို မဖျောက်သော်လည်း ယခင်ကလို တယူမသန်တော့ချေ။ ကဗျာဂီတ စသော ပညာများဖြင့်လည်း ခုခေတ်လူ့ဘောင်အလယ် ထည်ထည်ဝါဝါ နေနိုင်ရမည်ဟူသောအစွဲမှာ မပျောက်သော်လည်း ဒေစီပြောသလိုပင် ပထမတန်းဝန်ထမ်း အရာရှိဖြစ်အောင် ကြိုးစားလိုစိတ်ပင် ဖြစ်ပေါ်လာခဲ့လေပြီ။

အမှန်စင်စစ် မျိုးမြင့်သည် သူ့တစ်သက်လုံး ဤအကြိမ်တွင် ပထမဆုံး အသက်မွေးဝမ်းကျောင်း ရေ့ရေးကိစ္စများ၊ အိမ်ရာ တည်ထောင် လူတို့ဘောင် ကိစ္စများ။ အလုပ်အကိုင် ကိစ္စများကို လေးလေးနက်နက် စဉ်းစားမိခြင်း ဖြစ်လေသည်။ ယခင်အခါများကမူ ကိုယ့်ဝါသနာသန်ရာ ကိုယ်ဆွဲ၍ စဉ်းစားနည်းမျိုး ဖြစ်သည့်အခါဖြစ်၍ စကားရည်လုပွဲစဉ်းစားနည်းမျိုး၊ ငါ့စကားနွားရ စဉ်းစားနည်းမျိုး ဖြစ်သည့်အခါ ဖြစ်ခဲ့လေသည်။ ဘဝပြဿနာနှင့် အတိအကျ ရင်ဆိုင်ရ၍ လက်တွေ့အဖြေရှာရသည် မရှိခဲ့ချေ။ ယခု ရည်းစားထားတော့မှ ဘဝပြဿနာနှင့် ရင်ဆိုင်တိုးမိရက်သားဖြစ်ပြီး လေးလေးနက်နက် စဉ်းစားနေရပေတော့သည်။

ခင်ဝင်း၏ စောင်းသံနှင့် သီချင်းသံတို့ကား တသုန်သုန် လွင့်တက်လာ၏။ မျိုးမြင့်သည် အတွေးနယ်တွင် နစ်နေသဖြင့် နားရှိ၍သာ ကြားနေရသော်လည်း စိတ်မဝင်စားမိချေ။ သို့ရာတွင် ခင်ဝင်း၏ တီးဟန်ဆောင်ကွက်၊ ခင်ဝင်း၏ ဆိုဟန်တီးကွက်နှင့် မောင်ဖေငယ်၏ ဘောလယ်စာသား စကားအနွဲ့အပျောင်းတို့မှာ မုန်ယစ်သော ဆင်ကိုပင် ယဉ်ပါးစေလောက်ပါပေသည်။

မျိုးမြင့်လို ဂီတနားရှိပြီးသူကိုတော့ အထူးပြောဖွယ်မလို။

မြတ်လေးငုံကြွပါတဲ့၊ စက်လဲငှ၊ ခက်ခဲသူရယ်ကြောင့်၊ ဖြေတရင်း၊

ငွေလမင်းရယ်က၊ ဟင်းပွင့်သော်၊ လွမ်းကြည့်မျှော်ဆုံ ရကောင်းရယ်

လေး။ အောင်းမေ့လို့နော်။ စောင်းတော်ကို ပိုက်ပါလို့၊ လွမ်းခိုက်ကို မျှော်၊ ခွန်းတိုက်ခေါ်ပါတဲ့၊ တစ်တီတူး၊ ဖြစ်ပြီဘူးဆိုထင့်၊ ဟိုကမည် စိုးရန်ပြီ၊ ရွှေမျက်ရည်လဲ့မှာလေး၊ သွေးကဲ့သို့နီ။ ပြင်သစ်ဆက်ပါတဲ့၊ စက်ကတီ၊ မစက်ပြီဘု၊ မိုတ်တမေ့း၊ စိတ်မအေးနိုင်ဘု၊ အသက်လယ်၊ ကနက်ပွေလယ်၊ ကေသွယ်ရှော့ရိုးငယ်လေး။ စီးနေညွှန့်နွယ်

မျိုးမြင့်သည် ဝင်းကလေးထံ စိတ်ရောက်သွားပြန်သည်။

"အို... ဝင်း ရွံ့ထဲရောက်နေတဲ့ ပတ္တမြားကလေး " ဟုပင် တိုးတိုးကလေး ခေါ်လိုက်မိသည်။ သူသည် ခင်ဝင်းတီးဟန် စောင်းကွက်နှင့် ဆိုဟန်သီလက်တို့ကို ကြည်ညိုသည်။ ခင်ဝင်း၏ ရုပ်အလှကလေးကို မြတ်နိုးသည်၊ ခင်ဝင်း၏ အောက်ကျသောဘဝကို သနားသည်၊ သို့သော် ခင်ဝင်းအား ချစ်ပါသည်ဟု ဆိုစကတည်းက ချစ်ပြီးနောက် ညားသည်အထိ လေးနက်စွာ မစဉ်းစား။ ယခုဆိုတော့ ပိုဝေးသေးသည်။ ခင်ဝင်းကို ကြည်ညိုနိုင်သည်။ မြတ်နိုးနိုင်သည်။ သနားနိုင်သည်။ သို့သော် မချစ်နိုင်။ မကြိုက်နိုင် မယူနိုင်ဟု ထင်နေလေသည်။ သို့ထင်မိသည့်အတွက် သူ့ကိုယ်သူ အပြစ်ဆိုမိသေးသည်။ "ဝင်းကတော့ သစ္စာရှိတယ်၊ ကိုကိုကတော့ ဝင်းအပေါ် သစ္စာဖောက်ပြီ..."

မျိုးမြင့်သည် ထိုင်နေရာမှ ထပြီး ပြတင်းပေါက်တွင် ရပ်လိုက်သည်။ ခင်ဝင်းဆီသို့ ငုံ့ကြည့်လိုက်ရာ ဘာမျှမမြင်ရ၊ တံခါးတွေ အကုန်ပိတ်ထားသည်။ မီးရောင်ကလေးတွေက ဟိုကြားသည်ကြားမှ ထိုးထွက်နေသည်။ စောင်းသံလည်း ရပ်သွားပြီး ကောင်းကင်ပြင်ကို မော့ကြည့်လိုက်သည်။ ဟာလာဟင်းလင်းကြီးတွင် နှင်းငွေ့များဝေ့နေသည်။

မျိုးမြင့်သည် ညည်းဆိုလိုက်သည်။

စောင်းတော်ကိုပိုက်ပါလို့ လွမ်းခိုက်ကိုမျှော်၊ ခွန်းတိုက်ခေါ်ပါတဲ့ တစ်တီတူး၊ ဖြစ်ပြီဘူးလို့ဆိုထင့် ဟိုကမည်၊ ရွှေမျက်ရည် လဲ့တယ်လေး၊ သွေးကဲ့သို့နီ။

❒

# အခန်း (၁၄)

နောက်တစ်ကြိမ် ဒေစီနှင့် တွေ့လျှင်၊ တွေ့ပြီး ရှေ့ရေးစဉ်းစားခွင့်ရကြလျှင်၊ စဉ်းစားကြရင်း ဒေစီက အလျှော့မပေးဘဲ သူပြောသလိုသာ ဖြစ်ရမည်ဟု တောင်းဆိုလျှင် မျိုးမြင့်သည် ဒေစီအလိုသို့ လိုက်လျောရန် အဆင်သင့် ဖြစ်နေ၏။ ရှေ့ရေးဘဝပြဿနာများနှင့် ပတ်သက်၍ ဒေစီအဆုံးအဖြတ်ကို နာခံရန် အဆင်သင့်ဖြစ်နေ၏။ သို့သော် ဒေစီနှင့် နောက်တစ်ကြိမ် တွေ့ရေးအတွက် စိတ်စနိုးစနောင့် ဖြစ်ခြင်းလော။ မဟုတ်ပါ၊ အမှန်မှာ ဟိုနေ့က ဒေစီနှင့် လှမောင်တို့၏ ရင်းနှီးမှု၊ တစ်ယောက်တစ်ယောက် အရေးပေးမှု၊ ညှုမှု၊ တာမှု တို့မှာ သူတို့ လူတန်းစားအလယ်တွင် မဆန်းပါ၊ ယဉ်ကျေးမှုလောကွတ်သာ ဖြစ်နေပါပြီ။ အမှန်စင်စစ် ဒေစီနှင့် မျိုးမြင့်တို့၏ ရင်းနှီးမှု၊ အချင်းချင်းအရေးပေးမှု၊ ညှာတာမှုတို့ကသာ ပိုပါသည်။ သို့ဖြစ်လျှင် ဒေစီနှင့် နောက်တစ်ကြိမ် တွေ့ရန် အဘယ်ကြောင့် စနိုးစနောင့် ဖြစ်နေပါသနည်း။ မျိုးမြင့်၏ မာနကြောင့်ပင် ဖြစ်သည်။ ငါ့ကို သူကစပြီး စိမ်းကားသလို လုပ်သွားတာ ငါ့ကို သူက စပြီး ခေါ်ရမယ်၊ ချိန်းရမယ်။ ငါ့ကိုချစ်ရင် သူငါ့ဆီလာမှာပဲ။

မျိုးမြင့်သည် ဒေစီ၏ အချိန်းအချက်ကို စောင့်၏။

ဒေစီကား ပေါ်မလာသေး၊ မလှတင့်ကတော့ ပေါ်လာသည်။ မလှတင့်သည် မျိုးမြင့်အားခေါ်၍ သူ့စက် သူ့ဆိုင် သူ့အလုပ်များကို လိုက်ပြလေသည်။

မလှတင့်၏ စက်ဝင်းကြီးမှာ ကျယ်လှသည်။ စက်ဝင်းထဲတွင် စက်ရုံဂိုဒေါင် စသည်များသာမက သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားသော ဘန်ဂလိုအဆောက်အဦလေးတစ်ခု ရှိသည်။ ဘန်ဂလိုကလေး၏ မျက်နှာစာတွင် ဘေးနှစ်ဖက် အုတ်ချပ်ကလေးများ ထောင်၍စီထားသော ကျောက်စရစ်လမ်းကလေး

များရှိ၏။ ပန်းပင်နှင့် သစ်သီးဝလံပင်များကို လှပစွာ ပြပြင် စိုက်ပျိုးထားသည်။ ရေပန်းမှလည်း ရေဖြာကျနေ၏။

မလှတင့်၏ကားပေါ်တွင် မလှတင့်၏ ငါးနှစ်အရွယ် သားကလေးနှင့် မျိုးမြင့်တို့ ပါလာသည်။ ဘန်ဂလိုရှေ့ ကားဆိုက်သောအခါ အသက် ၅၀ ကျော်မျှရှိသော စာရေးကြီးက ဆီးကြိုသည်။ စာရေးကြီးသည် တံခါးဖွင့်ပေးပြီး ကလေးကို ပွေ့ယူထားလိုက်သည်။ မလှတင့်သည် ကားပေါ်မှဆင်းပြီးလျှင် ပြီးချင်း။

"ဦးလေးဖေ ကျွန်မတို့ စက်ထဲလျှောက်ကြည့်ဦးမယ်။ ပြောစရာ လက်မှတ်ထိုးစရာတွေ အဆင်သင့်လုပ်ထားပေတော့"

(ဦးလေးဖေ၏ လက်ထဲက သားကလေး၏ပါးကို ချစ်စနိုးဆွဲပြီး) "သားသား ဘဘကြီးနဲ့ နေရစ်နော်"

"ဟုတ်ကဲ့၊ ကျွန်တော် အောက်မှာပဲ ကစားနေမယ်နော်... မေမေ၊ ကျွန်တော် အပေါ်မတက်ချင်ဘူးနော်... မေမေ"

"အေး... အေး... ကစားနေ၊ ဒရိုင်ဘာ သားကို ကြည့်နေရစ်နော်" မျိုးမြင့်ကား ဘန်ဂလိုလှေကား ဘယ်ဘက်က နံရံရှိ ကြေးဝါဆိုင်းဘုတ်ကို ဖတ်နေသည်။

"ထွန်းတင့် ဆန်စက် လီမိတက်"

ပိုင်ရှင်နှင့် အုပ်ချုပ်သူ မလှတင့်။

မလှတင့်သည် မျိုးမြင့်၏ ပခုံးကို ပုတ်လိုက်ပြီး။

"ကဲ ... မောင်လေး လှည့်ကြည့်ရအောင်"

မျိုးမြင့်သည် မလှတင့်ခေါ်ရာသို့ လိုက်ရင်း...

"မမတို့ စက်နာမည်က ထွန်းတင့်တဲ့"

"မမ ယောက်ျားက ကိုထွန်းမင်း၊ မမက မလှတင့်၊ ဒါ့ကြောင့် ထွန်းတင့်လို့ခေါ်တာပေါ့"

မျိုးမြင့်သည် အတန်ကြာ အံ့သြတွေးတောနေပြီးမှ...

"သူနဲ့ကွာပြီးပြီဆိုတော့ နာမည် မပြောင်းသေးဘူးလား"

"ပြောင်းဖို့ မလိုသေးပါဘူး။ ပြီးတော့ အလုပ်နာမည်ဆိုတာ လူသိပြီးသား စီးပွားရေး ဖြစ်ပြီးသားဆိုရင် မပြောင်းရဘူး"

မျိုးမြင့်က အသံသဲ့သဲ့ ထွက်အောင်ပင် ပြုံးရယ်လိုက်ပြီး...

"မမကို မစွက်ထွန်းမင်းလို့ ခေါ်တော့ မကြိုက်ဘူးနော်"

မလှတင့်ကလည်း သဲ့သဲ့ရယ်၍...

"ဟဲ... ဟဲ... အဲဒါကလူ၊ ဒါကအလုပ်"

"အဲဒါကလူ၊ ဒါကအလုပ်၊ မမပြောတဲ့စကား တယ်ကောင်းပါလား"

သူတို့သည် စပါးစည့်နား ရောက်လာကြသည်။ ကူလီများစွာ စပါးသယ်ယူနေကြသည်။ မလှတင့်သည် ကူလီခေါင်းကိုခေါ်၍ ဘယ်၍ဘယ်မျှ ပြီးကြောင်း စသည်တို့ကို မေးမြန်းခဲ့သေး၏။

"မမစက်မှာ အလုပ်သမား ဘယ်လောက်ရှိသလဲ"

"အမြဲတန်း ၁၀၀ ကျော် ၁၂၀ လောက်ရှိတယ်၊ အလုပ်သိပ်များတဲ့ အချိန်ကျတော့ ၅၀၀ ထိတောင်ရှိတယ်"

မျိုးမြင့်သည် မလှတင့်အား ကြည်ညိုနှစ်သက်စွာ ကြည့်လိုက်သည်။

"မမဟာ မိန်းမတန်မဲ့နဲ့ ဒီအလုပ်တွေ လုပ်သားတွေကို အုပ်ချုပ်တယ်နော်၊ ချီးကျူးစရာပဲ"

"အလုပ်က လူကို သင်သွားတာပါပဲ၊ ဘာမျှမခက်ပါဘူး၊ သို့ပေမယ့် ခုတလော အလုပ်သမားတွေ အုပ်ထိန်းရတာ ခက်ခက်လာတယ်။ အလုပ်သမားတွေက အစည်းရုံးတွေ ဘာတွေ ထောင်ကြတယ်"

ပြောပြောဆိုဆို စက်ရုံထဲဝင်မိကြသည်။ စက်သံတွေ၊ ကူလီလှည်းဘီးသံတွေ တဝုန်းဝုန်း တကျောင်းကျောင်းဖြစ်နေ၍ စကားပြော ရပ်လိုက်ကြလေသည်။ မလှတင့်သည် ဆန်ကျင်သောနေရာသို့ ရောက်သောအခါ ဆန်ကိုလက်နှင့်ခံကြည့်ပြီး စပါးလုံးများသဖြင့် ကြည့်ပြင်ရန် တာဝန်ခံတို့အား အမိန့်ပေးထားခဲ့သေးသည်။

နောက်သူတို့သည် ဘန်ဂလိုသို့ ပြန်လာပြီး မလှတင့်၏ ရုံးခန်းတွင်း ဝင်ထိုင်ကြသည်။ မလှတင့်ကား စာရင်းအင်း စာအုပ်များ၊ လက်မှတ်ထိုးစရာများနှင့် အလုပ်များနေ၍ မျိုးမြင့်က ဘေးမှထိုင်၍ ကြည့်နေသည်။ အတန်ကြာသောအခါ မလှတင့်သည် ဖောင်တိန်ချပြီး မျိုးမြင့်အား ကြည့်လိုက်သည်။

"အလုပ်လုပ်ရတာ အဖားသား၊ တစ်ခါတလေ ငြီးငွေ့မိတယ်"

"ကိုယ်ခွဲရှာထားမှပေါ့ မမတင့်ရဲ့"

"ကိုယ်ခွဲဆိုတာ ကိုယ်ခွဲဆိုတဲ့အတိုင်း ကိုယ်နှင့်အတူ စိတ်ချ ယုံကြည်ရသူမှ ဖြစ်နိုင်တယ်။ အဲဒီလိုလူကလည်း အရှားသားကိုးကွဲ့။ မောင်လှမောင်

တို့လို ဆွေမျိုးတွေတော့ ရှိပါရဲ့။ သို့ပေမယ့် အသုံးချမရဘူး။ မောင်လှမောင် ဆိုရင် ဝန်ထောက် အရေးပိုင်ဖြစ်ဖို့သာမှန်းတာ။ ဒီလိုအလုပ်မျိုး နည်းနည်းမှ စိတ်မဝင်စားဘူး"

"ကျွန်တော်ဖြင့် အရေးပိုင် ဝန်ထောက် မမှန်းပေါင်ဗျာ။ ခုလို မမှန်းလို့လည်း တချို့သူငယ်ချင်းတွေနဲ့ဆိုရင်… တကျက်ကျက်ပဲ"

မလှတင့်က ပညာရှိပြုံး ပြုံးလျက်။

"မမသိပါတယ်ကွယ်… ဒေစီနဲ့ တကျက်ကျက်ဖြစ်တာ မဟုတ်လား၊ မမ မောင်လေးသဘောထားကို ကြိုက်တယ်။ ဒါကြောင့် မောင်လေးကို တစ်ခု ပြောမလို့"

မျိုးမြင့်သည် မလှတင့်အား သိလိုဇောဖြင့် မျက်စိ ကလယ်ကလယ် လုပ်၍ကြည့်နေသည်။ မလှတင့်ကား ကလက်တက်တက် ပြုံးလိုက်၏။

"ဘာပြောမလို့လဲ မမရဲ့"

"မောင်လေးကိုလေ မမ မွေးစားချင်တယ်၊ ဟဲ…ဟဲ…"

မျိုးမြင့်သည် ရောရယ်လိုက်၏။ နောက်မှ ဣန္ဒြေဆည်ပြီး –

"ကိုယ်ခွဲဖြစ်နိုင်မယ့် ယောကျ်ားတစ်ယောက်လောက် ရှာယူပါလား မမရဲ့"

"ရှာလေ… မောင်လေးက ရှာပေးပေါ့"

ထိုအတွင်း ဦးလေးဖေ ဝင်လာသဖြင့် ဣန္ဒြေဆည်လိုက်ကြသည်။ ဦးလေးဖေသည် ချက်စာအုပ်ကို မလှတင့်ရှေ့သို့ ထိုးပေးလိုက်ပြီး –

"လခတွေထုတ်ပေးဖို့ ငွေထုတ်ရမယ်၊ လခစာရင်းကြည့်ပြီးပြီလား"

မလှတင့်သည် ဖောင်တိန်ကိုကိုင်၍ ချက်စက္ကူကို လက်မှတ်ထိုးရင်း…

"ကြည့်ပြီးပြီ… ခပ်စောစောသွားနော်၊ ကနေ့ စနေနေ့"

ဦးလေးဖေက ချက်လက်မှတ်ကို ယူရင်း –

"ဦးလေးဖေတော့ ဖွဲ့တွေရောင်းပစ်ချင်ပြီ"

"ဦးလေးဖေ သဘောပဲလေ… ကျွန်မ သွားတော့မယ်။ သားကော အောက်မှာပဲလား"

"အောက်မှာပဲ စက်ဘီးစီးနေတယ် ဆိုင်ကို သွားနေမှာလား"

"ဟုတ်တယ်၊ ဆိုင်ကနေပြီး အိမ်ကို စောစောပြန်မယ်"

မလှတင့်နှင့် မျိုးမြင့်တို့သည် "တင့် စတိုးလီမိတက်" ခေါ် မလှတင့်

ပိုင်၍ ကိုယ်တိုင် အုပ်ချုပ်သော စတိုးဆိုင်သို့ သွားကြည့်လေသည်။ မလှတင့်က စာရင်းများကြည့်၊ စာပေးစာယူကြည့်၊ စာရေးမကလေးများနှင့် စကားပြော နေစဉ်... မျိုးမြင့်သည် ဆိုင်ကို လျှောက်ကြည့်နေ၏။ ဆိုင်တွင် အထည် အလိပ်များ၊ မုန့်သေတ္တာ၊ ရေဒီယို၊ ဖောင်တိန်၊ နာရီ စသည်များ စုံနေ၏။

မျိုးမြင့်သည် ရေဒီယိုများကို စိတ်ပါဝင်စားစွာ ကြည့်နေစဉ် မလှတင့်က နောက်ကလာပြီး –

"ဒီဟာတွေထက် ကောင်းတာတွေ ဘိလပ်က ရောက်လိမ့်မယ်"

"ဟုတ်လား... ဒါတွေဟာ မမတင့် ကိုယ်စားလှယ်လား"

"ဟုတ်တယ်၊ မြန်မာပြည်အတွက် ကိုယ်စားလှယ်ပဲ၊ ခုနေအခါမှာ အေဂျင်စီကတော့ လိုချင်တာရနိုင်တယ်။ ငွေရင်းစိုက်နိုင်ဖို့ပဲ လိုတယ်"

မျိုးမြင့်သည် အကြံတစ်ခုပေါ်လာသည်နှင့် စိတ်အားထက်သန်စွာ...

"မမ ဓာတ်ပြားတို့ ဓာတ်စက်တို့ လုပ်ပါလား"

မမတင့်ကလည်း စိတ်အားထက်သန်သော အမူအရာပြလျက်...

"ကောင်းသားပဲ၊ မောင်လေး ကူလုပ်မလား"

"ကူမယ်..."

"ကဲ... ကဲ... အိမ်သွားကြစို့၊ ထမင်းစားရင်းမှ ထပ်ပြောကြရအောင်"

အိမ်ရောက်၍ ထမင်းစားကြသောအခါ ဤစကားကို ဆက်ကြလေသည်။ စားပွဲထိပ်တွင် ထိုင်စားနေသူကား မလှတင့်၏သားကလေး ဖြစ်၏။ သူ့လက်ယာ ဘက်နှင့် လက်ဝဲဘက်တွင် မလှတင့်နှင့် မောင်မျိုးမြင့်တို့သည် မျက်နှာချင်းဆိုင် စားနေကြလေသည်။

"မမ ဓာတ်ပြားလုပ်ငန်း လုပ်မယ်ဆိုရင် ကျွန်တော်က ကူမယ်လို့ ကတိပေးတာက၊ မမ အလုပ်မှာ ကူချင်တဲ့ စေတနာသက်သက်ချည်း မဟုတ် ဘူး၊ ကျွန်တော်ကလည်း ဝါသနာပါသေးတယ်"

"ဝါသနာရှိတဲ့ အလုပ်လုပ်တော့ ပိုအောင်မြင်တာပေါ့ မောင်လေးရယ်"

"ကဗျာဂီတဟာလည်း ဂုဏ်ရှိတဲ့အလုပ်၊ ထွန်းကားကြီးပွားတဲ့ အလုပ်။ တိုင်းပြည်နဲ့ အမျိုးကို အကျိုးရှိစေတဲ့ အလုပ်လို့ ကျွန်တော် ယုံကြည်တယ်။ နို့ပေတဲ့ ကဗျာဂီတ ကြီးပွားရာ ကြီးပွားကြောင်း လုပ်ခွင့်မရဘူး။ ခု မမနဲ့ တွေ့တော့မှ လုပ်ခွင့်ရတော့မယ်"

မလှတင့်က နောက်တောက်တောက် အမူအရာလုပ်လျက်။

"တယ်စာတဲ့ ဆိုပါကလား... အဲလေ၊ တယ်ဆိုတဲ့ စာပါကလား"

"ခေတ်မီတဲ့ ဂီတ အတီးအမှုတ်တွေအပြင် ရှေးဟောင်း ကဗျာဂီတ အတီးအမှုတ်တွေလည်း အားပေးချင်တယ်၊ ထွန်းကားစ ဆန်းသစ်စေချင်တယ်။ စောင်း၊ ပတ္တလား၊ ညှင်း စတဲ့ တူရိယာများကို ပြန်လည် ဖော်ထုတ်ပေးချင်တယ် မမရဲ့"

"သဘောရှိ မမမောင်လေး လုပ်စေပေါ့၊ ထမင်း ထပ်ထည့်ဦးလေ၊ ဟင်းစားကလည်း နည်းလိုက်တာ၊ စာတ်ပြားလုပ်ငန်းလုပ်ရင် ဘယ်လောက် ငွေလိုမယ်၊ ဘယ်လောက် ရောင်းရမယ်၊ ဘယ်လောက် ရှုံးမယ်၊ မြတ်မယ်၊ ဘယ်သူ့ကို အဆို၊ ဘယ်သူ့ကို အတီး စသည်ဖြင့် အသေးစိတ် ရေးဆွဲထားပေတော့"

မလှတင့်မှာ ထမင်းစားပြီးပြီဖြစ်၍ သားဘက်သို့လှည့်ပြီး–

"သား... ဘာယူဦးမလဲ"

"ချိုချဉ်လိုချင်တယ် မေမေ..."

"ချိုချဉ်ထက် လိမ္မော်သီးက ကောင်းတယ်သားရဲ့၊ စားမလား"

"စားမယ် မေမေ"

မလှတင့်သည် လိမ္မော်သီး အခွန်သင်၍ သားကိုကျွေးရင်း မျိုးမြင့်အား

"ဒါတဲ့မောင်လေး... ခု နွေရာသီ ကောလိပ်ကျောင်းပိတ်မယ် မဟုတ်လား၊ ကောလိပ်ကျောင်းပိတ်တုန်း မမဆီ လာနေပါလားကွယ်"

မျိုးမြင့်သည် လိမ္မော်သီးတစ်လုံး အခွံခွာရင်း ခဏဘာမျှ မပြောဘဲနေ၏။ နောက်မှ–

"မဖြစ်ဘူး ထင်တယ် မမရဲ့၊ ကျွန်တော့် အဖေ အမေဆီ ပြန်ရဦးမယ်..."

"အို... ဒီမှာလာနေပြီးတော့မှ ခဏပြန်သွားတာပေါ့။ ဘာလဲ မမနဲ့ မနေချင်ဘူးလား"

"နေချင်ပါတယ် သို့ပေမယ့်"

မျိုးမြင့်သည်ပြောပြီး တစ်စုံတစ်ရာ တွေးတောနေ၏။

"ဘာလဲ... ဒေစီကို ခွင့်တောင်းရဦးမှာလား"

မျိုးမြင့်မှာ များစွာ အခံရခက်သွားသည်။

"အို... မမကလည်း ဒေစီနဲ့ ကျွန်တော် ဘာဆိုင်တာလိုက်လို့၊ ကျွန်တော်

စိုးရိမ်တာက လူတွေက မမကို တစ်မျိုးတစ်မည် ပြောမှာစိုးလို့…”

မလှတင့်သည် နှုတ်ခမ်းကိုရွဲ့ပြီး မျက်စောင်းထိုးလိုက်သည်။

“အို… မမဟာ သူများတွေပြောတာ ဂရုစိုက်နေရရင် ဒီအခြေတောင် မရောက်ဘူး၊ ပြောချင်တဲ့လူကတော့ ကြံဖန်ပြောမှာပဲ၊ မမအတွက်တော့ ပူမနေနဲ့၊ မင်းအတွက် ပူချင်ပူ လူပျိုကလေးဆိုတော့ ဟဲ… ဟဲ”

မျိုးမြင့်သည် မခံမရပ်နိုင် ဖြစ်လာကာ–

“အို မမကလည်း ငေါ်တော့တော့နဲ့ ကျွန်တော့်အတွက် ဘာလို့ပူရမှာလဲ၊ မမက မိန်းမသားမို့ မမအတွက်သာ ပူတယ်…”

“ဒီလိုပူတတ်တဲ့အတွက် ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်၊ (၄င်းနောက် သားဘက်လှည့်၍) ဟဲ့… သားသား ဟောဒီဦးလေ. မေမေတို့နဲ့ လာနေစေချင်သလား”

သားကလေးသည် ထမင်းစား ကုလားထိုင်ပေါ်မှ ခုန်ချပြီး မြူးထူးခုန်ပေါက်ရင်း–

“ဦးလေး လာနေမယ်၊ ကျွန်တော့်ကို တိရစ္ဆာန်ရုံ လိုက်ပြရမယ်”

မလှတင့်နှင့် မျိုးမြင့်တို့သည် ပြုံး၍ ကလေးကြည့်လိုက် အချင်းချင်းကြည့်လိုက် လုပ်နေကြသည်။

မျိုးမြင့်မှာ မလှတင့်အပေါ်တွင် ကြည်ညိုစရာတွေ ခင်မင်တွယ်တာစရာတွေ တစ်နေ့တခြား ပိုလို့ပိုလို့သာ တွေ့လာရလေသည်။ အလုပ်ကြီးအကိုင်ကြီးကို ပိုင်ပိုင်နိုင်နိုင် လုပ်နေပုံမှာ ချီးကျူး၍ ကုန်နိုင်စရာမရှိ၊ စည်းစိမ်ဥစ္စာကို သုခရှိအောင် ခံစားတတ်လှသဖြင့် ချမ်းသာရကျိုး နပ်လှပေသည်ဟု ချီးကျူးမိ၏။ မလှတင့်က သူ့လိုအင်ကို အကင်းပါးစွာသိ၍ ဘာမျှလိုလေသေးမရှိရအောင် ပြုစုယုယသည်ကိုလည်း တမြိန့်မြိန့် ခံစားမိလေသည်။ အကျွေးတွေ၊ အမွေးတွေ၊ ပိုးတွေ၊ ကတ္တီပါတွေ၊ ဆိုဖာတွေ၊ မော်တော်ကားတွေထက် ကဗျာဂီတနှင့် ပတ်သက်ပြီး မျိုးမြင့်လုပ်ချင်တာလုပ်ရမည်။ ငွေအား ကြေးအားနှင့် ကူညီမည်ဆိုသော မျှော်လင့်ချက်ပေးမှုသည် မျိုးမြင့်အား ပို၍ မြဲမြံစွာ ဆွဲဆောင်သိမ်းသွင်းနိုင်လေသည်။

သူသည် ဂရမ္မာဖုံး ဓာတ်ပြား အလုပ်လုပ်ရန် စိတ်ကူးသည်။ စီမံကိန်းတွေဆွဲသည်။ ဘယ်သူ့ကို ဘာအဆို ခိုင်းမည်၊ ဘယ်သူက ဘာတီးစေမည် စသည်ဖြင့် ရာထားလိုက်သည်။ ထိုစီမံကိန်း၌ ခင်ဝင်းကို နေရာပေးထားသည်။

သူတို့ခများမှာ ဆင်းရဲနေရတယ် ငါကမယူနိုင်ပေမယ့် ငါက ကူညီနိုင်ရမယ်။ သူတို့ဝင်ငွေမှန်အောင် လုပ်ပေးရမယ်။ အဝင်းတစ်ယောက် ဆိုင်ထွက်နေရတာ သနားစရာကောင်းတယ်။ သူ့ပညာနဲ့ ထိုက်တန်တဲ့အလုပ်ကို ငါဖန်တီးပေးမယ်။ လမ်းဘေးဆိုင်ထိုင်တဲ့အလုပ် အဖြုတ်ခိုင်းရမယ်။ နွံနစ်နေတဲ့ ပတ္တမြားကလေးကို ဆယ်ပေးဖို့ လိုတယ်။ သို့ကလို ခင်ဝင်းအပေါ် သက်ညှာစွာ စဉ်းစားခြင်းမှာ ခင်ဝင်းအပေါ် တကယ်သနား ကရုဏာစိတ်ထားဖြင့်လည်း ဖြစ်နိုင်သည်။ သူက ခင်ဝင်းအား သစ္စာဖောက်ဖျက်ခဲ့ခြင်းအတွက် သူ့စိတ်မှာ ပြစ်မှုတစ်ခုလို ခံစားနေသဖြင့် ဖြေဖျောက်သည့်သဘောလည်း ဖြစ်နိုင်၏။ မျိုးမြင့်သည် ဘာကြောင့်ဟု ကိုယ့်ကိုယ်ကိုယ် မဝေဖန်ပေ။ ခင်ဝင်းအား ကူညီရန်ကား စိတ်အားထက်သန်သည် အမှန်ဖြစ်၏။

မျိုးမြင့်သည် စာမေးပွဲတွင် ကောင်းစွာ မဖြေနိုင်။ သို့ရာတွင် မကြောင့်ကြ မစိုးရိမ်၊ ဒေစီနှင့် နောက်တစ်ကြိမ်တွေ့လျှင် ဒေစီက တောင်းဆိုလျှင် ပထမတန်းရာထူးအတွက် ကြိုးစားပါမည်ဟု ကတိပေးရန် ရည်ရွယ်ထားခဲ့သည် ပင်လျှင် လျော့သွားပြန်လေပြီ။ ဂီတပညာနှင့်ပင် ကြီးပွားနိုင်သော လူလူသူသူ ဖြစ်နိုင်သော အခွင့်အရေးပေါ်ပြီ မဟုတ်ပါလော။ အလုပ်လာဘ်မြင်လှသော မလှတင့်က လမ်းပြနေပြီ မဟုတ်ပါလော။

ဒေစီသည် ယနေ့အထိ အချစ်ဆုံးဖြစ်ပါသည်။ ရာသက်ပန် ရှယ်ကိုး၍ ရိုးမြေကျပေါင်းဖို့ ရည်ရွယ်ပါသည် စသည်ဖြင့် ယတိပြတ် အဖြေမပေးသေး၊ ထို့ကြောင့် မျိုးမြင့်၏ မာနစိတ်ကလေးမှာ မခံချိမခံသာ ဖြစ်နေသည်။ နောက်မှ ဘာဖြစ်ဖြစ် ထိုအဖြေမျိုးရအောင် ဘယ်နည်းနှင့်မဆို လုပ်ချင်သည်။ ထို့ကြောင့် ဒေစီနှင့်တွေ့လျှင် ဒီအကြဲကို ရှင်းပြ၍ ဒေစီက သူမြင်သလို သူမျှော်မှန်းသလို မြင်လာ မျှော်မှန်းလာအောင် သူ့ဘက်ပါလာအောင် ပြီးတော့ သူ့အား ချစ်လှပါပြီ။ "ရာသက်ပန် ပေါင်းရအောင် ကြံကြပါစို့" ဟု ပြောလာသည့်တိုင် ဆွဲဆောင်ရန် စဉ်းစားနေမိပြန်သည်။

❒

# အခန်း (၁၅)

ခင်ဝင်းတို့အိမ်ရှေ့ခန်းတွင် ဒေါ်သိန်း၏အမေသည် မမြင်မကန်းနှင့် ဆေးလိပ်အစီခံ လုံးလျက်ရှိသည်။ ဒေါ်သိန်းမှာကား အင်္ကျီကြယ်သီးတပ်လျက် နေသည်။ ဤသို့မှ အိမ်ရှိ လူကုန် အလုပ်မလုပ်လျှင် သူတို့သည် ထမင်းနပ်မှန် စားဖို့ပင် ခက်ပေလိမ့်မည်။

ထိုအချိန်၌ အိမ်ရှေ့လမ်းပေါ်တွင် လက်တွန်းလှည်းဈေးသည် တစ်ဦး သည် မောင်းကလေးထုထုပြီး "စားလို့ကောင်း ဝါးလို့ကောင်းကောင်း မြည်သံက တဖျောင်းဖျောင်းနဲ့ စမ်းချောင်းက ပဲကြီးလှော်... မြေပဲလှော်၊ ဇီးသီး..." ဟု အော်ဟစ်လိုက်လေသည်။

လက်တွန်းဈေးသည် သည် အော်ဟစ်ပြီးနောက် ရှေ့ဆက်တွန်းသွား၍ မကြာမီ ခင်ဝင်းသည် ဈေးသေတ္တာကလေးဆွဲ၍ ပြန်လာလေသည်။ ထိုအခါ ဒေါ်သိန်းမှာ အတန်ငယ် အံ့အားသင့်သွား၏။

"အို... သမီး စောလှချည်လား"

ခင်ဝင်းသည် မောမောဖြင့် ကြမ်းပြင်ပေါ်မှာ လမ်းကျောပေး၍ ပစ်ထိုင် လိုက်ပြီး –

"ရောင်းမကောင်းတာနဲ့ စောစောပိတ်ပြီး ပြန်လာခဲ့တယ်။ လိုချင်တဲ့ ကုန်လည်း ကြိုက်ဈေးနဲ့ဝယ်လို့မရ။ နယ်မှာလည်းဆူ မြို့ပေါ်မှာလည်း တလှုပ် လှုပ်နဲ့ ဘယ့်နှယ်လုပ် ဈေးရောင်းကောင်းနိုင်ပါ့မလဲ"

အမေကြီးကဝင်၍ –

"အင်း ခေတ်ကြီး တယ်မကောင်းပါကလားနော်၊ ဂျပန်တွေသွားတော့ အေးမလား အောက်မေ့တယ် အခုတော့ မအေးပါဘဲကလား။ တို့တော့ ဆူဆူ ပူပူ မကြိုက်ပေါင်တော် ဆူဆူပူပူ မကြိုက်ပေါင်..."

ဒေါ်သိန်းက ကြယ်သီးတပ်ခုံမှာ အပ်ထိုးထားလိုက်ပြီး –

"ဆင်းရဲသားတွေ ကျပ်တာပေါ့ အမေရယ်"

"မေမေ... ကျွန်မတော့ ကုန်စုံဆိုင်ဖြုတ်ပြီး သည့်ပြင်တစ်ခုခု ရောင်းရင်ကောင်းမယ် ထင်တယ်"

အဘွားကြီးက စိတ်ဝင်စားလာပြီး ကျောဆန့်ရင်း –

"ချင်းသုပ်တို့ နနွင်းမကင်းတို့ လုပ်ရောင်းပါလား... မယ်သိန်းနဲ့ငါ အိမ်ကလုပ်ပေးနိုင်တယ်။ ငါဆိုရင် အဖျင်းဆုံး မြေပဲသင်၊ ကြက်သွန်ဖြူ အခွံနွာ၊ သစ်ကျားသီးခွဲတာလောက်တော့ လုပ်နိုင်တာပေါ့..."

ခင်ဝင်းက တွေနေရာမှ သက်ပြင်းချပြီး...

"ကောင်းတော့ ကောင်းပါရဲ့၊ နို့ပေတဲ့ ကြော်ရ လှော်ရနဲ့ အမေ့ရောဂါနဲ့ မကိုက်ပါဘူး အဘွားရယ်..."

ဒေါ်သိန်းသည် လမ်းဘက်ကြည့်နေရာက...

"အို... ဘာဆိုင်တာလိုက်လို့၊ ညော်နဲ့ ထုံနာကျင်နာ ဘာမှ မဆိုင်ဘူး၊ ဟောဟိုမှာ မောင်မျိုးမြင့်ပါကလား..."

ခင်ဝင်းလည်း လမ်းဘက်သို့ လှည့်ကြည့်လိုက်သည်။

မျိုးမြင့်သည် အိမ်ပေါ်တက်လာပြီး ဖိနပ်ချွတ်မှာပင် ရပ်နေရာ ခင်ဝင်းက နေရာဖယ်ပေးသည်။ မျိုးမြင့်က မထိုင်သေးဘဲ...

"ဟင်... မခင်ဝင်း ဆိုင်သိမ်းလာပြီလား"

"ဟုတ်တယ် အစ်ကိုကြီးရဲ့၊ ရောင်းမကောင်းတာနဲ့ စောစောပိတ်ပြီး ပြန်လာခဲ့တယ်"

"အင်း... ခက်တာပဲနော်... အစ်ကိုကြီးက မခင်ဝင်းရဲ့ ဂီတပညာကို အသုံးချရမယ့် ဝင်ငွေလည်းကောင်းမယ့် အလုပ်တစ်ခုရှာနေတယ်"

ခင်ဝင်းရော ဒေါ်သိန်းပါ ဘာမျှမပြောကြဘဲ မျက်နှာငယ်နှင့် ကြည့်နေကြသည်။ နောက်မှ ဒေါ်သိန်းက...

"ထိုင်ပါလား မောင်မျိုးမြင့်"

မျိုးမြင့်က မထိုင်သေးဘဲ လမ်းဘက်ကျောပေး၍ ရပ်နေရာကပင် ဒေါ်သိန်းအား အထုပ်တစ်ခု လှမ်းပေးသည်။

"ခယူလာတဲ့ဆေးတွေကို အရင်ကအတိုင်းပဲ လိမ်းတာလိမ်း၊ သောက်တာ သောက်ဖို့နော်... ဒေါ်ဒေါ်"

ထိုအတွင်း အိမ်ရှေ့မှာ ကားတစ်စင်းဖြတ်သွားပြီး မျိုးမြင့်တို့၏ တိုက်ရှေ့တွင် ရပ်လိုက်သည်။

"အစ်ကိုကြီးတို့ တိုက်ရှေ့မှာ ကားတစ်စင်းရပ်တယ်"

ကားမှ ဟွန်းတီးလိုက်သည်။ ၎င်းနောက် ကားတံခါးဖွင့်ပြီး ဒေစီ ထွက်လာသည်။ ဒေစီသည် ရပ်လျက် တိုက်အပေါ်ဆီ မော့ကြည့်နေ၏။

မျိုးမြင့်သည် အပြစ်ရှိသောမျက်နှာဖြင့် –

"ဧည့်သည်လာနေတယ်၊ သွားလိုက်ဦးမယ်" ဟုပြောပြီး ဆင်းသွားလေသည်။ ခင်ဝင်းကား ညိုးငယ်စွာကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ဒေါ်သိန်းသည် နှုတ်ခမ်းတစ်ချက်ရွဲ့ပြီး အင်္ကျီကြယ်သီးကို ဆက်တပ်နေလေသည်။ အဘွားကြီးလည်း လုံးပြီးအစီခံများကို တောင်းထဲသို့ ပစ်ထည့်နေလေသည်။

ခင်ဝင်းမှာ မျိုးမြင့်နှင့်ဒေစီတို့အား မြင်နေရ၏။ ဒေစီက မျိုးမြင့်အား ခေါ်နေသည်။ မျိုးမြင့်က ပထမသော် ငြင်းနေ၏။ နောက် ကားပေါ်သို့ တက်လိုက်သွားလေသည်။

ခင်ဝင်းမှာ ဘာမျှလည်းမပြောနိုင်၊ မပြောလို၊ ဘာမျှလည်း မတွေးနိုင်၊ မတွေးလို ဖြစ်သွားသည်။ စိတ်ရှုပ်သူ ခေါင်းကုတ်သကဲ့သို့ ကိုယ်ခန္ဓာကိုယ်သာ နာနာ အလုပ်ပေးရတော့၏။ သက်ပြင်းချပြီး လှေကားဆီသို့ ထသွားသည်။ လှေကားသုံးလေးထစ်နင်းချပြီး လှေကားဘေးဆင်းလိုက်သည်။ လှေကားဘေး ကွက်လပ်ကလေးရှိ ပန်းပင်များကို ရေစည်ပိုင်းမှ ရေယူ၍လောင်းသည်။ ခွာညို ပင်ကလေးကို ရေလောင်းလိုက်သောအခါ စိတ်ကိုမထိန်းနိုင်တော့ပြီ၊ မျက်ရည်စို့၍ ရင်ဆို့လာလေသည်။ ပါးစပ်မှလည်း သီချင်းကလေးပေါ်လာ၏။ သူ့ဘာသာသူ နိမိတ်ဖတ်ထားသည်နှင့်တူသော သူ့ဘာသာ သူစပ်ထားသည့် သီချင်း...

မြခွာညို လပြာသိုပွင့်စေညွှန်းပါလို့ သွန်းပေါ့ရေအေး မြခွာညိုလပြာသို ဝေဖြာလှိုင်တော့ ဆီမဆိုင် ပိုင်သူပေါ်တယ် (အစ်ကိုကြီးရေ–) မောတဲ့ပျိုလေး

တန်ဆောင်မုန်းလတုန်းက ဝင်း ဒီကဗျာကလေး ဆိုပြတော့ အစ်ကိုကြီးက ဘာပြောသလဲ သတိရသေးသလား၊ ဆီမဆိုင် ပိုင်သူပေါ်တယ်၊ မောတဲ့ပျိုလေးတဲ့၊ မဆိုပါနဲ့ ဝင်းရယ်၊ ဝင်းကဗျာက နိမိတ်မကောင်းပါဘူးတဲ့၊ ဝင်းက ပြောခဲ့တယ်လေ ဖြစ်တတ်တာကိုး အစ်ကိုကြီးရဲ့လို့ မှတ်မိသေးရဲ့လား။ အခုတော့ အစ်ကိုကြီးက။

အင်းလျားကန်စောင်း တည်ငြိမ် ဆိတ်ကွယ်သော ထောင့်တစ်ထောင့်

တွင် ဒေစီနှင့် မျိုးမြင့်တို့ ထိုင်လျက်ရှိကြသည်။ ဘပေါင်းလဇ၏ သာယာခြင်းသည် အထွပ်အထိပ်သို့ ရောက်နေ၏။ ငုနီလာ၊ ငုရွှေဝါနှင့် စိန်ပန်းတို့သည် ပင်လုံးကျွတ်ပွင့်နေကြသဖြင့် အင်းလျားပတ်ဝန်းကျင်၏ အစိမ်းရောင်ကိုပင် သူတို့၏ နီလာနီဝါတို့ဖြင့် လွှမ်းမိုးနေသလိုရှိပေသည်။ ဝင်တော့မည့်နေသည် ရွှေခြည်ပါးလွှာဖြင့် ခြုံပေးနေ၏။ အင်လျားရေမျက်နှာပြင်ကလည်း ကြည်လင်ပြန့်ပြူးလှသဖြင့် ပတ်ဝန်းကျင် လောကဓာတ်၏ အလှကို ပိုလှအောင်ပင် ထင်ဟပ်ဖမ်းယူနေလေသည်။

ဒေစီက စူသလို အောင့်သလို ဟန်လုပ်လိုက်ပြီး–

"မြင့်က ဒေစီဆီကို ဘာကြောင့် မလာတယ်ဆိုတာ သိပါတယ်"

မျိုးမြင့်က ပြန်၍စူလိုက် အောင့်လိုက် လုပ်ပြသည်။

"အထူးအထွေ သိဖို့မလိုပါဘူး၊ ဒေစီကမှ ကိုယ့်ကိုမချစ်ဘဲဟာ၊ လာလို့လည်း အပိုပဲပေါ့"

"အောင်မယ် မချစ်ဘူးလို့ ဘယ်တုန်းက ပြောဖူးလဲ၊ မလာချင်တာက သည့်ပြင်အကြောင်းပါ" (စပ်ဖြဲဖြဲလုပ်၍ ပြောင်ပြပြီး) "ငါးစိမ်းမြင် ငါးကင်ပစ်၊ အသစ်မြင် အဟောင်းမေ့ ဒါက ထုံးစံပါပဲ"

"ဟုတ်တယ်... ထုံးစံပါပဲ၊ ကလာ့စ်ဝမ်း သေချာနေတဲ့ ကိုလှမောင်နဲ့ တွေ့သွားပြီဟာကိုး"

ဒေစီ၏မျက်နှာမှာ အပြုံးနှင့်မျက်စောင်း ပေါင်းစပ်နေကြသည်။ မျိုးမြင့်၏ပခုံးကို လက်နှင့် အသာအယာပုတ်လျက်...

"တော်ပါမြင့်ရယ်၊ သူများ အပြစ်ဖို့ပြီး ကိုယ့်အပြစ်မဖုံးပါနှင့်၊ မမတင့်နှင့်တွေ့ပြီး ဒေစီ့ဆီ မရောက်လာလို့ ခုလာခေါ်ရတယ် မဟုတ်လား"

မျိုးမြင့်သည် မခံမရပ်နိုင်ဖြစ်လာပြီး ဒေါသငွေ့ကလေးများပင် ထွက်လာသည်။

"အို... ဒေစီက ဘာတွေ လျှောက်ပြောနေတာလဲ။ အရွယ်ကလည်း ကိုယ့်ထက် တစ်ဆယ့်နှစ်လောက်ကြီးတဲ့ အစ်မကြီးအရွယ်။ ပြီးတော့ တစ်ခုလပ်တစ်လင်ကွာ။ သားတွဲလောင်းနှင့် ကိုယ်ကလည်း ရိုးရိုးခင် သူကလည်း ရိုးရိုးခင်နေကြတာ၊ ဘာလို့ဒီလိုပြောတာလဲ ဒေစီ ပြောပဲပြောရက်တယ်"

ဒေစီက မျိုးမြင့်၏ ညာလက်မောင်းကို သူ့ညာလက်ဖြင့် ညှစ်လိုက်သည်။

"စိတ်မကောက်ပါနဲ့ကွယ် ဒါလင်ရယ်။ ကဲ...ကဲ... ခေါင်းအေးအေး

ထားပြီး စဉ်းစားကြည့်စမ်းပါ။ မမတင့်ဟာ ရုပ်ချောတယ်၊ အရွယ်နေကလည်း အပျိုနှင့် ဘာခြားလို့လဲ၊ ပစ္စည်းလည်းပေါတယ်၊ သူနှင့်ဆိုရင် မြင့်ဝါသနာပါတဲ့ ဂီတဘက်မှာ မပူမပင်ဘဲ လုပ်နိုင်မယ်။ ပြီးတော့ သူကလည်း မြင့်ကို ချစ်နေရှာ တယ်”

မျိုးမြင့်သည် ဒေါသငွေ့တွေ ထွက်လာပြန်သည်။ ရှက်လည်း ရှက်လာ သည်။

“အို… တော်စမ်းပါ ဒေစီရာ၊ သူက ရိုးရိုးခင်နေရှာတာ၊ မတော်တရော် တွေ ပြောနေပြန်ပြီ”

“အိုင် သိပါတယ် မြင့်ရယ်။ သူ ချစ်နေရှာတယ်၊ မြင့်ကိုနေရာတကာ အလိုလိုက်မှာပဲ၊ သူ့ကို ချစ်လိုက်ပါလား”

မျိုးမြင့်သည် ဒေါသဖြင့် တုန်လှုပ်၍ပင်လာသည်။ သူ့ပခုံးပေါ်မှ ဒေစီ ၏လက်ကိုဖယ်ချလျက်…

“တော်… တော်တော့။ ဒေစီဟာ အင်မတန် တတ်နိုင်တယ်။ ကိုယ့်ကို ချစ်မချစ် အတိအကျမေးတော့ ဝေ့လည်လည် သောင်မတင်ရေမကျ ခုတော့ သိပါပြီ။ ကိုယ့်ကို မချစ်နိုင်ရုံမကဘူး။ ကိုယ့်ကို ဝေးရာ လွတ်ရာ ပို့နေပြီ”

အတွင်းမှ နာကျည်းသော စိတ်ဓာတ်သည် မျိုးမြင့်၏ မျက်နှာတွင် အရောင်ဟပ်နေသည်။ ဘာမျှမပြောနိုင်ဘဲ ငေးနေ၏။ ဒေစီသည် မျိုးမြင့်၏ မျက်နှာကိုကြည့်ပြီး ဝမ်းနည်းသွားသည်။ သူ အပြစ်ပြုမိသည့်အတွက် စိတ်မ ကောင်းသလိုလို နောင်တရသလိုလို ဖြစ်လာသည်။ သူ့မျက်နှာမှာလည်း အိုကျ သွားသည်။ အတန်ကြာငေးနေပြီး သက်ပြင်းချလျက်…

“မြင့်ကို တစ်ခုပြောမယ်နော်”

ဒေစီ၏အသံမှာ လှိုက်လှဲဝမ်းနည်းသောအသံ…

မျိုးမြင့်၏မျက်နှာကား စူအောင့်လျက်ပင် ရှိသည်။ ဒေစီဘက် တစ်ချက် လှည့်ကြည့်ပြီး တုန်ဏှိုဘောနေလေသည်။

ဒေစီက ကြေကွဲမောဟိုက်သောအသံနှင့်…

“မြင့်ကိုမပြောလို့ မဖြစ်ဘူး”

မျိုးမြင့်က တုန်ဏှိုဘောပင်နေလိုက်သည်။ ဒေစီက မျိုးမြင့်အား အသာ အယာ လက်ပြန်ကိုင်ပြီး…

“မြင့်ကို ပြောမှဖြစ်မယ်၊ မပြောလို့မဖြစ်ဘူး”

ဒေစီ၏အသံမှာ တုန်ရီနေသည်။ ဒေစီ၏တစ်ကိုယ်လုံးမှာလည်း စိတ်သောကအမျိုးမျိုးဖြင့် လှိုင်းတံပိုးထနေဟန်တူသည်။ ဒေစီသည် မျိုးမြင့်၏ ပါးပေါ်တွင် နမ်းလိုက်သည်။ ပြီးတော့ မျက်နှာချင်းအပ်ထားသည်။ သူ့မျက်လုံးများကား မျက်ရည်ဖြင့်ဖုံးလျက် –

မျိုးမြင့်သည် ဒေစီအား အံ့သြခြင်းဖြင့်သာ ကြည့်နေလိုက်သည်။ ဘာမျှမပြောတတ်၊ ဘာမျှလည်း မတွေးတတ်။

"မြင့်ကို ချစ်တယ်သိလား၊ တကယ်ချစ်တယ်... နို့ပေမယ့် လက်မခံနိုင်ဘူး... (ရှိုက်ရင်း) မယူနိုင်ဘူး"

မျိုးမြင့်က တုန်ဏှိဘောလုပ်နေပြီး အေးစက်စွာ ကြည့်နေသည်။ ဒေစီသည် ရှိုက်၍ရှိုက်၍ ငိုချရင်း...

"ခွင့်ပြုပါနော်... ဒေစီကိုခွင့်လွှတ်ပါ၊ မြင့်ကို ချစ်ပေမယ့် ကိုလှမောင်ကို လက်ခံလိုက်ပြီ"

မျိုးမြင့်သည် မှုန်တေတေမျက်နှာထားဖြင့် ဒေစီအား ကြည့်နေသည်။ ဘာမျှမပြော။ ဒေစီကား ရှိုက်၍ငိုရင်း မျိုးမြင့်အား နမ်းပြန်သည်။ မျိုးမြင့်သည် ဒုတိယအနမ်းကို ဆုံးအောင်ခွင့်မပြုဘဲ လက်ဖြင့် ဖယ်ရှားပြီး ထိုင်နေရာမှထလိုက်သည်။

"ဒီအချစ်မျိုးနဲ့ ဒီအနမ်းမျိုးဟာ ဈေးပေါလွန်းပါတယ် ဒေစီရယ်"

မျိုးမြင့်၏အသံသည်လည်း တုန်ရီလာသည်။

ဒေစီသည် ထိုင်ရာမှထရင်း မျက်ရည်ယိုစီးသော မျက်နှာကို လက်ကိုင်ပဝါဖြင့်သုတ်ပြီး...

"ပြောပါမြင့်ရယ်... ဘယ်လိုပြောပြော ပြောပါ။ မြင့်ဟာ လောကအကြောင်း မသိတော့ ဒေစီက ချစ်လျက်နှင့် လက်မခံနိုင်ဘူးဆိုတဲ့ အခြေအနေကို နားလည်နိုင်မှာ မဟုတ်ပါဘူး"

မျိုးမြင့်သည် ဘာမျှပြန်မပြောတော့ဘဲ ခေါင်းငိုက်စိုက်ချ၍ ဖြည်းညှင်းစွာထွက်သွားသည်။ ဒေစီက နောက်ကလိုက်သည်။ ကားအနီးသို့ရောက်သောအခါ မျိုးမြင့်က ကားမစီးတော့ဘဲ သူ့ဘာသာ သူပြန်တော့မည့်ဟန်ကို ပြသည်။ ဒေစီသည် ကားတံခါးကို ဖွင့်ပေးပြီး...

"ကိုမျိုးမြင့် ကျွန်မတို့ မိတ်ဆွေအဖြစ်နဲ့ ဆက်နေသွားရအောင်"

မျိုးမြင့်သည် သူ့ဘာသာသူ ပြန်တော့မည့်ဟန်ဖြင့် ရှေ့သို့သာ ဆက်

လျှောက်နေ၏။ သူသည် မခံချိမခံသာဖြစ်၍နေရာ သူ့ကိုယ်သူ မထိန်းသိမ်းနိုင်၊ ဟန်မလုပ်နိုင်။

ဒေစီမှာကား တုန်ရီချောက်ချားခြင်း တစ်စုံတစ်ရာရှိတော့ဟန် မတူချေ။ စိတ်သောက လှိုင်းတံပိုးများလည်း ငြိမ်သက်သွားဟန်တူသည်။ မျက်နှာမှာ မျက်ရည်တစ်စွန်းတစ်စ မမြင်ရတော့သည်သာမက ဗိုလ်ရှုခံခဲ့သော ဘုရင်မ၏ မျက်နှာထားလို တည်ငြိမ်နေပေသည်။

"ကိုမျိုးမြင့်... ယောက်ျားပီသစမ်းပါ"

ဒေစီ၏အသံသည် မာဆတ်ဆတ်နိုင်လှသည်။ သို့ရာတွင် မျိုးမြင့်အား ခြေတုံ့သွားစေလေသည်။ မျိုးမြင့်သည် ကားပေါ်သို့တက်သည်။ ဘာစကားမျှ မပြောတော့ချေ။ သူ့မျက်နှာတွင်လည်း အတွင်းစိတ်၏ အရိပ် တစ်စုံတစ်ရာ မထင်လာ။ သူသည် စက်ရုပ်ကဲ့သို့သာ ပြုမူနေတော့သည်။

ဒေစီက သူ့အား အိမ်ပို့ချထားခဲ့ရာ သူနေရစ်သည်။ ဒေစီက "ဘိုင်... ဘိုင်" ဟု အခြေမပျက် နှုတ်ဆက်သောအခါ သူက ကြိုးမစုံသော အရုပ်လက်လှုပ်သလို လှုပ်၍ လက်ပြလိုက်သည်။ ပါးစပ်ကမူ စကားတစ်ခွန်းပင် မထွက်လာချေ။

မျိုးမြင့်သည် စိတ်နာသည်။ ဒေါသထွက်သည်။ ရှက်လည်း ရှက်သည်။ စိတ်တွင်းမှာ မခံချိမခံသာဖြစ်စရာ ကောင်းသလို ကိုယ်မှာ မနေတတ် မထိုင်တတ် ဖြစ်နေရပေသည်။ သို့ရာတွင် မလှတင့်တစ်ယောက်ရှိ၍ တော်ပေသေး၏။ မလှတင့်၏ ယုယခြင်း အလိုလိုက်ခြင်းများသည် မခံချိမခံသာစိတ်ကို လွင့်ပါးစေသည်။ နေတတ်စရာ၊ ထိုင်တတ်စရာ နေရာပေးလျက်ရှိပေသည်။

ထို့ကြောင့် ကျောင်းအပိတ်တွင် မိဘရပ်ထံမပြန်ဘဲ မလှတင့် အိမ်သို့ သွား၍ ညဥ့်အိပ်ညဥ့်နေ နေဖြစ်လေတော့သတည်း။

❒

# အခန်း (၁၆)

ခင်ဝင်းတို့အိမ်ရှေ့ခန်းတွင် ဒေါ်သိန်းသည် ချင်းထိုးလျက်ရှိ၏။ ဦးလေး ဦးကျော်လှ၏ဇနီး ဒေါ်အေးခင်သည် ဒေါ်သိန်း၏ဘေးမှာ ထိုင်ရင်း စကား ပြောနေကြသည်။ နောက်စကားပြောရပ်သွားပြီး ဒေါ်အေးခင်သည် ဆေးပေါ့လိပ် ကြီးကို ရှုရှိုက်နေလေသည်။

တအောင့်လောက်ကြာလျှင် ဒေါ်အေးခင်သည် ဆေးလိပ်ကိုချထားပြီး

မသိန်းရေ တို့အိမ်က တူတော်မောင်တော့ စပါးစကုဗျ မယားတစ်ခုလပ် ဆိုတဲ့စကား သဘောကျနေပြီထင်တယ်"

ဒေါ်သိန်းက အံ့သြဝမ်းနည်းဖြစ်ကာ

"အို... ဘယ့်နှယ်ကြောင့်လဲ မအေးခင်ရဲ့"

"ကြည့်ပါဦး မသိန်းရယ်၊ ကျောင်းအပိတ်မှာ အမေအဖေဆီ မပြန်ဘဲ မလှတင့်ဆိုတဲ့ ဟိုတစ်ခုလပ် သူဌေးမအိမ် သွားနေတယ်။ ဟိုတစ်နေ့ကပဲ ကောင်မက ကားနဲ့ကိုယ်တိုင် ခေါ်သွားတယ်။ အင်း... မောင်လေးတဲ့၊ မမတဲ့ ကြားဖူးရရှင်"

ဒေါ်သိန်းသည် ချင်းထိုးခြင်းကို ရပ်လိုက်သည်။

"သူ့ဦးလေးက ဘာမျှမပြောဘူးလား"

သူ့ဦးလေးက သားသမီးမရှိတော့ တူကိုလည်းချစ်။ သိပ်လည်းအလို လိုက်တာပဲ။ တူတော်မောင်က ဆင်ခြေတစ်ခွန်းပေးလိုက်ရင် ကျေနပ်သွားတာပဲ။ ကျွန်မတော့ ကိုကျော်လှကို သတိပေးပါရဲ့ တစ်ခုလပ်အဖမ်းခံရပြီး ဒူးမနာသား ရနေမယ်လို့"

"ဩော်... မလှတင့်ဆိုတာ ကလေးရှိသလား"

"တစ်ယောက် ရှိတယ်။ ခုကာလ မိန်းမတွေကိုက ကဲလွန်းပါတယ် မသိန်းရယ်။ ကျွန်မတို့တူက သည်လောက် မဟုတ်ဘူး။ သူတို့ကချည်း ခဏ ခဏ ခေါ်ခေါ်သွားတာပဲ"

ဒေါ်သိန်းသည် ချင်းဆက်ထိုးပြန်သည်။

"တယ်၊ ဗိုလ်ဆန်ကြတာကလား မအေးခင်ရယ်"

ဒေါ်အေးခင်သည် အတန်ကြာ ငေးနေသည်။ နောက်မှ...

"ကျွန်မတော့ မောင်မျိုးမြင့်ကို မလှတင့်လက်ထဲက လွတ်အောင် တစ်နည်းနည်းနှင့်တော့ လုပ်ချင်တယ်။ တစ်ခုလပ်ဆိုပေမယ့် ရွယ်တူတန်းတူဆိုရင် ဟုတ်သေးရဲ့၊ ခုတော့ ဆယ်နှစ်၊ ဆယ့်တစ်နှစ်မကကြီးတယ်"

"ဟုတ်လား၊ သည်လောက်တောင် ကြီးသလား၊ အောင်မလေး ဖြစ်မှ ဖြစ်ရလေ မောင်မျိုးမြင့်ရယ်"

ဒေါ်အေးခင်သည် အတန်ကြာ ဘာမျှမပြောသေးဘဲ တွေနေသည်။ နောက်မှ အားနာဟန်ဖြင့် မေးလိုက်သည်။

"မောင်မျိုးမြင့်နှင့် မခင်ဝင်းတို့ ချစ်နေကြတယ် မဟုတ်လား"

ဒေါ်သိန်းသည် အနည်းငယ် ရှက်ကိုးရှက်ကန်းဖြစ်နေပြီးမှ –

"အစကတော့ ချစ်နေကြသတဲ့။ နောက်ပိုင်းကျတော့ မောင်မျိုးမြင့်က စာမေးပွဲတွေ ဘာတွေအကြောင်းပြပြီး အချစ်ရပ်စဲထားကြဦးစို့ဆိုလို့ မောင်နှမလို ဆက်ဆံနေကြတာပဲ"

"ဩော်... အတော်တတ်နိုင်တဲ့ အကောင်ကလေးပဲ။ ဒီလိုဆိုရင် ဒီကိစ္စမှာ မခင်ဝင်း ဘာမျှ မတတ်နိုင်တော့ဘူးတဲ့လား"

"မေးကြည့်ဦးမယ်လေ၊ သို့ပေမယ့် ကျွန်မသမီးကလည်း ဒါမျိုးကျတော့ မာနကလေးနဲ့ မအေးခင်ရဲ့၊ မေတ္တာစစ်ရင် သူ့ဘက်ပြန်လှည့်လာလိမ့်မယ်တဲ့။ သူကတော့ အတင်းမလိုက်နိုင်ဘူးတဲ့။ ပြီးတော့ သူ့ကိုယ်တိုင်လည်း မောင်မျိုးမြင့် မျက်နှာများသလို မများနိုင်ဘူးတဲ့"

"အင်း... အင်း... ဒါမျိုးမှ မိန်းမတော်လို့ ခေါ်နိုင်တယ်။ ကဲလေ... သမီးကို မေးကြည့်ပါဦး။ သူချစ်တဲ့သူ မတော်တရော်ဖြစ်မှာကို သူလည်း သဘောတူမှာ မဟုတ်ပါဘူး"

"ကျွန်မသမီးကို ရှင်းပြဦးမယ်လေ"

ထိုအတွင်း ကိုပြုံးချို ဝင်လာသည်။ ရှိုးတိုးရှန့်တန့်နှင့်ပင် ဘာမပြော ညာမပြော ဝင်ထိုင်လိုက်သည်။

ဒေါ်သိန်းက ချင်းထိုးရပ်ထားလိုက်ပြီး

"မောင်ပြုံးချို ဘယ်က ပေါက်လာတာတုန်း"

ပြုံးချိုသည် မော့၍မကြည့်ဘဲ

"ဒီကပဲ..."

ဒေါ်အေးခင်က ထရင်း နှုတ်ဆက်သည်။

"ကဲ... ကျွန်မသွားတော့မယ်..."

"ဟုတ်ကဲ့ ရှင်တို့အိမ် လက်ဖက်အစ်အတွက် ကြက်သွန်ကြော် ယူသွားပါဦးလား"

ဒေါ်အေးခင်က ထွက်တားရင်း

"နေပါစေ မသိန်းရယ် နေပါစေ"

ကိုပြုံးချိုကား ဘာမျှမပြောဘဲအနီးရှိ သတင်းစာဟောင်းတစ်စောင်ကို ဆွဲယူပြီး ငုံ့ကြည့်နေ၏။

ဒေါ်သိန်းက ချင်းဆက်ထိုးရင်း

"ဘယ်ကရောက်လာတာလဲ မောင်ပြုံးချို"

"အိမ်ကလာတာပဲ"

ဒေါ်သိန်းသည် ဆေးလိပ်လှမ်းပေးသည်။ ကိုပြုံးချိုသည် လှမ်းယူရှူရှိုက်ရင်း သတင်းစာကိုသာ ငုံ့ကြည့်နေသည်။ သူသည် ဘာမျှမပြော ဒေါ်သိန်းကလည်း ဘာမျှမမေး။ ပြောစရာ မေးစရာလည်း မလိုပါ။ အားလုံး သိပြီးသားပင်။

□

# အခန်း (၁၇)

မလှတင့်၏ ဧည့်ခန်းမှာ သားနားခံ့ညားလှသည်။ အိမ်ထောင် ပရိဘောဂ ပစ္စည်းများမှာ အားလုံး အဖိုးတန် အလှအပများဖြစ်ရုံမက အကြီးစား အခံ့စားများ လိုလိုချည်း ဖြစ်လေသည်။ အခန်းကြီးတွင် ထိန်ဝင်းစွာ ထွန်းနိုင်အောင် မီးအစုံ တပ်ဆင်ထားသော်လည်း ထောင့်တစ်ထောင့်က အဖုံးလှနှင့် မီးတစ်လုံးကိုသာ ဖွင့်ထားသည်။ ထိုတောင့်မှတစ်ပါး တစ်ခန်းလုံး မလင်းတလင်း ဖြစ်နေလေ သည်။ သို့ကလိုနေခြင်းကြောင့် သားနားခံ့ညားပုံ ပို၍ပေါ်နေသည်။

ထောင့်ကမီးရောင်အောက်ရှိ သုံးယောက်ထိုင် ဆိုဖာကြီးပေါ်တွင် ကိုယ်ကို မြှုပ်ထားကာ ထိုင်နေလေသည်။ မျိုးမြင့်မှာ လုံချည်ဖြူနု ပိုးရှပ်လက်ရှည် နံ့သာရောင်တို့ကို ဝတ်ဆင်ထားသည်။ မျိုးမြင့်သည် စာကလေး တစ်စောင်ကို ထုတ်ဖတ်သည်။

အစ်ကိုကြီးထံ ဝင်း ရိုသေစွာစာရေးလိုက်ပါတယ်။ အစ်ကို ကြီး ဘယ်ကို ဘာ့ကြောင့် ရောက်နေတယ်ဆိုတာကို ဒေါ်ဒေါ် မအေးခင်က အိမ်လာပြောသဖြင့် သိရပါသည်။ အစ်ကိုကြီး စာ ဖတ်ရန် စောင်းကိုပစ်ထားမည်ဆိုပြီး စန္ဒရားနောက်သို့ လိုက်နေ သည်ကိုလည်း စောစောကတည်းက ရိပ်မိပါသည်။ ဝင်း အဖို့တော့ ဟိုကဗျာကလေးကိုသာ ရွတ်နေမိပါသည်။ အစ်ကိုကြီး သတိရစေရန် အဲဒီကဗျာကလေးကိုပဲ ရေးပို့လိုက်ပါသည်။

မြခွာညို လပြာသို့ပွင့်စေညွန်းပါလို့ သွန်းပေါ့ရေအေး။ မြခွာညို လပြာသို ဝေလှိုင်ဖြာတော့ ဆီမဆိုင်ပိုင်သူပေါ်တယ်၊ မောတဲ့ပျိုလေး–

သို့ပေမယ့် ဝင်း မောရတာကတော့ ကိစ္စမရှိပါဘူး။ ဝင်းရဲ့

ကံကြမ္မာ ပစ်ချသလိုပါပဲ။ အစ်ကိုကြီးကိုတော့ တစ်ခုသတိပေးပါရစေ။ နွားရှေ့ထွန်ကျူးလို့တော့ မထင်ပါနှင့်၊ သတိတမန် ဉာဏ်မြေကတုတ်လုပ်ပြီး အများရှေ့မှာ ဂုဏ်သတိပျက်မယ့် ကိစ္စများကို ရှောင်ကွင်းနိုင်အောင် ပညာချွန်းနဲ့ အုပ်နိုင်ပါစေလို့…

အလေးတမူ အရေးယူခံရသူမှန်ရင်ဖြင့် ဝင်းမှာ ပြန်စာကလေး တစ်စောင်တော့ ရကောင်းလေရဲ့…

**ထားရာကနေသော ညီမလေး**

**ဝင်း**

ထိုအချိန်တွင် မလှတင့်ကား အိပ်ခန်းတွင်းတွင် အလုပ်လုပ်နေသည်။ အိပ်ခန်းတွင် ခုတင်နှစ်လုံးရှိ၏။ တစ်လုံးမှာ ၂ ယောက်အိပ်ဖြစ်ပြီး၊ တစ်လုံးမှာ တစ်ယောက်အိပ် ခုတင်ငယ်ကလေးဖြစ်သည်။ ၂ ယောက်အိပ်ခုတင်ကြီးတွင် အိစက်ညက်ညောသော အိပ်ရာကို ကျကျနနပြင်ဆင်ထားလေသည်။ အနီးရှိ ခုတင်ကလေးတွင် သားငယ်သည် အိပ်ပျော်သွားလေပြီဖြစ်ရာ မလှတင့်က ခြင်ထောင်ချပေးလိုက်၏။ ၄င်းနောက် မလှတင့်သည် ခုတင်ကြီး၏ဘေးဘက်ရှိ မှန်တင်ခုံရှေ့တွင် သူ့ကိုယ်သူ သလိုက်သည်။ မလှတင့်မှာ အင်္ကျီဖြူပါးပါးနှင့် ဖဲလုံချည်ကြက်သွေးရောင်ကို ဝတ်ထားသည်။ မှန်တွင် အရိပ်ထင်နေသော သူ့အိစက်ကြော့ရှင်းသော ကိုယ်ခန္ဓာကို သူကိုယ်တိုင် ကြည့်မငြီးဖြစ်မိသည်။ တစ်ဖန်မျက်နှာကို ဟိုထောင့်သည်ထောင့်မှငဲ့ကာ လှည့်၍ကြည့်သည်။ လိုသေးသည်ထင်သောနေရာတွင် ပေါင်ဒါတို့လိုက်သည်။ နှုတ်ခမ်းကိုလည်း အနီရောင်ရင့်အောင် ထပ်ဆိုးလိုက်သေး၏။ နောက်ဆုံး ကိုယ်ခန္ဓာရူပကာတွင် ဖြည့်စွက်မွမ်းမံဖို့မလိုတော့ဟု ထင်သောအခါ ရေမွှေးဖြင့် ပက်ဖျန်းလေသည်။

အခန်းပြင်ထွက်ရန် လုပ်ပြီးမှ ပြန်တုံ့ပြီး မှန်ခုံသို့လာကာ ရှေ့နောက်၊ ဘေး။ အမျိုးမျိုးကြည့်ပြန်သေးသည်။ ရေမွှေးလည်း ဖျန်းလိုက်သည်။

မျိုးမြင့်သည် စာဖတ်ပြီးနောက် သူ့အိပ်ခန်းသို့ မသွားနိုင်သေးဘဲ ဆိုဖာကြီးပေါ်မှာပင် အတွေးတွင် နစ်နေလေရာ မလှတင့်ဝင်လာသည်ကိုပင် ရုတ်တရက် သတိမထားမိလိုက်။ အမွှေးနံ့ကလေး နှာဝလာချမှ မော့ကြည့်မိလိုက်သည်။ ကြည့်လိုက်မိတော့လည်း သူ့မျက်လုံးများမှာ အညှို့ခံရဘီသကဲ့သို့ ဖြစ်သွားသည်။

"မောင်လေး မအိပ်သေးဘဲကိုး"

မျိုးမြင့်သည် မလှတင့်၏အလှတွင်သာ မိန်းမောနေမိပြီး မေးတာကို မဖြေမိ၊ သည်အဖြစ်ကို မလှတင့်သိသည်။ ခနဲ့တဲ့တဲ့ပြုံးလိုက်ပြီး–

"အို… မောင်လေးက မေးတာကို မဖြေဘဲနဲ့ လူကိုပဲစိုက်ကြည့်နေတယ်"

မျိုးမြင့်သည် ထိုခဏ၌ သူ့ရှေ့မှာရပ်နေသော မလှတင့်မှတစ်ပါး ကမ္ဘာကြီးတစ်ခုလုံး မေ့လျော့နေဟန်ရှိသည်။ အပြာနုရိပ်ဖုံးထားသော မီးရောင်သည် မလှတင့်၏ အသားရောင်ကို ညိုစိမ့်စိမ့်ဖြစ်စေ၍ အင်္ကျီလုံချည်တို့ကို ခပ်မှိုင်းမှိုင်း ဖြစ်သွားစေကာ ကတ္တီပါဝတ်ရုံကို လွှမ်းခြုံ၍ရပ်သော ဘုရင်မ၏ ခန့်ညားတည်ငြိမ်သော အလှကို ပေးနေလေသည်။ မျိုးမြင့်အား မလှတင့်က ကလိဆွသော အပြုံးဖြင့်ကြည့်လိုက်သောအခါ မျိုးမြင့်သည် မိန်းမောနေရာမှ မက်မောလာလေသည်။

မက်မောခြင်းသည် တပ်မက်ခြင်းအထိ ရင့်ကျက်သွားလေသည်။ တပ်မက်ခြင်းဖြင့် ရင်တွင်းတွင် ချောက်ချားနေလေရာ စကားကိုပင် အဆုံးမပြောနိုင်။

"မမတင့်က…"

မမတင့်သည် ကိုယ်ကို ငယ်မူရာပေါ်အောင် လှုပ်လဲ့လှုပ်လီ လုပ်၍ မျက်နှာကို ခနိုးခနဲ့ထားလိုက်ပြီး–

"မမတင့်က ဘာဖြစ်သလဲ ပြောလေ"

မျိုးမြင့်က ဘာမျှမပြောသေး။

"အို… ပြောလေကွယ် မမတင့်က ဘာဖြစ်သလဲ၊ အရွယ်ကြီးလို့ အမယ်ကြီးရုပ် ပေါက်နေပြီလား၊ ပြောပါကွယ် မမကို အားမနာနဲ့ ဟဲ… ဟဲ…"

သည်တော့မှ မျိုးမြင့်က တဟဲ့ဟဲ့ ရယ်လိုက်သည်။

"ဟဲ… ဟဲ… မမတင့်က လှတယ်"

မလှတင့်သည် ဒေါင်းအတောင်ဖြန့်သလို မြူးတူးလှုပ်ရှားသွားပြီး

"ဟော့–ဟော့– မမတင့်က လှသတဲ့ အောင်မယ် (မျိုးမြင့်နဖူးကို လက်နှင့်ဟန်ဆောင်ခေါက်ပြီး) ဒီသူငယ်ကလေးက ငယ်ပေမယ့် မြှောက်တတ်နေပြီကိုး (မျိုးမြင့်ဘေးတွင် ထိုင်ချလိုက်ပြီး ဣန္ဒြေဆည်လျက်) ပြောစမ်းပါ မောင်လေးရယ်– မမရုပ်တွေ ကျကုန်ရောပေါ့နော်"

"မကျပါဘူးမမရဲ့–မမရဲ့ရုပ်ဟာ တင့်လည်းတင့်တယ် လှလည်းလှတယ် မမကို ကျွန်တော် အခေါ်ပြောင်းမယ်တောင် စဉ်းစားနေတယ်"

မလှတင့်က အထိတ်တလန့် အမူအရာလုပ်လျက်–

"ဟေ– ဘယ်လိုများ ခေါ်ဦးမယ်လို့လဲ"

"မမလှလို့ခေါ်ချင်တယ် ဟား... ဟား..."

မလှတင့်လည်း မြူးတူးရယ်မောလိုက်သည်။ နောက်ဣန္ဒြေဆည်ပြီး

"ကဲ မောင်လေး သီချင်းတစ်ပုဒ်ဆိုကွယ်..."

"ဘယ်လို သီချင်းနားထောင်ချင်သလဲ မမလှရေ၊ တယ်ခေါ်လို့ကောင်းပါကလား..."

"ဆိုချင်တာ ဆိုပေါ့၊ မမကတော့ နားသာထောင်တတ်တာ၊ ဘယ်သီချင်းက ဘယ်လိုဆိုတာတောင် သိတာမဟုတ်ဘူး"

"ကျွန်တော်မေးနေတာက တောဘွဲ့လား၊ မယ်ဘွဲ့၊ မောင်ဘွဲ့လား၊ စိပ်ပုတီးနဲ့ အရိပ်ကြီးခိုချင်တဲ့ ကေစာဝါဒီတွေရဲ့ သီချင်းလား၊ အမုန်းသီချင်းလား၊ အချစ်သီချင်းလား ဒါတွေမေးတာပါ... မမရဲ့"

မလှတင့်က ငယ်မူကလေးတွေပြုလျက် ခစ်ခနဲ သဲ့သဲ့ကလေး ရယ်လိုက်ပြီး...

"အချစ်သီချင်း..."

မျိုးမြင့်သည် ခပ်တည်တည် ဟန်ဆောင်၍–

"အို... မမကလည်း အချစ်တွေ ဘာတွေ ကြားချင်သေးသလား"

မလှတင့်သည် မျက်နှာကလေး ညှိုးသွားပြီး သက်ပြင်းချလိုက်သည်။

"မမ အဖြစ်ဟာ တယ်ဆိုးတာပဲ မောင်လေးရယ်၊ သည်အရွယ်ရောက်ပြီး အချစ်ဆိုတဲ့ အရသာကို တစ်ခါမျှ မခံစားရဘူး။ ဒါ့ကြောင့်လည်း အချစ်ကို အမြဲတောင့်တနေရတဲ့သူ ဖြစ်နေတယ်။ လင်နဲ့ နေရတုန်းကလည်း အချစ်ကို တောင့်တရုံသာ တောင့်တခဲ့ရတယ်။ ဘယ်တုန်းကမျှ မပြည့်ဝခဲ့ဘူး၊ ခုလည်း..."

မလှတင့်၏ အသံ နစ်ဝင်သွားသည်။ မျက်နှာမှာ ညှိုးလျှနေသည်။ မျိုးမြင့်သည် သနားမှုဖြင့် ညင်သာယုယသော အမူအရာကိုပြုလျက်–

"အို... မမတို့ လင်မယား ချစ်ကြလို့ ညားကြတာ မဟုတ်ဘူးလား..."

"ဘယ်ဟုတ်မလဲ၊ မိဘတွေ ပေးစားလို့သာ ညားကြတာ၊ မိဘတွေက ဘာ့ကြောင့် ပေးစားရသလဲဆိုတော့ သည်လိုကွဲ့၊ ခုရှိတဲ့ ဆန်စက်နဲ့သည်ပြင် ကူးသန်းရောင်းဝယ်ရေး အလုပ်တွေကို မမမိဘနဲ့ ကိုထွန်းမင်းရဲ့မိဘ ၂ ဦးစပ်ပိုင်ကြတယ်။ စက်နဲ့အလုပ်တွေ မကွဲမပျက်နိုင်အောင်ဆိုပြီး တစ်ဦးတည်းသော သမီးနဲ့ တစ်ဦးတည်းသောသားကို ပေးစားလိုက်ကြတာပဲ၊ မမမှာ ရည်းစားတွေ

ဘာတွေ မရှိခဲ့ပါဘူး၊ သည်တော့ ညားပြီးရင် ချစ်လာမှာပေါ့ ထင်ခဲ့တယ်၊ မျှော်လင့်ခဲ့တယ်၊ တောင့်တခဲ့တယ်၊ သို့ပေမယ့် ချစ်မလာကြဘူး၊ နောက်ဆုံး ကွဲတာပါပဲ"

"အဖြစ်ဆိုးတာပေါ့နော် မမ၊ ဒါဟာ လူကြီးတွေမှားတာပဲ"

"မှားတယ်လို့တော့ မဟုတ်ဘူးလေ၊ လူကြီးတွေကတော့ စီးပွားမပျက်အောင်ဆိုတဲ့ စေတနာနဲ့ လုပ်ကြတာပဲ"

"အချစ်ကို မှုမတည်ဘူး မမရဲ့"

မလှတင့်သည် ဆိုဖာကျောကို ပက်လက်ကလေး ဟိုက်လျှနေအောင် မှီလျက် မှိုင်နေသည်။ ၄င်းနောက်...

"ဒါ့ကြောင့်လည်း အချစ်ကို တောင့်တနေတာ၊ အချစ်မရှိတဲ့ မမရဲ့ နှလုံးအိမ်ဟာ လူမနေ တစ္ဆေခြောက်နေတဲ့ အိမ်ကြီးနဲ့တူနေပြီ၊ မမရဲ့ ဘဝဟာ အချစ်ရေစင်နဲ့ မဖျန်းရလို့ အညွန့်တုံးတဲ့ သစ်ပင်ငုတ်တိုနဲ့ တူနေပြီ၊ သြော် ... ဆိုးတဲ့ဘဝ"

မလှတင့်သည် ပြောရင်းပြောရင်း မျက်ရည်စို့လာသည်၊ ရင်ဆို့ ဆို့လာသည်။ မျိုးမြင့်သည် မလှတင့်၏ ခံစားရမှုကြောင့် တုန်လှုပ်သွားပြီး ဘေးခြင်းတိုက် ယှဉ်ထိုင်ရာမှ မလှတင့်ဘက် မျက်နှာမူ၍ထိုင်ပြီး ကြင်နာယုယသော အမူအရာများကို ပြလိုက်သည်။

"မမအဖြစ်ဟာ ဆိုးတယ်နော်၊ အားမငယ်ပါနဲ့ မမရယ်၊ အားမငယ်ပါနဲ့၊ မမမှာ ပစ္စည်းဥစ္စာလည်း ပေါ၊ ရုပ်ကလည်း ချော၊ သဘောကလည်း ကောင်းတော့ တစ်နေ့ ချစ်သူပေါ်မှာပေါ့"

မလှတင့်သည် အချော့ခံရသောကြောင့် ပို၍ ပို၍ပင် ကြေကွဲလာပြီး ရှိုက်၍ ရှိုက်၍ လာသည်။ မျက်ရည်များ အသွယ်သွယ် ဖြာကျလာသည်။ မျိုးမြင့်ကား ဘာလုပ်ရမှန်းမသိဘဲ ဝမ်းနည်းလာ၏။ မလှတင့်သည် ဆိုဖာကို ကျောမှီ၍ ထိုင်နေရာမှပြင်၍ မျိုးမြင့်နှင့် မျက်နှာချင်းဆိုင်မိအောင် ထိုင်လိုက်ပြီး အရှိုက်ကြီး ရှိုက်လိုက်သည်။ ၄င်းနောက်...

"မောင်လေးကို မမတစ်ခု ပြောမယ်နော်"

"ပြောလေ မမကလည်း ခွင့်တောင်းနေရသေးသလား"

မလှတင့်က နွဲ့၍လေးသော အသံဖြင့် ခပ်တိုးတိုးကလေး။

"မောင်လေးကို မမချစ်နေပြီ၊ တစ်သက်လုံး မမတောင့်တနေတဲ့ အချစ်ဟာ မောင်လေးလက်ထဲမှာ ရှိနေပြီ"

ယခုအချိန်တွင် မျိုးမြင့်မှာ မဆွတ်ခင်က ညွတ်ချင်နေပြီး ဖြစ်သည်။ သို့ရာတွင် မလှတင့်ထံမှ ထိုစကားကို စလာသဖြင့် ခပ်ကြောင်ကြောင် ဖြစ်သွားသည်။ သြော်... မိန်းမတန်မဲ့ ဖွင့်ပြောရှာတာ ချစ်လွန်းလို့ ဖြစ်မှာဘဲဟု ကြင်နာသနားခြင်းပင် ဖြစ်နေသည်။ မျက်လွှာကို အောက်ချကာ အချစ်ကို တမြိန့်မြိန့် ငြိမ်သက်စွာ ခံစားနေလိုက်သည်။ သို့ကလို မျက်လွှာချ၍ ငြိမ်သက်စွာ နေသည်ကို မလှတင့်က တစ်မျိုးထင်သွားသည်။ စိတ်ဆိုးသွားတာလား၊ ရှက်သွားတာလား၊ ဘာပဲဖြစ်ဖြစ် ဖွတ်နှစ်တော့မည်။ မလှတင့်သည် မျိုးမြင့်ဘက်သို့ ကိုယ်ကို တိမ်းညွတ်လိုက်သည်။ မျက်နှာမှာ မျက်ရည်တွေ ဖြာဖြာလိှုင်နေသည်။

"မောင်လေး မမကို စိတ်ဆိုးသွားပြီလား၊ မောင်လေး မမတော့ မရှက်နိုင်တော့ဘူး"

မျိုးမြင့်သည် တုံ့ပြန်ရန် စကားလုံးရှာနေသည်။

မလှတင့်သည် မျိုးမြင့်၏ ပခုံးနှစ်ဘက်ကို ကိုင်ဖက်လိုက်ပြီး

"ပြောပါ မောင်လေးရယ်၊ မမ မရှက်နိုင်တော့ဘူး၊ မောင်လေးကို ချစ်တယ်"

မလှတင့်သည် မျိုးမြင့်အား နမ်းသည်။ တရှိုက်ရှိုက်လည်း ငိုသည်။ မျိုးမြင့်ကလည်း မလှတင့်အား ပြန်ဖက်သည်။ ပြန်နမ်းသည်။ သို့သော် ပါးစပ်ကမူ စကားတစ်ခွန်းမျှ မထွက်လာ။ သို့ကလို ဝစီကံအားဖြင့် နောက်ဆံငင်သလိုလိုဖြစ်သော်လည်း မနောကံ၊ ကာယကံတို့ကား နောက်ဆံမငင်ပါ။ မလှတင့်၏ ရုပ်ရေရူပကာတွင် တပ်မက်မြတ်နိုးရုံမက မလှတင့်၏ ဥစ္စာစည်းစိမ်တွင်လည်း မူးယစ်နေမိပြီ။ ခင်ဝင်း၏ သတိပေးစာသည် သဲထဲရေသွန်ဖြစ်ချေပြီ။ သြော်... ဝင်းကလေးက လောကအကြောင်း မသိရှာဘူးဟုပင် ဒေစီက သူ့အားပြောသလို တစ်ခါတစ်ခါ သူ့မျက်စိထဲ ပေါ်လာတတ်သော ခင်ဝင်းအား ပြောလွှတ်လိုက်သည်။

❒

# အခန်း (၁၈)

မင်္ဂလာလမ်းထိပ်က ဈေးတန်းတွင် လူသွားလူလာ ရှုပ်ယှက်ခတ် ဖြစ်နေသည်။ ခင်ဝင်းသည် သူ့ချင်းသုပ်ဆိုင်တွင်ထိုင်၍ စာဖတ်နေလေသည်။ တစ်ခါက တူမကြီးအလိုရှိတာပြော၊ ကူမယ်လို့ လောကွတ်ကောင်းသွားခဲ့သော ဒေါ်တင်သည် ခင်ဝင်းရှေ့မှာ လာရပ်လေသည်။

ခင်ဝင်းက စာဖတ်မြဲဖတ်နေရာ…

"စာဖတ်လှချည်လား တူမကြီးရဲ့၊ ဈေးကော ရောင်းကောင်းရဲ့လား"

ခင်ဝင်းက စာအုပ်ချပြီး…

"အော်… ဒေါ်တင်ပါလား၊ ကြာလေ ရောင်းမကောင်းလေပဲ၊ ချင်းသုပ်ဆိုင်တွေကလည်း သိပ်ပေါတယ်။ အခါကြီးကလည်း မကောင်းဘူး"

"ဟုတ်တယ်၊ ဟုတ်တယ် ဈေးရောင်းစားလို့ မဝဘူး တူမရေ့… "

"ဈေးမရောင်းလည်း ဘာလုပ်စားမလဲ ဒေါ်တင်ရယ်"

"အေး လောကကြီးမှာ ငွေပေါက်သိရင် မရှားဘူး တူမကြီးရဲ့"

ခင်ဝင်းက နားမလည်နိုင်။

"အို… ကျွန်မတို့တော့ ရှားတာပဲတွေ့တယ်"

ဒေါ်တင်သည် တကယ့်ပညာရှိလိုပြုံးလျက်…

"မသိတော့ ဒီလိုပေါ့၊ ဟိုနားက ကြံပန်းခိုင်ရောင်းတဲ့ လှခင်တို့များ အပေါက်သိတော့ ဖောခြင်း သောခြင်း ဖြစ်နေတာပဲ။ ကြည့်ပါလား တစ်ခါ တစ်ခါ ဝတ်စားလာလိုက်တာ၊ သူတို့တစ်အိမ်လုံးကိုလည်း ဝအောင် ကျွေးထားနိုင်တယ်။ ပြီးတော့ ညည်းတို့လမ်းထဲက မယ်သွင်တို့ ကြည့်ပါလား ဖောသီနေကြတာပဲ"

သည့်မှုပြောလည်း ခင်ဝင်းကား လောကအကြောင်း မသိရှာသေး။

"အို... ဟုတ်တယ်နော်၊ သူတို့ ဘယ်လိုများ အလုပ်အကိုင် ဖြောင့်နေကြပါလိမ့်"

"ညည်းနယ်အေ-ခက်တာမှတ်လို့၊ ဒါမျိုးတွေတော့ ဒို့ကလည်းသိတယ်၊ တတ်လည်းတတ်နိုင်တယ်၊ ဒါကြောင့်လည်း ညည်းကိုကူချင်တာ ညည်းကသာ သဘောတူရင်လေ"

ခင်ဝင်းက စိတ်ဝင်စားလာပြီ။

"ပြောစမ်းပါဦး ဒေါ်တင်ရဲ့၊ ဘယ်လိုတုန်း"

"အေး မသိသားဆိုးတဲ့ ညည်းကိုသိအောင် ရှင်းရှင်းပြောရမှာဖြင့် ငါထည့်တဲ့လူနဲ့ တစ်ညတလေ ထွက်လိုက်ရုံပဲ"

ခင်ဝင်းမှာ ငြိမ်းချမ်းနေတုန်း လေယာဉ်ပျံ အချက်မပေးဘဲ ဗုံးကြဲလာသည်နှင့် ကြုံရသလို အံ့သြခြင်း၊ ထိတ်လန့်ခြင်းများ ဖြစ်သွားမိရှာသည်။ မျက်နှာမှာ ချက်ချင်းညိုးကျသွားသည်။

"ဘာ- တစ်ညတလေထွက်လိုက်၊ ရှင်ဘာတွေပြောနေတာလဲ"

ဒေါ်တင်သည် မုန်းစရာကောင်းအောင် ပြုံးလိုက်သည်။

"အေး ညည်းရုပ်နဲ့ဆိုရင် တစ်ည ၅၀-၁၀၀ဝိ ရမယ်"

ခင်ဝင်းမှာ ဒေါသဖြင့် တဆတ်ဆတ်တုန်လာသည်။

"သွား... သွား ရှင်သွား၊ လူကို ဘယ်လိုမိန်းမစားမှတ်လို့လဲ၊ သွား သွား"

ဒေါ်တင်သည် အေးအေးစက်စက် ပြက်ရယ်ပြုရင်း...

"အေးပါတော် နောက်တော့သာ မပြောမရှိပါစေနဲ့(ကျောပေး၍ ထွက်သွားရင်း) ညည်းကို ဆွယ်ပေးဖို့ ပြောသူတွေက အများသား"

ခင်ဝင်းသည် ချက်ချင်းတော့ ဒေါသဖြစ်ရုံသာတတ်သည်။ နောက်တစ်ဆင့်တော့ ရှက်ရုံပဲ ရှက်တတ်သည်။ ကိုယ့်အဖြစ်ကိုတွေးပြီး ဝမ်းနည်းဖို့ပင် မတတ်သေး။ ဖတ်နေသော စာအုပ်ကို ဖြုန်းခနဲ ပစ်ချလိုက်သည်။ "အို- ငါ့ကို ဘယ်လို မိန်းမစားမှတ်လို့ပါလိမ့်" တောက်ခေါက်မိသည်။ နောက်ပြီး နှုတ်ခမ်းကိုက်ပြီး တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ ဖွင့်ထားသော ပိုက်ဆံသေတ္တာကို ဖြုန်းခနဲ ပိတ်လိုက်ပြီး ဆိုင်ပေါ်မှ ဖြုန်းခနဲ ဆင်းချသည်။ ခင်ဝင်းသည် ဒုန်းစိုင်း စိတ်ဆိုးမာန်ဆိုးနှင့် ဆိုင်ကိုပိတ်သည်။ အနီးအနားချင်း

တွေက အံ့သြစွာကြည့်နေကြ၏။ ခင်ဝင်းကမူ ဘယ်သူ့ကိုမျှ ဂရုစိုက်၍ ကြည့်မနေ။

ခင်ဝင်းသည် ပိုက်ဆံသေတ္တာကိုဆွဲလျက် လျင်မြန်စွာ အိမ်သို့ပြန်သည်။ လမ်းလျှောက်နေပုံမှာ မပြေးရုံတမယ်ဖြစ်၏။ ဒေါသမွှန်၍ အရှက်ဖြင့် ပူထူနေလေရာ ဆိုက်ကားတစ်ခုနှင့် ဝင်တိုက်မိတော့မလိုပင် ဖြစ်သေးသည်။ အိမ်ပေါ်သို့ တက်သောအခါလည်း ဒုန်းဒိုင်းနှင့် တက်လာ၏။ အိမ်ရှေ့ခန်းတွင် အုန်းဆံလှီးနေသော ဒေါ်သိန်းသည် သမီးကို အလန့်အထိတ်ကြည့်နေသည်။ ခင်ဝင်းသည် အိမ်ရှေ့ခန်းမှနေပြီး အတွင်းသို့ ဆက်တိုက်ဝင်သွားသည်။

"ဟဲ့… သမီး ဘယ်လိုဖြစ်လာတာလဲ"

ခင်ဝင်းက အမေကိုပင် မပြောလို၊ မပြောရက်၊ မပြောနိုင်၊ ခုတင်ပေါ်မှာ ခြေတွဲလွဲ ထိုင်ချလိုက်သည်။ အတန်ကြာငေးနေပြီး သက်ပြင်းချလိုက်သည်။ သက်ပြင်းချလိုက်တော့မှ မျက်ရည်ကလေးစို့လာသည်။ "တောက် လူကို ဘယ်လိုမိန်းမစားမှတ်လို့ပါလိမ့်" (ပြောရင်း မျက်ရည်ကျလာသည်) "ပိုက်ဆံမရှိလို့ ဒီလိုပြောတာပေါ့လေ" (ရှိုက်၍ရှိုက်၍လာသည်) "ပိုက်ဆံမရှိလို့ အထင်သေးတာပေါ့လေ" (လှိုက်ဖို၍ ဆို့တက်လာသည်) "တောက် ငါဒီမိန်းမကြီးကို ဓားနှင့်ထိုးမယ်။ ငါ့ကို ဒီလိုပြောရက်တဲ့ လူတွေသတ်ပစ်မယ်။ ငါ့ကို စော်ကားတဲ့ မိန်းမကြီး သိစေမယ်…"

ခင်ဝင်းသည် ငိုချလိုက်၏။

အပြင်ခန်းမှ ဒေါ်သိန်းသည် ဖင်တရွတ်ဆွဲ၍ အခန်းထဲဝင်လာရင်း…

"သမီး… ဘာဖြစ်လာသလဲဟင်"

သမီးမှာ ငို၍သာနေသည်။ တော်တော်နှင့် စကားမေးမရ။

"သမီးကို ဘယ်သူအထင်သေးလို့တုန်း၊ ဘယ်သူက စော်ကားလိုက်လို့တုန်း၊ ပြောစမ်းပါသမီးရယ်၊ တိတ်ပါဦး သမီးရယ်။ ဘယ်လို စော်ကားတာလဲ၊ ပိုက်ဆံမရှိလို့ ဘယ်လို အထင်သေးခံရတာလဲ" ဒေါ်သိန်းက သမီးကို ဖက်ထားသည်။ သမီးက အမေကိုပြန်ဖက်ပြီး ငိုချပြန်သည်။ ဒေါ်သိန်းကိုယ်တိုင် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာသည်။ "တိတ်ပါ သမီးရယ် တိတ်ပါ၊ ဘာဖြစ်တယ်ဆိုတာ အမေ့ကို ပြောဦးမှပေါ့"

အမေ့နွေးသော ရင်ငွေ့နှင့် အမေ့ချိုသော စကားတို့သည် လေမုန်တိုင်းအပြီး လေပြည်လေညင်းလာသည်နှင့် တူတော့၏။ ခင်ဝင်းလည်း အငိုတိတ်

သွား၏။ အငိုတိတ်သည်နှင့်အတူ ဒေါသတွေ ကုန်သွားသည်။ "သိပ်ရှက်စရာ ကောင်းတာပဲ အမေရယ်" ပြောသာ ပြောရသော်လည်း အမေ့ကိုတော့ ရှက်ဖို့ မလိုပါ။ လောကကြီးမှာ လင်နှင့်မယားကြားမှာပင် ရှက်စရာရှိကောင်းရှိမည်။ သမီးနှင့်အမေကြားမှာကား ရှက်စရာမရှိ။ ထို့ကြောင့် ခင်ဝင်းသည် အမေ့အား ဖြစ်သမျှ ဥသုံအလုံးစုံကို ပြောပြလေသည်။ ပြောပြီးသည်၏အဆုံး၌ အမေက မချုပ်တီးနိုင်၊ မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ငိုချပြန်သည်။ သို့ရာတွင် ယခုတစ်ကြိမ် ငိုခြင်းကား ဒေါသနှင့် ငိုခြင်းမဟုတ်၊ အရှက်ကြောင့် ငိုခြင်းလည်းမဟုတ်တော့၊ ဆင်းရဲလှသည့်ဘဝ၊ ချစ်သူကပင် စွန့်ပယ်ခြင်း ခံနေရသည့်အဖြစ်။ သူ့အား အထင်သေး အမြင်သေးသည့်လောက စသည်တို့ကို တစိမ့်စိမ့်တွေးမိပြီး ပူပင်ကြေကွဲ လှိုက်လှိုက်လှဲလှဲ ငိုခြင်းဖြစ်သည်။

ခင်ဝင်းသည် ငို၍အားရသောအခါ ဤလောက လူ့ဘောင်ကိုပင် ပြစ်တင်ဝေဖန်မိလေသည်။ လောကကြီးကို မကောင်းဘူး၊ ဆင်းရဲအောင်၊ နိမ့်ကျအောင်၊ အထင်သေး စော်ကားခံရအောင် အမျိုးမျိုး ဖန်တီးပေးနေတဲ့ လောက။ တို့မိန်းကလေးတွေကို ဖျက်စီးနေတဲ့လောက။

နောက်တစ်နေ့သို့ ရောက်သောအခါ ခင်ဝင်းသည် ဈေးဆိုင်သို့သွား၍ ဖွင့်လိုစိတ်မရှိ။ ရှက်လည်းရှက်၊ စိတ်လည်းပျက်မိ၏။ သို့ရာတွင် ဒီနေ့ အလုပ်မလုပ်ရင် နက်ဖြန် စားစရာမရှိလောက်အောင် ဆိုးသောအခြေသို့ ရောက်နေမည်။ သူ့သာမက မျက်မမြင် အဘွားကြီးလည်း အလုပ်မလုပ်ဘဲ နေလို့မရ။ သွက်ချာပါဒဖြစ်နေသော မိခင်လည်း နေလို့မရ။ အိမ်ရှိလူကုန်လုပ်မှ ထမင်း မဝတဝ စားရရုံ။ ခါးမလှတလှ ဆင်ရရုံဖြစ်သော အခြေအနေသို့ ရောက်နေလေပြီ။ အမှန်မှာ ခင်ဝင်းတို့သာ သည်လိုဖြစ်သည်မဟုတ်။ အခြားလမ်းဘေးဈေးသည်များသာ သည်လိုဖြစ်သည်မဟုတ်။ ခင်ဝင်းတို့ တစ်ဘက်ခန်းရှိ ဧရာဝတီ သင်္ဘောကုမ္ပဏီစာရေး ကိုသာလှတို့လည်း သည်လိုဖြစ်နေသည်။ ကိုသာလှ၏ ဇနီးမှာ ထီဆိုင်ထိုင်၍ ထီလက်မှတ်ရောင်းရရှာသည်။ ထီစာရေးမဆိုတာ ပိုးစရာပန်းစရာ ထင်သူအချို့၏ မထိတထိ အပိုးအပန်းကိုပင် ခံနေရရှာသည်။ လင်းကွန်းကွက်သစ် ငှက်ပျောတောလမ်းနေ ခင်ဝင်းတို့၏ ဦးလေးတော်သူ သစ်စက်အလုပ်သမား ကိုလှမင်း၏ သမီးကလေးသည် သူများအိမ်မှာ အစေခံလုပ်နေရသည်။ သားကလေးသည် ကျောင်းမနေနိုင်။ ဘတ်စ်ကား စပယ်ယာ လုပ်နေရသည်။ အလုပ် အိမ်ရှိလူကုန်လုပ်။ ခါးကုန်းသည့် အမယ်အိုပင် ခေါက်ချိုးကျအောင် ကုန်စေတော့ လုပ်မှဖြစ်မည်။

တစ်နေ့သော နံနက်ခင်းတွင် ခင်ဝင်းတို့အိမ်ရှေ့ခန်း၌ အဘွားကြီးသည် မြေပဲခွံခွာ၍နေသည်။ ဒေါ်သိန်းကား ချင်းထိုးလျက်ရှိ၏။ ခင်ဝင်းသည် အိမ်နောက်ဖေး မီးဖိုချောင်၌ ချက်ပြုတ်နေသည်။ ထိုအချိန်တွင် လမ်းပေါ်မှ သတင်းစာသမား၏ အော်ဟစ်ရောင်းချသံ ပေါ်လာလေသည်။ "သတင်းစာ... နမူကို ရဲဘော်က လက်မခံနိုင်။ ဖဆပလနှင့် ရဲဘော် ကွဲဦးမတဲ့။ ၅၀ ကျော် အပျိုကြီးကားတင်ခံရပြီ။ သတင်းစာ သတင်းစာ"

သတင်းစာသမား၏ အော်ဟစ်သံမှ မစဲမီ ငေါက်ဆတ်ဆတ် ကျယ်စွာစွာ အသံတစ်သံ ပေါ်လာသည်။

"ဟော့... မသိန်း။ အောင်မယ်၊ မမြင်ချင်ယောင်ဆောင်နေလိုက်သေး"

ဒေါ်သိန်းသည် ချင်းထိုးနေရာမှ မော့်ကြည့်လိုက်သောအခါ မဖွားညွန့်အား တွေ့ရ၏။ မဖွားညွန့်ကား ကောင်းမွန်စွာ ဝတ်ဆင်ထားသော်လည်း ကြမ်းတမ်းခက်ထရော်သော ရုပ်ကား ဖုံးမရအောင် ပေါ်နေသည်။ မျက်နှာမှာလည်း ဒေါသရောင်တွေ ထွက်နေ၏။ ဒေါ်သိန်းသည် ၎င်းအားမြင်လျှင် နေမထိထိုင်မသာ ဖြစ်သွားသည်။ ခယတောင်းပန်သော မျက်နှာထားနှင့် အသံတို့ဖြင့်...

"ဒေါ်ညွန့်ရယ်၊ စိတ်မရှိပါနဲ့ရှင်၊ ဆိုင်းလိုက်ပါဦး" မဖွားညွန့် မျက်နှာထားကို ပိုတင်းလိုက်ပြီး...

"စိတ်မရှိဘဲနေပြီလား၊ ၃-လခရှိနေပြီ။ အိမ်ကဆင်းပေးကြပါ ဆိုတော့လည်း ဆင်းမပေးဘူး။ ညည်းတို့ဆင်းပေးရင် ကျုပ်မှာ လခလည်း ပိုရမယ်၊ ဆလမ်မီလည်း ရဦးမယ်"

"ရွှေ့ဖို့ဆိုတာ မလွယ်ပါဘူး ဒေါ်ဒေါ်ညွန့်ရယ်"

"အံမယ်၊ လမ်းဘေးတဲထိုးနေပါလား"

ဒေါ်သိန်းမှာ အောက်ကျို့မြဲ အောက်ကျို့နေသည်။

"လမ်းဘေး တဲထိုးဖို့ ပိုက်ဆံရှိရင် ရွှေ့ပေးတာကြာပါပြီရှင်၊ ကျွန်မတို့က လခမပေးရရင် မျက်နှာပူတတ်ပါတယ်ရှင်"

မဖွားညွန့်က ကက်ကက်လန် ရန်တွေ့လိုက်လေသည်။

"သုံးလရှိနေပြီရှင့် သုံးလ၊ ဒါနဲ့များ မျက်နှာပူတတ်သလေး ဘာလေးနဲ့ ကြီးကြီးကျယ်ကျယ် ပြောလိုက်သေး"

"ဈေးရောင်းမကောင်းလို့ပါရှင်"

"ဈေးရောင်းမကောင်းရင် လူရောင်းပေးကြ၊ လူရောင်းပေးကြ၊ သမီးတွေလည်း ရှိသားပဲ၊ သမီးငွေရှာခိုင်းပေးကြ။ ကျုပ်အိမ်တော့ အလကား"

ဒေါ်သိန်းကား ထောင်းခနဲ ဒေါသဖြင့် မွန်တက်သွားသည်။ အပ့ဲ ဆားထိသွားသည် မဟုတ်ပါလော။ အနီးရှိ ချင်းတက်ထည့်သော ဇလုံဖြင့် မဖွားညွန့်၏ မျက်နှာကို မှန်းကာ ပေါက်လိုက်ရာ ခွပ်ခနဲမှန်၍ ဒိုင်းခနဲ လဲကျသွားသည်။

"ကိုင်း... ပြောဦး၊ စော်ကားဦး"

မဖွားညွန့်ကား ခုတင်က ဒေါသကြီးသလောက် ယခု ထိတ်လန့်ကြောက်ရွံ့သွားသည်။ ခုတင်က လက်ညှိုးတငေါက်ငေါက်နှင့် ကတ်ကတ်လန်ရန်တွေ့ လောက် ယခု ဆွေ့ဆွေ့ခုန် ရင်ဘတ်စည်တီး လုပ်နေရသည်။

"ကြည့်စမ်း၊ ကြည့်စမ်း၊ အရပ်ကတို့ ကြည့်ကြပါဦး၊ အိမ်လခလာတောင်းတာ ဇလုံနဲ့ ပေါက်လွှတ်တယ်၊ လူကို သက်သက် စော်ကားတယ်။ သိကြရောပေါ့နော်၊ တရားစွဲမယ် နားလည်လား တရားစွဲမယ်"

ထိုအတွင်း ကိုပြုံးချိုလည်း ပျာပျာသလဲနှင့် အိမ်ရှေ့လမ်းမှ အိမ်ပေါ်တက်လာသည်။ ခင်ဝင်းသည်လည်း အိမ်နောက်ဖေးမှ ဝင်လာသည်။

ကိုပြုံးချိုက တောင်ကိုင်ရမလို မြောက်ကိုင်ရမလို အမူအရာဖြင့် –

"ဖြစ်မှဖြစ်ရလေဗျာ"

ခင်ဝင်းကား မိခင်အနားတွင် ဒူးတစ်ဖက်ထောင် တစ်ဖက်ချထိုင်လျက် အမေ့လက်မောင်းကို ကိုင်ထားလေသည်။

ဒေါ်သိန်းကား တဆတ်ဆတ်တုန်နေတုန်းပင် ဖြစ်သည်။ တစ်နေ့က သမီးကလေးအား ငွေနှင့်ဆွယ် စော်ကားခြင်း၏ ဒဏ်ရာမှာ အနာမကျက်မိ ယခုအိမ်ရှင်၏ စော်ကားချက်က ထပ်၍ ထိပြန်ပြီ။ ပါးစပ်မှ တဖျစ်တောက်တောက်။

"လူကို သက်သက်စော်ကားတယ်"

မဖွားညွန့်က ဆက်၍ ရင်ပတ်စည်တီးလုပ်နေသည်။

"အိမ်လခတောင်းတာ ဇလုံနဲ့ ပေါက်လွှတ်တယ်။ သိကြရောပေါ့နော် တရားစွဲမယ်။ နားလည်လား၊ ဖွားညွန့်တဲ့ သိကြရဲ့လား"

သို့သော် သူ့အား ဘယ်သူမျှ ဂရုမစိုက်ကြ။ ဘယ်သူကမှ မတောင်းပန်။

"သိကြရောပေါ့နော် တရားစွဲမယ်၊ နားလည်လား၊ ဖွားညွန့်တဲ့နော်၊ အကြောင်းပြလိုက်မယ်" ဟုပြောကာ မဖွားညွန့်သည် အိမ်ပေါ်မှဆင်း၍ အောင်မြင်စွာ ဆုတ်ခွာသွားလေသည်။

ကိုပြုံးချိုသည် ခုမှ ထိုင်နိုင်တော့သည်။

"မသိန်းပေးစရာ အိမ်လခ ဘယ်လောက်များများကျန်လို့တုန်း"

"သုံးလခပါ ငွေ ၇၅ ကျပ်ထဲပါ၊ ဈေးရောင်းမကောင်းလို့ မပေးသေးတာပါ။ ဘယ်တော့မှ မပေးဘဲ နေဖူးတာ မဟုတ်ပါဘူး"

ခင်ဝင်းက အိမ်နောက်ဖေးသို့ ဝင်သွားလေသည်။

ကိုပြုံးချိုကများစွာ စိတ်ထိခိုက်ဟန်ဖြင့် ခေါင်းငိုက်စိုက်ချကာ ဖြည်းဖြည်းခါလျက်။

"ခက်တာပဲ မသိန်းရယ်၊ သူဘာတွေပြောလို့ မသိန်းက ဇလုံနဲ့ ပေါက်လိုက်တယ်ဆိုတာ ကျွန်တော် ကြားပါတယ်၊ ခက်တာပဲ မသိန်းရယ်"

ဒေါ်သိန်းသည် အခက်အခဲတွေကြားမှ ထွက်ပေါက်မမြင်ဘဲ လက်လျှော့ကာ မှိုင်တွေချနေသည်။ ကိုပြုံးချိုကလည်း မှိုင်တွေချနေလိုက်သည်။ ကိုပြုံးချို၏ စိတ်ထဲမှာတော့ "သမီးကလေးကို နားဝင်အောင်ပြောဗျာ၊ အခက်အခဲတွေက ရုန်းထွက်နိုင်အောင် ကျွန်တော် ကြိုးစားပါမည်" ဟုဆိုနေ၏။

ခင်ဝင်းသည် နောက်ဖေး မီးဖိုချောင်မှာ ချက်ပြုတ်၍နေသည်။ လက်ကသာ စက်ရုပ်လို လှုပ်ရှား လုပ်ကိုင်နေသော်လည်း စိတ်ကမူ ချက်ပြုတ်ရာတွင်မဝင်၊ ဆင်းရဲတွင်းမှာ ကြာလေနက်လေဖြစ်လာသဖြင့် စိတ်ပိုအိုက်လာသည်။ အစဉ်းစား ပိုကျပ်လာသည်။ ရောင်းချစရာ ပေါင်နှံစရာ ဟူ၍လည်း ဘာမျှမရှိတော့ချေ။ အဖျင်းဆုံး ခင်ဝင်း ပမွေးခင်က ဝယ်ယူဝတ်ဆင်သော ဘန်ကောက်လုံချည် အဟောင်းပင် အပေါင်ဆိုင်သို့ရောက်၍ ဆုံးပင်ဆုံးခဲ့ရလေပြီ။ သူ့ပိုးလုံချည် သုံ့ထည်ပင် ပေါင်လိုက်ချင်သည်။ သို့သော် အမေက သမီးရယ်၊ ဒါတော့ မလုပ်ပါနဲ့ ထသွားလာသွားအတွက် ထားပါဦးကွယ်ဟု အတင်းတားသဖြင့် မပေါင်ခဲ့ရ။ ခင်ဝင်းမှာ အပျိုရည်ဝင်ပြီးစ အပျိုကြီးဖားဖားဖြစ်ရန် အားယူနေသော အရွယ်ဖြစ်ပေရာ ဝတ်ချင်တုန်း၊ ပြင်ဆင်ချင်တုန်း၊ လှကောင်းတုန်း၊ ပကောင်းတုန်း၊ ပြကောင်းတုန်းအချိန် ဖြစ်၏။ သို့ရာတွင် ဝတ်ဆင်ချိန်မရ၊ ထမင်းချက်ရ တကုပ်ကုပ်နှင့် အလုပ်လုပ်၍သာ နေရရှာလေသည်။

ထားဦးတော့။ ညှိုးညှိုးငယ်ငယ် နေရရှုံဆိုလျှင် တော်သေး၏။ ယခုတော့ ညှိုးလို့ပဲ ပေါသည်ဟု ထင်သူက ထင်၊ ညှိုးလို့ပဲ စော်ကားသူက စော်ကား။ ညှိုးလို့ပဲ စွန့်သူက စွန့်။ ဤလောတစ်ခွင်တွင် ခင်ဝင်းခမျှာ အသို့နေသာစရာတစ်ကွက်မျှ မမြင်နိုင်ပါတကား။

▢

# အခန်း (၁၉)

မျိုးမြင့်နှင့် မလှတင့်တို့သည် နှစ်ယောက်သား အတိအလင်း ပွင့်ပွင့်လင်းလင်း ချစ်၍ သွားနေကြပြီး ဖြစ်သော်လည်း လူသိနတ်ကြား လင်မယားအဖြစ်နေရန် အခြေသို့ကား မဆိုက်ရောက်သေးချေ။ မျိုးမြင့်ကမူ လူသိနတ်ကြား လင်မယားအဖြစ်ကိုယူရန် ဆုံးဖြတ်ပြီးဖြစ်၏။ မလှတင့်အား ချစ်လည်းချစ်နေပြီ၊ မလှတင့်နှင့် ခြေကျွန်လက်ကျွန်ဖြစ်၍ သွားလည်း သွားနေကြပြီ။ တချို့မှာ တစ်ခုလပ်အမယ်အိုကို အရွယ်ပျိုထင်၍ ယူကြသည်။ သူ့အဖို့ကား အမယ်အိုကို အရွယ်ပျိုထင်ခြင်းမဟုတ်၊ မလှတင့်မှာ အရွယ်ကြီးလှသေးသည် မဟုတ်၊ ပျိုမျစ်နုနယ်၍ ချစ်ချင့်စဖွယ်ဖြစ်သည်ကို လူတကာက ဝန်ခံကြရမည်။ လောကတွင် မျိုးမြင့် အလိုကို အသိဆုံးသူမှာလည်း မလှတင့်ပင်ဖြစ်သည်။ ထမင်းလက်ဆုံစားကြရာ သူ့မှာ ငါးသလောက် ကြိုက်သော်လည်း၊ အညာသားမို့ အရိုးထွင်မစားတတ် ဖြစ်လေရာ မလှတင့်က အရိုးထွင်ကျွေးသည်။ လိမ္မော်သီးကို မှျမက သပျစ်သီးကိုပင် အခွံနွှာအစေ့သင်၍ ကျွေးသည်။ မောင်ကလေးဖို့ မြင့်ကလေးဖို့ဆိုပြီး ပိုးလုံချည်တွေ ဝယ်လာတတ်ရာ၊ မလှတင့်မို့လို့ သည်လောက်လှသောအဆင်၊ မြင့်ကလေးနှင့် လိုက်သောအဆင်၊ မြင့်ကလေး ကြိုက်သောအဆင်ကို ရွေးတတ်ပေသည်။ အင်္ကျီကြယ်သီးတစ်လုံး ခုပြုတ်သည်ဆိုရင် ခုချက်ချင်း တပ်ပေးသည်။

ဟောဒါ ရေချိုးခန်းမှာ စီးတဲ့ဖိနပ်၊ ဟောဒါက အိမ်ပေါ်နေတုန်း စီးတဲ့ဖိနပ်၊ ဟောဒါက ဘုရားသွားတော့ စီးတဲ့ဖိနပ်၊ ဟောဒါက ရုပ်ရှင်သွားတော့ စီးတဲ့ဖိနပ် စသည်ဖြင့် ဖိနပ်စီးရာက အစစ စေ့စပ်သေချာစွာ ပြုစုတတ်ပေသည်။

အိမ်မှာရှိပြီး စန္ဒရားကြီးကို မျိုးမြင့်က တော်တော်ဟောင်းနေပြီနော်ဟု ဆိုလိုက်ကာရှိသေး စန္ဒရားအသစ်တစ်လုံး ရောက်လာသည်။

မျိုးမြင့်သည် စန္ဒရားတီးတဲ့ အခါတီး၍ စောင်းတီးသည့်အခါ တီး၏။ စန္ဒရားတီးလျှင် ဒေစီနှင့် အတူတွဲ၍ သီဆိုသော သီချင်းများကို ဆိုသည်။ ဒေစီအား သတိရသည်။ စောင်းကောက်ကြီးတီးသောအခါ ခင်ဝင်း ဆိုသော သီချင်းများကို ဆို၏။ ခင်ဝင်းကို သတိရ၏။ သို့ရာတွင် ဒေစီနှင့် ခင်ဝင်းတို့အား စွဲလမ်းခြင်းဖြင့် သတိရခြင်းမဟုတ်ပေ။ အငြိအတွယ်ကင်းသော သတိရခြင်းဖြစ်၏။ တစ်ခုတော့ရှိ၏။ ခင်ဝင်းကို သတိရသောအခါ၌ကား ခင်ဝင်းအား သနားသည်။ ခင်ဝင်း၏ အလိမ္မာဂုဏ်ကို ချီးကျူးသည်။ သူကိုယ်တိုင် ခင်ဝင်းလို မကျင့်နိုင်စေကာမူ ခင်ဝင်း၏ သစ္စာသမာဓိကိုတော့ ကြည်ညိုလေးစားမိလေသည်။ ခင်ဝင်းကို တစ်နည်းနည်းနှင့် ကြည့်ရှုစောင့်ရှောက်မည်ဟုလည်း အခါခါပင် စိတ်ကူးသည်။ စောင်းတော်ကြီးတစ်လုံးကိုလည်း ဝယ်ပေးထားသည်။

မလှတင့် အလုပ်သွားနေချိန်များတွင် မျိုးမြင့်သည် အိမ်မှာနေရစ်ခဲ့ပြီး သီချင်းသီစပ်လေ့ရှိသည်။ သည်လိုအားပြီး သည်လို သုခရှိရှိနေရသော အချိန်၊ သည်လို အထက်တန်းကျလှသော အချစ်၏ ယုယပိုက်ထွေးခြင်း ခံနေရသော အချိန်သည် သီချင်းရေးစပ်၍ အကောင်းဆုံးသော အချိန်ဟုလည်း သူထင်မှတ်လာလေသည်။ သူသည် သူ၏သီချင်း ဂီတသံကလေးများကို လွန်စွာမှ နှားဝင်ပီယံဖြစ်၏။ သီချင်းစာသားများကို အဓိပ္ပာယ်ရသ ပြည့်ဝလာသည်ဟု ထင်နေ၏။ အလုပ်ပြီး၍ မလှတင့်ပြန်လာသောအခါများ၌ သီစပ်ထားသော သီချင်းကလေးများကို ဆိုပြသည်။ တီးပြသည်။ အဓိပ္ပာယ်ရသလို ရှင်းပြသည်။ မလှတင့်ကလည်း သည်လောက်ကောင်းသည့်သီချင်း တစ်ခါမျှ မကြားဖူးဘူးဟုဆိုကာ မျက်စိမှေး၍ နှားဝင်ပီယံ အရသာခံခြင်းဖြင့်လည်းကောင်း၊ ပြုံးပြုံးကြီးလုပ်၍ လက်ခုပ်တီး၍လည်းကောင်း သြဘာပြုသည်။ သည်လောက် အဓိပ္ပာယ် ရသ ပြည့်ဝသောသီချင်းမျိုး သည့်ပြင် မရှိနိုင်ပါဟုလည်း ထောမနာပြုသည်။ ထို့ကြောင့် မျိုးမြင့်သည် သူ့ကိုယ်သူ အောင်မြင်သော သီချင်းရေးဆရာကြီးဟု ထင်မှတ်လာလေသည်။ သူတစ်သက်လုံး အားခဲတောင့်တခဲ့ရသော အလုပ်ကို ရပြီဟုလည်း ယူဆသည်။ ဘယ်သူဘာပြောပြော ကဗျာဂီတဘက်မှာ သူစိတ်ရှိသလို အစွမ်းအစရှိသလို ပွင့်လင်းခွင့်ရပြီဟုလည်း ယုံကြည်သည်။ သူသတိလစ်နေတာ တစ်ခုတော့ ရှိသည်။ သူရေးသော သီချင်းတို့သည် ဤလူ့ဘောင် လောက၏

ဘယ်ထောင့်ကွက်၊ ဘယ်သို့သောအကြောင်း၊ ဘယ်သူ၏အကြောင်း သီကုံး ထင်ဟပ်ထားသည်ကိုကား သတိမထားမိချေ။ သူ့သီချင်းများက အိစက်ညက် ညောတယ် ဖဲမွေ့ရာပေါ်ဝယ်၊ ချစ်တလင်းခေါ်မယ်၊ ဗျူဟာခင်းတဲ့တူမောင် မယ်... သီချင်းမျိုး၊ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး သိမ်းကျုံးလို့ မောင်ဖက် ထားချင်တယ် စသော သီချင်းမျိုးများသာ ဖြစ်နေပေသည်။

ထိုသီချင်းများကို ဓာတ်ပြားသွင်းရန် လျာထားကြသည်။

ဓာတ်ပြားလုပ်ငန်း လုပ်ရန် စီမံကိန်းများကို မလှတင့်နှင့် ဆွေးနွေးကြ သည်။ မလှတင့်က စေ့စေ့စပ်စပ် မေးမြန်းသည်။ သီချင်းဆိုသူကို ဘယ်လောက် ပေးမလဲ။ အတီးအမှုတ်အတွက် ဘယ်သူ့ကိုငှားရမလဲ။ ဘယ်လောက်ပေးရမလဲ။ ဓာတ်ပြားထွက်လာတော့ ဘယ်နှစ်ချပ်လောက် ရောင်းရမလဲ။ မျိုးမြင့်ကား ရောင်းလို့တော့ ကောင်းမှာပဲ ဘယ်နှစ်ချပ်လောက် ကုန်မလဲတော့ မပြောတတ် ဘူးဟုသာ ဖြေနိုင်သည်။ ထိုအခါမျိုး၌ မလှတင့်က ဒါကိုသိအောင် လုပ်ပါဦး ဟုဆိုကာ စီမံကိန်း အကောင်အထည်ဖော်ရေးကို ရွှေ့လိုက်သည်။ ဘယ်နှစ်ပြား ကုန်တယ်ဆိုတာ သိရုံမက။ ဘယ်လောက်အမြတ်ကျန်မလဲလို့ သိအောင်လုပ် ပါဦးဟု ထပ်မံ ညွှန်ကြားပြန်သည်။

"မမကလည်း အမြတ်သိပ်ကြည့်တာကိုး" ဟု မျိုးမြင့်က ညည်းလိုက် ရင်။

"အမြတ်ကြည့်မှ အလုပ်ဖြစ်တော့မပေါ့ မြင့်ကလေးရဲ့၊ အမြတ်မရှိရင် အလုပ်ပျက်မယ်၊ အလုပ်ပျက်ရင် မြင့်ကလေး ဝါသနာပါတဲ့အလုပ် ဘယ်လို လုပ်မလဲ" ဟု မေးလိုက်သည်။

မျိုးမြင့်သည် မချင့်မရဲ ဖြစ်သွားသည်။ သူသိတာက ဝါသနာပါတာ ကောက်လုပ်တာပဲ သိသည်။ ဂီတဘက်အားပေးတယ်ဆိုတာ ငွေတွေအကုန်ခံ၍ အားပေးတာကိုပဲ သိသည်။ အမြတ်တွေရအောင် အားပေးတာကိုမသိ၊ သို့သော် မလှတင့်က အထက်ပါအတိုင်း တွက်ချက်ပြလိုက်သောအခါ အလုပ်သဘောကို နားလည်လာသည်။ မလှတင့်ပြောသလို အမြတ်ရအောင်လုပ်မှ အလုပ်ဖြစ်မည်ဟု ယုံကြည်လာသည်။ ထို့ကြောင့် အမြတ်ရအောင် စီမံကိန်းသစ်ဆွဲရန် ကြိုးစားရ လေသည်။

ထို့ပြင် ဓာတ်ပြားလုပ်ငန်း လုပ်ရန်သာမက ကဗျာဂီတ အတီးအမှုတ် အဆိုအကနှင့် ဆက်သွယ်နေသော ရုပ်ရှင်လုပ်ငန်းလည်းလုပ်ရန် စိတ်ကူးမိပြန်

သည်။ စိတ်ကူးမိသည့်အတိုင်း မလှတင့်အား ပြောပြရာ မလှတင့်က အားတက်သရော ထောက်ခံသည်။ စီမံကိန်းဆွဲဖို့ ပြောပြန်သည်။ အလုပ်ဖြစ်မည့် စီမံကိန်း အမြတ်ရမည့် စီမံကိန်းဖြစ်ဖို့ အထပ်ထပ် သတိပေးသေးသည်။ မျိုးမြင့်သည် ရုပ်ရှင်လုပ်ငန်းနှင့် ပတ်သက်၍ စာအုပ်စာတမ်း ဖတ်ရသည်။ လက်တွေ့ မေးမြန်း စုံစမ်း၍ လေ့လာရသည်။ မင်းသား မင်းသမီး ဘယ်သူဘယ်ဝါငှားရမယ် စသည်ဖြင့်ပင် လျာထားရသည်။ သို့ဖြင့် အမြတ်ရ၍ အလုပ်ဖြစ်သော ရုပ်ရှင်လုပ်ငန်း စီမံကိန်းကိုလည်း ရေးဆွဲရပြန်လေသည်။

သူသည် ကဗျာဂီတဘက်မှာလည်း ကြီးပွား၍ စီးပွားလမ်းဖြောင့်နိုင်သည်ဟု မကြာခဏပြောဖူး၏။ ဒေစီနှင့်ပင် အတိုက်အခံ ငြင်းခဲ့ရ၏။ ဒေစီသည် သူ့ကို မယုံကြည်နိုင်ရုံမက အရာရှိလောင်း လှမောင်နောက်သို့ပင် ကောက်ကောက်ပါ လိုက်သွားလေပြီ။ ဒေစီကို ငါပြမယ်။ ငါတို့ရဲ့ ဓာတ်ပြားလုပ်ငန်း။ ငါတို့ရဲ့ ရုပ်ရှင်လုပ်ငန်း။ ငါတို့ရဲ့ အတီးအမှုတ် အကအခုန် လုပ်ငန်းတွေ ဟာလည်း ဂုဏ်မငယ်ဘူးဆိုတာ ပြမယ်၊ ဒီပညာတွေနဲ့လည်း လောကအလယ်မှာ ထည်ထည်ဝါဝါ နေနိုင်တယ်ဆိုတာ ပြမယ်။ သို့ကလို မကျေနိုင်သော မာနခဲကလေးကြောင့်ပင် ပို၍အားထုတ် ကြိုးပမ်းလျက်နေမိပြန်သည်။ စိတ်ကူးနှင့် ရူးမတတ် ဖြစ်နေပြန်သည်။ စိတ်ကူးယဉ်ယဉ်ဖြင့် ဆွဲထားသော ရုပ်ရှင်လုပ်ငန်း စီမံကိန်းကို မလှတင့်အားပြ၍ လက်တွေ့စတင်လုပ်ကိုင်ကြရန် ပြောသောအခါ ငွေအရင်းက များလွန်းတယ်။ ငွေရင်းနည်းနည်းနှင့် စနိုင်အောင် ပြန်တွက်စမ်းပါဦး။ အလုပ်ငယ်ငယ်နှင့် လက်တွေ့စပြီး မောင်လေးနားလည်လာတော့မှ ရှေ့တစ်ဆင့် တိုးချဲ့တာပေါ့ ဆိုသဖြင့် ထပ်၍တွက်ရပြန်သည်။ မျှော်လင့်ချက်အသစ်ထား၍ ကြိုးစားရပြန်၏။

သို့ဖြင့် အမျိုးမျိုးသော နှောင်ကြိုးတို့သည် မျိုးမြင့်အား မလှတင့်ထံပါးတွင် တုပ်နှောင်ထားပေ၏။ မလှတင့် ထံပါးတွင် ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်၍ ကောင်းကောင်း ချစ်နေရုံမက၊ အတီးအမှုတ်၊ အဆိုတို့တွင် စိတ်ရှိလက်ရှိ မွေ့နေရသည်။ ကိုယ့်ဝါသနာအလျောက် လွတ်လပ်စွာ ပွင့်လမ်းနိုင်မည့် အလားအလာနှင့်လည်း ကြုံတွေ့နေရသည်။ သူသည် ထိုနှောင်ကြိုးများကို ထာဝစဉ် မြဲမြဲစေလိုသည်။ ဘယ်သူဘာပြောပြော မလှတင့်နှင့် ရာသက်ပန်ရွယ်ကိုး၍ ရိုးမြေကျပေါင်းရန် စီစဉ်ချင်ပြီ၊ လူသိနတ်ကြား လင်လိုမယားလိုပင် နေလိုလေပြီ၊ သည်ဆန္ဒကို မလှတင့်အား ဖွင့်ပြောပြီးဖြစ်၏။

တစ်ခါမက အခါခါပင် ပြောပြီးဖြစ်၏။ မလှတင့်ကမူ သည်ဆန္ဒကို မကန့်ကွက်။ သူ့ထက်ပင် ဆန္ဒပြင်းထန်လေဟန် ပြသည်။ သို့ရာတွင် တကယ်လက်တွေ့ ဆန္ဒရှိသည့်အတိုင်း စိစဉ်ကြရန်မူ "ခဏ ဒီအတိုင်းနေကြပါဦးစို့လား မြင့်ကလေး ရယ်" ဟုပြောကာ နေ့ရွှေ့ညရွှေ့နေခဲ့သည်။ မမအချစ်ကို မယုံလို့ ဒီစကား ခဏခဏပြောနေလား" ဟု ငေါ့တော့တော့ ငိုမဲ့မဲ့လုပ်၍မေးကာ မျိုးမြင့်၏ စကားကို ပိတ်ခဲ့သည်။ မျိုးမြင့်မှာ မကျေမနပ် ကသိကအောက်နိုင်လှပါသည်။

ဤသို့အတောအတွင်း စိတ်မကြည်သာစရာ အရာကလေးများ ပေါ်လာခဲ့သည်။ မလှတင့်မှာ မင်းခွင်စိုးပေါက်ဖြစ်သည်။ ကုန်သည်စက်ပိုင် အရင်းရှင် လောကမှာ တွင်ကျယ်သည်။ ဟိုကဖိတ် သည်ကခေါ်နှင့် အဖိတ်အခေါ်များလှသည်။ မျိုးမြင့်သည် မလှတင့်နှင့် သွားအတူလာအတူ နေလိုသည်။ သည့်ပြင် ယောကျ်ားတစ်ပါးတို့နှင့် ယှဉ်တွဲသွားလာ စားကာသောက်နေသည်ကို မရှုစိမ့်နိုင်၊ မလှတင့်ကလည်း မြင့်ကလေးနှင့် သွားအတူလာအတူ နေလိုပါသည်။ သို့ပေမယ့် မဖြစ်သေးဘူးကွယ် နေရစ်နော် မြင့်ကလေး၊ ပြန်လာသောအခါ မျိုးမြင့်က စိတ်ကောက်နေသည်။ မလှတင့်က မျက်ရည်စကလေးပင်ခံ၍ ချော့သည်။ တောင်းပန်သည်။ အသနားခံသည်။ သည်မျှမကသေး ခေါ်နိုင်သော နေရာသို့ ခေါ်၍ အတူသွားကြသည်။ မင်္ဂလာဆောင် အတူသွားကြသည်။ မလှတင့်က ရွှေလက်ကိုင်အိတ်ကိုင်လျက် မျိုးမြင့်က လက်ဖွဲ့ပစ္စည်းကိုင်လျက် "ဟောဒီက ကျွန်မမောင်လေး" "သြော်... ဟုတ်ရဲ့လား" မျိုးမြင့်သည် ထိုသို့ ဆိုသူအား ဖျတ်ခနဲကြည့်လိုက်သည်။ ပြောင်လှောင်ခနဲ့သည့် အပြုံးကို ရေးရေး တွေ့လိုက်ရသည်။ ထို့အပြင် မလှတင့်ကိုသာ ဂရုစိုက်ကြသည်။ ကြိုဆိုကြသည်။ မျိုးမြင့်သည် မလှတင့်၏ ဂုဏ်သရေရှိ အခိုင်းအစေသဘောဖြင့်သာ နောက်ကပါရသည် တွေးထင်ပြီး စိတ်ထိခိုက်လှ၏။ သို့သော် မလှတင့်အား ဖွင့်မပြော၊ ဘုရားအတူတူ သွားကြသည်။ ရင်ပြင်တော်ပေါ်မှာ လူတွေရှုပ်နေ သဖြင့် သားကလေးကို မျိုးမြင့်က ပွေ့ချီ၍လိုက်ရသည်။ ဂုဏ်သရေရှိ ဒါယိကာ ဒါယိကာမတို့က မလှတင့်အား နှုတ်ဆက်ခေါ်ပြောကြသည်။ မျိုးမြင့်လက်ထဲ က သားသားကလေးကို လက်ဆွဲပွေ့ယမ်း ပါးဆွဲကျီစယ်လုပ်ကြသည်။ မျိုးမြင့် ကိုကား စေ့စေ့ပင် မကြည့်ကြ။ မလှတင့်၏ ဂုဏ်သရေရှိ အခိုင်းအစေမျှသာ သဘောထားဟန်ရှိသည်။ မျိုးမြင့်၏ အသိအကျွမ်း ကောလိပ်ကျောင်းသား အချို့ကို တွေ့ပါသေး၏။ သို့သော် သူတို့က သရော်လှောင်ပြောင်သော အပြုံး

ဖြင့် "ဘယ့်နှယ် ကိုမျိုးမြင့်" ဟုသာ မေးစမ်းကြသည်။ မျိုးမြင့် စိတ်ထိခိုက်လှ၏။ သို့သော် မလှတင့်အား ပြောမပြ။ ကြိတ်မှိတ်၍သာ ခံလိုက်သည်။ လူသိနတ်ကြား လင်မယားမဖြစ်ခင် အပြင်အတူတွဲ၍ မထွက်သေးတာ ကောင်းသည်ဟု ယူဆမိပြန်သည်။

တစ်ညတွင် မလှတင့်သည် အတွင်းဝန်တစ်ဦးအား အိမ်ဖိတ်၍ ထမင်းကျွေးလေသည်။ မလှတင့်သည် မျိုးမြင့်အား ထိုသူနှင့် မိတ်ဆက်မပေးသဖြင့် မျိုးမြင့်မှာ သူ့အခန်းတွင်းမှာပင် ဘာသိဘာသာ နေလိုက်ရသည်။ မလှတင့်နှင့် အတွင်းဝန်ဆက်ဆံမှုမှာ ရင်းနှီးလွန်းလှသည်။ သူတို့နှစ်ယောက် ရယ်ကာမောကာ ကျီစယ်ကာဖြင့် စကားပြောရင်း၊ စားသောက်နေကြသည်ကို သူသည် အထဲကကြားနေရပြီး ဝိုင်းပယ်ခြင်းခံရသလို ခံစားမိသည်။ ကြေကွဲဝမ်းနည်းနေရုံမက မနာလိုဝန်တိုလည်း ဖြစ်လာလေသည်။ ထမင်းစားပြီးကြသောအခါ ကိုးနာရီထိုးလေပြီ။ အတွင်းဝန်က ရုပ်ရှင်ကြည့်လိုပါသေးသည်ဟု ဆိုသဖြင့် မလှတင့်က လိုက်ပြရန်ပြန်သည်။ မျိုးမြင့်က ဝန်တိုစိတ်ဖြင့် နေမထိ ထိုင်မသာဖြစ်နေပြီး စာဖတ်၍လည်းမရ၊ စန္ဒရားတီး၍လည်းမရ၊ အိပ်၍လည်းမရ၊ မလှတင့်အလာကိုသာ စောင့်မျှော်နေမိသည်။ ရုပ်ရှင်ကြည့်သွားကြတာမှ ဟုတ်ပါလေစဟုလည်း သံသယဖြစ်လာသေးသည်။ ဒီလိုချည့်ပဲ တစ်နေ့ကလည်း အမြတ်တော်ကြေး ဝန်ထောက်နှင့် ရုပ်ရှင်ကြည့်ထွက်တယ်။ ဘာလို့ သည်လောက်တွဲရသလဲလို့ မေးပြန်တော့ စီးပွားရေး သက်သက်ပါတဲ့။ သူတို့နှင့်တည့်မှ အမြတ်တော်ကြေး ဆောင်ရတာ နည်းမယ် စသည်ဖြင့် ကိစ္စဟောင်းများကိုလည်း ပြန်ပြောင်း၍ တွေးမိ၏။ မလှတင့်ပြန်လာသောအခါ အိပ်နေဟန်ပြု၍ စိတ်ကောက်နေလိုက်သည်။ မလှတင့်ကား အကဲခတ်မိပြီးဖြစ်၍ ချော့ရန် အဆင်သင့်ဖြစ်၏။

"မောင်လေး အိပ်နေပြီလား... မြင့်ကလေး ထိုင်ပါဦးကွဲ့"

မလှတင့်က လှုပ်နှိုးသည်။ မျိုးမြင့်က မှောက်၍အိပ်နေလိုက်သည်။

"မြင့်ကလေး ထပါဦး... မြင့်ကလေးဖို့ ပလာတာတွေ ဝယ်လာတယ်..."

"အို... မစားချင်ပါဘူး..."

မလှတင့်သည် ပြုံးလိုက်ပြီး မျိုးမြင့်အား ပွေ့ထူလိုက်သည်။ ပြီးတော့ နဖူးကို နမ်းလိုက်သည်။

"မမကို စိတ်ကောက်နေပြန်ပြီလား၊ စိတ်မကောက်ပါနဲ့ မြင့်လေးရယ် ...မမအပေါ်မှာလည်း ဘာမှအထင်မလွဲနဲ့၊ မမမှာလေ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ဖို့ လူတွေကို အလိုက်အထိုက်ပေါင်းနေရတယ်။ နားလည်စမ်းပါကွယ်။ ဟောဒီအတွင်းဝန်က ကူညီရင် မမအတွက် သွင်းကုန်လိုင်စင်များများနဲ့ မြန်မြန် ရမယ် သိလား။ ဒီတော့ အလိုက်အထိုက် ဆက်ဆံရတာပဲ။ မောင်လေးက ဒီလိုမမကို နားမလည်ဘဲနဲ့ စိတ်ကောက်နေရင် မမစိတ်ညစ်ရမှာပဲ"

မျိုးမြင့်သည် စိတ်ကောက်နေသည့်အတွက် ဝမ်းနည်းလာပြန်သည်။ မနာလိုဝန်တိုဖြစ်မိခြင်းအတွက် ရှက်ပင်ရှက်မိသည်။

"အလိုက်အထိုက်ပေါင်းတာတော့ ကောင်းပါတယ် မမရယ်။ သို့ပေမယ့် ဒီအချိန်ကြီး ရုပ်ရှင်လိုက်သွားတာတော့ လွန်တယ်ထင်တယ်"

"ဒါက မမခေါ်တာမှ မဟုတ်ဘဲ၊ မမက ညှော်ခံနေတဲ့အချိန်မှာ သူက ရုပ်ရှင်လိုက်ပြပါလို့ တောင်းဆိုနေတော့ ဘယ်လိုလုပ်ငြင်းမလဲ၊ ကဲ... ပြောစမ်း မောင်လေး ပြောစမ်း"

မျိုးမြင့်သည်လည်း မပြောတတ်ချေ။ အတန်ကြာငေးနေပြီးမှ ရှိုက်ကြီး တငင် သက်ပြင်းချလိုက်သည်။

"မမရယ်... ဒီလို အခက်အခဲတွေ စိတ်ကောက်ရတာတွေ၊ စိတ်ညစ် ရတာတွေ လုံးလုံးမရှိအောင် မောင်လေးပြောတဲ့အတိုင်း လူသိနတ်ကြား လင် မယားအဖြစ် နေကြပါစို့ မမရယ်"

မလှတင့်၏ မျက်နှာမှာ ညှိုးကျသွားသည်။

"မောင်လေးက မမကို နားလည်မယ်ဆိုရင် ဘာမှခက်စရာ မရှိဘူး၊ စိတ်ကောက်စရာ မရှိဘူး၊ စိတ်ညစ်စရာလည်း မရှိနိုင်ဘူး၊ အဓိက ကတော့ မောင်လေးက မမကို နားလည်ဖို့ပဲ၊ ကဲပါကွယ် ဒါတွေနောက်တော့ ပြောတာ ပေါ့၊ လာ၊ ပလာတာတွေ အေးကုန်လိမ့်မယ်"

မျိုးမြင့်က ပလာတာစားနေစဉ် မလှတင့်သည် ကြည့်ခဲ့သော ရုပ်ရှင် အကြောင်း ပြောပြသည်။ ရုပ်ရှင်အကြောင်း ပြောရာမှ မျိုးမြင့်၏ သီချင်းသစ် အကြောင်း ရောက်သွားလေသည်။ မျိုးမြင့်၏ သီချင်းအသစ်မှာလည်း တခြား သီချင်းများနည်းတူ အရုပ်ချော၊ ဥစ္စာပေါ၊ ဖဲမွေ့ရာ၊ အပွေ့အပိုက် စသည်များသာ ဖြစ်ပေရာ သူတို့၏စကားများသည် မျိုးမြင့် ပြောချင်သော လူသိနတ်ကြား လင်မယားဖြစ်ရေးသို့ ပြန်မရောက်တော့ချေ။ မျောပြန်ပေါ့တစ်ကွေ့။

❐

# အခန်း (၂၀)

ခင်ဝင်းသည် ကျပ်တည်းသော အခြေအနေမှ လွတ်မြောက်ရန် သူတတ်သော ဂီတပညာဖြင့် ငွေဝင်လမ်းရှာခဲ့သည်မှာ ကြာလေပြီ။ ဘာမျှ အပေါက်မတည့်ခဲ့။ တကယ့်ပဂေး ပညာရှင်ကြီးတွေပင် ဂီတပညာသက်သက်ဖြင့် ထမင်းမဝနိုင် ဖြစ်နေချေပြီ။ ရေဒီယိုတွင် ဆိုခွင့်တီးခွင့်ရရန် ကြိုးစားရာ၊ တစ်ကြိမ်သာရပြီး နောက်ထပ် မရတော့ချေ။ မျိုးမြင့်က ဂီတပညာနှင့် ရင်းနှီးရတဲ့ အလုပ်တစ်ခုရှာပေးမည်ဟု ပြောခဲ့သည်မှာလည်း ယနေ့တိုင် ဘာမျှ နောက်ထပ်မကြားရ။ တစ်ခါသော ဂုဏ်သရေရှိ လူကြီးလူကောင်းတို့၏ ကလပ်တစ်ခုက သီချင်းကြီး သီချင်းခံ စောင်းအတီးနှင့် နားထောင်လိုကြသည်ဟုဆို၍ လိုက်သွား၏။ မူးရူးနေကြသော ဂုဏ်သရေရှိ လူကြီးလူကောင်းများသည် ခင်ဝင်း၏ အတီးနှင့် အဆိုတို့တွင် စိတ်မဝင်စား။ ကောင်းစွာ နားမထောင်။ ခင်ဝင်း၏ ရုပ်ရည်တွင်သာ စိတ်ဝင်စားကြသည်။ ရနိုင် မရနိုင်သာ လက်တို့မေးကြသည်။ နောက်ဆုံးတွင် ခင်ဝင်းအား တွဲကရမည် ခေါ်လိုခေါ်၊ ကြာတစ်ချက်ပစ်ရင် ငွေအစိတ်ဆုချမည်ဟု သောလုံးပြုလိုပြု၊ မဟားတရား လုပ်ကြလေရာ ခင်ဝင်းမှာ အလွတ်ရုန်း၍ ထပြေးပြန်လာခဲ့ရသည်။ အတီးအဆိုနှင့် အသက်မွေးရန် အကြံကို လက်လျှော့လိုက်ရလေသည်။ သို့သော် အဆိုအတီးကိုကား မစွန့်။ အချိန်ရတိုင်း စောင်းကောက်နှင့် ဂီတဝိသောဓနီကို ကောက်ကိုင်တတ်သည်။ တစ်ခါတစ်ခါ ကဗျာကလေး တေးကလေးများကို စပ်စမ်းလေသည်။

အိမ်ရှေ့ခန်းတွင် လက်ဆွဲမှန်အိမ်တစ်လုံး ထွန်းထား၏။ ခင်ဝင်းသည် ထိုမှန်ရှေ့ ကြမ်းပြင်ပေါ်တွင်ထိုင်၍ ပါးစပ်က ဆိုစမ်းလိုက်၊ ကုန်းပြီးရေးချလိုက်

လုပ်နေသည်။ အတန်ကြာသောအခါ တစ်ပုဒ်ပြီးသွားဟန် တူ၏။ စောင်းကို ပွေ့ယူပြီး တိုးတိုးအသံနေအသံထားနှင့် ဆိုရင်း တီးကြည့်သည်။

ခင်ဝင်းသို့ကလို စပ်ဆိုနေစဉ် ဒေါ်သိန်းသည် အခန်းထဲမှ ဖင်တရွတ် ဆွဲ၍ ထွက်လာသည်။ ခင်ဝင်းသည် အဆိုကိုရပ်ပြီး တီးမြဲတီးလျက် အမေကို ကြည့်လိုက်သည်။

"မေမေ မအိပ်သေးဘူးလား"

"မအိပ်သေးဘူး သမီးရဲ့၊ မောင်မျိုးမြင့်ဆီကများ စာပြန်မလာသေးဘူး လား၊ မအေးခင်ကလည်း မေးနေတယ်"

"မပြန်ဘူး မေမေရဲ့၊ ပြန်မယ်လည်း မထင်ပါဘူး"

ပြောပြီး ခင်ဝင်းသည် ဘောလယ်ကြိုးတီးနေသည်။

"အေး... မေမေကလည်း ဒီလိုပဲ ထင်တယ်၊ ဒီမလှတင့်ဆိုတဲ့ မိန်းမနဲ့ နေရာတကာမှာ တတွဲတွဲဖြစ်နေတယ်ဆိုတာကို လူတကာ ပြောနေကြတယ်၊ သမီး ဘာရေးနေသလဲ၊ သူ့ဆီ စာရေးနေတာလားလို့"

"မဟုတ်ပါဘူး မေမေ၊ သူကစာမပြန်ဘဲနဲ့ သမီးဘယ့်နှယ်လုပ် ရေးလို့ ကောင်းမလဲ၊ ခု သမီး ဘောလယ်ရေးနေတယ်၊ တစ်ပုဒ်တောင် ပြီးနေပြီ"

"အင်း အဖေ့သမီးလို့ မပြောရဘူး၊ ဘယ်လိုရေးထားသလဲ၊ ပြောပြစမ်း ပါဦး"

ခင်ဝင်း၏ မျက်နှာကလေးမှာ ခပ်အိုအိုဖြစ်သွားသည်။ အစတွင် ပြော ရမှာ ရှက်သလိုလို ဖြစ်သွားမိသေးသည်။ သို့သော် ဒီအမေနှင့် ဒီသမီးကြားတွင် လျှို့ဝှက်စရာ မရှိတော့ပါ။

"မေမေရဲ့ သူတစ်ခါက ပြောဖူးတယ်၊ ဝင်းကို ဥယျာဉ်ကလေးလို သဘောထားတယ်တဲ့၊ သူ့ကိုယ်သူတော့ ဥယျာဉ်မှူးလို သဘောထားပါတယ်၊ သူက ယုယပြုပြင်ပါရစေတဲ့၊ ဒါကို သတိရပြီး ဒီဘောလယ်ပုဒ်ကလေးကို ရေးလိုက်တယ်"

"ခုတော့၊ ဒီဥယျာဉ်မှူးက အင်း..." ဟု ဒေါ်သိန်းသည် ပြောရင်း ဆို့လာသည်။ ခင်ဝင်းက ညင်သာအေးမြသော အသံဖြင့်ပင် အမေ့စကားကို ဆက်သည်။

"ခုတော့ ဒီဥယျာဉ်မှူးဟာ လမ်းများရာမှာဖြင့် လူတကာနှင့် ပြိုင်နေပြီ၊ မတော်တဲ့ စခန်းသွားနေပြီ၊ အလည်ကြူးနေပြီ။ ဒါကြောင့် ဥယျာဉ်ကလေး မြည့်ကုန်ပြီ၊ ခွေကုန်ပြီ၊ ကြွေကုန်ပြီ၊ ကြွေလုပြီ မေမေရဲ့"

ဒေါ်သိန်းသည် မျက်ရည်ဝေ့လာသည်။ အတန်ကြာ ငေးမှိုင်နေပြီးမှ သက်ပြင်းချလိုက်သည်။

“ဪ... ဒုက္ခပဲ၊ မေမေတို့အဖြစ်ဟာ တယ်ဆိုးတယ်၊ လင်သေ၊ ဆရာသမားသေ၊ ကိုယ်တိုင်လည်း မကျန်းမမာဖြစ်၊ အရောင်းအဝယ်ပျက်၊ လူစော်ကားခံရ၊ အထင်သေးခံရ၊ သမီးက ဒီလိုလာဖြစ်ရ”

ခင်ဝင်းကား သူ့ကိုယ်သူတင်းလျက် စောင်းကိုဘေးမှာ ချထားပြီး မိခင်ကို ချော့မော့နေရှာသည်။

“သမီးအတွက်တော့ မပူပါနဲ့ မေမေရယ်၊ စိတ်ဖြေနိုင်ပါတယ်။ သမီး စိတ်ဆင်းရဲတာက မေမေ့ရောဂါရယ်၊ ဈေးရောင်း မကောင်းတာရယ်”

“ဒီလို ဒုက္ခတွေထဲမှာ အိမ်လခက ၃ လတွက် မပေးနိုင်တာနဲ့ အိမ်က နှင်ထုတ်ဖို့ အမှုလုပ်သူကလုပ်သေးတယ်” ဒေါ်သိန်းက ရှေ့မဆက်သေးဘဲ အတန်ကြာ ငေးနေသည်။ နောက်မှ “သမီးကိုလည်း ထပ်မပြောချင်ဘူး၊ သမီး ကိုလည်း သနားတယ်၊ ကိုယ်ချင်းလည်းစာတယ်၊ သို့ပေမယ့် ပြောပါရစေ သမီးရယ်၊ မောင်ပြုံးချိုကို လက်ခံလိုက်ပါတော့ကွယ်၊ မေမေ့အတွက် သည့်ပြင် ထွက်ပေါက် မရှိတော့ဘူး”

ခင်ဝင်းကား ငေး၍သာနေသည်။ ဒေါ်သိန်းက သမီးအခြေအနေကို ကြည့်၍ သက်ပြင်းချလိုက်ပြီး...

“မောင်ပြုံးချိုဆိုတာလည်း လူရိုးလူကောင်းတစ်ယောက် ဖြစ်တဲ့ပြင် အလုပ်အကိုင်လေးနဲ့ ခိုင်ခိုင်မာမာမို့ မေမေပြောတာပါ၊ ပြီးတော့ ခမျာမှာ သနားစရာကောင်းအောင် မြတ်နိုးရှာပါတယ်”

ခင်ဝင်းမှာ မျက်ရည်မကျအောင် အနိုင်နိုင်ထိန်းထားရသည်။ နှုတ်ခမ်း ကလေးများမှာ တုန်နေသည်။

“မေမေ ကျွန်မအမျိုးမျိုး စဉ်းစားပါတယ်။ သမီးတစ်ယောက်ထဲအတွက် ဆိုရင် သည့်ပြင်ထွက်ပေါက် ရှိချင် ရှိမယ်။ သို့ပေမယ့် တစ်အိမ်လုံးအတွက် ဆိုရင် သည့်ပြင်ထွက်ပေါက် မရှိတော့ဘူးဆိုတာ သမီးနားလည်ပါတယ်၊ (ရင်ဆို့၍ ကြေကွဲသံပါလာသည်) သည်တော့ ကိုပြုံးချိုကိစ္စမှာ မေမေစီမံရာ ခံပါတော့မယ်”

ဒေါ်သိန်း၏ရင်တွင်းတွင် သမီးအားချစ်ခြင်း၊ သနားခြင်းတို့ဖြင့် ဆို့၍ ဆို့၍ တက်နေသည်။ နောက်တစ်ခဏ၌ ရှိုက်၍ရှိုက်၍ တက်လာပြီး မျက်ရည် ပေါက်ကြီးငယ် ကျဆင်းလာလေ၏။

သူရိယစာပေ

ခင်ဝင်းမှာ သူ့ကိုယ်သူ ချုပ်တည်းနေနိုင်ပြီး မိခင်ကိုသာ ချော့နေသည်။

"မေမေ ဝမ်းနည်းမနေပါနဲ့တော့၊ ကံပစ်ချသလိုသာ ခံကြပါစို့ မေမေရယ်၊ ပြီးတော့ လောကဓံတရားဆိုတာ အမြဲချည်း ဆိုးမနေပါဘူး"

"လိမ္မာပါပေရဲ့ သမီးရယ်"

"ကဲ... ကဲ... မေမေ၊ စိတ်ချလက်ချသာ သွားအိပ်ပေတော့၊ ရက်တို့ ဘာတို့ သတ်မှတ်ချင်တဲ့နေ့ သတ်မှတ်ပါ၊ သွားပါ မေမေ ညဥ့်နက်ပြီ"

ဒေါ်သိန်းသည် ကျိတ်ငိုရင်း ဖင်တရွတ်လျှောဝင်သွားလေသည်။

ခင်ဝင်းမှာ ကြီးလေးသော ဆုံးဖြတ်ချက်ကြောင့်လည်းကောင်း၊ မငိုမိရန် အောင့်ထားရသဖြင့်လည်းကောင်း မောဟိုက်သွားဟန် တူသည်။ အတန်ကြာ လက်နောက်ပစ်၍ ပက်လက်ကလေးထထိုင်ရင်း ငေးနေသည်။ နောက် စောင်းကို ပွေ့ယူပြီး သီချင်းမည်မည်ရရ မဟုတ်ဘဲ ဖြေးဖြေးတီးခတ်ရင်း သူရေးထားသော ဘောလယ်ကို ငုံ့ဖတ်နေသည်။

ပြီးလျှင် ဘောလယ်ကို အသံနေအသံထားနှင့် ဆိုပြီး တီးလိုက်သည်။

ဖူးပွင့်ချိန်ခါ– ချိန်ခါ...၊ ဥယျာဉ်သာလေးမှာလ... ၊ ပြုပြင်ရာဝေးပါလို့ ...ဆွေးမြည့်ကြွေမှာ။ ။

လမ်းမလှ မြန်းကြွသွေ့ခွာ၊ သြော်... လမ်းမလှ–မြန်းကြွသွေ့ခွာ၊ နေသော သူ ဥယျာဉ်မှူးငယ်လေး... ကျူးသည်ရက်တာ...

ခင်ဝင်းသည် ထိန်း၍မရတော့ပြီ။ အရွယ်နှင့်သောက မျှဟန်မတူပြီ။ ဆိုရင်းတီးရင်း မျက်ရည်ပေါက်များ ဖြိုင်ဖြိုင်ကျလာသည်။ ဆိုတီးပြီးသောအခါ စောင်းကိုပွေ့ဖက်၍ အမေမကြားအောင် ကျိတ်ငိုနေမိပါလေသည်။

❐

# အခန်း (၂၁)

မလှတင့်၏ အိပ်ခန်း။

ခုတင်များရှိ ခြင်ထောင်များကို မတင်ထားသည်။

သားကလေးကား အခန်းတွင်းမှာ မရှိ၊ မလှတင့်သည် ပွဲလမ်းသဘင် သွားရန် မှန်တင်ခုံရှေ့တွင် ပြင်ဆင် ခြယ်လှယ်လျက်ရှိသည်။ မျိုးမြင့်သည် ပိုးလုံချည်၊ ပိုးရုပ်အင်္ကျီတို့ကို ဝတ်ပြီးဖြစ်သော်လည်း ဆံပင် မဖြီးရသေး။ ကြယ်သီးပင် မတပ်ရသေးချေ။ သူသည် ခုတင်ပေါင်ကို ဖင်တင်မှီ၍ရပ်ကာ အောင့်သက်သက်မျက်နှာဖြင့် ကြည့်နေသည်။

မလှတင့်မှာ အဝါရောင်ဖဲကြီးလုံချည်ကိုဝတ်ပြီး အဝါရောင် ကတ္တီပါ ပန်းကြီးကို ပန်ထားသည်။ ပန်းကြီးကို နေရာတကျ ပြုပြင်ရင်း...

"မြင့်ကလေးရေ"

မျိုးမြင့်သည် အောင့်သက်သက်မျက်နှာကို ချက်ချင်းပြောင်းပြီး ဖျတ် လတ်စွာ...

"ခင်ဗျာ၊ ဘာလဲမမ"

"ဒီလုံချည်ရယ်၊ ဒီပန်းရယ်၊ မမနဲ့ လိုက်တယ် မဟုတ်လား"

မျိုးမြင့်သည် ကုလားထိုင်ပေါ်၌ တင်ထားသော ဝါသဲ့သဲ့ပဝါကလေးကို လှမ်းယူရင်း...

"လိုက်တယ်၊ အားကြီးလိုက်တယ်၊ မမဟာ တစ်နေ့တခြား ပျိုပျိုလာရုံ မကဘူး၊ စိုစိုလည်း လာတယ်"

မျိုးမြင့်က မလှတင့်အား ပဝါရုံပေးပြီး စုံအကျညီအောင် ယုယုယယ ပြုပြင်ပေးနေရာ၊ မလှတင့်သည် ငယ်မူကလေးများဖြင့် ခံယူသည်။

"မစိုဘဲနေပါ့မလား၊ အချစ်နဲ့တွေ့နေပြီဟာကို"

သူတို့နှစ်ယောက်သည် မှန်ရှေ့မှာ ရပ်နေကြရာ မျိုးမြင့်သည် မှန်ထဲက မလှတင့်အား စိုက်ကြည့်ရင်း မလှတင့်၏ အိစက်သွယ်ပျောင်းသော လက်မောင်းကို သူ့ပါးနှင့်အပ်လိုက်သည်။

မလှတင့်သည် ကြည်လင်မြူးတူးသွားပြီး...

"ကဲ... ကဲ...၊ မြင့်ကလေးပြင်လေ၊ အချိန်နီးပြီ"

မျိုးမြင့်သည် ပဝါကို လက်နှင့် အသာအယာ ဆော့ကစားရင်း...

"မလိုက်ချင်ပါဘူးဆိုနေ မမရာ"

မလှတင့်သည် မျိုးမြင့်၏လက်တစ်ဖက်ကို မယူပြီး လက်ကြယ်သီး တပ်ပေးသည်။

"ဘာလို့ မလိုက်ချင်ရမှာတုန်း၊ ဘယ်သူ ဘာပြောပြော ဘယ်သူက ဘာထင်ထင် ဂရုစိုက်ရမှာလား၊ မြင့်ကလေးရယ်"

မျိုးမြင့်သည် မှန်တင်ခုံရှေ့က ထိုင်ခုံတွင် ကျွတ်ဆတ်ဆတ်ဟန်ဖြင့် ထိုင်ချလိုက်သည်။

"မလိုက်ပါရစေနဲ့ မမရယ်၊ လင်ရယ် မယားရယ်လို့ ထင်ထင်ပေါ်ပေါ် နေနိုင်တဲ့ဘဝကျမှ ခုလို ပွဲလမ်းသဘင်တွေလိုက်မယ်။ ထင်ထင်ပေါ်ပေါ်နေဖို့ ကိစ္စကို မမ မဆုံးဖြတ်ရင် ကျွန်တော် မမအိမ်မှာလည်း မနေတော့ဘူး"

မလှတင့်သည် အံ့အားသင့်ခြင်းဖြင့် ထိတ်သွားသည်။ နောက် ကလေးကို ချော့သော ဟန်အမူအရာများ ပြုလျက် မျိုးမြင့်၏ အခြားလက်တစ်ဖက်ကို ကြယ်သီးတပ်ပေးပြန်သည်။

"မောင်လေးကလည်းကွယ်၊ ခု ဘာများထူးလို့တုန်း။ ထင်ထင်ပေါ်ပေါ် မဟုတ်လို့ မမက အချစ်လျော့သလား။ မမရဲ့ ချစ်စရာကောင်းတာကကော လျော့သလား။ မမပစ္စည်းဆိုတာလည်း မောင်လေးသုံးချင်သလို သုံးနိုင်တာပဲ မဟုတ်ဘူးလား"

မျိုးမြင့်၏မျက်နှာမှာ တိမ်လွှမ်းဖုံးသွား၍ အသံမှာ ကွဲအက်သွား၏။

"ထူးတယ် မမ၊ ထူးတယ်၊ လူဘုံအလယ်မှာ ထူးတယ်။ ကဲ... မမ၊ ဘယ်လိုတုန်း သိပါရစေ"

မလှတင့်၏ မျက်နှာမှာ နွမ်းလျညှိုးခွေသွားသည်။ ခေါင်းပေါ်မှာ ထိုးထိုး ထောင်ထောင် ပြောင်လက်နေသော ကတ္တီပါပန်းကြီးနှင့်ကား ဖီလာဖြစ်နေ၏။

ဖြေရန် စကားစလည်း ရှာမရ။ မျိုးမြင့်၏ဆံပင်ကိုသာ ဖြီးပေးနေသည်။ နောက်အတော်ကြာမှ ဖြည်းညင်းသာယာစွာ။

"မြင့်ကလေးကလည်းကွယ်၊ ဒါကိုပဲ ခဏခဏ ပူဆာနေတယ်။ ထင်ထင်ရှားရှား လင်မယားအဖြစ်နဲ့ မနေနိုင်တဲ့ အကြောင်းရှိလို့ ခုလိုနေတာပေါ့၊ ထင်ထင်ရှားရှားနေနိုင်ရင် ပိုကောင်းမယ်။ မမအတွက်လည်း အကဲ့ရဲ့ခံလွတ်မယ်ဆိုတာ သိတာပေါ့"

မျိုးမြင့်သည် ထိုင်နေရာမှပင် ဆံပင်ခွဲပေးနေသော မလှတင့်၏ လက်နှစ်ဖက်ကို ကိုင်ထားပြီးနောက်...

"ဒီလိုဆိုရင် ဘာဖြစ်လို့ ထင်ထင်ရှားရှား မနေနိုင်ရမလဲ၊ ပြောစမ်းပါမမရယ် ပြောစမ်းပါ"

မလှတင့်သည် မျိုးမြင့်အား စိုက်ကြည့်နေသည်။ မျက်လုံးများမှာ အချစ်ဖြင့် ယစ်မူးနေပြီး ရီဝေလျက်ရှိ၏။ ရင်တွင်းမှာ သနားခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် ကွဲလုမတတ်ရှိ၏။ မျိုးမြင့်သည် မလှတင့်၏ လက်များကို မလွတ်သေးဘဲ မတ်တပ်ရပ်လိုက်သည်။ ၎င်းနောက် လက်မောင်းရင်းများကို ဟိုဘက်ပါး၊ သည်ဘက်ပါးတို့ဖြင့် ပွတ်နေသည်။ ပါးစပ်မှ တတွတ်တွတ်။

"ပြောပါ မမရဲ့၊ ဘာဖြစ်လို့ မနေနိုင်ရမှာလဲ၊ ထင်ထင်ရှားရှား နေလို့မဖြစ်တဲ့အကြောင်းက ဘာလဲ"

"ပြောရင် မောင်လေး နားမလည်မှာ...၊ အထင်လွဲမှာစိုးတယ်၊ ဒါ့ကြောင့်မပြောတာ"

"ပြောသာပြောသာ မမရယ်၊ စိတ်မဆိုးဘူး၊ အထင်မလွဲဘူး၊ နားလည်ပါ့မယ်နော်... ပြော... ပြော..."

မလှတင့်က ခံပေါ် ဖြည်းဖြည်းထိုင်လိုက်သည်။ မျိုးမြင့်၏လက်များသည် မလှတင့်၏ ပခုံးများပေါ်တွင် ရပ်နားနေကြသည်။

"သြော်... ခက်တာပဲကွယ်၊ ပြောမယ် ပြောမယ်၊ မမရဲ့မိဘများနဲ့ ကိုထွန်းမင်းရဲ့ မိဘများဟာ ဘာ့ကြောင့် မမနဲ့ သူ့ကိုပေးစားတယ် ဆိုတာတော့ သိပြီးသားနော်၊ ဆန်စက်နဲ့က အလုပ်အကိုင် စီးပွားရေး အဆောက်အအုံ၊ ဥမကွဲ သိုက်မပျက်စေချင်လို့ ပေးစားခဲ့တာပဲ"

မျိုးမြင့်သည် မလှတင့်ပခုံးပေါ်မှ လက်များကို ရုတ်လိုက်ပြီး မှန်တင်ခုံကို တင်ပါးနှင့် မှီရပ်လျက် လက်ပိုက်နေလိုက်သည်။

"ပြီးတော့ မြင့်ကလေး မသိသေးတဲ့ အချက်တစ်ချက် ရှိသေးတယ်။ လက်ထပ်ပြီး ဆန်စက်နဲ့ အခြားအလုပ်အကိုင်တွေကို လွှဲတဲ့အခါမှာ စာချုပ်နဲ့ လွှဲတယ်၊ အဲဒီစာချုပ်ကြောင့် အခုလို အခက်အခဲဖြစ်နေတာပဲ၊ ကိုထွန်းမင်းက မပေါင်းနိုင်ဘူးလို့ဆိုပြီး စခွဲတယ်၊ စခွဲရင် ပစ္စည်းကို ခွဲမယူနိုင်ဘူးလို့ စာချုပ်က ဆိုထားတယ်။ သို့ပေမယ့် မမက ယောကျ်ားယူရင်တော့ စက်တွေ အလုပ်တွေကို ခွဲပေးရမယ်လို့ စာချုပ်ကဆိုတယ်"

"ဒါဖြင့် ဘာခက်သလဲ မမရဲ့၊ ခွဲလိုက်ရုံပေါ့"

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။ စီးပွားရေးလုပ်ငန်းတွေ ဥက္ကဲသိုက်ပျက် ဖြစ်ကုန်မှာပေါ့။ အခြေပျက်ကုန်မှာပေါ့"

မျိုးမြင့်၏မျက်နှာမှာ တည်တည်နှင့်မာလာသည်။

"သည်လိုဆိုရင် ပိုက်ဆံအမ်းလိုက်ရုံပေါ့ မမရဲ့"

"ခုလို ဗမာတွေ စီးပွားလုပ်ဖို့ အခွင့်အလမ်းကောင်းလာတဲ့ခေတ်မှာ ငွေရင်းဆိုတာ ပိုတယ် မရှိဘူး။ လိုသာလိုတယ်။ မမကလည်း အလုပ်တွေကို ချဲ့သာချဲ့ချင်တယ်။ ဒါ့ကြောင့် ကိုထွန်းမင်းကို ငွေအမ်းပေးဖို့လည်း မဖြစ်နိုင်ဘူး"

"အို... တစ်ခုခုတော့ လုပ်ရမှာပေါ့၊ ပစ္စည်းတွေ ခွဲပေးရင် ပေး။ ငွေ အမ်းရင် အမ်း။ တစ်ခုခုလုပ်ရမှာပေါ့"

သူတို့နှစ်ယောက် စကားသံများမှာ နွဲ့သံ၊ ချွဲသံမရှိတော့ဘဲ မာတောက်တောက် ဖြစ်လာသည်။ အလုပ်နှင့်တူလှ၏။

"မလုပ်နိုင်ဘူး၊ မမအလုပ်အကြောင်း ကောင်းကောင်းနားလည်တယ်။ အဲဒါ မလုပ်နိုင်ဘူး။ ပြီးတော့ မိဘလက်ထက်က တစ်လုံးတစ်ခဲတည်းဖြစ်ခဲ့တဲ့ ပစ္စည်းတွေကို မမသားကလေးလက်ထဲကို တစ်လုံးတစ်ခဲတည်းပဲ အပ်ရမယ်"

မျိုးမြင့်သည် မလှတင့်အား စကားတစ်ခွန်းတည်း ပြောပစ်လိုက်ချင်သည်။ သို့သော် မပြောရက်သေး။ မမ ညစ်ပတ်တယ်။

သူတို့နှစ်ဦးစလုံး မှိုင်တွေချနေကြသည်။ အတန်ကြာမှ မျိုးမြင့်က...

"မမဟာ ကိုထွန်းဝင်းနဲ့ ညားစကတည်းက မချစ်ဘူး မဟုတ်လား"

"မချစ်ဘူး"

"မမကစပြီး မခွဲဘဲ ကြိတ်မှိတ်ပေါင်းနေတာဟာ ပစ္စည်းအသိုက်အအုံ ကွဲမှာကြောင့်၊ ပစ္စည်းရေးကြောင့်ပေါ့နော်"

မလှတင့်က ပြောရမှာ အတန်ငယ်ဆွံ့အနေပြီးမှ…

"ဆိုနိုင်ပါတယ်"

"ပစ္စည်းတွေ ခွဲဝေပေးပြီး ကျွန်တော်နဲ့ ထင်ထင်ရှားရှား နေမလား။ သို့မဟုတ် ပစ္စည်းအကွဲမခံဘဲ ကျွန်တော်နဲ့ အကွဲခံမလား ဆိုတဲ့ ပြဿနာကို အတိအကျ ဆုံးဖြတ်ရရင် ကျွန်တော်နဲ့ အကွဲခံမှာပဲပေါ့"

မလှတင့်မှာ ကြီးကန်းလူမိဖြစ်သွားသည်။ မျိုးမြင့်၏ ယုတ္တိစကားတို့သည် မလှတင့်အား ချောက်ချားသွားစေသည်။ ရှက်သွေးဖြာတက်သောကြောင့် မျက်နှာမှာ ထူအန်းလာသည်။

"အို… သည်လိုလည်း မဟုတ်ဘူး၊ ပစ္စည်းလည်း အကွဲမခံဘူး၊ မြင့်လေးနဲ့လည်း အကွဲမခံဘူး။ ဒါကြောင့် ထင်ထင်ရှားရှား မနေဘဲနဲ့ ခုလိုဘဲ နေကြပါစို့လို့ မမပြောနေတာပေါ့"

ခုတော့ အမှန်တွေအားလုံးပေါ်ကုန်ပြီ။ ထိုအမှန်တို့သည် အိပ်မက် မက်နေသော မျိုးမြင့်အား လှုပ်နိုးလိုက်၏။ အိပ်မက်မှသူနိုးသလို မလှတင့်လည်း နိုးလာအောင် သူက လှုပ်နိုးလိုက်ပြန်သည်။

"မမဟာ အချစ်ကို ပဓာနမထားဘူး၊ ပစ္စည်းကိုသာ ပဓာနထားတယ်။ ဒါမှန်တယ် မဟုတ်လား"

မလှတင့်ကား ငေးမှိုင်၍သာနေသည်။ မလှတင့်သည် အိပ်မက်မှ နိုးလာ ဟန်မတူ၊ တကယ်မှ နိုးသေးဟန်မတူ။ တကယ် မနိုးသေးသလား၊ နိုးလျက် အိပ်ပျော်ဟန်ဆောင်နေသလား။ မျိုးမြင့် မစောင့်နိုင်၊ အသံခပ်မာမာဖြင့် ဆက်ပြန်သည်။

"မမဟာ ကျွန်တော့်ကို ချစ်တော့ချစ်တယ်။ သို့ပေမယ့် အတည်ယူနိုင်လောက်အောင် မချစ်ဘူး (နာကြည်းသံဖြင့်) ကျွန်တော်သိပြီ သိပြီ"

မလှတင့်သည် လွန့်လာသည်။ မျက်ရည်စကလေးဖြင့်…

"သည်လို မတွေးပါနဲ့ မောင်လေးရယ်။ မမဟာ မြင့်လေးကို သိပ်ချစ်ပါတယ်။ ရှက်ရမှန်း ကြောက်ရမှန်းမသိ။ ချစ်ပါတယ်။ မြင့်လေးသိသင့်ပါတယ်ကွယ်"

မျိုးမြင့်သည် ခုတင်ဘေးသွားရပ်လိုက်သည်။ ခုတင်ဘောင်ကို တင်ပါးနှင့်မှီပြီး ခြင်ထောင်တိုင်ကို လက်ဖြင့် နာနာကိုင်ထားမိသည်။ ယခု သူသည် အမှန်တွေကို တစ်ခုမကျန် မြင်နိုင်ပြီ။ မလှတင့်နှင့် ချစ်နေကြရသော ဘ၀တာ

ကလေးသည် ဆပ်ပြာပူပေါင်းကလေးနှင့် တူ၏။ ရောင်မျိုးစုံထွက်လျက် အရိပ်မျိုးစုံဟပ်ကာ လှချင်တိုင်းလှခဲ့သည်။ လေပြည်ကလေးတွင် လွင့်၍ ဆော့၍ ပျံနေရာ ဖမ်းမိဆုပ်ကိုင်မိရန် ကြိုးစားလိုက်သည်။ ဖြုန်းခနဲ ပေါက်ကွဲသွားလေပြီ။ အစအန အမှုန်အမွှား တစ်စက်တစ်ပေါက်ကိုမျှ မတွေ့နိုင်တော့ပြီ။

"ကျွန်တော် သိပြီ၊ သိပြီ။ ကျွန်တော့်ကို ထင်ထင်ရှားရှား မယူနိုင်ဘူး၊ တရားဝင်လင် မမှတ်နိုင်ဘူး၊ တချို့ယောကျ်ားတွေ အပျော်မယားထားသလို၊ မမဟာ ကျွန်တော့်ကို အပျော်ယောကျ်ား လင်မြှောင်အဖြစ်နဲ့ ထားချင်တယ်။ ကျွန်တော် မနေနိုင်ဘူး၊ ကျွန်တော်သွားမယ်"

မလှတင့်က တရှိုက်ရှိုက် ငိုလျက်ရှိလေပြီ။ ငိုယင်းပင် ခပ်ကျယ်ကျယ်ပြောလိုက်သည်။

"မောင်လေး ဒီလိုမပြောနဲ့"

မျိုးမြင့်မှာ နာကြည်းခြင်းနှင့် မျက်နှာအိုပြီး ဒေါသဖြင့် တုန်နေ၏။ မလှတင့်သည် သူ့ကိုယ်သူ ပြန်ထိန်းလိုက်သည်။ အငိုရပ်ပြီး ထိုင်နေရာမှ ထကာ…

"မောင်လေးကို မမ ဘယ်လောက် ချစ်တယ်ဆိုတာ တစ်နေ့သိမှာပဲ၊ မမ မောင်လေးကို တစ်သက်လုံးချစ်မယ် (မျိုးမြင့် အနီးကပ်ရင်း) မမပြောတဲ့အကြောင်းတွေ မောင်လေး နားမလည်တာကတော့ လောကကြီးရဲ့အကြောင်း နားမလည်သေးလို့ ပြောတာ (မျိုးမြင့်၏ဘေးမှာ ယှဉ်ကပ်ရပ်လျက်) လူနဲ့အလုပ် ခွဲခြားမစဉ်းစားလို့ မမကို မောင်လေးနားမလည်တာ။ မမဟာ ပုထုဇဉ်ပဲ၊ မောင်လေးကို မချစ်ဘဲနေပါ့မလား။ လူတစ်ယောက်ဟာ ဘယ်လောက် အစွမ်းကုန် ချစ်နိုင်မလဲ၊ အဲသည်လောက် မမချစ်တယ်၊ ဒါပေမဲ့ အလုပ်အကိုင် စီးပွားရေးလုပ်ငန်းတွေ အနေနှင့်ကြည့်တော့ ခုအတိုင်းနေမှသာ ဖြစ်မယ်ဆိုတာ တွေ့ရတယ်။ စဉ်းစားပါဦး မြင့်ကလေးရယ်၊ စဉ်းစားပါဦး"

မျိုးမြင့်မှာ ငြိမ်ဆင်းသွားသည်။ သို့သော် မလှတင့်ပြောတာတွေ သဘောပေါက်လို့၊ နားလည်လို့တော့ မဟုတ်။ အမှန်တွေမြင်ပြီး မှားခဲ့သမျှတွေ တွေးလာခဲ့သဖြင့် နောင်တရကာ ငြိမ်ဆင်းသွားခြင်းဖြစ်သည်။ မလှတင့်က မျိုးမြင့်အား နောက်ကနေဖက်လျက် မျိုးမြင့် ပခုံးပေါ်မေးတင်ကာ မျက်နှာချင်းအပ်ထားလိုက်သည်။ မျိုးမြင့်ကား ရုန်းလည်းမရုန်း၊ တုံ့လည်းမတုံ့။

"မမပြောတာတွေ ခေါင်းအေးအေးထားပြီး စဉ်းစားစမ်းပါဦးကွယ်နော်

မောင်လေး၊ မြင့်ကလေးအပေါ်မှာ မမ ချစ်ခဲ့တာတွေ ချစ်လွန်းလို့ အလိုလိုက်ခဲ့တာတွေပြန်ပြီး အေးအေးစဉ်းစားပါဦးကွယ်၊ ကဲ၊ ကဲ မလိုက်ချင် မလိုက်နဲ့ နေရစ်ခဲ့၊ မမသွားမယ် အပြန်ကြတော့ ဆက်ပြောကြဦးမယ်”

မလှတင့်ကား သူ့ကိုယ်သူ လုံးဝ ထိန်းနိုင်ဟန်ရှိပေသည်။ တစ်ဖက်နိမ့်လျှောကျနေသော ပဝါကို အကျညီအောင် ပြင်ပြီးလျှင် မျက်ရည်စကလေးများကို သုတ်ပစ်လိုက်သည်။ ၎င်းနောက် ကွက်သွားသော နေရာများကို ပေါင်ဒါတို့ပေးသည်။ တစ်ကိုယ်လုံးကိုလည်း ရေမွှေးပက်ဖျန်းလိုက်သည်။ ပြီးတော့မှ မျိုးမြင့်အား မထိတထိကလေး မွှေးထားခဲ့သည်။ မျိုးမြင့်ကား ရှန်းလည်းမရုန်း၊ တုံ့လည်းမတုံ့ပြန်။

ယခုမှု ယင်းသို့သော မထိတထိအမွှေးသည် မျိုးမြင့်အား ကလိနိုင်စွမ်းမရှိတော့ပြီ။ မလှတင့်က ချော့၏။ မျိုးမြင့် မပျော့တော့ချေ။ ဖယောင်းကို ပျော့စေနိုင်သော မီးသည် သံမဏိကို ပျော့စေခြင်းငှာ မစွမ်းနိုင်၊ အတွေ့အကြုံတို့ကြောင့် အမှားအမှန်တို့ကို ပကတိအတိုင်း မြင်လိုက်ရသော မျိုးမြင့်သည် သံမဏိသဖွယ် မာကျောလာလေပြီ။ မလှတင့်ချော့သော်လည်း မပျော့နိုင်တော့ပြီ။ လင်မြှောင်ဘဝတွင် နစ်မွန်းခဲ့ရသည်ကို ရှက်လည်းရှက်၊ စိတ်လည်းနာကာ လင်မြှောင်ဘဝသို့ မရောက်အောင် သံမဏိတံခါးဖြင့် ပိတ်လိုက်ပြီဖြစ်သည်။ သူသည် ဤည ဤအချိန်မှစ၍ ယောကျ်ားပီသလာပြီဟုလည်း ဆိုနိုင်သည်။ စဉ်းစားဆင်ခြင်တုံဖြင့် ပြည့်စုံသော ရင့်ကျက်သည့်လူတစ်ယောက် ဖြစ်မြောက်လာပြီဟုလည်း ဆိုနိုင်သည်။

ဒေစီက မျိုးမြင့်ဟာ လောကအကြောင်း မသိပါဘူးတဲ့။ ဟော… မမတင့်လည်း မြင့်ကလေးဟာ လောကအကြောင်း မသိဘူးတဲ့။ ပြောကြပါဗျာ၊ ပြောကြပါ၊ ခင်ဗျားတို့ လောကဟာ ချစ်ပေမယ့် မယူနိုင်တဲ့လောက၊ ချစ်ပေမယ့် အတိအလင်း လူသိနတ်ကြား လင်မယားအဖြစ် မပေါင်းနိုင်တဲ့လောက၊ ခင်ဗျားတို့ သင်ကြားပြသလို့ လောကအကြောင်း သိပါပြီ။ အားလုံးသော အရာတွေထက် ရာထူးက အရေးကြီးတယ်။ အားလုံးသောအရာတွေထက် ပစ္စည်းက အရေးကြီးတယ်။ မချစ်လည်း ရာထူးနှင့်သာဆိုရင် ယူမယ်။ မချစ်လည်း ပစ္စည်းကြောင့် စီးပွားရေးအလုပ်အကိုင်ကြောင့် အောင့်ပေါင်းမယ်။ မချစ်သော်လည်း အောင့်ကာနမ်းမယ်။ မနမ်းသော်လည်း ပင့်သက်ရှုမယ်။ လူတကာ ငွေပေးရာလိုက်ပြီး မနမ်းသော်လည်း ပင့်သက်ရှုရတဲ့ဟာတွေနဲ့ သိပ်မထူးပါ

ဘူး။ ကြေးကြီးတာနဲ့ ကြေးနည်းတာပဲကွာတယ်။ ကြေးကြီးတာကတော့ တစ်ယောက်ကောင်း နှစ်ယောက်ကောင်းပဲလိုက်တယ်။ ကြေးနည်းတဲ့ဟာတွေကတော့ စားလောက်အောင် အခေါက်ခေါက် လိုက်ရတယ်။ လူများများနှင့် ဆက်ဆံရတယ်။ မကောင်းဘူးဗျာ၊ ခင်ဗျားတို့လောက မကောင်းဘူး"

မျိုးမြင့်သည် မြင့်မားသော တောင်တစ်တောင်ကို ကျော်ဖြတ်လိုက်သည်ကဲ့သို့ပင် မောဟိုက်သွားလေသည်။ ဤကဲ့သို့ လောကအကြောင်းကို သိရန်၊ မြင်ရန် ကျော်ဖြတ်ခဲ့ရသော အတွေ့အကြုံတို့သည် တောင်ကဲ့သို့ပင် မြင့်မားသည် မဟုတ်ပါလော။ သူ၏အခန်းသို့သွားကာ အိပ်ရာဘေးက ဆိုဖာပေါ်တွင် အရုပ်ကြိုးပြတ်သလို လှဲချလိုက်သည်။

သို့သော် လူခန္ဓာကိုယ်သာ လှဲချရပ်နား၍ရသည်။ စိတ်ကိုကား ရပ်နား၍ မရချေ။ သူကိုယ်တိုင် လိပ်ပြာကလေးလို လတ်လျားလတ်လျားနှင့် ဟိုပန်းဝင်စုတ်၊ သည်ပန်းဝင်စုတ်နှင့် ယောက်ယက်ခတ်နေခဲ့သည်ကို စဉ်းစားမိလေသည်။ ငါဟာ ဂနာမငြိမ်ဘူး။ မြင်ရင် နီးစပ်ရင် ချစ်ပစ်လိုက်တာပဲ။ ချစ်ပြီးဘာဖြစ်မလဲ မစဉ်းစားဘူး။ ဝါသနာချင်း နီးစပ်သလား။ သူကြိုက်တဲ့အလုပ်ကို လုပ်နိုင်မလား မစဉ်းစားဘူး၊ ငါဟာ ဝင်းကိုချစ်လိုက်တယ်။ ပြီးမှ အတည်ယူမယူ စဉ်စားတယ်၊ ဒါကိုက မှားတယ်။

မျိုးမြင့်သည် သူ့ကိုယ်သူ ဝေဖန်ပြီးနောက် သူ့ကိုယ်သူ ပြက်ရယ်ပင်ပြုမိပြန်သည်။ ပြက်ရယ်ပြုသည့်အရောင် သူ့မျက်နှာမှာ ပေါ်လာသည်။ ကြည့်စမ်း ကြည့်စမ်း ငါ့ကိုဒေစီနှင့် မမတင့်တို့က လောကကြီးအကြောင်း မသိဘူး၊ ပြောသလို ဝင်းကလေးကိုလည်း ငါက ဝင်းကလေးဟာ လောကကြီးအကြောင်း မသိဘူးလို့ ပြောခဲ့တယ်။ ဝင်းကလေးကို စွန့်ပစ်ခဲ့တယ်။ ငါဟာ ကိုယ့်ကိုယ်ကိုယ်ပင် ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ် ဆိုတာတောင် တိတိကျကျ ဆုံးဖြတ်မထားတဲ့ကောင်၊ ပါးစပ်ကတော့ အတီးအမှုတ် အဆိုစတဲ့ ဂီတပညာနှင့် ထွန်းကား ထူးချွန်အောင် လုပ်မယ်လို့ပြောပါရဲ့။ လက်တွေ့တော့ ဒေစီက ဒါ မကြိုက်ဘူး။ ရာထူးရအောင် ကြိုးစားရမယ်လို့ အတင်းအကျပ် တောင်းဆိုလာတဲ့ အခါမှာ ငါကလျှော့ပေးဖို့ လုပ်သေးတယ်။ ငါလည်း ရာထူးရအောင် ကြိုးစားရမှာပဲလို့ ဆုံးဖြတ်ခဲ့ရသေးတယ်။ မမတင့်က ဂီတပညာ ထူးချွန်ဖွံ့ဖြိုးရေး သက်သက်ကြည့်လို့ မဖြစ်ဘူး၊ အမြတ်ရမှ အလုပ်ဖြစ်မယ်ဆိုတုန်းကလည်း အမြတ်ရအောင်လုပ်ဖို့ စိတ်ကူးခဲ့တယ်။ ဂီတပညာ မြှင့်တင်ရေးဆိုတာ ဂီတ

ပညာသည်တွေ တိုးတက်ရေးဆိုတာတို့ကို မေ့ခဲ့တာပဲ။ ငါဟာ ပဲ့ပြားပင်၊ ဘာပြောပြော ဒေစီတို့ မမတင့်တို့က ရှင်းတယ်၊ ခိုင်မာတယ်။ သူတို့ ရည်ရွယ်ချက်ကို သူတို့ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားကြတယ်။

သူသည် သူ့အတိတ်ဘဝမှာ ရည်ရွယ်ချက်မဲ့သည်ဟု ယူဆလိုက်သည်။ သူသည် လောကအလယ်တွင် ခိုင်မြဲစွာ ရပ်တည်နေရန် နေရာရပ်ကွက်မရှိခဲ့။ သူများတွေမှာတော့ ရပ်တည်နိုင်သော ရပ်ကွက်များရှိကြသည်။ မလှတင့်မှာဆိုလျှင် ကုန်သည်စက်ပိုင်၊ အရင်းရှင်ရပ်ကွက်၊ ဒေစီမှာဆိုလျှင် မင်းစိုးရာဇာရပ်ကွက်၊ ခင်ဝင်းမှာ လမ်းဘေးဈေးသည်၊ လုပ်စားကိုင်စား ရပ်ကွက်၊ သူ့မှာ ကောလိပ်ကျောင်းသား အဖြစ်ဖြင့် အိမ်နီးနားချင်း ဂီတဝါသနာဖက်ချင်းနှင့် နီးစပ်မှုရှိသည်။ ကျောင်းနေဖက် မင်းစိုးရာဇာရပ်ကွက်နှင့်လည်း လက်လှမ်းမီသည်။ ပေါင်းသင်းဆက်ဆံရေးအရ ကုန်သည်စက်ပိုင် အရင်းရှင်ရပ်ကွက်နှင့်လည်း ရင်းနှီးနိုင်ပြန်သည်။ ထို့ကြောင့် ဟိုလိုလိုသည်လိုလို ဖြစ်ခဲ့သည်။ ဟိုနောက်လိုက် သည်နောက်လိုက် ဖြစ်ခဲ့သည်။ ယခုမှ လူ့လောကအလယ်တွင် ဘယ်နေရာ ဘယ်ရပ်ကွက်မှာ ရပ်တည်မည်ဟု ဆုံးဖြတ်ရပေတော့မည်။ ဘာအလုပ်လုပ်မည်ဟုလည်း ဆုံးဖြတ်ရပေတော့မည်။ မျိုးမြင့်သည် တစ်သက်နှင့် တစ်ကိုယ် ဤမျှလေးနက်စွာ တစ်ခါမျှ မစဉ်းစားခဲ့။ ယခုမှ ကျောင်းသားလောက၏ ဟိုမှာ တစ်ဖက်ကမ်းမှာရှိသော ဘဝပြဿနာများကို မျက်မှောက်ပြုနေရလေပြီ။

သူသည် ဆိုဖာပေါ်မှ ထ၏။ ဖြည်းဖြည်းသက်သာ လျှောက်နေ၏။ ထိုအခိုက် အစေခံတစ်ယောက် တက်လာပြီး ထမင်းစားဆင်းရန် ခေါ်လေသည်။ မစားတော့ဘူးဟု ပြောလွှတ်လိုက်ပြီး သူသည် စားပွဲခုံရှေ့မှာ ထိုင်လိုက်လေသည်။

ငါ့ဝါသနာ ငါ့အရည်အချင်းနှင့် အကိုက်ညီဆုံးဖြစ်တဲ့ ကဗျာဂီတပညာဘက်မှာ စွဲစွဲမြဲမြဲလုပ်မယ်။ အတီး၊ အမှုတ်၊ အဆို စတဲ့ဘက်မှာ ထူးချွန်တဲ့ ပညာရှင်ဖြစ်အောင် ကြိုးစားရမယ်။ သည်ဘက်မှာ စူးစိုက်လုပ်မယ်။ စိတ်အာရုံ မများတော့ဘူး။ ဒါဟာ ငါ့ဘဝရည်ရွယ်ချက် ဖြစ်ရမယ်။ အရင်က ငါလုပ်ခဲ့တာတွေဟာ ဘဝရည်ရွယ်ချက်အနေနှင့် လုပ်တာမဟုတ်ဘူး။ ခရီးသွားရင်း ဟန်လွှဲ သဘောမျိုးလုပ်တာပဲ။ ကြည့်စမ်းပါဦး။ ငါရေးစပ်ခဲ့တဲ့ သီချင်းတွေ၊ သီဆို တီးမှုတ်ခဲ့တဲ့ ဂီတသံတွေ၊ ဘာများ လေးနက်လို့တုန်း။ ဘာများ တို့

ယဉ်ကျေးမှု တိုးမြင့်စေလို့တုန်း။ အနုပညာဆိုတာ ဒါမျိုးတွေကို ခေါ်မလား။ တစ်ခါလာလည်း ဥစ္စာပေါ၊ ရုပ်ချော၊ ဖဲမွေ့ရာ၊ အပွေ့အပိုက် အဓိပ္ပာယ်တွေက ဘဝလက်တွေ့နှင့် ဘယ်လောက်ဝေးသလဲ ကြည့်စမ်း။ ငါနဲ့ဒေစီ တွဲဆိုခဲ့ကြတယ်။ ဆင်စွယ်လို ဖြူဆွတ်တဲ့ စန္ဒရားသော့ကလေးတွေပေါ်ဝယ် ခင့်ရွှေရောင်လို ဝါဝင်းတဲ့ လက်ချောင်းကလေးတွေကျသောအခါ မောင့်ရင်တွင်းက ဂီတကို နှိုးပေးနေသည်လို့ ထင်မိပါသည်။ ဟော… ဟိုမှာကြည့်စမ်း။ ရွက်လှေကလေး တစ်ခု၊ စိမ်းညို့ညို့ သစ်ပင်တွေကျောခံပြီး ပြာလဲ့လဲ့ရေပြင်မှာ ဖြူဆွတ်တဲ့ ရွက်ကလေး တဖွေးဖွေးနှင့် တရေးရေးသွားနေတယ်။ ဒီရွက်ကလေးပေါ်မှာ ချစ်သူမောင်မယ် တူစုံတွဲပြီး ချစ်တင်းနှီးနှောရင်း လှေစီးရမယ်ဆိုရင် သမုဒ္ဒရာ အစင်းစင်းမှာ လွင့်ရစေတော့ ငြီးငွေ့မှာမဟုတ်ဘူး။ ဘယ်လောက် ခရီးကြမ်းကြမ်း ပမ်းမှာလည်း မဟုတ်ဘူး။ ပမ်းဦးတော့၊ ကမ်းစပ်တက်ပြီး ရေခဲနှင့် လိမ္မော်ရည်ကို တစ်ဖန်ခွက်တည်းကနေပြီး တစ်ကျိုက်စီ၊ တစ်ကျိုက်စီ တစ်လှည့်စီသောက်၊ ကိတ်မုန့်လေးတစ်ခု တစ်ကိုက်စီ၊ တစ်ကိုက်စီ စားပြီး တစ်ယောက်ကို တစ်ယောက် ထောက်ထားကြင်နာတဲ့ အကြည့်နဲ့ တစ်လှည့်စီကြည့်၊ တစ်ယောက်ကို တစ်ယောက်ချစ်ပါတယ်ဆိုတဲ့ အပြုံးနှင့် တစ်လှည့်စီ ပြုံးကြရင်း မောတာပမ်းတာတွေ ပျောက်ကုန်ကြမှာပေါ့။

မျိုးမြင့်သည် ဒေစီကိုရော စုံတွဲသီချင်းများကိုပါ မကျေမနပ် ဖြစ်လာလေသည်။ ဒေစီအပေါ်မှာ အသစ်တစ်ဖန် နာကြည်းလာပြန်သည်။ ငါ့ကို ချစ်တယ်တဲ့။ အကြိမ်ကြိမ်နမ်းပြီး ပြောခဲ့တယ်။ သို့ပေမယ့် ယူတော့ ကိုလှမောင်ကိုပဲ ယူနိုင်မယ်တဲ့။

ထိုအခိုက်တွင် အိမ်ထဲသို့ကားတစ်စင်း ဝင်လာသဖြင့် မလှတင့် ပြန်လာလေပြီလားဟု စိုးရိမ်ထိတ်လန့်မိလေသည်။ မလှတင့်အား ပြန်မလာစေလိုသေး။ မလှတင့်ပြန်လာ၍ ချော့မော့လျှင် ဖြားယောင်းသွေးဆောင်နေလျှင် လင်မြှောင်ဘဝသို့ ပြန်ရောက်သွားမည်ကို သူစိုးရိမ်နေမိသည်။ ယောကျ်ားပီသစွာ ခိုင်ခိုင်မာမာလုပ်ရန် အတားအဆီးဖြစ်လာမည်ကို စိုးရိမ်နေမိသည်။

သူသည် ကားကိုငုံ့ကြည့်နေ၏။ ကားပေါ်မှနေ၍ မလှတင့်ရှိမရှိ မေးမြန်းနေသော အသံကား အတွင်းဝန်၏အသံ ဖြစ်ဟန်ရှိလေသည်။ မရှိဟု အစေခံတို့ကဆိုလျှင် ကားသည် ချက်ချင်းထွက်သွားလေ၏။

"သြော်… မမ၊ ကိုယ်ကောင်း ခေါင်း ဘယ်မရွေ့ဘူး၊ သူတို့နဲ့ဘယ်

လောက် သွားအတူလာအတူ လုပ်ပေမယ့် ဘယ်လိုမှ မထိခိုက်စေရပါဘူးလို့ ပြောပေမယ့် ဖြစ်နိုင်ပါ့မလား မမရယ်။ စီးပွားရေးကို တစ်ဖက်သတ် ဒီလောက် ကြည့်ဖို့ မကောင်းဘူး။ စီးပွားရေးနှင့် ပတ်သက်ရင် မချစ်သော်လည်း အောင်ကာ ပေါင်းနိုင်တယ်။ ချစ်သော်လည်း မယူနိုင်ဘူးဆိုတာ မှုမမှန်ဘူးလို့ထင်တယ်"

မျိုးမြင့်သည် ထွက်သွားသော ကားကလေးကို မျက်စိတစ်ဆုံး ကြည့်ပြီး နောက် စားပွဲခုံသို့ပြန်လာခဲ့သည်။ ထိုင်ပြီးနောက် မခင်ဝင်း၊ ဒေစီသွင်၊ မလှတင့် တို့ကို ယှဉ်ကြည့်လိုက်သည်။ ယခင်က တစ်ခါမှ ယှဉ်၍ မကြည့်မိခဲ့။

"ဝင်းရဲ့ အချစ်က ခိုင်မာတယ်။ ငါက သူ့ဖွန့်ပစ်ပြီး ဟိုနောက်သည် နောက် တကောက်ကောက်လိုက်ပြီး မျက်နှာများနေပေမယ့် သူက မျက်နှာမများ ဘူး။ မဖောက်ပြားဘူး။ ငါ့ကိုပဲ သည်းညည်းခံပြီး ချစ်နေရှာတယ်။ ထားရာက နေပါမယ်လို့ ပြောရှာတယ်။ ချစ်ကြစို့ဆိုတော့ ချစ်တယ်။ အချစ်ရပ်ဆိုင်းကြ ဦးစို့ ဆိုတော့ ရပ်ဆိုင်းထားတယ်။ သူဟာ ငါ့အရင်ကလည်း ချစ်သူမရှိ၊ ငါ့နောက်မှာလည်း ချစ်သူမရှိ။ ငါဟာ သူ့အချစ်ဦး၊ တစ်ဦးတည်းသော ချစ်သူ၊ သူဟာ ငါ့ချစ်ဦး။ သို့ပေမယ့် ငါ့ရဲ့တစ်ဦးတည်းသော ချစ်သူလို့ မခေါ်နိုင်ဘူး။ ဒါဟာ ငါ့အပြစ်၊ ငါဖောက်ပြားလို့၊ ငါမျက်နှာများလို့"

သူက ခင်ဝင်းအား အဘယ်ကြောင့် ခိုင်ခိုင်မာမာ စွဲစွဲမြဲမြဲ မချစ်ခဲ့မိ သည်ကို စဉ်းစားကြည့်၏။ အကြောင်းရှာ၏။

"ဒေစီနှင့် မမတင့်တို့ကို ချစ်မိတာကြောင့် အဝင်းကို ခိုင်ခိုင်မာမာ စွဲစွဲမြဲမြဲ မချစ်ဘဲ သစ္စာဖောက်ခဲ့တယ်။ ဒါပေမဲ့ ဒီအကြောင်းကြောင့်ချည်း ဟုတ်ကဲ့လား" ဟု သူ့ကိုယ်သူမေး၏။

သူသည် ခင်ဝင်းအား ချစ်စက ချစ်ရုံသာချစ်သည်။ ချစ်ပြီးညားသည် အထိ မစဉ်းစား။ သူ့အချစ်မှာ အဖူးအကိုက်များလို အရောင်နုခဲ့၏။ ၄င်းနောက် ညားကြသည်အထိ မရောက်တရောက် စဉ်းစားကြည့်ခဲ့၏။ လုံးလုံးမယူပါဘူး ဟုကား စိတ်ထဲမှာ မဖြစ်ပေါ်မိခဲ့။ အလုပ်ကောင်းကောင်းရရင်ဖြင့် သူ့ကို ယူမယ်ဟုလည်းကောင်း၊ ပိုက်ဆံရှိရင် ဘယ်လောက်ကောင်းမလဲ။ အဝင်းကိုပဲ ယူနိုင်တယ်ဟူ၍ လည်းကောင်း၊ ထီများပေါက်ရင် ကောင်းမှာပဲ၊ အဝင်းကို ယူလိုက်မယ် ဟူ၍လည်းကောင်း၊ သတ္တိမဲ့သော၊ မပြတ်သားသော၊ ကာယကံ မမြောက်သော ဆုံးဖြတ်ချက်မျိုးများကို ပြုခဲ့ဖူးပေ၏။ ဒါတွေကို သေသေချာချာ သတ္တုချကြည့်လိုက်တော့ ဝင်းကိုယူလိုက်ရင် ဆင်းရဲမှာတွေ ကြောက်နေတာကို

ပြတယ်။ ဝင်းကလေးဟာ ဆင်းရဲနွမ်းပါးရှာတယ်။ ဒုက္ခိတ အမေ၊ ဒုက္ခိတ အဘွား၊ မှီခိုသူတွေရှိနေတယ်။ ဒီတာဝန်တွေကို ငါကြောက်နေတယ်။ စီးပွားရေး ခက်မှာတွေ စိုးရိမ်နေတယ်။ အော်... ငါလည်းပဲ တကယ် အဝင်းကို ယူဖို့ကြ တော့ စီးပွားရေးမျက်စိနှင့် ကြည့်နေတာပဲနော်။ ငါလည်း အချစ်ကို ပဓာန မထားပါပဲကလားနော်...

ယင်းသို့ ကိုယ့်ကိုယ်ကိုယ် အမှန်အတိုင်း မြင်မိသောအခါ မျိုးမြင့်သည် တုန်လှုပ်ချောက်ချားသွား၏။

အော်... ငါလည်း ဒေစီသွင်တို့ မလှတင့်တို့နှင့် အတွေးအတော အယူ အဆ မခြားပါပဲကလားနော်။ တကယ် ယူဖို့ကျတော့ စီးပွားရေး မျက်စိနှင့် ကြည့်တာပဲ။ အချစ်ကို ပဓာနမထားဘူး။ ကွာတာကတော့ သူတို့က ငါ့ထက် ပိုပြီး ခိုင်မာတယ်။ ပြတ်သားတယ်။ ငါကတော့ မပြတ်သားဘူး။ အချစ်ကို ပဓာနထားသလိုလို ဘာလိုလို ထင်နေခဲ့တယ်။ လုပ်နေခဲ့တယ်။ ကိုယ့်ဂီတ၊ ကိုယ့်ဝါသနာကို အဓိကထားသလိုလို။ တော်တော်ကြာ ရာထူးရဖို့ အဓိက ထားသလိုလို။ နောက်တော့ သူဌေးဖြစ်ဖို့ အဓိကထားသလိုလို ထင်ခဲ့တယ်။ လုပ်ခဲ့တယ်။ ငါဟာ ဒေစီတို့ မလှတင့်တို့ကို အပြစ်ဆိုခဲ့တယ်။ ငါ့ကိုယ် ကိုယ်တော့ အပြစ်မဆိုဘူး။ ငါမှားတယ်။ ငါမကောင်းဘူး။ ဒေစီတို့ မလှတင့်တို့ အတန်းအစားတွေကို အပြစ်ဆိုရင် ငါ့ကိုယ်ကိုယ်လည်း ငါ အပြစ်ဆိုရမယ်။ ဒေစီတို့ မလှတင့်တို့ အတန်းအစားမျိုးကို စွန့်ခွာချင်ရင် ငါ့အတိတ်ကိုလည်း စွန့်ခွာရမယ်။ ငါဟာ ဘဝသစ် အစပျိုးရမယ်။ ငါဟာ ပြတ်သားရမယ်။ ငါ့ အချစ်ဟာ လွတ်လပ်ရမယ်။ စီးပွားရေးနှောင်ကြိုးတွေ၊ ဂုဏ်ပကာသန နှောင် ကြိုးတွေက လွတ်ကင်းရမယ်။ ငါ့အနုပညာ ဂီတပညာဟာလည်း လွတ်လပ် ရမယ်။ ဒီပညာနောက်ကိုပဲ လွတ်လွတ်ကျွတ်ကျွတ်ပဲ လိုက်ရမယ်။ ပိုက်ဆံရှိလို့၊ ဝမ်းရေးပူစရာ မရှိလို့၊ အချိန်ပိုလို့ လိုက်စားတာမျိုးကို ငါမမှန်းတော့ဘူး။ အနုပညာကို အကြောင်းပြုပြီး အမြတ်ရဖို့ ကူးသန်းရောင်းဝယ်ရေးလုပ်တာလည်း ငါမလုပ်ဘူး။ ငါမမှန်းဘူး။ ဒီနေ့ကစပြီး ငါ့ဘဝရဲ့ ရည်မှန်းချက်ဟာ အနုပညာ ဂီတပညာပဲ ဖြစ်ရမယ်။ ငါဟာ ပညာသည် ပညာတတ်အလုပ်သမားပဲ ဖြစ် ရမယ်။

ဤသို့လျှင် အမှားမှတစ်ဆင့် အမှန်ကိုမြင်ပြီး ဆုံးဖြတ်ချက် ချလိုက်သော အခါ မျိုးမြင့်သည် လက်ပမ်းပေါက် ခတ်မိမလောက် ဝမ်းမြောက်ရွှင်လန်း သွားလေ၏။

**သူရိယစာပေ**

အချစ်နှင့်ပတ်သက်၍ သူပြုခဲ့သော အမှားများကို ပြင်ရန်မှာ တစ်လမ်းတည်းသာရှိ၏။ ဒေစီ မလှတင့်တို့၏ အချစ်မျိုးနှင့် ခြားနားကြောင်းပြရန်မှာလည်း ထိုလမ်းသာရှိ၏။ ဂီတပညာကို ဘဝရည်မှန်းချက်ထား၍ ဘဝခရီးသွားဖက် ရွေးချယ်ရာတွင်လည်း ထိုလမ်းသာရှိ၏။ ထိုတစ်ခုသော လမ်းကားခင်ဝင်းထံသွားပြီး မှားသမျှကို ဝန်ချတောင်းပန်၍ သူမြင်ထားသော အမှန်များကိုရှင်းလင်းတင်ပြရန် ဖြစ်သည်။ ခင်ဝင်းကလေးဟာ ငယ်ပေမယ့် အင်မတန်တော်တယ်။ ရုပ်ရော၊ ဉာဏ်ရော၊ သဘောသကာယရော ဘာမျှပြောစရာမရှိဘူး။ ကဗျာဂီတမှာ အရွယ်နှင့်မမျှ တော်တယ်၊ ပြီးတော့ ငါက သူ့အပေါ်မှာသစ္စာဖောက်ပေမယ့် သူက ငါ့အပေါ်မှာ ခိုင်မြဲတယ်။ သူ့အချစ်ဟာ ဆယ့်နှစ်ရာသီ အမြဲပွင့်တဲ့ နှင်းဆီနဲ့တူတယ်။ ခုငါလိုက်နေတဲ့ ပန်းတွေက ကံ့ကော်၊ ပိတောက်၊ စံကားဝါစတဲ့ ရာသီအလိုက်ပွင့်တဲ့ ပန်းတွေနှင့်သာတူတယ်။ အမြဲပွင့်တဲ့ ဝင်းဆီကို ငါသွားမယ်။ ငါဒီမှာ မနေဘူး။

မျိုးမြင့်သည် မလှတင့်၏ အိမ်မှ အမြန်ဆုံး ထွက်ခွာရန် ဆုံးဖြတ်လေသည်။ ခုနေ မလှတင့် ပြန်ရောက်လာမည်ကိုပင် စိုးရိမ်နေမိလေသည်။ မလှတင့်ကို အမှန်းကြီးမုန်းပြီး နောက်ထပ် ပြန်မကြည့်လို၍တော့ မဟုတ်ပါ။ မလှတင့်ပြန်လာလျှင် ချော့ဦးမည်။ ချော့လျှင် သူက မပျော့ပါဘူးဟု မဆိုနိုင်ချေ။ ချမှတ်ထားသော အဓိဋ္ဌာန်မပျက်ဟု မထင်နိုင်ချေ။ သို့ပါလျှင် လင်မြှောင်ဘဝသို့ပြန်ရောက်ရဦးမည်။ သည်လိုနှင့် သူ့ဘဝ အညွန့်တုံးပေလိမ့်မည်။

မျိုးမြင့် အဝတ်ဗီရိုကို ဖွင့်ပြီး မလှတင့်အိမ်သို့ ပြောင်းလာစဉ်က ယူခဲ့သော သေတ္တာတွင် အမေအဖေနှင့် ဦးလေးတို့က ဝယ်ဆင်ထားသော အဝတ်များကို ထည့်၏။ မလှတင့်က ဝယ်ဆင်ထားသော လုံချည်များကို ဗီရိုထဲမှာပင်ထားခဲ့၏။ စားပွဲသို့သွား၍ စာအုပ်များကို သိမ်းယူကာ သေတ္တာထဲထည့်၏။ မလှတင့်အိမ်တွင် သူရေးစပ်ထားသော ကဗျာသီချင်း စသည်များကိုကား စားပွဲပေါ်မှာ သည်အတိုင်းပင် ထားခဲ့၏။ ဓာတ်ပြားလုပ်ငန်း၊ ရုပ်ရှင်လုပ်ငန်း၊ စီမံကိန်းများကိုကား ဆုတ်ဖြဲပြီး အမှိုက်ခြင်းတောင်းထဲ ထည့်ထားခဲ့၏။

"မမတင့်"

ကျွန်တော်တော့ မမတင့် ပြန်လာအောင် မစောင့်နိုင်တော့ဘူး။ သည်လောက်ဆိုရင် တစ်ယောက်ကို တစ်ယောက် နားလည်လောက်ပါပြီ။ နောက်ထပ် အထွေအထူး ဘာမျှပြောဖို့ မလိုတော့ဘူး။

သူရိယစာပေ

ကျွန်တော့်ကို မမဟာ မမရဲ့နည်းနဲ့ တကယ်ချစ်တာဆိုတာ ယုံပါတယ်။ သို့ပေမယ့် ကျွန်တော် သည်လိုငွေနှင့်တွက်တဲ့ အချစ်မျိုးကို စဉ်စားကြည့်လေ လက်မခံနိုင်လေ ဖြစ်လာပြီး သည်လိုအချစ်မျိုးကို လက်ခံနေရင် ကျွန်တော့်ဘဝဟာ လင်မြှောင်ကလေးအဖြစ်နှင့် အညွန့်တုံးရမှာပဲ။

မမပြုစု ယုယလိုက်တဲ့ ကျေးဇူးကို မမေ့ပါ။

ကျွန်တော့်အဖို့ကတော့ မမနှင့် ကျွန်တော်တို့ရဲ့ အဖြစ်အပျက်ကို ကျွန်တော့်ဘဝရဲ့ သီးသန့် ကဏ္ဍတစ်ရပ်အဖြစ်နှင့်ထားပြီး လူများမသိအောင် ဖုံးအုပ် မျိုသိပ်ထားပါမည်။ ပြီးတော့ သည်လို အဖြစ်အပျက်တွေက ဘယ်သူမပြု မိမိမှုဆိုသလို ကျွန်တော့်အပြစ် ကျွန်တော့် အမှားများဖြစ်သဖြင့် ကိုယ့်ကိုယ်ကိုယ် ပြုပြင်သွားပါတော့မည်။

"မောင်လေး"

စာရေးပြီးနောက် လက်က စိန်လက်စွပ်ကို ကြည့်လိုက်သည်။ မလှတင့်ဆင်ပေးထားသော လက်စွပ်ဖြစ်သည်။ စာကိုခေါက်ပြီး လက်စွပ်ချွတ်၍ စားပွဲပေါ်မှာ တင်ထားလိုက်သည်။ ပြီးလျှင် မီးခလုတ်များကို ပိတ်လိုက်သည်။

၄င်းနောက် မျိုးမြင့်သည် သေတ္တာကိုဆွဲကာ အခန်းပြင်ထွက်ခဲ့၏။ အခန်းတံခါးကို အတွင်းကပိတ်လျှင်လည်း အပြင်ကဖွင့်၍ရသော၊ အပြင်ကပိတ်လျှင်လည်း အတွင်းကဖွင့်၍ရသော သူနှင့်မလှတင့်တို့နှစ်ဦးသာ သိသောနည်းဖြင့် ပိတ်ထားခဲ့လေသည်။ မျိုးမြင့်သည် တံခါးပိတ်ရင်း အနည်းငယ် ပြုံးမိသေး၏။ ဤပိတ်နည်းဖွင့်နည်းဖြင့်ပင် အိမ်သူအိမ်သား အစေခံများမသိအောင် ညဉ့်နက်သန်းခေါင် ဆောင်တော်ကူးခဲ့ကြသည် မဟုတ်ပါလော။

❐

# အခန်း (၂၂)

ကိုပြုံးချိုနှင့် မခင်ဝင်းတို့အား ထိမ်းမြားလက်ထပ်ပေးရန် ရက်ကန့်သတ်မှတ်ပြီးခဲ့လေပြီ။ သတို့သမီးအိမ်မှာပင် မင်္ဂလာအခမ်းအနားပြုရန် စီစဉ်ထားလေ၏။

ကိုပြုံးချိုကား အပြုံးဆုံး အချိုဆုံး ဖြစ်နေလေ၏။ လူပျိုကြီးဘဝနှင့် အကဲ့ရဲ့ခံကာ ကပ်စေးနဲ့ပြီး စုဆောင်းထားခဲ့သော ငွေအသပြာများကို ရက်ရက်ရောရောထုတ်၍ သုံးလေသည်။ ကျောက်သွေးလုပ်ငန်းကြောင့် သူနှင့် အဆက်အသွယ် ဖြစ်နေသော မဂိုလမ်းက ဘာဘူ၏အကူအညီဖြင့် မခင်ဝင်းအတွက် ဥဿဖရား ပထမတန်းစား ကြယ်သီးတစ်စုံ၊ ကျောက်နီဆွဲကြိုးတစ်ကုံးနှင့် ဥဿဖရား လက်ကောက်တစ်စုံ၊ လက်ဖွဲ့ရန် လုပ်ထားလေသည်။ ရွှေမင်နှင့် ဖိတ်စာလည်း ရိုက်ထားသေး၏။ ဝတ်စုံတစ်စုံဝယ်ရန် ဒေါ်သိန်းအား ငွေ ၅ဝ အပ်လိုက်၏။ သူ့အတွက်လည်း ဘန်ကောက်လုံချည်၊ ပိုးတိုက်ပုံအင်္ကျီ၊ ခေါင်းပေါင်း စသည်များကိုလည်း ဝယ်ထား၏။

စမ်းချောင်း ကျောက်သွေးသမားများ ရပ်ကွက်တွင်လည်းကောင်း၊ ရှမ်းလမ်းပေါ်က ဈေးတန်း၌လည်းကောင်း၊ ကိုပြုံးချိုနှင့် မခင်ဝင်းတို့၏ လက်ထပ်မင်္ဂလာသတင်းသည် တသင်းသင်း ဖြစ်နေလေ၏။ မင်္ဂလာလမ်းပေါ်မှာလည်း လူသူများလျက် ရှိပေသည်။

ခင်ဝင်းကား မေမေတို့ စီမံသလို နာခံပါတော့မည်ဟု ဝန်ခံစကားပြောလိုက်သည်ကစ၍ ကံပစ်ချသလို ခံရတော့မှာပဲဟု စိတ်နလုံးတုံးတုံး ချထားလိုက်တော့သည်။ မိမိစကားကို ပြန်ရုတ်သိမ်းရန်လည်း မကြံ။ မိခင်၏ အစီအမံကို ဖျက်သိမ်းဖို့လည်း စိတ်မကူး။ မထူးတော့ပါဘူး။ မျက်စိမှိတ်၍ ဇွတ်

လိုက်နာရန် တစ်လမ်းသာ ရှိတော့သည်ဟု ယူဆထားပေသည်။ သို့သော် စိတ်ကား မချမ်းသာ။ အတွင်းမှာ တငွေ့ငွေ့ပူဆွေးနေလေသည်။ မျိုးမြင့်၏ စွန့်ပယ်ခြင်း ခံရရုံဆိုလျှင် သက်သာဦးမည်။ ယခုတော့ ချစ်သူက စွန့်ခွာ၍ မချစ်သူ၏လက်သို့ ရောက်ရဦးမည်။

ကြေကွဲဝမ်းနည်းမဖြစ်ဘဲ နေပါမည်လော။ သို့ရာတွင် မိမိ၏အတွင်းပူကို လူမသိစေလို၊ အထူးသဖြင့် အမေမသိစေလို။ အမေသိပါလျှင် အမေစိတ်မချမ်း မသာ ဖြစ်နေရှာပေလိမ့်မည်။

ဒေါ်သိန်းမှာ သည့်ပြင်ထွက်ပေါက် မမြင်၍သာ ဤသို့စီမံလိုက်ရသည်။ သမီးကလေးအပေါ်တွင် ကိုယ်ချင်းစာနာကာ သနားမိသည်။ သမီးကလေး ငယ်ငယ်ရွယ်ရွယ်ကို ဦးလေးအရွယ်နှင့် ပေးစားလိုက်ရမည်ဖြစ်သဖြင့် နှမြောလည်း နှမြောလှ၏။ တတ်နိုင်ပါဘူးလေဟုသာ ဆို၍သာ ဖြေနေရတော့၏။ တစ်ခါ တစ်ခါ မောင်မျိုးမြင့် သစ္စာမဲ့လို့ ဒီလိုဖြစ်ရတာပဲဟု မျိုးမြင့်အပေါ်မှာ အပြစ် တင်ပြီး ဖြစ်သမျှအတွက် စိတ်ဖြေရ၏။ တစ်ခါတစ်ခါ မောင်ပြုံးချိုဟာ ရိုးရှာ တယ်။ ကြီးမို့၊ ငယ်ချီဆိုတဲ့စကားလို ငါ့သမီးကို အနွံအတာခံပြီး ပေါင်းမှာပဲဟု အကောင်းဖက်က လှည့်တွေးကာ စိတ်သက်သာရာရှာလေ၏။ ပြီးတော့လည်းလေ မောင်ပြုံးချိုက တို့လိုတန်းတူ အတန်းအစားထဲကဆိုတော့ ပိုကောင်းပါတယ်။ မောင်မျိုးမြင့်တို့လို မင်းလောင်းစိုးလောင်း မှန်းမိတော့ ငါ့သမီး ရည်းစားပျက် ဖြစ်ရတယ်၊ မောင်မျိုးမြင့် မောင်မျိုးမြင့် တော်မလား အောက်မေ့တာ ငွေမျက်နှာ သည်လောက်ပဲ လိုက်မယ်မှားမထင်မိပါဘူး၊ ကြည့်ပါဦး၊ ပစ္စည်းမက်ပြီး တစ် ခုလပ်နဲ့တောင် ဖြစ်နေရသတဲ့။

မျိုးမြင့်သည် မလှတင့်အိမ်မှဆင်းခဲ့ပြီးနောက် ဦးလေးအိမ်သို့ တောက် လျှောက် မပြန်ခဲ့သေးချေ။ စိတ်ပြေလက်ပျောက်ဆိုသလို ကျောင်းမှ သူငယ်ချင်း များနှင့် သုံးရက်မျှ နေလိုက်သေး၏။ ၄င်းပြင် ဤမျှအလည်ကြူးခဲ့ပြီးနောက် ရုတ်တရက် အိမ်အဝင်ခက်နေလေသည်။ ဦးလေးနှင့်အဒေါ်တို့က မေးလျှင် ဘယ်လိုလုပ်ဖြေမလဲ၊ အမှန်အတိုင်းပဲ ပြောမလား၊ လှည့်ပတ်ပြီး ပြောမလား၊ ဘယ်လောက်ထိ ဝန်ခံရမလဲ၊ ဘယ်လောက်ဖုံးထားရမလဲ။ မခင်ဝင်းတို့ကိုကော ဘယ်လိုတွေ့ပြီး ဘယ်လိုပြောမလဲ၊ မခင်ဝင်း မှားသမျှ ဝန်ချတောင်းပန်မည်၊ ချစ်မြဲချစ်ရန် ပြောမည်။ သို့သော် ဘယ်လိုဘယ်ပုံချဉ်းကပ်မလဲ ဤအချက် များကို စိတ်ထဲမှာ ဇာတ်တိုက်ပြီးမှ ဦးလေး ဦးကျော်လှ၏ အိမ်သို့ပြန်ခဲ့လေ သည်။

မခင်ဝင်း အခေါ်အားဖြင့် အလည်ကြူးသော ဥယျာဉ်မှူး၊ ဦးလေး ဦးကျော်လှ အခေါ်အားဖြင့် အလည်ကြူးသော တူတော်မောင် အိမ်ပြန်လာချိန်မှာ မိုးဥတုကုန်ချိန်ဖြစ်သည်။ သို့သော် တိမ်ရိပ်တိမ်ငွေ့တို့ကား မကုန်တတ်သေး။ နေ့လယ်နေ့ခင်း နေရောင်ဝင်းနေရာ တိမ်သလ္လာဖုန်း၍ နေလုံးပျောက်သွားတတ်သည်။ ညအချိန် လမင်းကြီး ထိန်နေရာမှ တိမ်ဖုံးပြီး ညိုသွားတတ်သည်။

သူဝင်လာသောအခါ ဦးလေးဦးကျော်လှ၏ ပက်လက်ကုလားထိုင်တွင် ထိုင်လျက် လယ်တီဆရာတော်၏ ဗောဓိပက္ခိယဒီပနီကို ဖတ်နေသည်။ ဒေါ်အေးခင် မှာ ဘုရားမျက်နှာကြက်ရှိ အစုတ်တစ်ခုကို ဖာထေးနေလေသည်။ ဦးလေးဦးကျော်လှသည် မျက်မှန်ကို နဖူးပေါ်တင်ပြီး မျိုးမြင့်အား ကြည့်လိုက်သည်။ ကြည့်စက ပြုံးသယောင်ယောင် ထင်ရ၏။ နောက် ရှုသိုးသွားပြီး မျက်နှာကို မျက်လုံးများပေါ်သို့ချကာ စာဖတ်မြဲဖတ်နေလိုက်၏။ သူ့ရင်တွင်းမှာ ပြောစရာ ငေါက်စရာ၊ ဆူစရာတွေ ပြည့်ညပ်နေ၏။ လည်ဝတွင် တစ်ဆို့နေကြဟန်ရှိ၏။ သို့ကြောင့် ဦးကျော်လှထံမှ စကားတစ်လုံးတစ်ပါဒမျှ မထွက်လာသေး။ ထွက်လာလျှင် အင်း... ကောင်းလှကွာ၊ တော်သလင်းခွေးကျနေတာပဲ ဟူသော စကားလည်း ပါကောင်းပါလာလိမ့်မည်။ မျိုးမြင့်သည်အစက သူ့ဦးလေးအား မျက်နှာချိုသွေးကာ နှုတ်ဆက်သည့်ဟန်ထား ပြင်ထားပြီးမှ အကဲမလှသဖြင့် အရှိန်သတ်ထားလိုက်ရလေသည်။ အဒေါ် ဒေါ်အေးခင်ကမူ တင်းမာသော အခြေအနေကို ဖြေဖျောက်ရန် ကြိုးစားဘိသည့်အလား မျက်နှာကို ခပ်ပြုံးပြုံးထား၍

"ဩော်... လူလေးပြန်လာပြီကိုး"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်တို့ နေကောင်းကြရဲ့လား"

မျိုးမြင့်သည် ပြောပြောဆိုဆို အပေါ်ထပ်သို့ တက်သွားလေသည်။ သူ့စားပွဲပေါ်၌ စာအုပ်မင်အိုး စသော ကျောင်းသုံးပစ္စည်းများသည် သပ်သပ်ရပ်ရပ်ပင် ရှိနေကြသည်။ စားပွဲမှာလည်း အမှိုက်သရိုက် ဖုန်မရှိ ပြောင်လက်နေသည်။ အိပ်ရာမှာလည်း သပ်ရပ်သန့်ရှင်းစွာ ပြုလုပ်ထားသည်။ ဘာတစ်ခုမျှ ဖရိုဖရဲ ဗရပွကြဲနေတာမရှိ။ အခါတိုင်း မျိုးမြင့်မှာ ကျောင်းမှဆင်းလာလျှင် တွေ့ရသကဲ့လို့သာ တွေ့ရလေသည်။ မျိုးမြင့်မှာ ထိုအခြေအနေကိုမြင်ပြီး များစွာ ရွှင်မြူးသွား၏။ အိမ်ပြန်ရောက်ရသည့် အရသာကို တမြိန့်မြိန့် ခံစားမိ၏။ ဦးလေးနှင့် ဒေါ်ဒေါ်တို့၏ ကျေးဇူးကို ဆင်ခြင်အောက်မေ့ပြီး ဖရဏာပီတိ ဝွမ်းဆီ

ထိဖြစ်နေ၏။ ဦးလေးနဲ့ ဒေါ်ဒေါ်တို့ဟာ ငါ့ကို သားအရင်းအချာလို ချစ်ခင်ကြတယ်၊ သူတို့မေတ္တာဟာ မြဲမြဲကြတယ်။ ဒေါ်ဒေါ်ဟာ သွေးမစပ်ပေမယ့် ငါ့ကို သားအရင်းလိုပဲ ချစ်ကြတယ်၊ ယုယတယ်။ ပြုစုတယ်။ သူတို့ကတော့ သူတို့ဝတ္တရား ကျေကြတယ်၊ ငါကသာ ငါ့ဝတ္တရား မကျေတာ၊ အမှား တစ်ခုပြီး တစ်ခု လုပ်နေတာ။

မျိုးမြင့်သည် အပေါ်အင်္ကျီချွတ်၍ လုံချည်လဲပြီးနောက် ပြတင်းပေါက်သွား၍ ငုံ့ကြည့်လိုက်သည်။ ဝင်းကလေး နေမှကောင်းရဲ့လား။ ငါ့ကိုတော့ ဒေါဖောင်းနေမှာပဲ။ ပထမဆုံးအကြိမ် ခင်ဝင်းအား စောင်းတီးနေရင်း မြင်ခဲ့ရသော ပြတင်းပေါက်မှာ ပိတ်ထား၏။ စောင်းသံလည်း တိတ်လျက်ရှိ၏။ ရင်တွင်းမှာ လွမ်းဋ္ဌေးများ ရိုက်ခတ်လာသည်။ ခင်ဝင်း၏ မျက်နှာကလေးကို မြင်လိုသောဆန္ဒ အုံကြွလာသည်။ အရင်ကလိုသာဆိုလျှင် မျိုးမြင့်သည် လူငယ်တို့ဘဝ ခပ်ပေါ့ပေါ့ ခပ်ဆော့ဆော့ဟန်ဖြင့် ဖိုသံပေး၍ ခင်ဝင်းအား မြင်ရရန် ကြိုးစားပေလိမ့်မည်။ ယခု ပြန်ရောက်လာသော မျိုးမြင့်ကား အရင်ကလို မဟုတ်တော့ချေ။ လူငယ်စိတ်မရှိသလောက်ပင် ဖြစ်နေပြီ။ ပေါ့ပေါ့တွေး၊ ပေါ့ပေါ့ လုပ် မဟုတ်တော့ပြီ။

အတန်ကြာလျှင် ပြတင်းပေါက်မှ ခွာ၍ လာခဲ့သည်။ အပေါ်ထပ်တွင် ဒေါ်အေးခင် ရောက်နေသည်ကို ပက်ပင်းပါ တွေ့ရတော့၏။ ဒေါ်အေးခင်ကား မျိုးမြင့်ပြတင်းပေါက်မှ ခင်ဝင်းတို့ဆီ ငုံ့ကြည့်နေသည်ကို မြင်ပြီးသား ဖြစ်လေသည်။

"အော် ဒေါ်ဒေါ်၊ ဦးလေးတော့ ကျွန်တော့်ကို သိပ်စိတ်ဆိုးနေမှာပဲနော်"

"လူကလေးကလဲ သိပ်လွန်တာကိုး၊ ဘယ်တွေများ အလည်ကြုံးနေတာတုန်း"

မျိုးမြင့်ကား အဖြေရကျပ်ပြီး ခဏငြိမ်နေသေးသည်။

"ကျွန်တော်မှားသွားတယ် ဒေါ်ဒေါ် မှားတယ်၊ ကျွန်တော် အတော်ပျက်စီးသွားတယ်၊ ခုတော့ ကျွန်တော့်ကိုယ်ကို အဖတ်ဆယ်နိုင်ပါပြီ"

"အေးကွယ့်၊ ပြီးတာလည်း ပြီးပါစေတော့၊ ပျက်အစဉ် ပြင်ခဏဆိုတယ် မဟုတ်လား။ မင်းအကြောင်းတွေတော့ တို့လည်းကြားနေသလောက် ကြားနေကြတာပဲ၊ မင့်မှာ မဖြစ်သင့်တာ မဖြစ်အောင် မလွန်သင့်တာ မလွန်အောင် ဆိုပြီးတော့လည်း တတ်နိုင်သမျှ ကြိုးစားကြသေးတယ်။ မခင်ဝင်းကလေးကို စာရေးခိုင်းတယ်။ အဲဒီစာကိုရရဲ့ မဟုတ်လား"

"ရတယ် ဒေါ်ဒေါ်"

"ဘာဖြစ်လို့ စာမပြန်လိုက်သလဲ"

မျိုးမြင့်မှာ မဖြေနိုင်တော့ဘဲ ငေးနေသည်။ သူ့အကြောင်း သူပြန်တွေးနေမိပြန်သည်။ ခင်ဝင်းထံမှ စာရသောနေ့မှာပင် အလွန်အကျွံ ဖြစ်ပျက်ခဲ့သည် မဟုတ်ပါလော။ သည့်နောက်တော့ ခင်ဝင်း၏ စာကို တမင်အားမထုတ်ရဘဲ မေ့ပစ်လိုက်သည်။ စာပြန်လျှင် ခင်ဝင်းအား အလကားသက်သက် မျှော်လင့်ချက်ပေးရာ ရောက်နေလိမ့်မည်ဟုပင် ယူဆခဲ့လေသည်။

ဒေါ်အေးခင်သည် မျိုးမြင့်၏ အဝတ်ဟောင်းများကို အလျှော်ခိုင်းရန် ထုတ်ယူနေလေသည်။

အတန်ကြာလျှင် မျိုးမြင့်က –

"မခင်ဝင်းတို့ နေကောင်းကြရဲ့လား ဒေါ်ဒေါ်"

ဒေါ်အေးခင်သည် စိတ်မရှင်သော အမူအရာနှင့် စားပွဲရှေ့က ကုလားထိုင်တွင် ဘေးတိုက်ဝင်ထိုင်လိုက်သည်။

"အေး နေကောင်းကြပါတယ်၊ မခင်ဝင်းကလေးတောင် လက်ထပ်တော့မယ်"

ဒေါ်အေးခင်၏အသံကား ကရုဏာဖြင့် အေးမြငြိမ်သောအသံ ဖြစ်၏။ သို့ရာတွင် မျိုးမြင့်၏ သောတအကြည်ဓာတ် ပေါက်ကွဲသွားမတတ် ပြင်းထန်သော ဗုံးပေါက်ကွဲသံနှင့် တူနေပေ၏။ မျိုးမြင့်သည် "ဟောဗျာ" ဟု တစ်ခွန်းသာ ပြောနိုင်၏။ သူ့မျက်နှာမှာ အံ့ဩခြင်းနှင့် ဝမ်းနည်းခြင်း ရောယှက်ကာ ဖျော့တော့တော့အရောင် ဖြစ်ပေါ်နေ၏။ သူသည် ခုတင်ပေါ်တွင် ကျုံ့ကျုံ့ကလေး ထိုင်ချလိုက်၏။ ထိုခဏ၌ သူ့ကိုယ်ခန္ဓာသည်သာမက သူ့ဟဒယရုပ်ဝတ္ထုသည်ပင် ရပ်တန့်နေဟန်ရှိသည်။ အတော်ကြီးကြာအောင် ငေးစိုက်နေပြီးမှ…

"ဘယ်သူနဲ့လဲ ဒေါ်ဒေါ်"

"မောင်ပြုံးချိုတဲ့၊ ကျောက်သွေးသမား တစ်ယောက်နဲ့ကွဲ့၊ ရိုးရိုးသားသားထဲကပါပဲ"

"ဘယ်တော့တဲ့လဲ"

"မနက်ဖြန် နံနက်ပဲ"

မျိုးမြင့်အဖို့ ဗုံးတစ်လုံးနောက်ထပ် ပေါက်ကွဲပြန်သလို ဖြစ်နေသည်။

သို့သော် ပထမအကြိမ်မှာလို ထိတ်လန့်ခြင်းကား မဖြစ်တော့။ အဖြစ်အပျက်ကို မခံမရပ်နိုင်သောစိတ် ပေါ်လာလေသည်။

"ဘယ်လိုဖြစ်ကုန်ကြတာလဲ ဒေါ်ဒေါ်"

"အေးလေ ဒီလိုပဲ ဖြစ်ကုန်တာပဲ၊ သူတို့မှာ အတော်ကိုပဲ အကျပ်အတည်းတွေ့နေရတယ်။ အိမ်လခမပေးနိုင်လို့ အိမ်ကဆင်းပြီး ဘုရားဝင်း ကျောင်းဝင်း သွားနေရမယ့်အခြေ၊ ထမင်းနပ်မှန်အောင် စားရဖို့တောင် ခက်ခဲတဲ့အခြေ ရောက်နေပြီ။ မင်းကလည်း ပြန်စာကလေးတောင် ပေးဖော်မရဘူး။ ဒေါ်ဒေါ့် သဘောကတော့ မတော်တရော်ဟာကြီးတွေနဲ့ ညားပြီး ဒူးမနာသားရမယ့်အစား ခင်ဝင်းလေးနဲ့ ညားတာက တော်သေးတယ်ထင်တယ်။ ကိုယ့်တူကလေး လူပျို လူရွယ် ဘယ်နည်းနဲ့မှ တစ်ခုလပ်နဲ့တော့ မညားစေချင်ဘူး။ ဒါကြောင့် စာပေးနိုင်းတာ၊ မင်းက စာမပြန်ဘူး။ ဒီအတွင်း မောင်ပြုံးချိုက ရိုးရိုးသားသား လူကြီးမိဘကို ဝင်ပြောတော့ ဖြစ်ကုန်တာပေါ့ကွယ်"

မျိုးမြင့်သည် ခေါင်းငိုက်စိုက်ချ၍ ပြောသမျှ နားထောင်နေသည်။ အတန်ကြာလျှင် …

"မခင်ဝင်းကကော သဘောတူသလား ဒေါ်ဒေါ်"

"ကောင်မလေးက ငယ်ပေမယ့် လိမ္မာတယ်။ ထော်လော်ကန့်လန့် မလုပ်ဘူး"

မျိုးမြင့်သည် မှိုင်တွေချရင်း ခေါင်းကို အသာအယာ ခါသည်။

"ကျွန်တော်ဟာ အလာကောင်းပေမယ့် အခါနှောင်းသွားပြီ"

ဒေါ်အေးခင်မှာ တူမောင်ကို သနားသွားသည်။

"အေးကွယ်၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ရှေ့အဖို့ လိမ်လိမ်မာမာ နေပေါ့။ စာကိုသာ ကြိုးစားသင်၊ စာပေါက်ပေါက်မြောက်မြောက်တတ်ရင် ခုမင်း တွေ့ခဲ့တဲ့ မိန်းကလေးတွေထက် အဆအများကြီးသာတာတွေ ရနိုင်ပါတယ်၊ စိတ်မပူပါနဲ့"

သူကား အဒေါ် ဖျောင်းဖျစကားတွင် စိတ်မဝင်။ ခင်ဝင်း၏ ကံကြမ္မာတွင်သာ စိတ်ဝင်စားနေသည်။ ခင်ဝင်းတို့၏ ဆင်းရဲကျပ်တည်းမှုကို သက်သာရာ ရစေရန် သူအကြံမထုတ်၊ အားမထုတ်ခဲ့ခြင်းအတွက် သူ့ကိုယ်သူ အားမလို အားမရ ဖြစ်နေသည်။ ငါ ယောက်ျားမပီသဘူး။ ပညာတတ်ဆိုတဲ့ ငါဟာ ကျောက်သွေးသမား လုပ်စားကိုင်စားတစ်ယောက်လောက်တောင် ယောက်ျား

မပီသဘူး၊ တကယ်တော့ ငါဟာ ခင်ဝင်းတို့ရဲ့ ဆင်းရဲဒုက္ခကို ရင်မဆိုင်ရဲ့မက ဘူး၊ ရှောင်ပြီး ထွက်ပြေးခဲ့တယ်။ ထိုကဲ့သို့ သူ့ကိုယ်သူ ထွက်ပြေးသူအဖြစ်ဖြင့် သဘောပေါက်လာသည်တွင် ရှက်စိတ်ဖြင့် ကျောစိမ့်လာလေသည်။ ၄င်းနောက် သူ့အဖြစ်ကို ရှက်မိသလောက် ခင်ဝင်းအဖြစ်ကို သနားမိသည်။ တကယ်တော့ ဝင်းကလေးဟာ ငါ့အချစ်ဦး၊ ဝင်းကလေးနှင့် မတွေ့ခင် ငါဟာ သည့်ပြင် မိန်းကလေးတွေကို တွေ့ခဲ့ဖူးပေမယ့် ရီသဲ့သဲ့နှင့် ပိုးတာလောက်ပဲ။ ချစ်ကြတဲ့ အဖြစ်၊ သမီးရည်းစားအဖြစ် မရောက်ခဲ့ဘူး။ ဝင်းကလေးဆိုတာတော့ ငါနှင့် တွေ့မှ အပျိုဖြားဖြား ဖြစ်လာတာ၊ ငါ့ရှေ့မှာ ဆံတောက်သိမ်းတာ၊ ငါဟာ ဝင်းလေးရဲ့ အချစ်ဦး၊ ဝင်းကလေးက ငါ့အပေါ်မှာ ခိုင်ခိုင်မြဲမြဲ ချစ်တယ်။ ဝင်းက သူ့ကိုယ်သူ "ထားရာက နေမယ့်ဝင်း" တဲ့၊ ဝင်းဟာ ငါ့ကိုမချစ်လို့ ခုလိုဖြစ်တာ မဟုတ်ဘူး။ ငါမချစ်လို့ သည့်ပြင်လူ ချစ်ရတာ မဟုတ်ဘူး။ ငါ သစ္စာဖောက်လို့ ဒီလိုဖြစ်ရတာ"

သို့ကလို အဒေါ်လုပ်သူက ဖျောင်းဖျ၍ တူလုပ်သူက သူ့ဘာသာသူ စဉ်းစားခန်းထုတ်နေချိန်တွင် အောက်ထပ်ရှိ ဦးကျော်လှက "အေးခင်" "အေးခင်" ဟု ဒေါသဖြင့် လှမ်းခေါ်လိုက်လေသည်။ ဒေါ်အေးခင်သည် ဦးကျော်လှ၏ အကြောကို သိနေသည်။

"ဒီတစ်ခါတော့ မင့်ဦးလေးက ဒေါသအတော်ကြီး ပွနေတယ်၊ တော် တော်နဲ့ ချော့လို့ရဦးမှာ မဟုတ်ဘူး။ မင်းကို ကျောင်းကနုတ်ပြီး မန္တလေး ပြန်ပို့မယ်တောင် ပြောနေတယ်"

ပြောရင်း ဒေါ်အေးခင်သည် ထိုင်ရာမှထလေသည်။ မျိုးမြင့်၏စိတ်ထဲတွင် ခင်ဝင်းနှင့်တွေ့လိုသော ဆန္ဒသာဖြစ်နေသည်။ အောက်ထပ်ရှိ ဦးကျော်လှကား ပို၍ ပြင်းထန်သော ဒေါသသံဖြင့် "အေးခင်" "အေးခင်" ဟု ခေါ်ပြန်လေသည်။ ဒေါ်အေးခင်သည် လှေကားဆီသို့ သွားရင်း...

"ညကျရင် မင်းဦးလေးကို ဆင်းပြီးချော့ဦး"

မျိုးမြင့်သည် ခပ်သဲ့သဲ့ပြုံးလိုက်ပြီး...

"ချော့ပါ့မယ် ဒေါ်ဒေါ်၊ ခု ကျွန်တော် မခင်ဝင်းနဲ့ တွေ့ချင်တယ်။ အကျိုးအကြောင်း သူ့ကို တိုက်ရိုက်မေးချင်သေးတယ်"

"သူတို့ကို နှောင့်ယှက်သလို ဖြစ်နေပါ့မယ်ကွယ်"

မျိုးမြင့်သည် ဒေါ်အေးခင်၏ သတိပေးစကားကို စဉ်းစားကြည့်ပြီး ပထမလှေကားဆင့်ကိုပင် နင်းနေပြီးဖြစ်သော ဒေါ်အေးခင်အား–

"အနှောင့်အယှက် ဖြစ်မယ်မထင်ပါဘူး" ဟု လှမ်းပြောလိုက်လေသည်။

ဒေါ်အေးခင် အောက်သို့ဆင်းသွားသောအခါ မျိုးမြင့်သည် ပြတင်းပေါက်သို့သွားပြီး ခင်ဝင်းတို့ဘက်သို့ လှမ်းကြည့်လိုက်သည်။ သူသည် အတန်ကြာအောင် လူအဝင်အထွက် အရိပ်အခြည်ကို အကဲခတ်နေမိ၏။ အချိန်မှာ နေဝင်ခါနီးအချိန်။ စမ်းချောင်းတွင် ဤအချိန်၌ များသောအားဖြင့် ကိုယ့်အိမ်ထဲမှာကိုယ် ညစာစားသောက်ရင်း အလုပ်များလျက်ရှိနေပြီး တစ်အိမ်နှင့်တစ်အိမ် အဝင်အထွက် နည်းပါးလေသည်။ ခင်ဝင်းတို့အိမ်မှာ နောက်ဖေးတွင်သာ လှုပ်ရှားအသက်ဝင်နေ၍ ရှေ့ပိုင်းတွင်ကား ငြိမ်သက်နေ၏။ သတို့သား ကိုပြုံးချို ဆိုတာကိုများ မြင်ရလေမလား၊ ဘယ်လိုလူများ ဖြစ်ပါလိမ့်။ သနားကမားလား၊ ကြမ်းကြမ်းတမ်းတမ်းလား၊ သူ့ရုပ်က ဘယ့်နှယ်နေပါလိမ့်။ သူ့အရွယ်ကကော။

၄င်းနောက် သူသည် အိမ်များပေါ်၊ သစ်ပင်များပေါ်မှ ကျော်လွှားကာ ကောင်းကင် လဟာပြင်ကြီးကို ကြည့်လိုက်သည်။ သူ့ရင်သည် ကောင်းကင် လဟာပြင်ကြီးလို ဟာနေသည်ဟု သူထင်၏။ ခင်ဝင်းကို လက်လွှတ် ဆုံးရှုံးလိုက်ရတော့မှာလေလားဟူသော နှမြောခြင်းဖြင့် ဟာနေခြင်းဖြစ်သည်။

❒

# အခန်း (၂၃)

မျိုးမြင့်သည် ခင်ဝင်းတို့အိမ်၏ လှေကားငါးဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် သတိပဋ္ဌာန် မှတ်သလို ဟန်မျိုးဖြင့် တက်ခဲ့သည်။ ဖိနပ်ချွတ်မှာရပ်ပြီး အရိပ်အခြည်ကို ကြည့်လိုက်၏။ အိမ်ရှေ့ခန်းမှာ ဘယ်သူမျှမရှိ။ အခေါက်လိုက်ထပ်ထားသော မှိုင်းလုံးကော်ဇောများနှင့် အထပ်လိုက်ဖြစ်နေသော ဒန်ထွေးခံများ၊ ရေချိုင့်များနှင့် ဆေးလိပ်ပန်းကန်များကို တွေ့မြင်ရလေသည်။ ဤသည်တို့ကား မနက်ဖြန် မင်္ဂလာဆောင်အတွက် အသုံးအဆောင်ပစ္စည်းများဖြစ်သည်ဟု သူ တပ်အပ်သိလိုက်လေသည်။ ထိုအသိသည် သူ့အသည်းနှလုံးကို အပ်နှင့်ဆွနေသကဲ့သို့ ရှိနေပေ၏။ သူသည်ကြမ်းပြင်ပေါ် ထိုင်ချလိုက်သည်။ သူ့ကိုယ်ခန္ဓာကား တံခါးပေါက် ဘောင်တစ်ဖက်ကိုမှီလျက် ခြေများကား ဖိနပ်ချွတ်ပေါ်သို့ တွဲလွဲချထားလျက် –

အတန်ကြာ စောင့်သော်လည်း ဘယ်သူမျှ အလိုအလျောက် ပေါ်မလာသောကြောင့် လှိုင်းမညီသော အသံဖြင့် ခေါ်လိုက်သည်။

"ဒေါ်ဒေါ် ဒေါ်ဒေါ်"

ချက်ချင်းထူးသံ မကြားရ။

"မခင်ဝင်း"

"ဘယ်သူလဲဟေ့၊ ခဏထိုင်ဦး" ဟု ဒေါ်သိန်းက ထူးလိုက်၏။ ၎င်းနောက် ငြိမ်သွားသည်။ သတို့သမီး ပန်ရန် မင်္ဂလာပန်းများကို ပွင့်ချပ် တစ်လွှာချင်း ယုယပြင်ဆင်နေကြလေသလော။ သို့တည်းမဟုတ် သူ့အသံကျက်မိပြီး သို့လောသို့လော တွေးတောတွေဝေနေကြသလော။

အတန်ကြာလျှင် ဒေါက်ခနဲ ကြမ်းပြင်တွင် တုတ်ထောက်သံ ကြားရ၏။

ငင်းနောက် ခြေတရွတ်ဆွဲသံနှင့် ဒေါက်... ဒေါက်... ချိုင်းထောက်အသံ။

ဒေါ်သိန်းသည် ချိုင်းထောက်ဖြင့် ထောက်၍ လျှောက်လာနေသည်။ မျိုးမြင့်ကိုမြင်လျှင် ပထမတွင် လန့်သွားဟန်တူသည်။ နောက်တော့ မချမ်းမြေ့သော မျက်နှာ၊ စိတ်အနှောင့်အယှက်ဖြစ်သောမျက်နှာ ဖြစ်လာသည်။ မျိုးမြင့်အား အတန်ကြာ ငေးကြည့်ပြီးနောက်...

"မောင်ရင်၊ ဘယ်တုန်းက ပြန်ရောက်သလဲ"

"ဒီနေ့ပဲ ပြန်ရောက်တယ်"

ငင်းနောက် နှစ်ယောက်စလုံး စကားစ ပျောက်သွားပြန်လေသည်။ ဒေါ်သိန်းသည် အရုပ်ကြိုးပြတ်သလိုဖြစ်သွား၍ ချိုင်းထောက်မပါလျှင် လဲကျသွားမည် ထင်ရ၏။ မျိုးမြင့်က မျက်နှာငယ်ကလေးဖြင့် မော့်ကြည့်ရင်း...

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဒေါ်ဒေါ်"

ဒေါ်သိန်းကား ဘာမျှပြန်မပြောနိုင်။ ချိုင်းထောက်တစ်ဖက်ကို တောင်ဝှေးကိုင်သလို ကိုင်၍ ဖြည်းညင်းစွာထိုင်သည်။ လွန်စွာမောနေပုံရ၏။ သို့သော် ရောဂါကြောင့် မောခြင်းမဟုတ်တန်ရာ။ စိတ်အနှောင့်အယှက်ဖြစ်၍ မောခြင်းဖြစ်တန်ရာ၏။

"ဒီလိုဖြစ်ရတာ ကျွန်တော်မှားလို့၊ ကျွန်တော် မိုက်လို့ဆိုတာ ကျွန်တော်ဝန်ခံပါတယ် ဒေါ်ဒေါ်၊ ကျွန်တော့်အပြစ် ကျွန်တော်သိလို့ ကျွန်တော့်ကို ကျွန်တော် ပြင်တော့မယ်ဆိုပြီး ပြန်လာခဲ့တယ်၊ ခုတော့"

သူ့အသံသည် နစ်သွားသည်။ ရင်တွင်းတွင် ကြေကွဲဝမ်းနည်းခြင်း၊ နမြောတသခြင်း၊ ယူကျုံးမရခြင်း၊ လှိုင်းတံပိုးတို့က အုံကြွရိုက်ခတ်နေ၏။

"ခုတော့ အလာကောင်းပေမယ့် အခါနှောင်းနေပြီ။ ဒါပေမဲ့ လက်မလွန်ခင် ဖြစ်နိုင်သေးရင်"

"မဖြစ်နိုင်တော့ဘူး၊ မောင်ရင် မဖြစ်နိုင်တော့ဘူး"

ဒေါ်သိန်း၏မျက်လုံးများတွင် မျက်ရည်များပင် စို့လာသည်။ မျိုးမြင့်မှာ မျက်ရည်ကို မနည်းထိန်းထားရသည်။

"ကျွန်တော် လွန်သမျှ ဝန်ချတောင်းပန်ပါတယ် ဒေါ်ဒေါ်၊ လက်မလွန်ခင် ဖြစ်နိုင်သေးရင်"

ဒေါ်သိန်းက ခေါင်းအတွင်ခါသည်။

"မတတ်နိုင်ဘူး၊ မတတ်နိုင်ဘူး၊ ဒီဘဝ ဒီမျှနဲ့ တော်ပါတော့ကွယ်"

ဒေါ်သိန်းသည် ပြောပြောဆိုဆို ချိုင်းထောက်ကို မိုတွယ်ထသည်။ အခန်းတွင်းသို့ ပြန်ရန်လှည့်ရင်း…

“မတတ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး”

“မခင်ဝင်းနဲ့ ခဏတွေ့ပါရစေဦး ဒေါ်ဒေါ်ရယ်”

“အနှောင့်အယှက် မပေးချင်ပါနဲ့တော့ကွယ်”

ဤစကားသည် မျိုးမြင့်အား ဖိစီးနှိပ်စက်လှဘိ၏။ မျိုးမြင့်၏ရင်သည် ကွဲမတတ် ဖြစ်အုံ့ထင်သည်။ မျက်ရည်များပင် စို့၍လာ၏။

“အနှောင့်အယှက် ပေးတယ်လို့ မထင်ပါနဲ့ ဒေါ်ဒေါ်ရယ်၊ နောက်ဆုံး အခွင့်အရေးအနေနဲ့ ကျွန်တော်တို့ကို တွေ့ခွင့်ပေးပါဦး”

ဒေါ်သိန်းသည် ဘာမျှမပြောတော့ဘဲ အခန်းထဲသို့ ဝင်သွားလေသည်။

မျိုးမြင့်ကား မျှော်လင့်ချက်မစွန့်လွှတ်ပဲ စောင့်၍သာနေ၏။ နောက်ဖေး ခန်းထဲကသာ သားအမိတိုးတိုးနှင့် ပြောဆိုနေသံကို သဲ့သဲ့ မသဲမကွဲ ကြားနေရ၏။ ရှိုက်သံငိုသံရော ပါနေသည် မဟုတ်ပါလော။ ဝင်းဟာ သူမတူအောင် စိတ်ထား သဘောထား ကြီးတယ်။ သည်းခံစိတ်ရှိတယ်။ ငါဘယ်လောက် အပြစ်လုပ်လုပ် ခွင့်လွှတ်မယ်။ ငါအလည်ကြုံးနေပေမယ့် ဆီးကြိုမယ်။ ဝင်းအဖို့ ငါဟာ ပစ်ခွာ လို့ သူက စိမ်းကားနေတယ်။ သူများနောက်ပါမယ်ဆိုတာ မဖြစ်နိုင်ဘူး။

သို့သော် မခင်ဝင်းကား မထွက်လာသေး။ အခန်းတွင်းမှာလည်း တိတ် နေသည်။ တစ်အိမ်လုံးပင် တိတ်နေသည်။ အကြံအိုက်နေကြလေသလား။ အကြံ အိုက်နေဦးတော့ ငါ့ကိုတွေ့ဖို့ ဝန်မလေးထိုက်ပါဘူး။ အို… ငါနဲ့တွေ့နေတုန်း သတို့သား ကိုပြုံးချိုက မြင်သွားမှာ စိုးရိမ်နေသလား။ မျိုးမြင့်မှာ မျှော်လင့်ချက် မဲ့ပြီး အားငယ်သွားသည်။ ထသွားချင်စိတ်ပင် ပေါက်လာသည်။ မခံချိမခံသာ ဖြစ်လာသည်။ သို့သော် မျိုးမြင့်မှာ ခုတော့ မာနဆိုတာတွေ တစ်ရွေးသားမျှ မရှိတော့ချေ။ တွေ့ရမယ့် ဝင်းကို တွေ့မှဖြစ်မယ်။ တွေ့ပြီးလို့ ဝင်းကပါ မဖြစ်နိုင်ဘူးဆိုရင်တော့ ငါဝင်းရဲ့ အဆုံးအဖြတ်ကို တစ်သဝေမတိမ်း နာခံမယ်။

မျိုးမြင့်သည် ချောင်းဟန့်လိုက်သည်။ တမင် အသံပေးလိုက်သလော။ သို့မဟုတ် ရင်တွင်းဗလောင်ဆူပြီး အခံရဆိုးဖြင့် ချောင်းဟန့်လိုက်သလော။ သူကိုယ်တိုင်ပင် မသိလိုက်ချေ။

အတန်ကြာလျှင် ခင်ဝင်းထွက်လာ၏။ ခင်ဝင်းသည် ကျိတ်ငိုနေခဲ့ကြောင်း မျက်နှာတွင် အထင်းသားပေါ်နေ၏။ ပူပန်ခြင်းဖြင့် ညှိုးနွမ်းနေသော ခင်ဝင်း၏

မျက်နှာနှင့် ကိုယ်ဟန်အမူအရာတို့မှာ သနားစရာလည်းကောင်းသည်။ တစ်မျိုးအားဖြင့် ချစ်စရာလည်းကောင်းသည်။ ရာဟုဖမ်းထားသည့် လလိုပင်တည်း။ ခင်ဝင်းသည် တံခါးပေါက် အခြားတစ်ဖက်ရှိ နံရံကိုမှီကာ လမ်းကိုကျောပေး၍ ထိုင်လိုက်သည်။ မျိုးမြင့်သည် ခင်ဝင်းအား ဘယ်တုန်းကမျှ ယခုလောက် သနားခြင်း၊ ကြင်နာခြင်း၊ ချစ်ခြင်းမဖြစ်ခဲ့ဟု ထင်လိုက်မိသည်။ ခင်ဝင်း၏ အချစ်တွင် သူယုံကြည်ကိုးစားမှုသည်လည်း၊ ဆတက်ထမ်းပိုးတိုး၍ ခိုင်မာလာသည်။ ဝင်းကလေးကို ငါမဆုံးရဘူး၊ ဝင်းကလေးဟာ ငါနဲ့သာ ဆိုင်တယ်။ ငါ့အမှား ငါဝန်ခံ၊ ငါ့အပြစ် ငါတောင်းပန်ရင် ဝင်းဟာ ငါ့ကို ကေန္တ ခွင့်လွှတ်မှာပဲ။

သို့သော် စကားလုံးများကား တော်တော်နှင့် မထွက်လာ။ ခင်ဝင်းသည် မျက်လွှာကို အောက်ချထားသည်။ သူ့စိတ်ထဲတွင် မလွှဲမရှောင်သာ ဖြစ်နေသော အဖြစ်နှင့် အချစ်တို့ လွန်ဆွဲနေကြရာ ဟိုဖက်သည်ဖက် အဆွဲခံရခြင်း ဝေဒနာသည် မျက်နှာတွင် ပေါ်နေ၏။

"ဝင်းရယ်၊ ကိုကိုမြင့်ကို ခွင့်လွှတ်ပါနော်၊ ကိုကိုမြင့်ဟာ အမှားကြီးမှားခဲ့တယ်၊ ဝင်းအပေါ်မှာ အပြစ်ပြုခဲ့တယ်၊ ဒါပေမဲ့ ခုတော့ အမှားတွေမြင်ပြီး အမှန်ဟာ ဘာဆိုတာလည်း သိပြီ။ ကျူးလွန်ခဲ့သမျှ အပြစ်တွေကို ဖြေဖျောက်တဲ့ အနေနဲ့ မှန်တာတွေလုပ်မယ်လို့ စိတ်ပိုင်းဖြတ်ထားတယ်။ ဒါကြောင့် ဝင်းဆီကို ပြန်ခဲ့တယ်။ ခွင့်လွှတ်ပါနော်... ဝင်း"

ခင်ဝင်းကား ဘာမျှမပြော။

"ကံကောင်းထောက်မလို့ လက်မလွန်ခင်ကလေး မိနစ်ပိုင်းမှာ ပြန်ရောက်လာခဲ့တယ်၊ အပြစ်တွေကို ခွင့်လွှတ်ပါနော်... ဝင်း"

ခင်ဝင်းကား ဘာမျှမပြော။

"ခွာညိုပန်းကလေး သတိရသေးသလား၊ လပြာသို မြခွာညို ဝေလှိုင်ဖြာတော့။ ဆီမဆိုင် ပိုင်သူပေါ်တယ် ဆိုတာလေ။ ဒီလိုအဖြစ်မခံနိုင်ဘူး။ ခွာညိုဆိုတဲ့ ဝင်းရဲ့အချစ်ကို ကိုကိုမြင့်ပဲ ပိုင်ရမယ်။ ခွာညိုဆိုတဲ့ ကိုကို့အချစ်ကို ဝင်းပဲပိုင်ရမယ်။ ခွာညိုဟာ ဝင်းနဲ့ ကိုကိုတို့ရဲ့ ခွာညို၊ သူများခွာညို မဟုတ်ဘူး"

ခင်ဝင်း၏မျက်နှာမှာ မဲ့နေ၏။ လက်ညှိုးကလေးဖြင့် ဖျာပေါ်တွင် စာရေးသလို ခြစ်နေ၏။ ဘာတစ်ခုမျှကားမပြော။

"ဝင်းရဲ့ ဥယျာဉ်မှူးပြန်လာပြီလေ။ အလည်ကြူးပေမယ့် နောင်တရပြီး ပြန်လာပြီလေ၊ ဝင်းဆိုတဲ့ ဥယျာဉ်ကလေးလို ယုယပြုပြင်ပါရစေနော် ပြောပါဦး ဝင်းရယ်"

ခင်ဝင်း၏မျက်လုံးတွင် မျက်ရည်တွေ ဥနေပြီး လက်ညှိုးကလေးကား စာသော့ရေးဟန်ဖြင့် ပိုလှုပ်လာ၏။ သို့သော် ဘာမျှမပြော။

"ပြောပါဦး ဝင်းရဲ့၊ ကိုကိုမြင့်အပေါ် စိတ်နာသွားပြီလား။ ကိုကိုမြင့်ကို ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်သွားပြီလား၊ ပြောပါဦး ဝင်းရဲ့"

ခင်ဝင်းသည် သည်းထန်စွာ ရှိုက်လိုက်၏။ ပြီးတော့ ငိုသံပါဖြင့်

"ခက်တယ် ကိုကိုမြင့်ရယ် ခက်တယ်၊ ဝင်း ဘာမျှ မတတ်နိုင်တော့ဘူး"

"ဝင်း မခက်ဘူး၊ ဝင်း တတ်နိုင်ရမယ်၊ ဘာမျှ ခက်စရာမရှိဘူး၊ မနက်ဖြန် နံနက်ရောက်ရင်သာ ခက်မှာ၊ ခု၊ မခက်ဘူး"

အတန်ကြာငြိမ်သွားပြီးမှ ပြတ်သားသော အသံဖြင့် မျိုးမြင့်က

"ဝင်း"

"ရှင် "

"ဒီနေ့ည ကိုကိုမြင့်နဲ့ လိုက်ခဲ့ပါ၊ ပြေးကြစို့ရဲ့"

ခင်ဝင်းကား ခေါင်းနာနာခါလိုက်ပြီး ငိုသံဖြင့် –

"မဖြစ်နိုင်ဘူး၊ ဒီအခြေရောက်မှ မဖြစ်နိုင်တော့ဘူး၊ ဝင်း ဘာမှ မတတ်နိုင်တော့ဘူး"

ခင်ဝင်းသည် ဆတ်ခနဲထ၍ အခန်းထဲသို့ ဝင်သွားသည်။ အခန်းထဲ ရောက်လျှင်ရောက်ချင်း ချုံးချ၍ ငိုနေလေသည်။

မျိုးမြင့်မှာများစွာ စိတ်ထိခိုက်သွားပြန်သည်။ ခင်ဝင်းအပေါ် နောက်ထပ် အပြစ်ပြုမိပြန်လေပြီ တကားဟု ယူကျုံးမရ ဖြစ်မိလေသည်။ သူသည် ခင်ဝင်းတို့အိမ်မှ မျှော်လင့်ချက်ကင်းမဲ့စွာနှင့် ထွက်လာခဲ့လေသည်။

❐

# အခန်း (၂၄)

အချိန်မှာ အတော်ကလေး ညဥ့်နက်လာလေပြီ။ စမ်းချောင်းရပ်ကွက်တစ်ခုလုံး အိပ်ရာဝင်ကုန်လောက်ပြီ ဖြစ်၏။ ညဈေးတန်းပင် သိမ်းကုန်လေပြီ။ တစ်ခါတစ်ခါ လမ်းပေါ်မှ ဆိုက်ကားဟွန်းသံများ ပေါ်လာသည်မှတစ်ပါး လုံးဝ တိတ်ဆိတ်လျက် ရှိပေ၏။

မျိုးမြင့်ကား အိပ်ရာမဝင်သေး။ အိပ်ရာဝင်လျှင်လည်း အိပ်ပျော်နိုင်ပေဦးမည်မဟုတ်ပေ။ သူသည် အတိုင်းအရှည်မရှိသော ဆုံးရှုံးမှုကို ခံစားနေရရှာလေ၏။ ခံစားချက် နာသောကြောင့် အာရုံကို အခြားဘက်သို့ပြောင်းရန် ကြိုးစား၍လည်း မရ။ စိတ်ပြေလက်ပျောက် အပြင်သို့ ထွက်၍လည်း မလည်လိုတော့ပြီ။ စာဖတ်၍လည်း စိတ်မဝင်။ ခင်ဝင်းအား လက်လွှတ်ဆုံးရှုံးရတော့မည့် သူ့အဖြစ်တွင်သာ တရစ်ဝဲဝဲ စိတ်ရောက်နေလေသည်။

သူ့ရင်တွင်းရှိ ခံစားမှုများသည် ထွက်ပေါက်မရလျှင် ရင်တွင်းကို မီးရှို့လောင်မြိုက်သလို နေပေလိမ့်မည်။ သူသည် ဂီတမှာထွက်ပေါက်ရှာ၏။ သီဆိုတီးမှုတ်ခြင်းဖြင့် သက်သာရာရှာ၏။

စက်လည်း မရှင်၊ ကျမျက်ရည် တွေတွေဆင်း၊ ငွေနှင်းလည်သို့သွင်၊ တုံ့ကာဝင့်တင် မယ်မြင်လှဲ့လေး။ ဆိုယောင်မှိုင်မိသေး။ ရိပ်ပေးကာမျှော်လို့၊ တော်ရုံပင်မာန်ပျိုးပ၊ ဘိုးရွှေလယုန်မင်း၊ ပြာလဲ့မှာ ဓာချဲ့တယ်၊ မုန်းမာန်နှင့်တင်းတင်း၊ မကြဲနိုင်ယိမ်းယိုင် ခွေကာနွမ်းပါလို့လေး။ မကြဲ–မကြဲပါနိုင်၊ ယိမ်းယိုင်ခွေကာ နွမ်းပါလို့လေး။ ပန်းကြဲတဲ့ ဖဲစက်ရာ၊ ခွေကာသာယိုင်လို့ မှိုင်မိသေး။ နတ်ပန်းသူ့ရပ်သွင်၊ သဲရွှေဘွင်ကသာ မြင်လာရေးအေးနိုင်တော့ပါလို

ကတဲ၊ လေးရန်ဆင့်ကဲ ကြိတ်ခဲကြဲလို့ ကြိုးပါတယ်၊ မြနန်းဆောင်လယ်က မိန့်ရွှေတော်ခွန်း၊ အို... ညွန်းပါတင့်တယ်။

သူ့အသံကား သာရုံမက ပျော့ပျောင်းလှပေသည်။ သူ့အတွင်း စိတ်ခံစားမှုနှင့် ဟပ်မိနေပြန်သဖြင့် ဆိုဟန်ကလည်း အထူးငြိလှပေသည်။ သီချင်း၏ ခေါ်ဆောင်ရာသို့ သူ့တယောကလည်း တက်ညီလက်ညီ လိုက်နိုင်ပေသည်။

ခင်ဝင်းကလေးသည် ခုနေခါမှာ ဘီလူးကုမ္ဘဏ် စောင့်ကာရံနေသော မဥ္ဇူနတ်ပန်းနှင့် တူနေလေပြီ။ ဆွတ်ချူယူငင်ရန် ခက်လှသည်။ ထို့ကြောင့် ဂန္ဓမာတောင်ကို ဆိုမိပြန်သည်။

ဂန္ဓမာတောင် လှိုင်ချောင်မှတ်နန်း၊ ဂူငယ်တွင် မွှေးတကြူကြူ မဥ္ဇူသည့် နတ်ပန်း၊ ဆွယ်ချူငယ်ယူငင် ပန်ဆင်လေ ပန်ဆင်လေ၊ ပန်ဆင် ရည်စူး မြင်သူ သာစိတ်က ကူးသည်နှင့်လေး။ ယက္ခငယ်နတ်မှူး၊ ဘီလူးငယ် ကုမ္ဘဏ် ချူသာနိုင်ပဲ နေမြဲစောင့်ကာရံ။ မချူသာ ပြန်ယူရန် ကြံရေး ခက်လှလေး။ တမျှော်မျှော် ညိုးလျော်ခွေပျောင်း နွမ်းလျလျလေး။ ဝေဘူလွှံနန်း ရွှေဂူဖန်နန်းပေါ်ငယ်မှာ ပန်ဆင်ကာ ရွှေကေသာမြန်းပါလို့ သည်ပန်းမြတ်ပန်းတော်...။

ပန်းချီတတ်သူသည် သူ့စိတ်ဝယ် ခံစားမှုတို့ကို စုတ်ဆေးရောင်တို့ဖြင့် ခြယ်လှယ်ပြသကဲ့သို့ မျိုးမြင့်သည် သူ့စိတ်တွင် ခံစားနေရမှုများကို သီဆိုတီးမှုတ်ခြင်းဖြင့် ဖော်ပြလိုက်ခြင်းသာ ဖြစ်သည်။ ဟိုဘက်အိမ်က ဝင်းကလေး ငါဆွေးသလို၊ ငါပူသလို ပူပါစေဟူသော ရည်ရွယ်ချက်မျိုးဖြင့် ဖော်ပြလိုက်သည် မဟုတ်ပါ။ သို့သော် ခင်ဝင်းခမျာ မကြားဘဲမနေနိုင်ပါ။ သူလည်း အိပ်မပျော်။ ဘယ်လိုမျှ အာရုံပြောင်း၍မရ။ ချစ်နှစ်သက်သူနှင့် ကွဲ၍ မချစ်မနှစ်သက်သူနှင့် ပေါင်းရသောဒုက္ခသည် ဘဝသံသရာ၏ ဒုက္ခကြီးတစ်ခုအဖြစ်ဖြင့် သူတော်ကောင်းသူမြတ်အပေါင်းကပင် အသိအမှတ်ပြုထားသည် မဟုတ်ပါလော။

ဝင်းကိုယ်ကို ဝင်းက ထားရာကနေရမယ့် ဝင်းကလေးပါလို့ ဆိုခဲ့တယ် မဟုတ်လား။ အချစ်ရပ်ဆိုင်းထားဦးဆိုရင် ရပ်ဆိုင်းထားမယ်။ ချစ်ဆိုရင် ချစ်မယ်။ ခုတော့ ကိုကိုမြင့်က ပြန်လာပြီ။ မှားပါပြီ။ ပြုခဲ့တဲ့အပြစ်တွေကို ခွင့်လွှတ်ပြီး ချစ်ပါဦးဆိုမှတော့ ဝင်းက ကုမ္ဘဏ်ဘီလူးစောင့်တဲ့ ဝင်းဖြစ်နေပြီ။ ခင်ဝင်းမှာလည်း အတိုင်းအရှည်မရှိသော ဆုံးရှုံးမှုကို ခံစားနေရလေပြီ။ ထို့ပြင် မျိုးမြင့်ဆိုသော ဂန္ဓမာတောင်ကို ကြားနေရသောအခါ အချစ်သည် အသစ် အသစ်ဖြစ်ပြန်သည်။

ဒေါ်စောမြအေးကြည်၏ မျက်မှောက်ဝယ် မျိုးမြင့်က ဂန္ဓမာတောင်ဆို၍ ခင်ဝင်းက စောင်းတီးရင်း စိတ်သဘောချင်း၊ လူချင်း ရင်းနှီးခဲ့ကြသည် မဟုတ်ပါလော။ ခင်ဝင်းမှာ မျိုးမြင့်၏ ဆိုတီးသံများကိုကြားပြီး မျက်ရည်ဖြိုင်ဖြိုင်ကျနေရှာလေသည်။

ခင်ဝင်းကလည်း ဂီတအနုပညာသည် ဖြစ်သဖြင့် ဝေဒနာတို့ကို အပြန်အလှန် ဆိုတီးပြလိုက်သည်။ သို့ရာတွင် ခင်ဝင်းကား မလွတ်လပ်။ နံနက်မိုးလင်းသောက်လျှင်ပင် ကိုပြုံးချိုနှင့် လက်ထပ်ရတော့မည်။ လွမ်းသီချင်း ဆွေးသီချင်း ဆိုလို့မဖြစ်။ အို... တကယ်ဆိုတော့ ဘာသီချင်းမှ ဆိုဖို့မကောင်း။ ခင်ဝင်းသည် ထထိုင်၍ မှိုင်နေမိသည်။ ပါးစပ်မှ အသံထွက်၍ မဆိုနိုင်သော်လည်း စိတ်ထဲမှာတော့ ဆိုလိုက်သည်။

> ကြုံလေ–ဘုံဘွေဆော်ထွေမှိုင်မိရင်း ကံကံငယ်ခေလို့ ကြုံရလေခြင်း။ ကြမ္မာလေယိုယွင်း ဖန်တဲ့ခင်း။ ငြိုပြာမင်းမယ့်ကိုမွေ နတ်မင်းတို့ မနေနိုင်ပေ။ ထက်ဘုံဘွေပိုင်စိုးညား မြကေခိုင်ရှိဦးထား စုံခြေတော့ဖျား၊ မယ့်အားပူတာ နတ်မင်းတို့ နေနိုင်ရှာ ဗျာပါ ဝှန်တောင်တုမှာ လေးရောင်ဆိုင် ရွှေမယ်ယုလို နှိုင်းတူဘုမယ့် လွမ်းတာ။

ခင်ဝင်းသည် သူ့အပူကို ဖုံးနိုင်သမျှဖုံးခဲ့၏။ အထူးသဖြင့် အမေမသိအောင် ဖုံးရှာ၏။ အမေများနိုးနေသလားဟု စောင်းငဲ့ကာ ကြည့်လိုက်သည်။ အမေ့ကြည့်ရတာ အိပ်ပျော်ပုံမရပါဘူး။ ခင်ဝင်းသည် အိပ်ရာပေါ်တွင် လှဲပစ်ပြန်လေ၏။

မျိုးမြင့်သည် စက်လဲမရှင် ဂန္ဓမာတောင်တို့ကို သီဆိုတီးမှုတ်ပြီးနောက် သူ့ခံစားမှုများ သက်သာသွားသလိုလိုထင်၏။ သို့သော် ခံစားမှုများမှာ မကုန်။ အတွေးအတောများမှာ မကုန်။ မကုန်ရုံမက တိုး၍တိုး၍သာ လာလျက်။ သူ့ဂီတကို နှိုးဆွပေးနေလေသည်။ သူသည် ကိုယ်တိုင်ပင် ရေးစပ်လိုစိတ် ဖြစ်လာသည်။ ရေးလည်း ရေးစပ်လိုက်သည်။

ဥယျာဉ်မှူးသည် ဆယ့်နှစ်ရာသီဖူးပွင့်သော လှလည်းလှ၊ မွှေးလည်းမွှေးသည့် နှင်းဆီကို စွန့်ခွာခဲ့၍ ရာသီနှင့်ပေါ်သော ပိတောက်၊ စံကားဝါ စသည်တို့နောက် တကောက်ကောက် လိုက်ပါနေမိသည်။ ပိတောက်၊ စံကားဝါတို့ကို မရပြန်သောအခါ နှင်းဆီသည် ကြွေလျှဆွေးမြည့်နေလေပြီ။ မျိုးမြင့်က ဥယျာဉ်မှူး ခင်ဝင်းက နှင်းဆီ၊ ဤသို့ပင် သူခံစားမိသည်။ ခံစားမိသည့်အတိုင်း ရေးစပ်ပြီး သီဆိုလိုက်သည်။

စစ်သူကြီးသည် မိမိပိုင် သစ္စာမြို့တော်ကို အကာအကွယ်စွန့်ခဲ့ပြီး ဂုဏ်မြို့တော်နှင့် ပစ္စည်းမြို့တော်များကို သိမ်းပိုက်အောင်မြင်ရန် ကြိုးစားခဲ့သည်။ အောင်ပွဲမရ၍ ပြန်လာသောအခါ သစ္စာမြို့တော်သည် သူတစ်ပါးလက်သို့ ကျရောက်နေလေပြီ။

သူက စစ်သူကြီး။ ခင်ဝင်းကား သစ္စာမြို့တော်။ ဤသို့ပင် ခံစားမိသည်။ ခံစားမိသည့်အတိုင်း ရေးစပ်ပြီးသီဆိုလိုက်သည်။

အချစ်ထွေပြားမိသော မောင့်မှာ အချစ်ဦးကို သည်နည်းဖြင့်ပင် ဆုံးရပါလေပြီ။ သည်းအူပြတ်မျှ ခံစားနေရပါပြီ။

သူသည် ဤလိုပင်ခံစားမိသည်။ ခံစားမိသလိုအတိုင်း ရေးစပ်ပြီး သီဆိုလိုက်သည်။ ဘယ်ပုံသဏ္ဍာန်နှင့် ရေးစပ်၍ ဘယ်ဟန်နှင့် ဆိုလိုက်သည်ကို သူကိုယ်တိုင် ပဓာနကြီးစွာ မထားမိလိုက်။ သို့သော် ခင်ဝင်းအား အားမတင်းမဖြေဆည်နိုင်အောင် သိမ်းကျုံးယူငင်လိုက်သော ဂီတပုံသဏ္ဍာန်နှင့် သီဆိုဟန်များဖြစ်နေလေသည်။ ခင်ဝင်းမှာ တရှိုက်ရှိုက် ငိုနေရတော့၏။

ဒေါ်သိန်းသည်လည်း အိပ်ပျော်သည် မဟုတ်ချေ။ သမီးကလေး အခြေအနေကို အကဲခတ်နေခဲ့သည်။ ဆိုးတူကောင်းဖက် တိုင်ပင်ဖော်တိုင်ပင်ဖက် သမီးကလေးဖြစ်ပေရာ သမီးပူသလို ပူရ၏။ သမီးက လိမ္မာလို့ စိမ်သလိုခံပါ့မယ် ဆိုသဖြင့် သမီးအတွက် ပိုလို့ပင် ရတက်မအေးဖြစ်ရ၏။ သမီးက အမေမသိစေအောင် အပူကိုဖုံးထားလေ အမေက သမီးအား သနားမိလေ၊ စာနာမိလေဖြစ်ပေ၏။ ခင်ဝင်းက တရှိုက်ရှိုက်ငိုနေသောအခါ ဒေါ်သိန်းမှာလည်း ချုပ်တည်း၍ မရနိုင်ပြီ။ သမီးဆီထလာပြီး ပွေ့ဖက်လိုက်သည်။ သမီးကလည်း ပြန်ဖက်လိုက်၏။ သည်တော့မှ ခင်ဝင်းမှာ ပို၍ ငိုကောင်းနေလေ၏။ ဒေါ်သိန်းက ပထမသူ့ကိုယ်သူထိန်းပြီးနောက် သမီးအား...

"သမီး၊ သမီး... စိတ်ဆင်းရဲတော့မခံနဲ့၊ မေမေ အကြံတစ်ခုရပြီ"

ခင်ဝင်းသည် မျက်ရည်သုတ်ရင်း နားထောင်နေ၏။

"မောင်မျိုးမြင့် ခေါ်ရာကို လိုက်ပေတော့။ ဒီတစ်လမ်းပဲရှိတယ်"

ခင်ဝင်း၏မျက်နှာမှာ ကြည်လင်လာသည်။ သို့ရာတွင် မျက်ရည်များကားမကုန်သေး။

"မနက်ဖြန် မင်္ဂလာဆောင် ဘယ့်နှယ်လုပ်မလဲ မေမေ။ ခက်နေမှာပေါ့"

"အို... မေမေကြည့်ပြောလိုက်မယ်၊ ဒါတွေ တွေးမနေပါနဲ့၊ ကဲ...

ကဲ၊ သမီးတို့ ပြောနေကျနည်းနဲ့ မောင်မျိုးမြင့်ကို ပြောလိုက်၊ ဒီနေ့ည ခေါ်လှည့်ပါလို့”

ခင်ဝင်းသည် ကွန်ပိုက်ထဲကလွတ်သော ငှက်ကလေးလို မြူးသွားသည်။ ကျန်နေသော မျက်ရည်စများကို သိမ်းသည်။ သို့သော် အရှိုက်လက်စ မသိမ်းသေး။ တစ်ရှိုက်၊ နှစ်ရှိုက် ရှိုက်လိုက်သေးသည်။ မီးခွက်ကိုယူပြီး သေတ္တာဟောင်းကြီးတစ်လုံးပေါ်တွင် တင်ကာ စာရေးသည်။ စာတွင် ခဲကလေးတစ်ခုထည့်ပြီး ခေါက်သည်။ ၄င်းနောက် ပြတင်းပေါက်ကိုဖွင့်၍ မော့ကြည့်လိုက်သည်။ မျိုးမြင့်ပြတင်းပေါက်မှာလည်း အဆင်သင့်ပင် ပွင့်လျက်သားရှိနေသည်။ ခင်ဝင်းသည် စာကို ပစ်တင်လိုက်၏။ ဒေါ်သိန်းကား သမီးလုပ်နေပုံကို ပြုံးပြုံးကြီးကြည့်လျက်သာနေ၏။

သားအမိနှစ်ယောက် ဘာမျှစကားမပြောကြတော့ဘဲ ငြိမ်သက်စွာ စောင့်နေကြ၏။ စိတ်တွေကတော့ မငြိမ်နိုင်။ ဒေါ်သိန်းက မနက်ဖြန်ခါ ရင်ဆိုင်ရမည့် ပြဿနာများကို စဉ်းစားနေသည်။ သတို့သားကို ဘယ်လိုမျက်နှာထားနဲ့ ဘာပြောရပါ့။ ဧည့်သည်ပရိသတ်ကိုကော ဘယ်လိုပြောလွှတ်ရပါ့မလဲ။ ခင်ဝင်းက ချစ်၍ခေါ်ရာ လိုက်ရမည့်ပုံကို ရင်တခုန်ခုန်နှင့် စဉ်းစားနေသည်။ ရထားကြီးနှင့်ပြေးကြမည်လား၊ ကားကြီးနှင့်လား၊ သင်္ဘောနှင့်လား၊ နှစ်ယောက်တည်း လက်ချင်းယှက်တွဲပြီး ခြေလျင်လျှောက်၍ လျှောက်၍ပဲ ပြေးရမှာလေလား။ ခုနေတော့ ခေါ်မည့်ပုံနှင့် လိုက်မည့်ပုံကိုသာ စဉ်းစားမိသေးသည်။ ဘယ်ကိုရောက်အောင်ခေါ်မည်။ လိုက်မည်ကို မစဉ်းစားမိသေး။ ပြေးနေကြရင်တော့ ပျော်မလားမသိဘူး။ ခုနေတော့ ရင်တုန်၍သာ နေမိသည်။ ရင်တုန်တာဟာ ပျော်တာဟုတ်မယ် မထင်ပါဘူး။ ကိုကိုမြင့်လည်း ခုနေဆိုရင် ရင်တုန်နေမှာပဲနော်။ ဟော... အခုနေဆိုရင် စာရေးဆရာပေါ့။ ရှည်ရှည်ကြီး ရေးမနေပါနဲ့တော့လား ကိုကိုရယ်။

ခဏကြာလျှင် ဒေါက်ခနဲ စာကျလာသံသည် တိတ်ဆိတ်ခြင်းကို ဖောက်လိုက်သည်။ ခင်ဝင်းသည် ဒီတိတ်ဆိတ်ခြင်းမျိုးနှင့် ဒီအသံမျိုးကို ခဏခဏကြားဖူးသည်။ ထိုအသံကြောင့် ခဏခဏ ရင်တုန်ဖူးသည်။ သို့သော် ဤအခါ၌ကား ရင်အတုန်ဆုံး။ စာကိုသွားကောက်ပြီး ဖတ်လိုက်သည်။ ပြီးတော့ အမေ့ဆီလာသည်။ သမီးက စမပြောမိ အမေကဆီး၍–

“ဘယ်အချိန်တဲ့လဲ”

“နှစ်ချက်တီးတဲ့၊ ခုပဲ ဆယ့်တစ်နာရီကျော်နေပြီ”

"အေး... သူလည်း အစီအစဉ် လုပ်ရဦးမှာပေါ့၊ မှန်မှန်ပြောစမ်း၊ သမီးတို့ ဒီနည်းနဲ့ ဘယ်နှစ်ခါတွေ့ဖူးလဲ"

ခင်ဝင်းသည် ရှက်ကိုးရှက်ကန်းဖြစ်ပြီး အမေ့လည်ပင်းကို ဖက်၍နမ်းလိုက်သည်။

"မေမေကလည်း ပြောရော့မယ်၊ ဝင်းတို့ တစ်ခါမှ တိတ်တဆိတ်ကွယ်ရာမှာ မတွေ့ဖူးဘူး၊ စာပဲပေးတာပဲ"

ထိုနေ့ည ၂ ချက်တီးလျှင်ပင် မျိုးမြင့်က တံခါးလာခေါက်သည်။ ခင်ဝင်းကလည်း အဆင်သင့်စောင့်နေသည်။ မျိုးမြင့်မှာ ဘလေဇာနက်ပြာကို ဝတ်ထားသည်။ ဘယ်ဘက်လက်မှာ သားရေသေတ္တာငယ်တစ်လုံးကို ဆွဲထားသည်။ ညာဘက်မှာကား လက်နှိပ်ဓာတ်မီး။

ခင်ဝင်းသည် သက္ကလတ်အပေါ်အင်္ကျီကို ဝတ်ထားသည်။ ရှမ်းလွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားသည်။

တံခါးဝတွင် ဒေါ်သိန်းသည် ချိုင်းထောက်ကိုမှီ၍ ရပ်ကြည့်နေသည်။ မျိုးမြင့်ကား အသံတိုးတိုးဖြင့်...

"ဘယ်ကိုသွားမလဲ"

"စစချင်းတော့ ခြေကျင်၊ နောက်တော့ ဆိုက်ကား နောက်တော့"

"သိပ်လည်း ဝေးဝေးပြေးမနေကြပါနဲ့ကွယ်"

"ဟုတ်ကဲ့"

"ကိုင်း၊ ကိုင်း ငါ့သမီးနှင့်ငါ့သား သွားကြပေတော့"

မျိုးမြင့်နှင့် ခင်ဝင်းတို့ကထိုင်၍ ကန်တော့ကြသည်။ ဒေါ်သိန်းမှာ ရင်ဖိုလှိုက်လာပြီး မျက်ရည်စို့လာသည်။ သာစုခေါ်ရန်ပင် သတိမရ။ ချစ်သူနှစ်ယောက်ထွက်သွားကြသည်။ မျိုးမြင့်ကရှေ့က၊ ခင်ဝင်းကနောက်က၊ သူတို့ လမ်းပေါ်ရောက်သော်လည်း ဒေါ်သိန်းကား တံခါးမပိတ်သေး။ မျက်ရည်ဖြင့်ပြည့်သောမျက်လုံးများဖြင့် သူတို့နောက်သို့ လိုက်နေသည်။ သူတို့သည် ဘေးချင်းယှဉ်သွားသည်။ နောက် လက်ချင်းတွဲယှက်၍ သွားကြသည်။ ချစ်သူနှစ်ဦး၏အချစ်ကို ဒေါ်သိန်းပင်လျှင် တမြိန့်မြိန့် ခံစားနေသည်။ မွန်မြတ်လှသောအချစ်၊ ချစ်ဖွယ်ကောင်းလှသော အချစ်၊ သူတို့နှစ်ယောက် ဒေါ်သိန်း၏ မျက်စိကွယ်ရာသို့ ရောက်လေလျှင် ဒေါ်သိန်း၏ အသည်းနှလုံးသည် သူတို့နောက်သို့ လိုက်ပါသွားလေသည်။ ဒေါ်သိန်းသည် တံခါးပိတ်လိုက်သည်။ သို့သော် အိမ်မှာ

ဟာလာဟင်းလင်း ဖြစ်နေသည်ဟု ဒေါ်သိန်း ထင်မိသည်။ သူ့ရင်မှာလည်း ဟာလာဟင်းလင်း ဖြစ်နေသည်။

မျိုးမြင့်နှင့် ခင်ဝင်းတို့သည် ချစ်၍ခေါ်ရာသို့ လိုက်ပါကြလေပြီ။

ယင်းသို့ သူတို့က ချစ်၍ခေါ်ရာသို့ လိုက်ပါနေကြစဉ်

ဒေစီသွင်နှင့် လှမောင်တို့ကား...

"ကိုကို ဒေစီ အကြံတစ်ခုရတယ်"

"ပြောစမ်းပါဦး အချစ်ရယ်"

"အလုပ်ဝင်တော့ ရန်ကုန်အတွင်းဝန်ရုံးမှာပဲရအောင် ဖေဖေ့ကို အကြံ ခိုင်းဖို့"

"အို... ကိုကိုကတော့ နယ်မှာအလုပ်ရအောင် အကြံခိုင်းမယ်လို့ စိတ်ကူးမိတယ်"

"အို... ဒါလင်၊ ရန်ကုန်မှာဆိုရင် ပျော်စရာကောင်းမယ်၊ မင်းပွဲစိုးပွဲတွေ ခဏခဏသွားရမယ်၊ လူထဲသူထဲ ဂုဏ်ရှိရှိနဲ့ တိုးရမယ်၊ ပစ်ခ်ချာတွေလည်း မှန်မှန်ကြည့်နိုင်မယ်၊ အို... ရန်ကုန်မှာပဲ ကောင်းပါတယ်"

"ဒေစီတွက်တာက တစ်မျိုး၊ ကိုကိုတွက်တာက ရန်ကုန်မှာဆိုရင် သူ့ထက်သူ လူစွမ်းကောင်းဆိုတာလို အရာရှိတွေများတော့ ကိုကိုတို့က ငချွတ်တွေဖြစ်နေမယ်၊ နယ်မှာဆိုတော့ ငါ့မင်းငါ့ချင်း ဆိုတာလို ဘော့စ်ဖြစ်မယ်။ သူများကသာ ကိုယ့်ဆလန်ပေးပြီး ကိုယ်ကသူများကို မပေးရဘူး"

"ဒါဖြင့် နယ်တစ်လှည့် မြို့တစ်လှည့် ပြောင်းနေရအောင်"

မလှတင့်မှာကား အလုပ်နှင့်လူ ခွဲခြားပြီး အလုပ်ကို အလုပ်သဘောနှင့် ဖြောင့်ဖြောင့်ကြီး လုပ်နေသည်။ စီးပွားရေးလုပ်ငန်းများကို ဥမကွဲသိုက်မပျက် အောင် ထိန်းရုံမက အမြတ်ထွက် အကျိုးများအောင် ကြိုးစား၍သာ နေလေသည်။ အလုပ်စားပွဲတွင် အလုပ်များနေရာမှ တယ်လီဖုန်းလာသဖြင့် ကောက်နားထောင်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မ စကားပြောနေပါတယ် ဦးလေးဖေ၊ ကျွန်မစက်ကို မလာနိုင်ဘူး၊ ဝယ်ထားလိုက်လေ၊ ခုချိန်တော့ သည်လောက်တော့ ပေးရမှာပဲ၊ (နားထောင်ရင်း မျက်နှာတင်းမာလာသည်) ထုတ်ပစ်လိုက် ထုတ်သာပစ်လိုက်၊ ဟုတ်တယ်။ ဖျင်းလည်းဖျင်းသေး၊ မခန့်လေးစားလည်းနိုင်သေး"

တယ်လီဖုန်းချပြီးသည့်ပြင် အလုပ်ဆက်လုပ်နေ၍မှ မကြာခင် နောက်တစ်ကြိမ် တယ်လီဖုန်းလာပြန်လေသည်။

"ကျွန်မ စကားပြောနေပါတယ်၊ ဘယ်သူပါလဲ၊ (မျက်နှာချိုသွားသည်) ဪ... အင်ပိုလိုင်စင်တွေ ထွက်ပြီ၊ ဝမ်းသာလိုက်တာရှင်၊ သည်လို ဆောင်ရွက်ပေးလို့ကျေးဇူးတင်ပါတယ် ဝန်မင်းရယ်၊ အို... သည်လိုမခေါ်စေချင်ဘူးလား ဘယ်လိုများ ကောင်းပါပြီရှင်၊ ကြိုက်တာကျွေးမှာပေါ့ လာခေါ်မယ်ဟုတ်လား၊ ကျွန်မက ဧည့်ခံသူဆိုတော့ ကျွန်မကသာလာခေါ်ရမှာပေါ့ရှင်၊ သည်လိုလား ကောင်းပါပြီရှင့်၊ ကောင်းပါပြီ"

မျိုးမြင့်နှင့် ခင်ဝင်းတို့ကား အစဉ်တစိုက် ချစ်၍ခေါ်ရာသို့ လိုက်ပါကြလေပြီ။ ချစ်၍ခေါ်ရာ ဘဝခရီးကား ကြမ်းတမ်းသော်လည်း သူတို့သည် ဦးလည်မသုန် ဘဝခရီးကြမ်း ချီတက်ရင်း သူတို့မောင်မယ် သီဆိုသော ဘဝခရီးသွားဖက် သီချင်းသံ နာခံပါဦး။

မျိုးမြင့်။

ပိုးဖဲကတ္တီပါ ခင်းထားသော ချောမွေ့သည့်လမ်းကို စွန့်လျက် ဆူးငြောင့်ခလုတ်များသော လမ်းကြောင်းကို လိုက်ခဲ့ပြီ။ သို့သော် ချစ်သူနဲ့လက်တွဲပြီး သီချင်းဆိုကာ သွားရမည်ဖြစ်သဖြင့် ဆူးငြောင့်ခလုတ်တို့ကို ပန်းမွေ့ရာဟုပင် အမှတ်ထားပါမည်။

ခင်ဝင်း။

လမ်းမှာကြမ်းသော်လည်း မောင်နှင့်မယ် နှစ်ယောက်တည်းသာ လျှောက်နေရသည်မဟုတ်ပါ။ ဆင်းရဲသား လုပ်စားကိုင်စား လူအများနှင့် အတူလျှောက်နေရပါသည်။ ဆင်းရဲဒုက္ခသည် ထိုလမ်း၏ ရှုမြင်ကွင်းဖြစ်၍ ရှုတ်ချစော်ကား ခံရခြင်းသည် ထိုလမ်း၏ ဂီတသံဖြစ်၏။ သို့သော် ကျွန်မတို့လမ်းကြမ်းကို ရပ်ဆိုင်းကြပါစို့။

မျိုးမြင့်။

ဇနီးမောင်နှံ ရာသက်ပန်လက်တွဲ၍ သီချင်းဆိုကာ လမ်းကြမ်းကို နေပူမရှောင် မိုးရွာမရှောင် ရင်ဆိုင်ကြပါစို့။

ခင်ဝင်း။

တစ်နေ့တော့ လူအများသည် ဆူးငြောင့်ခလုတ်ကို ပန်းမွေ့ရာဖြစ်အောင် လုပ်နိုင်ပါလိမ့်မယ်။ တောတောင် ကောင်းကင် ကြယ်တာရာ သာယာသော ရှုမြင်ကွင်းကို တွေ့ရပါလိမ့်မည်။ ငှက်တို့၏ သာယာသော ဂီတသံကို ကြားရပါလိမ့်မည်။

**သိန်းဖေမြင့်**



ကျွန်တော်တို့သည် အချစ်နှင့်ပတ်သက်၍ သဘောထားတွေ
ပြောင်းလဲနေဟန်တူပါသည်။ ပထမအရွယ်တုန်းက(လူငယ်ပိုင်းတုန်းက)
တစ်မျိုးချစ်၍ခေါ်ရာ ဝတ္ထုကို ရေးခဲ့သည်။ ဒုတိယအရွယ်(လူလတ်ပိုင်း) တွင်
ချစ်၍ခေါ်ရာနှင့်ပတ်သက်ပြီး သံသယဝင်ခဲ့သည်။ဟော ယခုလူကြီးပိုင်းရောက်တော့
ကျွန်တော့်မှာ ချစ်၍ခေါ်ရာထဲမှ မောင်မျိုးမြင့်နှင့် မခင်ဝင်းတို့၏အရွယ်
သားသမီးများရှိနေလေပြီ။ သူတို့၏အချစ်စစ်အချစ်မှန်ကို
တန်ဖိုးထား လေးစား၍တတ်လေပြီ။